ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

ပထမနှစ် ၊ ပထမစာသင်နှစ်ဝက်

# EDU1110
# သင်ရိုးညွှန်းတမ်းနှင့် သင်ပြနည်းဆိုင်ရာ လေ့လာမှုများ - အနုပညာ (ပန်းချီ နှင့် ဂီတ)

ဆရာလမ်းညွှန်

# နိဒါန်း

မြန်မာနိုင်ငံပညာရေးဝန်ကြီးဌာနသည် 'အမျိုးသားပညာရေးမဟာဗျူဟာ စီမံကိန်း' (NESP) ၂၀၁၆-၂၀၂၁ တွင် ပြဋ္ဌာန်းသတ်မှတ်ထားသော လုပ်ငန်းစဉ်အကြို ဆရာအတတ်သင် ပညာရေးပြုပြင်ပြောင်းလဲမှုနှင့်အညီ လေးနှစ်သင် ပညာရေးကောလိပ် သင်ရိုးညွှန်းတမ်းကို ရေးဆွဲပြုစုခဲ့ပါသည်။ မြန်မာနိုင်ငံ ပညာရေးကောလိပ် သင်ရိုးညွှန်းတမ်းတွင် သင်ရိုးညွှန်းတမ်းအညွှန်းဘောင်၊ သင်ရိုးမာတိကာများ၊ ကျောင်းသားကိုင်စာအုပ်များနှင့် ဆရာလမ်းညွှန်များ စသည်တို့ ပါဝင်သည်။ လေးနှစ်သင် ပညာရေးကောလိပ် သင်ရိုးညွှန်းတမ်းကို အခြေခံပညာသင်ရိုးညွှန်းတမ်းနှင့် လိုက်လျောညီထွေမှု ရှိစေရန်နှင့် ပညာရေးကောလိပ် ကျောင်းသားများအား မြန်မာနိုင်ငံ မူလတန်းနှင့် အလယ်တန်းကျောင်း စာသင်ခန်းများတွင် ထိရောက်စွာသင်ကြားနိုင်ရန် လိုအပ်သော တတ်ကျွမ်းမှုများ တတ်မြောက်သွားစေရန် စီစဉ်ရေးဆွဲထားပါသည်။ ဤသင်ရိုးညွှန်းတမ်းကို ဆရာတစ်ဦးအနေဖြင့် သိသင့်သည်များ၊ စာသင်ခန်းအတွင်း၌ လုပ်ဆောင်ရမည်များနှင့်ပတ်သက်၍ မျှော်မှန်းထားသည်များကို ရှင်းလင်းစွာ ဖော်ပြထားသည့် ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက်အညွှန်းဘောင် (Teacher Competency Standards Framework – TCSF) အပေါ် အခြေခံ၍ ရေးဆွဲထား ခြင်းဖြစ်ပါသည်။

ဤသင်ရိုးညွှန်းတမ်းကို ခရုပတ်ပုံ သင်ရိုးညွှန်းတမ်း ချဉ်းကပ်နည်း (Spiral Curriculum Approach) ဖြင့် ပြုစုထားပြီး ပညာရေး ကောလိပ်ကျောင်းသားများသည် မိမိတို့ သိထားပြီးသော အယူအဆသဘောတရားများကို လေးနှစ်တာကာလအတွင်း၌ အပြန်ပြန် အလှန်လှန်လေ့လာကြရမည် ဖြစ်သည်။ ထိုသို့ ပြန်လှန်လေ့လာခြင်းဖြင့် ပညာရေးကောလိပ်ကျောင်းသားများ၏ အသိပညာနှင့် နားလည်သဘောပေါက်မှုများ ပိုမိုနက်ရှိုင်း ကျယ်ပြန့်လာမည် ဖြစ်သည်။ ဤသို့ဖြစ်လာစေရန် လေးနှစ်သင် ပညာရေးကောလိပ်သင်ရိုးကို အပိုင်း ၂ ခုဖြင့် ပိုင်းခြားသတ်မှတ်ထားသည်။ ပထမအပိုင်း cycle 1 (ပထမနှစ် နှင့် ဒုတိယနှစ်) တွင် သင်ယူထားသည့် အယူအဆသဘောတရားများအား ဒုတိယအပိုင်း cycle 2 (တတိယနှစ် နှင့် စတုတ္ထနှစ်) တွင် ပို၍နက်ရှိုင်းစွာ ပြန်လည်ထပ်ကျော့သွားမည် ဖြစ်သည်။ သို့မှသာ ပညာရေး ကောလိပ်ကျောင်းသားများသည် မိမိတို့သင်ယူခဲ့ပြီးသော အယူအဆ သဘောတရားများကို ပြန်လည်လေ့လာနိုင်ခြင်း၊ လက်တွေ့ လုပ်ကိုင် စမ်းသပ်နိုင်ခြင်း၊ စာသင်ခန်းအတွင်း လုပ်ဆောင်လေ့ရှိသည်များကို မိမိတို့ အတန်း

ဖော်များနှင့် ပြန်လည်ဝေမျှပြောဆိုနိုင်ခြင်း၊ မိမိတို့၏ သင်ကြားရေးကျွမ်းကျင်မှု အမျိုးမျိုးအနက်မှ အချို့သော အပိုင်းများကို ပိုမိုနက်နဲစွာ ဆင်ခြင်နိုင်ခြင်းများလည်း ရရှိလာနိုင်မည်ဖြစ်သည်။ ဤသင်ရိုးညွှန်းတမ်း၏ ဖွဲ့စည်းပုံသည် ဘက်စုံပေါင်းစပ်ထားသောချဉ်းကပ်မှုပုံစံ (Integrated Approach) ဖြင့် ရေးဆွဲထားသောကြောင့် သင့်လျော်သော ကြိုတင်ပြင်ဆင်မှု၊ လက်တွေ့အသုံးချမှု နှင့် အတွေ့အကြုံတို့ကို အထောက်အကူပေးသည့် သင်ယူမှုဖြစ်စဉ်မှတဆင့် ဘာသာရပ်ဆိုင်ရာ အသိပညာ သင်ကြားရေးနှင့် ပညာရေးဆိုင်ရာ သီအိုရီများကို နားလည်သဘောပေါက်စေခြင်း ဖြစ်သည်။ သို့ဖြစ်၍ ဤသင်ရိုးညွှန်းတမ်းသည် ဘာသာရပ်ဆိုင်ရာအသိပညာများကိုသာ အလေးပေးခြင်း မဟုတ်ဘဲ သက်ဆိုင်ရာ အသက်အရွယ်အုပ်စုအလိုက် သင်ကြားသင်ယူမှု အခြေအနေများတွင် အသိပညာ၊ ကျွမ်းကျင်မှုနှင့် စိတ်နေသဘောထားများကို ထိရောက်စွာ အသုံးပြုသင်ကြား တတ်စေရန် လိုအပ်သော ကျွမ်းကျင်မှုနှင့် စိတ်နေသဘောထားများကိုလည်း အလေးပေးထားပါသည်။ တတ်ကျွမ်းမှုတစ်ရပ်တွင် ပါဝင်သော အစိတ်အပိုင်းများဖြစ်သည့် အသိပညာ၊ ကျွမ်းကျင်မှုများ၊ စိတ်နေသဘောထားများနှင့် ၎င်းတို့ကို ထိရောက်စွာ အသုံးချနိုင်ခြင်း စသည်တို့ကို အလေးပေးထားသောကြောင့် ဤသင်ရိုးညွှန်းတမ်းကို တတ်ကျွမ်းမှု အခြေပြု သင်ရိုးညွှန်းတမ်း (Competency-based Curriculum) ဟု ခေါ်ဆိုပါသည်။

သို့ဖြစ်ပါ၍ တတ်ကျွမ်းမှုအခြေပြု သင်ရိုးညွှန်းတမ်းဆိုသည်မှာ သင်ယူသူကို ဗဟိုပြုပြီး ကျောင်းသားများ၊ ဆရာများနှင့် လူ့အဖွဲ့အစည်းများ၏ ပြောင်းလဲနေသော လိုအပ်ချက်များနှင့် ဆီလျော်ကိုက်ညီမှု ရှိသည်။ အယူအဆ သဘောတရားသစ်များကို လေ့လာသင်ယူသည့်အခါတွင်လည်း ၎င်းတို့ကို အသုံးချပြီး အောက်ပါအတိုင်းပြန်လည် သုံးသပ်နိုင်သည်။

၁။ သင်ယူခြင်း ( မည်သည်ကို မည်သို့သင်ကြားမည်ဟု အစီအစဉ်ချမှတ်ခြင်း)
၂။ အသုံးချခြင်း ( သင်ကြားသင်ယူမှုဆိုင်ရာများကို လေ့ကျင့်ခြင်း) နှင့်
၃။ ပြန်လည်သုံးသပ်ခြင်း ( မိမိ၏ သင်ကြားမှုပုံစံအား ပြန်လည် ဆန်းစစ်အကဲဖြတ်ခြင်း)

ပညာရေးကောလိပ်တွင် ပညာသင်ယူပြီးမြောက်ပြီး အချိန်တွင်လည်း ပညာရေးကောလိပ်ဘွဲ့ရ ကျောင်းသားများသည် အထက်ဖော်ပြပါ သင်ယူ - အသုံးချ - ပြန်လည်သုံးသပ် ဟူသည့် စက်ဝန်းသံသရာ (cycle of learn-apply-reflect) ကို မိမိတို့၏ သင်ကြားပို့ချရာတွင် အသုံးချခြင်းအားဖြင့် အနာဂတ်မြန်မာမျိုးဆက်သစ် ကလေးငယ်တို့၏ သင်ယူမှုနှင့်ဖွံ့ဖြိုးတိုးတက်မှုများကို ထိရောက်စွာ ပံ့ပိုးကူညီပေးနိုင်ရန် ရည်မှန်းထားသည်။

မြန်မာနိုင်ငံ ပညာရေးကောလိပ်သင်ရိုးညွှန်းတမ်းကို ပညာရေးဝန်ကြီးဌာနက ရွေးချယ်ခန့်အပ်ထားသော ပညာရေးကောလိပ်များမှ ဆရာ၊ ဆရာမများ နှင့် ပညာရေး တက္ကသိုလ်များနှင့် ပြည်ထောင်စုတိုင်းရင်းသားဖွံ့ဖြိုးရေးတက္ကသိုလ်တို့မှ တတ်သိပညာရှင်များ ပါဝင်သော သင်ရိုးညွှန်းတမ်း ရေးဆွဲရေး အဖွဲ့က ရေးဆွဲပြုစုထားသည်။ ထို့အပြင် မြန်မာပြည်တွင်းမှ ကျွမ်းကျင်သူများ၊ နိုင်ငံတကာကျွမ်းကျင် သူများလည်း ပါဝင်ရေးဆွဲကြသည်။ ဤလုပ်ငန်းစဉ် တစ်ရပ်လုံးကို ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့် ပညာဦးစီးဌာနက အကြံပေးလမ်းညွှန်မှု ပြုပါသည်။

ဤသင်ရိုးညွှန်းတမ်း ပြုစုရေးသားရာတွင် နည်းပညာဆိုင်ရာ အကူအညီများကို ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့အစည်း (ယူနက်စကို- UNESCO) ၏ 'မြန်မာနိုင်ငံလုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ အရည်အသွေးတိုးမြှင့်ရေး (Strengthening Pre-service Teacher Education in Myanmar) စီမံချက်' မှတစ်ဆင့် ထောက်ပံ့ပေးထားသည်။ ဤသင်ရိုးညွှန်းတမ်း ရေးဆွဲရေးအတွက် ဘဏ္ဍာရေးအထောက်အပံ့များကို ဩစတြေးလျအစိုးရ၊ ဖင်လန်အစိုးရနှင့် ယူကေအစိုးရများကလည်း ပေးအပ်ထားပါသည်။ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (Japan International Cooperation Agency) အဖွဲ့နှင့်အတူ မူလတန်းအဆင့် သင်ရိုးညွှန်းတမ်း ရေးဆွဲရေးအဖွဲ့ကလည်း အခြေခံပညာ မူလတန်းအဆင့် သင်ရိုးညွှန်းတမ်းပြုပြင်ပြောင်းလဲရေးအဖွဲ့ (CREATE Project) စီမံချက်မှတစ်ဆင့် မူကြမ်းရေးဆွဲခြင်း လုပ်ငန်းစဉ်တွင် အစဉ်တစိုက် ပံ့ပိုးကူညီခဲ့သည်။

# မာတိကာ


နိဒါန်း ............ ဂ
မာတိကာ ............ ဃ
ဤဆရာလမ်းညွှန်ကို မည်သို့အသုံးပြုရမည်နည်း။ ............ ၁
အခန်း ၁။ အနုပညာဘာသာရပ် မိတ်ဆက်ခြင်း ............ ၄၈
၁.၁။ ဘာသာရပ် အကျဉ်းချုပ် ............ ၅၀
၁.၁.၁။ ဘာသာရပ် အကျဉ်းချုပ်နှင့် အနုပညာဆိုသည်မှာ အဘယ်နည်း။ ............ ၅၀
၁.၁.၂။ မူလတန်းကျောင်းသားများသည် အနုပညာကို သင်ယူလေ့လာရန် အဘယ်ကြောင့် လိုအပ်ပါသနည်း။ ............ ၅၇
ပြန်လည်ဆန်းစစ်ရန်မေးခွန်းများ ............ ၆၂
၁.၂။ အခြေခံပညာ အနုပညာ သင်ရိုးညွှန်းတမ်း၏ အသိပညာဗဟုသုတ ............ ၆၃
၁.၂.၁။ အခြေခံပညာ သင်ရိုးညွှန်းတမ်း၏ အနုပညာဘာသာရပ် ............ ၆၃
၁.၂.၂။ မူလတန်းအနုပညာ (ပန်းချီ) သင်ရိုးညွှန်းတမ်း ဖွဲ့စည်းပုံကို နားလည်သဘောပေါက်ခြင်း ............ ၇၂
၁.၂.၃။ မူလတန်းအနုပညာ (ဂီတ) သင်ရိုးညွှန်းတမ်း ဖွဲ့စည်းပုံကို နားလည်သဘောပေါက်ခြင်း ............ ၇၇
ပြန်လည်ဆန်းစစ်ရန်မေးခွန်းများ ............ ၈၃
အခန်းဆုံးအနှစ်ချုပ် ............ ၈၅
အဓိကအချက်များ ............ ၈၅
အခန်းဆုံးပြန်လည်သုံးသပ်ခြင်း ............ ၈၇
ဆက်လက်ဖတ်မှတ်စရာများ ............ ၈၉
အခန်း ၂။ ဂီတအနုပညာ ............ ၉၁
၂.၁။ အဆိုပညာ ............ ၉၂
၂.၁.၁။ မြန်မာသီချင်းများ၏ သမိုင်း ............ ၉၂
၂.၁.၂။ အဆိုပညာ သင်ကြားရေးနည်းဗျူဟာများ ............ ၉၇
ပြန်လည်ဆန်းစစ်ရန်မေးခွန်းများ ............ ၁၀၄
၂.၂။ အကပညာ ............ ၁၀၅

၂.၂.၁။ မြန်မာအကပညာ၏ သမိုင်း ........ ၁၁၅
၂.၂.၂။ မူလတန်းကျောင်းများတွင် အကပညာ သင်ကြားခြင်း ........ ၁၁၂
ပြန်လည်ဆန်းစစ်ရန်မေးခွန်းများ ........ ၁၁၈
၂.၃။ ဂီတတူရိယာများကို တီးမှုတ်ခြင်း ........ ၁၁၉
၂.၃.၁။ မြန်မာတူရိယာများ၏ သမိုင်း ........ ၁၁၉
၂.၃.၂။ တူရိယာများတီးမှုတ်ခြင်း သင်ကြားရေးနည်းဗျူဟာများ ........ ၁၂၅
ပြန်လည်ဆန်းစစ်ရန်မေးခွန်းများ ........ ၁၃၁
အခန်းဆုံးအနှစ်ချုပ် ........ ၁၃၂
အဓိကအချက်များ ........ ၁၃၂
အခန်းဆုံးပြန်လည်သုံးသပ်ခြင်း ........ ၁၃၆
ဆက်လက်ဖတ်မှတ်စရာများ ........ ၁၃၉
ခက်ဆစ်အဘိဓာန် ........ ၁၄၁
ကျမ်းကိုးစာရင်း ........ ၁၄၅
နောက်ဆက်တွဲများ ........ ၁၄၆
လက်ကမ်းစာစောင် (၁) မူလတန်းအဆင့်အနုပညာ၏ ယေဘုယျရည်ရွယ်ချက်များ။ ၁၄၇
လက်ကမ်းစာစောင် (၂) အခြေခံပညာသင်ရိုးညွှန်းတမ်း အညွှန်းဘောင်၏
ရည်ရွယ်ချက် ........ ၁၅၁
လက်ကမ်းစာစောင် (၃) ပန်းချီအနုပညာသင်ရိုးညွှန်းတမ်း၏ နယ်ပယ် သုံးရပ်
ဖွဲ့စည်းပုံကို နားလည်သဘောပေါက်ခြင်း (သင်ခန်းစာ ၁.၂.၁။ ၊ စာသင်ချိန် ၁) ........ ၁၅၆
လက်ကမ်းစာစောင် (၄) ဂီတအနုပညာသင်ရိုးညွှန်းတမ်း နယ်ပယ်(၃)ရပ်၏
ဖွဲ့စည်းပုံကို နားလည်သဘောပေါက်ခြင်း (သင်ခန်းစာ ၁.၂.၁။ ၊ စာသင်ချိန် ၂) ........ ၁၆၁
လက်ကမ်းစာစောင် (၅) သင်ရိုးဖွဲ့စည်းပုံကို နားလည်သဘောပေါက်ခြင်း
(ပန်းချီအနုပညာ) (သင်ခန်းစာ ၁.၂.၂။) ........ ၁၆၅
လက်ကမ်းစာစောင် (၆) ဆရာများအတွက် ပို့ချခြင်းမှတ်စု -
မြန်မာ့ဂီတ သမိုင်းကြောင်း (အပိုင်း ၁) ........ ၁၇၃
လက်ကမ်းစာစောင် (၇) ဆရာများအတွက် ပို့ချခြင်းမှတ်စု -
မြန်မာ့ဂီတ သမိုင်းကြောင်း (အပိုင်း ၂) ........ ၁၇၅

လက်ကမ်းစာစောင် (၈) အဆိုပညာသင်ကြားခြင်း၏ နည်းလမ်းများ
(သင်ခန်းစာ ၂.၁.၂။) ..... ၁၇၈
လက်ကမ်းစာစောင် (၉) အဆိုပညာသင်ကြားခြင်းအတွက် ကိုးကားချက်
(သင်ခန်းစာ ၂.၁.၂။) ..... ၁၈၆
လက်ကမ်းစာစောင် (၁၀.၁) သီချင်းသင်္ကေတများ - တေးဆိုငှက် ..... ၁၈၉
လက်ကမ်းစာစောင် (၁၀.၂) သီချင်းသင်္ကေတများ - အလေးပြုခြင်း ..... ၁၉၀
လက်ကမ်းစာစောင် (၁၁) စစ်ဆေးအကဲဖြတ်ခြင်း မှတ်တမ်းစာရွက်
(သင်ခန်းစာ ၂.၁.၂။) ..... ၁၉၁
လက်ကမ်းစာစောင် (၁၂) ဆရာများအတွက် ပို့ချခြင်းမှတ်စု -
မြန်မာအကသမိုင်းကြောင်း (အပိုင်း ၁) ..... ၁၉၃
လက်ကမ်းစာစောင် (၁၃) ဆရာများအတွက် ပို့ချခြင်းမှတ်စု -
မြန်မာအက သမိုင်းကြောင်း (အပိုင်း ၂) ..... ၁၉၈
လက်ကမ်းစာစောင် (၁၄) ဒုတိယတန်း အနုပညာ(ဂီတ) ကျောင်းသုံးစာအုပ်မှ
အခန်း (၃) နှင့် (၄) ..... ၂၀၂
လက်ကမ်းစာစောင် (၁၅.၁) အကပညာ၏ သင်ကြားနည်းများ (သင်ခန်းစာ ၂.၂.၂။) ၂၀၅
လက်ကမ်းစာစောင် (၁၅.၂) ရိုးရှင်းသော အခြေခံအကများကို လေ့ကျင့်ခြင်း ..... ၂၁၄
လက်ကမ်းစာစောင် (၁၆) သရုပ်ပြ သင်ခန်းစာ ကြည့်ရှုလေ့လာရမည့် အချက်များ
(သင်ခန်းစာ ၂.၂.၂။) ..... ၂၂၃
လက်ကမ်းစာစောင် (၁၇) သရုပ်ပြသင်ခန်းစာအား ကြည့်ရှုလေ့လာခြင်းအတွက်
အဖြေများ (သင်ခန်းစာ ၂.၂.၂။) ..... ၂၂၄
လက်ကမ်းစာစောင် (၁၈) တူရိယာများတီးမှုတ်ခြင်း၏ သင်ကြားရေး နည်းလမ်းများ ၂၂၆

# ဤဆရာလမ်းညွှန်စာအုပ်ကို မည်သို့အသုံးပြုရမည်နည်း။

## အနုပညာ ဆရာလမ်းညွှန်ကို မည်သူက အသုံးပြုမည်နည်း။

ဤဆရာလမ်းညွှန်စာအုပ်သည် ပညာရေးကောလိပ် ပထမနှစ်ကျောင်းသား[၁]များအား အနုပညာ ကျောင်းသားကိုင်စာအုပ်ကို သင်ကြားရာတွင် ကူညီပံ့ပိုးပေးမည့် ဆရာများ[၂]အတွက် စီစဉ်ရေးသား ပြုစုထားသော စာအုပ်ဖြစ်ပါသည်။ အနုပညာဘာသာရပ်ကို သင်ပြစဉ် ကျောင်းသားကိုင်စာအုပ်နှင့် တွဲ၍ ဤဆရာလမ်းညွှန်ကို အသုံးပြုရန်ဖြစ်သည်။ ကျောင်းသားကိုင်စာအုပ် အခန်းများနှင့် သင်ခန်းစာတစ်ခုချင်းစီအတွက် သင်ယူမှုရလဒ်များ အောင်မြင်ပေါက်မြောက်စေရန် ဤဆရာ လမ်းညွှန်တွင် ကျောင်းသားများအား ညွှန်ကြားရမည့် အချက်များကို တစ်ဆင့်ပြီးတစ်ဆင့် ရှင်းလင်းစွာ ဖော်ပြထားသည်။

## အနုပညာကို မည်သည့်အချိန်၊ မည်သည့်နေရာတွင် သင်ယူမည်နည်း။

လေးနှစ်သင် ပညာရေးကောလိပ် အစီအစဉ်အတွက် အနုပညာသင်ကြားရန် တစ်နှစ်လျှင် နှစ်ဆယ့်လေးချိန် လျာထားပါသည်။ သင်ကြားပို့ချမည့်နေရာမှာ သင်တို့၏ ပညာရေးကောလိပ်တွင် ဖြစ်ပါသည်။

## ပညာရေးကောလိပ် ပထမနှစ် အနုပညာ ဆရာလမ်းညွှန်စာအုပ်တွင် မည်သည့် အရာများ ပါဝင်ပါ သနည်း။

ပညာရေးကောလိပ် ပထမနှစ် အနုပညာ ကျောင်းသားကိုင်စာအုပ်နှင့် ဆရာလမ်းညွှန်တို့၏ ဖွဲ့စည်းတည်ဆောက်ထားပုံနှင့် ပါဝင်သော အကြောင်းအရာများ တူညီကြသည်။

[၁] ဤဆရာလမ်းညွှန်တွင် ဖော်ပြထားသော ကျောင်းသားသည် ပညာရေးကောလိပ် ကျောင်းသားများကို ရည်ညွှန်းပါသည်
[၂] ဤဆရာလမ်းညွှန်တွင် ဖော်ပြထားသော ဆရာသည် ပညာရေးကောလိပ် ဆရာများကို ရည်ညွှန်းပါသည်။

ပညာရေးကောလိပ် ပထမနှစ် အနုပညာ ကျောင်းသားကိုင်စာအုပ်တွင် အောက်ပါအခန်းများ ပါဝင်သည်။

- အနုပညာဘာသာရပ်အား မိတ်ဆက်ခြင်း
- ဂီတအနုပညာ
- ပန်းချီအနုပညာ
- စစ်ဆေးအကဲဖြတ်ခြင်း၏ နည်းလမ်းများ

ဆရာလမ်းညွှန်စာအုပ်သည် ကျောင်းသားများ၏ ပြဋ္ဌာန်းစာအုပ်နှင့် ဖွဲ့စည်းတည်ဆောက်ထားပုံ တူညီကြသည်။ အခန်းတိုင်း၊ သင်ခန်းစာတိုင်းအတွက် သင်ယူမှုပြီးဆုံးချိန်တွင် ကျောင်းသားများ သိသင့်သော၊ ပြုလုပ်နိုင်သင့်သော မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို ဖော်ပြထားသည်။

**ဆရာလမ်းညွှန်စာအုပ်၏ အခန်းတိုင်းတွင်-**

**ရရှိသွားမည့် တတ်ကျွမ်းမှု။** သင်ခန်းစာတွင် အလေးပေးဖော်ပြထားသော ဆရာများ အတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက်အညွှန်းဘောင် (Teacher Competency Standards Framework – TCSF) သည် ဆရာများ တတ်ကျွမ်းရမည်များကို မီးမောင်း ထိုးပြထားသော တတ်ကျွမ်းမှုများ ဖြစ်သည်။

**အချိန်။** စာသင်ချိန် စုစုပေါင်းဖြစ်ပြီး သင်ရိုးညွှန်းတမ်းအရ သင်ခန်းစာများအတွက် ခွဲဝေသတ်မှတ်ထားသော မိနစ် (၅၀) စာသင်ချိန်များ ဖြစ်ပါသည်။

**သင်ယူမှုနည်းလမ်းများ။** သင်ခန်းစာတစ်ခုအတွက် အကြံပြုထားသော သင်ယူမှု လုပ်ငန်းများတွင် အသုံးပြုသော သင်ယူမှုနည်းလမ်းများကို ချုံ့ဖော်ပြခြင်းဖြစ်သည်။

**လိုအပ်သောကြိုတင်ပြင်ဆင်မှုများ။** ဘာသာရပ်ဆိုင်ရာ ဗဟုသုတရင်းမြစ်များအတွက် မှီငြမ်းစာအုပ်များ၊ နည်းပညာဆိုင်ရာ ကြိုတင်ပြင်ဆင်မှုများ၊ အခြားသော ဘာသာရပ် များနှင့် ဆက်နွယ်မှု၊ စာသင်ခန်းဖွဲ့စည်းပုံ ၊ အချိန်စီမံခန့်ခွဲမှုနှင့် မျှော်မှန်းထားသော အဖြေများအတွက် မှီငြမ်းချက်များ ပါဝင်ပါသည်။

**လိုအပ်သောရင်းမြစ်များ။** ပုံနှိပ်မီဒီယာများ (printed media)၊ စာရွက်ကြီးများ၊ ရောင်စုံစာရွက်များ၊ မာကာပင်များ (Marker pens)၊ URL ဝက်ဘ်လင့်များ၊ ဗွီဒီယိုများ၊ အကုန်အကျ နည်းသော/ အကုန်အကျ လုံးဝမရှိသော ရင်းမြစ်များ၊ ပစ္စည်းကိရိယာများ။

**သင်ယူမှုလုပ်ငန်းများ။** သင်ခန်းစာတိုင်းတွင် သတ်မှတ်ထားသော အချိန်အတွင်း မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို ကျောင်းသားများရရှိရန် အထောက်အကူပြုသော အကြံပြုထားသည့် သင်ယူမှုလုပ်ငန်းများ ပါဝင်ပါသည်။ သင်ခန်းစာတိုင်းသည် ဘာသာရပ်နှင့် ပတ်သက်ပြီး ကျောင်းသားများ၏ ရှိပြီးအသိပညာ သို့မဟုတ် စိတ်ဝင်စားမှုကို နှိုးဆွပေးသည့် လုပ်ငန်းနှင့် စသင့်သည်။ သင်ယူမှုလုပ်ငန်းအမျိုးမျိုးသည် သင်ကြားသင်ယူမှုတွင် တတ်ကျွမ်းမှု အခြေပြုသော ချဉ်းကပ်နည်းများနှင့် ဆီလျော်မှုရှိသည်။

**ရပ်တန့်ပါ၊ စဉ်းစားပါ။** သင်ကြားသင်ယူမှု ဖြစ်စဉ်အတွင်း သင်ခန်းစာ၏ အဓိကအချက်ကို သေချာစေရန်နှင့် စီစဉ်ထားသည့်အတိုင်း သင်ခန်းစာများ အဆင်ပြေစွာ သင်ကြားသင်ယူနေခြင်းရှိ မရှိစစ်ဆေးရန် သို့မဟုတ် ရှေ့မဆက်မီ အလေးထားရမည့် အချက်များကို ကျောင်းသားများ ထိရောက်စွာ သင်ယူခြင်း ရှိမရှိ သေချာစေရန် `ရပ်တန့်ပါ၊ စဉ်းစားပါ´ ကို ညွှန်ကြားချက်အကွက်များ (Instruction box) ကို အလျဉ်းသင့်သလို ထည့်သွင်းထားပါသည်။

**စစ်ဆေးအကဲဖြတ်ခြင်း။** စစ်ဆေးအကဲဖြတ်ခြင်းသည် လုပ်ငန်းတစ်ခုချင်းစီ၏ အဆုံးတွင် ရှိသည်။ အောင်မြင်မှုရလဒ်အား အကဲဖြတ်ရန်နှင့် ရှေ့ဆက်သင်ကြားရန်အတွက် လုပ်ငန်းစဉ်တစ်ခုချင်းအပေါ် တွင် သင်ကြားနေစဉ် စစ်ဆေးအကဲဖြတ်ခြင်း ပုံစံအား အသုံးပြုထားသည်ကို ရှင်းလင်းပြသခြင်း သို့မဟုတ် အကျဉ်းချုံး ဖော်ပြထားခြင်းမျိုး ဖြစ်သည်။ အမျိုးမျိုးသော စစ်ဆေးအကဲဖြတ်ခြင်း နည်းလမ်းများကို မည်သို့အသုံးပြုရမည်ဟူသော ညွှန်ကြားချက်များသည် စစ်ဆေးအကဲဖြတ်နည်းအတွက် သင်ထောက်ကူသေတ္တာ (Toolbox for assessment approaches) တွင် ပါဝင်ပါသည်။

**ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ။** သင်ယူမှုလုပ်ငန်း တစ်ခုချင်းစီ၏ စစ်ဆေးအကဲဖြတ်မှုနှင့် ပတ်သက်သည့် ကျောင်းသားများထံမှ ရရှိနိုင်သော အဖြေများကို ဤနေရာတွင် စုစည်းဖော်ပြထားပါသည်။

**ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း။** သင်ခန်းစာတစ်ခုလုံးအား ခြုံငုံခြင်းဖြစ်သည်။ သင်ခန်းစာပြီးဆုံးချိန်တွင် သင်ယူမှုရည်ရွယ်ချက်များ၊ ဆရာများအတွက် စံသတ်မှတ်ချက်အညွှန်းဘောင်တွင် ပါဝင်သော ဆရာ့တတ်ကျွမ်းမှုစံများ၊ သင်ယူမှုရလဒ်များအားအနှစ်ချုပ်ပေးပြီး မည်မျှသော အတိုင်းအတာအထိ အောင်မြင်ပြီးမြောက်ကြောင်း သုံးသပ်ခြင်း ဖြစ်သည်။ ဆရာ့တတ်ကျွမ်းမှု စံအညွှန်းကိန်းများသည် သင်ခန်းစာအကြောင်းအရာတွင် မည်သို့ပါဝင်ပတ်သက်နေကြောင်းကို အနှစ်ချုပ်ပေးသည်။ ကျောင်းသားများအား ၎င်းတို့သည် မည်သည့်အကြောင်းအရာကို မည်သို့သင်ယူခဲ့ကြကြောင်းကို ရှင်းလင်းတိကျစွာ အသိပေးပါသည်။

**ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် လုပ်ဆောင်ရန်လုပ်ငန်းများ။** ဤဆရာလမ်းညွှန်ရှိ သင်ခန်းစာတစ်ခုချင်းစီတွင် သင်ယူမှုလုပ်ငန်းများကို ဆီလျော်အောင် ပြုပြင်နိုင်ရန်အတွက် အကြံပြုချက်များ ပါဝင်ပါသည်။ ထိုအကြံပြုချက်များသည် သင်ယူတတ်မြောက်လွယ်သော ကျောင်းသားများအတွက် ထပ်ဆောင်းလုပ်ငန်းများပေးရန်နှင့် သင်ယူမှု အားနည်းသော ကျောင်းသား (သို့မဟုတ်) ကွဲပြားသော သင်ယူမှုလိုအပ်ချက် (different learning needs) ရှိသည့် ကျောင်းသားများကို လိုအပ်ချက်အလိုက် ထပ်ဆောင်းလုပ်ငန်းများပေးရန်အတွက် အကြံပြုချက်များ ပါဝင်ပါသည်။

**ပြန်လှန်ဆန်းစစ်ရန် မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ။** အခန်းတစ်ခုပြီးတိုင်း ကျောင်းသားကိုင်စာအုပ်တွင်ပါသော ပြန်လှန်သုံးသပ်သည့် မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများကို ထည့်ပေးထားပါသည်။ ဤအပိုင်းသည် ကျောင်းသားကိုင်စာအုပ်ပါ မေးခွန်းများကို ဖြေဆိုသော ကျောင်းသားများ၏ အဖြေနှင့် ပတ်သက်ပြီး အတည်ပြုပေးရန် ပညာရေးကောလိပ်ဆရာများကို အသိပညာများ ထောက်ပံ့ပေးပါသည်။ ဤအပိုင်းသည် သင်ခန်းစာ သင်ကြားမှုတွင် ပါဝင်ခြင်းမရှိပါ။

## အခန်းတစ်ခုစီအတွက် ဆရာလမ်းညွှန်တွင်ပါဝင်သော အရာများ-

**အခန်းဆုံးအနှစ်ချုပ်။** အခန်းတစ်ခုလုံးကို အကျဉ်းချုပ်ပြီး တင်ပြခြင်းဖြစ်သည်။ အဓိက အချက်များကို အသိပေးဖော်ပြထားခြင်း ဖြစ်သည်။

**အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း။** ဤအပိုင်းသည် ကျောင်းသားကိုယ်တိုင် လေ့လာသင်ယူခဲ့သည်များမှ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ကျောင်းသားကိုင်စာအုပ်တွင် ပါဝင်ပါသည်။ ယင်းအကြောင်းအရာများကို သင့်အား အသိပေးရန် ဤနေရာတွင် ထပ်မံ၍ ဖော်ပြထားပါသည်။ သင်၏တာဝန်မှာ ကျောင်းသားများကို ဤအပိုင်းအား ဖတ်ရှုရန် တိုက်တွန်းရန်ဖြစ်ပါသည်။ အခန်းဆုံးပြန်လည်သုံးသပ်ခြင်းသည် သင်ခန်းစာ၏ အစိတ်အပိုင်းတစ်ခု မဟုတ်ပါ။ ဤအပိုင်းသည် ကျောင်းသားများအတွက် ပြန်လည်သုံးသပ်ရန်အချက်နှင့် သင်ယူခဲ့သော သင်ခန်းစာ (အခန်း)တွင် သင်ယူမှုနှင့် ဆိုင်သော မေးခွန်းများ ပါဝင်ပါသည်။

**ဆက်လက်ဖတ်မှတ်စရာများ။** သက်ဆိုင်သောအခန်းများအလိုက် ဖတ်စရာထပ်ဆောင်း ရင်းမြစ်များနှင့် ပတ်သက်သော အကြံပြုချက်များကို ဖော်ပြထားပါသည်။ သင်ခန်းစာ ခေါင်းစဉ်နှင့် စပ်လျဉ်းပြီး သင်ကိုယ်တိုင် ပိုမိုသိရှိနားလည်ရန်အတွက် ဤရင်းမြစ်များကို အသုံးပြုနိုင်သည် (သို့မဟုတ်) ကျောင်းသားများကို ဤရင်းမြစ်များအား စာကြည့်တိုက်၊ အင်တာနက် (သို့မဟုတ်) ပညာရေးကောလိပ်၏ အွန်လိုင်းစာကြည့်တိုက်တွင် ရှာဖွေရန် တွန်းအားပေးနိုင်ပါသည်။

ကျောင်းသားကိုင် စာအုပ်တွင် ပါဝင်သော သင်ယူမှုလုပ်ငန်းများသည် မိမိဘာသာမိမိ တစ်ဦးချင်းစီ လေ့လာနိုင်ရေးအတွက် ဦးတည်ရေးဆွဲထားကြောင်း သတိပြုပါ။ တစ်ခါတစ်ရံ ကျောင်းသားကိုင် စာအုပ်မှ တစ်ဦးချင်းသင်ယူမှုလုပ်ငန်းများသည် ဆရာလမ်းညွှန်တွင် အကြမ်းဖျင်းဖော်ပြထားသော သင်ယူမှုလုပ်ငန်းများနှင့် ဆက်စပ်သွားမည်ဖြစ်သည်။ ကျောင်းသားကိုင်စာအုပ်မှ သင်ယူမှု လုပ်ငန်းများကို အိမ်စာအလုပ်အဖြစ် (သို့မဟုတ်) ကျောင်းသားများသည် ၎င်းတို့ ပုံမှန်နှုန်းထား အတိုင်း လုပ်ဆောင်ရန် သင့်အနေဖြင့် တိုက်တွန်းပေးနိုင်ပါသည်။

ဆရာလမ်းညွှန်တွင်ပါဝင်သော သင်ယူမှုလုပ်ငန်းများ အသေးစိတ်သည် သင်ခန်းစာများ စီစဉ်ရေး ဆွဲရန်နှင့် ပို့ချရန် အထောက်အကူဖြစ်သော်လည်း ဤလမ်းညွှန်စာအုပ်တွင် ပါဝင်သော ညွှန်ကြား ချက်များသည် အကြံပြုချက်များသာ ဖြစ်ပါသည်။ သင်၏ စာသင်ခန်းအတွင်းမှ ကျောင်းသားများ သည် ခြားနားသော ပင်ကိုစရိုက်လက္ခဏာနှင့် သင်ယူမှုလိုအပ်ချက်များ ရှိပေလိမ့်မည်။ ပညာရေး ကောလိပ် ဆရာတစ်ယောက်အနေဖြင့် ကျောင်းသားများ၏ လိုအပ်ချက်၊ စိတ်ပါဝင်စားမှု၊ စွမ်းရည်တို့နှင့် သင့်တော်သော သင်၏ကိုယ်ပိုင် သင်ယူမှုလုပ်ငန်းများကို ပြုစုရန်အားပေးပါသည်။ သင်ခန်းစာများကို လိုအပ်လျှင် လိုအပ်သလို အနည်းအများ ပြောင်းလဲမှုများနှင့် လိုက်လျောညီထွေမှု ရှိအောင် ပြင်ဆင်ညှိနှိုင်းမှုများကို လွတ်လပ်စွာ ပြုလုပ်နိုင်ပါသည်။

## တတ်ကျွမ်းမှုအခြေပြုသင်ရိုးညွှန်းတမ်းဆိုသည်မှာ အဘယ်နည်း။

ပညာရေးကောလိပ်ဘာသာရပ်အားလုံး၏ ကျောင်းသားကိုင်စာအုပ်နှင့် ဆရာလမ်းညွှန်တို့ သည် တတ်ကျွမ်းမှုအခြေပြုချဉ်းကပ်မှုကို လိုက်နာသည်။ ဤတတ်ကျွမ်းမှုအခြေပြု ချဉ်းကပ်မှုကို လေးနှစ်သင်ပညာရေးကောလိပ် သင်ရိုးညွှန်းတမ်းမူဘောင်နှင့် ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက် အညွှန်းဘောင် (TCSF) တို့တွင် အခြေခံထားသည်။ တတ်ကျွမ်းမှုအခြေပြု ချဉ်းကပ်မှုဆိုသည်မှာ ပညာရေးကောလိပ် သင်ရိုးညွှန်းတမ်းသည် ဘာသာရပ်ဆိုင်ရာ အကြောင်း အရာများကိုသာ အလေးပေးသည်မဟုတ်ဘဲ အသိပညာ၊ ကျွမ်းကျင်မှုနှင့် စိတ်နေသဘောထားများ တိုးတက်ဖွံ့ဖြိုးလာပြီး ၎င်းတို့အား တကယ့်လက်တွေ့ ဘဝအခြေအနေတွင် ပြန်လည်၍အသုံးချရန် အလေးထားခြင်းဖြစ်သည်။ တတ်ကျွမ်းမှု အခြေပြုသင်ရိုးညွှန်းတမ်းများသည် သင်ယူသူဗဟိုပြု ဖြစ်ပြီး ကျောင်းသားများ၊ ဆရာများနှင့် လူ့အဖွဲ့အစည်း၏ ပြောင်းလဲဖြစ်ပေါ် နေသော လိုအပ်ချက် များနှင့်အညီ ပြုပြင်ပြောင်းလဲနိုင်ကြသည်။ [၃]

---

[၃] Curriculum Terminology (2013), International Bureau of Education (IBE), UNESCO အား ဆီလျော်မှုရှိစေရန် ပြုပြင်ထားပါသည်။

ဆရာအတတ်သင် ပညာရေး၏ တတ်ကျွမ်းမှုအခြေပြု ချဉ်းကပ်မှုနှင့် ကိုက်ညီစေရန်အတွက် အောက်ဖော်ပြပါ အခြေခံသဘောတရားများကို ဆရာလမ်းညွှန်တွင် ပေါင်းစပ်ထည့်သွင်းထား ပါသည်။

- **နောက်ခံအခြေအနေနှင့် ဆက်စပ်ပေးခြင်း (Contextualisation)** သင်ယူမှုဆိုင်ရာ အကြောင်းအရာနှင့် သင်ယူမှုလုပ်ငန်းများသည် ကျောင်းသားများ၏ နေ့စဉ်ဘဝ အခြေ အနေများနှင့် ဆက်စပ်ပေးနိုင်ရန်အတွက် မြန်မာနောက်ခံအခြေအနေပေါ်တွင် အခြေပြု လျက် ပြင်ဆင်ရေးဆွဲထားသည်။

- **ကြိုတင်လေ့လာပြင်ဆင်စေသော သင်ကြား၊ သင်ယူမှုဖြစ်စဉ်။ (Flipped classroom)** ဤသင်ကြားနည်းနှင့်ဆိုင်သော အယူအဆ၊ သဘောတရားနှင့် နည်းစနစ်သည် စာသင်ခန်း အတွင်း ဆရာက ဦးဆောင်ပို့ချ သင်ကြားပေးခြင်းအစား ဘာသာရပ်ပါ/မော်ဂျူးပါ အကြောင်းအရာများကို ကျောင်းသားကိုယ်တိုင် ပြန်လည်သုံးသပ်ခြင်း၊ ဆွေးနွေးခြင်း စူးစမ်းလေ့လာခြင်းတို့ကို ဆရာနှင့်အတူ လုပ်ဆောင်ရန် အခွင့်အလမ်းများကို ပေးသည်။ ပုံမှန်အားဖြင့် ကျောင်းသားများသည် သင်ကြားချိန်မတိုင်မီ မိမိကိုယ်ပိုင် လေ့လာသင်ယူမှု နှုန်းဖြင့် ကြိုတင်ဖတ်ရှုထားကြရပါမည်။ စာသင်ချိန်သည် ထိုလေ့လာသင်ယူထားသည် များကို ဆရာ၏ပံ့ပိုးကူညီမှုဖြင့် အချင်းချင်းဆွေးနွေးခြင်း၊ ပြဿနာဖြေရှင်းခြင်း လုပ်ငန်းများ တွင် ပါဝင် ဆောင်ရွက်ခြင်းအားဖြင့် လေးနက်စွာနားလည် သဘောပေါက်လာကြမည် ဖြစ်သည်။

- **ပူးပေါင်းဆောင်ရွက်သင်ယူခြင်း။** ဤချဉ်းကပ်မှုသည် ကျောင်းသားများအား အုပ်စုအလိုက် ဆောင်ရွက်မှုဖြင့် ပြဿနာအားဖြေရှင်းခြင်း သို့မဟုတ် လုပ်ငန်းဆောင်တာတစ်ခုအား ပြီးမြောက်စေခြင်း ဖြစ်သည်။ သင်ယူနားလည် သဘောပေါက်မှုသည် အတန်းဖော် အချင်းချင်းသော်လည်းကောင်း၊ အွန်လိုင်းပေါ်မှ သော်လည်းကောင်း၊ တစ်ဦးနှင့် တစ်ဦး မျက်နှာချင်းဆိုင် တက်ကြွစွာ ထိတွေ့ဆက်ဆံ ဆွေးနွေးခြင်းမှတစ်ဆင့် ဖြစ်ပေါ်သည်။ ပူးပေါင်းဆောင်ရွက်သင်ယူခြင်း၏ အဓိက ဝိသေသလက္ခဏာများမှာ - တူညီသော အလုပ် သို့မဟုတ် လုပ်ငန်းတစ်ခုရှိခြင်း၊ အုပ်စုငယ်ဖြင့် လေ့လာသင်ယူခြင်းနှင့် ပူးပေါင်းဆောင် ရွက်တတ်သော အမူအကျင့်ရှိခြင်းတို့ဖြစ်ပြီး ဆိုလိုသည်မှာ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်

မှီခိုဆောင်ရွက်ရခြင်းနှင့် တစ်ဦးချင်းစီ၏ တာဝန်ယူမှု တာဝန်ခံမှုရှိရခြင်း - စသည်တို့ ဖြစ်သည်။ [၄]

- **ပြဿနာဖြေရှင်းခြင်း။** ဤအပိုင်းတွင် ပြဿနာကို အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ ပြဿနာ၏ အကြောင်းရင်းခံအား ဆုံးဖြတ်ခြင်း၊ အဖြေတစ်ခု ရရန်အတွက် ဦးစားပေး အစီအစဉ် သတ်မှတ်ခြင်းနှင့် ပြောင်းလဲအသုံးပြုနိုင်သောနည်းလမ်းများ ရွေးချယ်ဖော်ထုတ်ခြင်းနှင့် အဖြေကို အကောင်အထည်ဖော်ဆောင်ခြင်းတို့ ဖြစ်ပါသည်။ ဆရာလမ်းညွှန်တွင် ပါဝင်သော သင်ယူမှုအကြောင်းအရာများနှင့် လုပ်ငန်းများသည် ကျောင်းသားများ၏ ပြဿနာ ဖြေရှင်းခြင်း ကျွမ်းကျင်မှုများကို သင့်တော်သလို အသုံးချနိုင်ရန် အခွင့်အလမ်းများကို ပေးထားပါသည်။

## သင်ရိုးရည်ရွယ်ချက်နှင့် ဖော်ပြချက်

ဤအတန်းသည် ကျောင်းသားများကို မူလတန်းကျောင်းအဆင့်တွင် မြန်မာ့ရိုးရာကို အခြေခံပြီး ဂီတအနုပညာ (အဆို၊ အက) နှင့် ပန်းချီအနုပညာ (ပန်းချီဆွဲခြင်းနှင့် ဆေးခြယ်ခြင်း) များကို သင်ကြားနိုင်ရန်အတွက် ပြင်ဆင်ပေးမည်ဖြစ်သည်။ ဤအတန်း၏ ရည်ရွယ်ချက်မှာ ပြောင်းလဲနေသော ရေစီးကြောင်းနှင့် လျော်ညီစွာ အနုပညာများဖန်တီးရာတွင် ကြင်နာသော စိတ်နေသဘောထားများနှင့် ကျွမ်းကျင်မှုများရှိသော ဆရာကောင်းများ ဖြစ်လာစေရန် ရည်ရွယ်ပါသည်။ ဆရာများသည် အခြေခံပညာကျောင်းသားများက မိမိတို့၏ ရိုးရာအနုပညာ၊ ဂီတနှင့် ယဉ်ကျေးမှုအတွက် အလေးပေးမှုများ ရရှိစေရန် လုပ်ဆောင်မည် ဖြစ်သည်။ ဤအတန်းတွင် အဆို၊ အက၊ အတီး၊ ပန်းချီဆွဲခြင်းနှင့် လက်မှုအနုပညာများ ပါဝင်ပါသည်။ ထိုသို့ လုပ်ဆောင်ခြင်းသည် ကျောင်းသားများ အချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်း၊ တာဝန်ယူသော အပြုအမူများကို မြှင့်တင်ပေးခြင်းနှင့် အနုပညာကို သိမြင်ခံစားခြင်း စသည်တို့ကို လုပ်ဆောင်ခြင်းဖြင့် ကျောင်းသားများ ကျောင်းနေပျော်စေရန် ကူညီထောက်ပံ့ပေးမည် ဖြစ်သည်။ ပထမနှစ်နှင့် ဒုတိယနှစ် ကျောင်းသားများသည် ပညာရေးကောလိပ် သင်ရိုးညွှန်းတမ်း အညွှန်းဘောင်အား ကိုးကားပြီး အနုပညာ၏ အခြေခံအသိပညာများနှင့် အနုပညာသင်ကြားခြင်း၏ သင်နည်းဗေဒဆိုင်ရာ

---

[၄] Lejenue’s Collaborative Learning for Educational Achievement (1999)

အသိပညာများ တိုးတက်လာစေရန် ရည်ရွယ်ပါသည်။ တတိယနှစ်နှင့် စတုတ္ထနှစ်တွင် အနုပညာ ဘာသာရပ် အသိပညာကို ပိုမိုနက်နက်နဲနဲ နားလည် သဘောပေါက်ရန် ထပ်မံသင်ယူရမည် ဖြစ်ပြီး မူလတန်း အနုပညာသင်ရိုးညွှန်းတမ်း၊ ညွှန်ကြားချက်နှင့် စစ်ဆေးအကဲဖြတ်မှုများကို ပိုမိုပြီး စနစ်တကျ နားလည်သဘောပေါက်နိုင်မည် ဖြစ်သည်။

## အခြေခံပညာသင်ရိုးညွှန်းတမ်း ရည်မှန်းချက်များ

အနုပညာ၏ ယေဘုယျရည်ရွယ်ချက်မှာ မြန်မာနိုင်ငံ၏ အခြေခံပညာရေးတွင် သတ်မှတ်ထားသော အနုပညာ သင်ရိုးညွှန်းတမ်းကို သင်ကြားနိုင်ရန် ပြင်ဆင်ပေးခြင်း ဖြစ်သည်။ မူလတန်း ကျောင်းသားများကို ထိရောက်စွာ သင်ကြားနိုင်မည့် ဆရာများ ဖြစ်လာစေရန်အတွက် ဘာသာရပ်နှင့်ဆိုင်သော အခြေခံကျွမ်းကျင်မှုများ ကောင်းမွန်စွာရရှိစေရန် မူလတန်း၊ အလယ်တန်းအဆင့်များနှင့် ကိုက်ညီသော စာပေစံများကို သင်ယူရမည်ဖြစ်သည်။ (ပညာရေးကောလိပ် သင်ရိုးညွှန်းတမ်း အညွှန်းဘောင်၊ ၂၀၁၈)

## မူလတန်းကျောင်းသားများအတွက် အနုပညာ ဘာသာရပ်ဆိုင်ရာ သင်ယူမှု ဦးတည်ချက်

၁။ အနုပညာဘာသာရပ်များကို တွေးမြင်ခံစားခြင်းဖြင့် ကိုယ်တိုင်ဖန်တီးရာတွင် ကျွမ်းကျင်မှုများ တိုးတက်လာစေရန်။
၂။ ပြဿနာဖြေရှင်းခြင်းနှင့် ဆန်းစစ်ဝေဖန်ခြင်းတို့တွင် ကျွမ်းကျင်မှုများ ရရှိစေရန်။
၃။ အနုပညာဘာသာရပ်များကို သင်ယူခြင်းဖြင့် အသိပညာဗဟုသုတ ရရှိစေရန်နှင့် နေ့စဉ်ဘဝကို ပျော်ရွှင်စွာ ဖြတ်သန်းနိုင်စေရန်။
၄။ ရိုးရာအနုပညာကို တန်ဖိုးထားသော၊ ခံစားတတ်သော၊ ထိန်းသိမ်းသော နိုင်ငံသားကောင်းများ ဖြစ်လာစေရန်။

## ဂီတအနုပညာ

၁။ ကလေးများ ကျောင်းနေပျော်၍ သင်ယူလိုစိတ် ပိုမိုထက်သန်လာစေရန်။
၂။ ကိုယ်စိတ်နှလုံး နူးညံ့သိမ်မွေ့လာစေရန်။

၃။ အချင်းချင်း ချစ်ခင်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်တတ်မှု ခံစားချက်များ ဖြစ်တည်လာစေရန်။

၄။ ဂီတနှင့် အကပညာအပေါ် ချစ်ခင်မြတ်နိုးမှု၊ တန်ဖိုးထားမှု နှင့် သရုပ်ဖော်နိုင်မှု စသည့် ခံစားချက်များ ဖြစ်တည်လာစေရန်။

## ပန်းချီအနုပညာ

၁။ အရောင်နှင့် ပုံသဏ္ဍာန်များ အသုံးချမှုနှင့် ဖန်တီးမှုတို့မှတစ်ဆင့် အခြေခံပုံဆွဲပညာကို မြှင့်တင်ပေးရန်။

၂။ နေ့စဉ်ဘဝတွင် တွေ့မြင်ခံစား၊ စဉ်းစားမိသည်တို့ကို အခြေခံ၍ အတွေးအခေါ်နှင့် ပုံဖော် ဖန်တီးနိုင်သော အရည်အသွေး တိုးတက်လာစေရန်။

၃။ မိမိဒေသရှိ လက်မှုအနုပညာများကို ခံစား၊ တန်ဖိုးထားတတ်စေရန်။

### ဇယား (က)။ အနုပညာဘာသာရပ်၊ ဆရာများအတွက် အဓိကတတ်ကျွမ်းမှု စံသတ်မှတ်ချက်များ

| တတ်ကျွမ်းမှု စံသတ်မှတ်ချက် | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ |
|---|---|---|
| (က-၁) ကျောင်းသားများ မည်သို့ သင်ယူသည်ကို သိသည်။ | (က)(၁.၁) ကျောင်းသားများ၏ အသက်အရွယ်၊ ဖွံ့ဖြိုးမှုအဆင့်နှင့် လိုက်လျောညီထွေစွာ မည်သို့သင်ယူကြသည်ဆိုသည်ကို နားလည်သဘောပေါက်ကြောင်းပြသသည်။ | (က) (၁.၁.၁) ကျောင်းသားများ၏ သိမှုဆိုင်ရာ ဖွံ့ဖြိုးမှု၊ ကာယဖွံ့ဖြိုးမှု၊ ပေါင်းသင်းဆက်ဆံရေး ဖွံ့ဖြိုးမှု၊ စိတ်လှုပ်ရှားခံစားမှုဆိုင်ရာဖွံ့ဖြိုးမှုနှင့် စာရိတ္တပိုင်းဆိုင်ရာဖွံ့ဖြိုးမှုများသည် သူတို့၏ သင်ယူမှုအပေါ် မည်ကဲ့သို့ အကျိုးသက်ရောက်မှုရှိကြောင်း ဥပမာဖြင့် ဖော်ပြသည်။<br><br>(က) (၁.၁.၂) ကျောင်းသားများ၏ သိမှုဆိုင်ရာ ဖွံ့ဖြိုးမှု၊ ဘာသာစကားဆိုင်ရာဖွံ့ဖြိုးမှု၊ ပေါင်းသင်းဆက်ဆံရေး ဖွံ့ဖြိုးမှု၊ စိတ်လှုပ်ရှား ခံစားမှုဖွံ့ဖြိုးမှုများနှင့် ကာယဖွံ့ဖြိုးမှုများအရ သင်ယူမှု လုပ်ငန်းများကို ပြင်ဆင်သည်။ |

| တတ်ကျွမ်းမှု စံသတ်မှတ်ချက် | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ |
|---|---|---|
| | (က) (၁.၂) ကျောင်းသားများ၏ တစ်ဦးချင်းသင်ယူမှု လိုအပ်ချက်နှင့် ကိုက်ညီမည့် သင်ကြားနည်း အမျိုးမျိုးကို နားလည် သဘောပေါက်ကြောင်း ပြသသည်။ | (က) (၁.၂.၂) ကျောင်းသားများ၏ ရှိပြီးအသိပညာ၊ အတွေ့အကြုံများကို အယူအဆသစ်များနှင့် ချိတ်ဆက်ဖို့ အထောက်အကူပြုနိုင်ရန် ထိထိမိမိ အလေးထားပြီး ရှေ့နောက်အစီအစဉ်တကျ ဆောင်ရွက်ထားသည့် သင်ယူမှုလုပ်ငန်းများကို ဖော်ထုတ်သတ်မှတ်သည်။ |
| (က-၂) ရရှိအသုံးပြုနိုင်မည့် ပညာရေးဆိုင်ရာ နည်းပညာများအား ဆီလျော်စွာ အသုံးပြုနိုင်မှုကို သိသည်။ | (က)(၂.၁) သင်ကြားသင်ယူမှုဆိုင်ရာ နည်းဗျူဟာအမျိုးမျိုးနှင့် ရင်းမြစ်အမျိုးမျိုးကို ဆီလျော်စွာ အသုံးပြုနိုင်မှုအား နားလည်သဘောပေါက်ကြောင်း ပြသသည်။ | (က) (၂.၁.၁) ကျောင်းသားများ အချင်းချင်း အပြန်အလှန် ပြောဆိုဆက်သွယ်ခြင်း၊ စူးစမ်းလေ့လာခြင်း၊ ပြဿနာဖြေရှင်းခြင်း၊ တီထွင်ဖန်တီးခြင်း အခွင့်အလမ်းများကို ပံ့ပိုးပေးသည့် သင်ယူမှုအတွေ့အကြုံများကို ပြင်ဆင်ဆောင်ရွက်သည်။<br><br>(က) (၂.၁.၂) ကျောင်းသားများသင်ယူမှုတွင် အထောက်အကူပြုရန် ကျောင်းသုံးစာအုပ်များတွင် ဖော်ပြထားသည့် သင်ကြားနည်းများ၊ နည်းဗျူဟာများ၊ သင်ကြားသင်ယူမှု အထောက်အကူ ပစ္စည်းများနှင့် ကုန်ကျစရိတ်နည်းသည့် ထပ်ဆောင်းပစ္စည်းများကို အသုံးပြုသည်။ |
| | (က)(၂.၂) သင်ကြားသင်ယူမှုတွင် သတင်းအချက်အလက်၊ ဆက်သွယ်ရေးနည်းပညာ (ICT)ကို သင့်လျော်စွာ အသုံးပြုနိုင်မှုကို နားလည်သဘောပေါက်ကြောင်း ပြသသည်။ | (က) (၂.၂.၁) သင်ကြားသင်ယူမှုဖြစ်စဉ်ကို အထောက်အကူပြုရန် online မှဖြစ်စေ၊ offline မှ ဖြစ်စေ ရရှိသော ပညာရေးဆိုင်ရာ နည်းကိရိယာများနှင့် ပစ္စည်းများ၏ လုပ်ဆောင်မှုနှင့် ရည်ရွယ်ချက်ကို ဖော်ပြသည်။ |

| တတ်ကျွမ်းမှု စံသတ်မှတ်ချက် | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ |
|---|---|---|
| (က-၃) ကျောင်းသားများနှင့် ၎င်းတို့၏ မိသားစုများကို မည်ကဲ့သို့ ဆက်ဆံရမည်ကို သိသည်။ | (က)(၃.၁) မြန်မာနိုင်ငံရှိ ဆရာများ၏ အခန်းကဏ္ဍ နှင့် မျှော်မှန်းထားသော တာဝန်များကို နားလည် သဘောပေါက်ကြောင်း ပြသသည်။ | (က)(၃.၁.၁) မြန်မာ့ လူ့ဘောင်အသိုက် အဝန်းတွင် လက်ခံထားသည့် ဆရာများအတွက် စံအဖြစ် လိုက်နာကျင့်သုံးသင့်သည့် ကျင့်ဝတ်ငါးသွယ်နှင့် ဆရာအခန်းကဏ္ဍကို ဖော်ပြသည်။ |
| | (က) (၃.၂) ကျောင်းသားများနှင့် ၎င်းတို့ရပ်ရွာ ဒေသ၏ လူမှုရေး၊ ဘာသာစကား၊ ယဉ်ကျေးမှု မတူကွဲပြားခြားနားမှုများကို လေးစားတန်ဖိုးထားကြောင်းပြသသည်။ | (က) (၃.၂.၂) မိဘများ၊ ရပ်ရွာ အဖွဲ့အစည်းများမှ လူကြီးများ၊ ခေါင်းဆောင်များနှင့် အပြန်အလှန် ပြောဆိုဆက်ဆံသောအခါ ၎င်းတို့၏ လူမှုရေး၊ ဘာသာစကား၊ ယဉ်ကျေးမှု နောက်ခံအခြေအနေများကို သတိပြု၍ ဆက်ဆံသည်။ |
| (က-၄)- သင်ရိုးညွှန်းတမ်းအကြောင်း သိသည်။ | (က) (၄.၁) အခြေခံပညာ သင်ရိုးညွှန်းတမ်းတွင် ဖော်ပြထားသည့် သင်ရိုးဖွဲ့စည်းပုံ၊ အကြောင်းအရာနှင့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို နားလည် သဘောပေါက်ကြောင်း ပြသသည်။ | (က) (၄.၁.၂) သင်ရိုးညွှန်းတမ်း၏ လိုအပ်ချက်များကို ထင်ဟပ်စဉ်းစားပြီး ဆီလျော်သော သင်ကြား၊သင်ယူမှုလုပ်ငန်းများနှင့် သင်ထောက်ကူပစ္စည်းများပါဝင်သော သင်ပြမှုပုံစံများကို ပြင်ဆင်ရေးဆွဲသည်။<br><br>(က)(၄.၁.၃) မူလတန်းသင်ရိုးညွှန်းတမ်း၏ စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာမူများကို ဖော်ပြသည်။ |
| (က-၅) ဘာသာရပ် အကြောင်းအရာကို သိသည်။ | (က) (၅.၁) အတန်း (အဆင့်) တစ်ခုခုတွင် သင်ကြားရန် တာဝန်ပေးအပ်ထားသော ဘာသာရပ် အကြောင်းအရာကို နားလည်သဘောပေါက် ကြောင်း ပြသသည်။ | (က) (၅.၁.၁) အတန်းအဆင့်များ အလိုက် သင်ကြားသော ဘာသာရပ်ဆိုင်ရာ အဓိက အသိသညာများ၊ ကျွမ်းကျင်မှုများ၊ နည်းလမ်းများနှင့် အသုံးချမှုများကို ဖော်ပြသည်။ |

| တတ်ကျွမ်းမှု စံသတ်မှတ်ချက် | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ |
|---|---|---|
| | (က)(၅.၂) ကျောင်းသားများ၏ သင်ယူမှုလိုအပ်ချက်နှင့် ဆက်နွယ်နေသော သင်ယူမှု အခြေအနေပေါ်မူတည်၍ ကျောင်းသားများ သင်ယူတတ်မြောက် အောင် ဘာသာရပ် အကြောင်းအရာများကို မည်သို့ပို့ချရမည်ကို နားလည်သဘောပေါက်ကြောင်း ပြသသည်။ | (က) (၅.၂.၁) ဘာသာရပ်ဆိုင်ရာ အခြေခံမှုများ၊ အတွေးအခေါ်များ၊ အယူအဆများအား နားလည်မှုမြင့်မားစေရန် ကျောင်းသားများ၏ အသက်၊ ဘာသာစကား၊ စွမ်းရည်၊ ယဉ်ကျေးမှုဓလေ့ထုံးစံများအရ အခြေအနေနှင့် ဆက်စပ်သော သင်ယူမှုလုပ်ငန်းများကို ထည့်သွင်းစဉ်းစားသည့် နည်းလမ်းများကို ဖော်ပြသည်။<br><br>(က) (၅.၂.၂) ဘာသာရပ် အကြောင်းအရာ၊ အယူအဆများ၊ အဓိကဆိုလိုရင်းများနှင့် သက်ဆိုင်သည့် ဒေသဆိုင်ရာ သတင်းအချက်အလက်များနှင့် ဥပမာများ ထည့်သွင်းပြီး သင်ခန်းစာများကို မည်ကဲ့သို့ ဖွဲ့စည်းဆောင်ရွက်ထားကြောင်း ရှင်းပြသည်။ |
| (ခ-၁) သင်ကြားမှု နည်းဗျူဟာအမျိုးမျိုးကို အသုံးပြု၍ သင်ရိုးညွှန်းတမ်း အကြောင်းအရာကို သင်ကြားသည်။ | (ခ) (၁.၁) ဘာသာရပ်ဆိုင်ရာ အသိသညာ၊ အကြောင်းအရာများကို ရှင်းလင်းစွာနှင့် ကလေးများ ကိုယ်ရောစိတ်ပါ ပါဝင်ဆောင်ရွက်မှုရှိအောင် သင်ကြားနိုင်စွမ်းရှိကြောင်း ပြသည်။ | (ခ)(၁.၁.၁) ရည်မှန်းထားသည့် သင်ယူမှုရလဒ်များနှင့် သင်ရိုးညွှန်းတမ်းပါ အကြောင်းအရာများကို ရှင်းရှင်းလင်းလင်းရှင်းပြသည်။ |

| တတ်ကျွမ်းမှု စံသတ်မှတ်ချက် | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ |
|---|---|---|
| | (ခ) (၁.၂)<br>သင်ကြားသင်ယူမှုတွင် ပညာရေးဆိုင်ရာ နည်းပညာများနှင့် နည်းဗျူဟာ အမျိုးမျိုးကို အသုံးပြု သင်ကြားနိုင်စွမ်း ရှိကြောင်းပြသည်။ | (ခ)(၁.၂.၁) အတန်းတွင်းအခြေအနေ၊ အတန်းအရွယ်အစား၊ အတန်းအမျိုးအစားတို့အတွက် သင့်လျော်ကိုက်ညီသော သင်ကြားနည်းများ၊ သင်ယူမှု နည်းဗျူဟာများကို အသုံးပြုသည်။<br><br>(ခ)(၁.၂.၂) ဘာသာရပ် နယ်ပယ်အသီးသီးတွင် ကျောင်းသားများသင်ယူမှုကို အထောက်အကူပြုစေမည့် အရေးအဖတ်နှင့် အခြေခံအတွက်အချက်ကို တတ်မြောက်စေမည့် သင်ကြားနည်း နည်းဗျူဟာများဆိုင်ရာ အသိပညာများကို အသုံးပြုသည်။<br><br>(ခ)(၁.၂.၃) ကျောင်းသားများအတွက် လက်တွေ့လုပ်ငန်းများမှတစ်ဆင့် ဘာသာရပ်ဆိုင်ရာ ဆက်စပ်နေသော အကြောင်း အရာ၊ အသိသညာများကို  စူးစမ်းရှာဖွေနိုင်သည့် အခွင့်အလမ်းများ ဖန်တီးပေးသည်။ |
| | (ခ) (၁.၃) ကျောင်းသားများ၏ သင်ယူနိုင်မှု စွမ်းရည်၊ အတွေ့အကြုံတို့နှင့် ကိုက်ညီသော သင်ပြမှုပုံစံကို ကောင်းမွန်စွာ ရေးဆွဲပြင်ဆင်နိုင်ကြောင်း ပြသည်။ | (ခ) (၁.၃.၁)  စာသင်ချိန်အားလုံးကို ထိရောက်စွာ အသုံးပြုနိုင်ရန် သင်ခန်းစာကို ဖွဲ့စည်းပြင်ဆင်သည်။<br><br>(ခ) (၁.၃.၂)      ကျောင်းသားများ သင်ယူမှုတွင် စိတ်ဝင်စားမှုရှိရန်၊ ၎င်းတို့၏ သင်ယူလို စိတ်ကို လှုံ့ဆော်နိုင်ရန်၊ ယခင်သင်ယူပြီးသော အကြောင်းအရာများကို သင်ယူမှုအသစ်များနှင့် ချိတ်ဆက်နိုင်ရန် သင်ခန်းစာကို နိဒါန်းပျိုးပေးသည်။<br><br>(ခ) (၁.၃.၃) ကျောင်းသားများ၏ စိတ်ဝင်စားမှုများ၊ အတွေ့အကြုံများကို တုံ့ပြန်ပေးနိုင်ပြီး၊ သင်ယူမှုနယ်ပယ်များကို ပေါင်းစပ်မှုရှိသည့် အစီအစဉ်တကျရှိသော၊ ထိထိမိမိအလေးထားသော သင်ယူမှုအတွေ့အကြုံများကို ကြိုတင်ပြင်ဆင်သည်။ |

| တတ်ကျွမ်းမှု စံသတ်မှတ်ချက် | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ |
|---|---|---|
| | | (ခ) (၁.၃.၄) သင်ယူရမည့် အသိသညာများကို နိဒါန်းပျိုး သရုပ်ဖော်နိုင်ရန် မေးခွန်းမေးနည်းများနှင့် ဥပမာများကို အသုံးပြုသည်။ |
| (ခ-၂) ကျောင်းသားများ၏ သင်ယူမှုကို စစ်ဆေးအကဲဖြတ်ခြင်း၊ လေ့လာကြီးကြပ်ခြင်းနှင့် အစီရင်ခံခြင်း | (ခ) (၂.၁) ကျောင်းသား၏ သင်ယူမှုကို လေ့လာကြီးကြပ် တည့်မတ်ပေးရန်နှင့် စစ်ဆေးအကဲဖြတ်နိုင်ရန် စွမ်းရည်များကို ပြသသည်။ | (ခ) (၂.၁.၂) သင်ခန်းစာများ ပြင်ဆင်ရန် စစ်ဆေးအကဲဖြတ်ခြင်းမှရရှိလာသော သတင်းအချက်အလက်များကို အသုံးပြုသည်။ |
| (ခ-၃) ကျောင်းသားများ၏ သင်ယူမှုကို အထောက် အကူပြုသော၊ ဘေးကင်းလုံခြုံ စိတ်ချမှုရှိသော ပတ်ဝန်းကျင်ကို ဖန်တီးပေးသည်။ | (ခ) (၃.၁) ကျောင်းသားအားလုံးအတွက် ဘေးကင်းလုံခြုံမှုရှိပြီး ထိရောက်မှုရှိသော သင်ယူမှုဝန်းကျင်ကို ဖန်တီးနိုင်စွမ်းရှိကြောင်း ပြသည်။ | (ခ) (၃.၁.၁) သင်ယူမှုလုပ်ငန်းများတွင် ကျောင်းသားအားလုံး ပါဝင်ဆောင်ရွက်မှု အသေအချာရှိစေရေးအတွက် စာသင်ခန်းနေရာ အနေအထား၊ အတန်းတွင်းရှိ ပစ္စည်းများနှင့် ရင်းမြစ်များကို စီမံအသုံးပြုသည်။<br><br>(ခ)(၃.၁.၂) တစ်ဦးနှင့်တစ်ဦး အချင်းချင်း အပြန်အလှန် ဆက်သွယ်နိုင်ရန်နှင့် တစ်ဦးချင်း လွတ်လပ်စွာသော်လည်းကောင်း၊ အသင်းအဖွဲ့ဖြင့် သော်လည်းကောင်း လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ကျောင်းသားများကို အားပေးသည်။<br><br>(ခ)(၃.၁.၃) စာသင်ခန်းနှင့် ကျောင်းအတွင်း ကျောင်းသားများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာမှုနှင့် ဘေးကင်းလုံခြုံမှု အသေအချာရှိစေရန် ကျန်းမာရေး အလေ့အကျင့်ကောင်းများနှင့် ဘေးကင်းလုံခြုံမှုဆိုင်ရာ လက်တွေ့ကျင့်သုံးမှုများကို တိုးမြှင့်ဆောင်ရွက်သည်။ |

| တတ်ကျွမ်းမှု စံသတ်မှတ်ချက် | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ |
|---|---|---|
| | (ခ) (၃.၂)ကျောင်းသားများ၏အပြုအမူများကို စီမံခန့်ခွဲရန် နည်းဗျူဟာများသုံး၍ ဖြေရှင်းနိုင်စွမ်းရှိကြောင်း ပြသည်။ | (ခ) (၃.၂.၂) ကျောင်းသားများအားတစ်ဦးနှင့်တစ်ဦး အပြန်အလှန် လေးစားစွာ တန်ဖိုးထားပြီး ဆက်ဆံရန်နှင့် ဘေးကင်းလုံခြုံရန် အားပေးသည်။ |
| (ခ-၄) အခြားဆရာများ၊ မိဘများ၊ ရပ်ရွာလူထုတို့နှင့် အတူတကွ ပူးပေါင်း ဆောင်ရွက်သည်။ | (ခ) (၄.၁) ကျောင်းသားများအတွက် သင်ယူမှု ပတ်ဝန်းကျင်ကောင်း တိုးတက်ဖြစ်လာစေရေးအတွက် အခြားဆရာများ၊ မိဘများ၊ ဒေသန္တရ ရပ်ရွာလူထုအဖွဲ့ဝင်များနှင့် အတူတကွ အလုပ်လုပ်ရန် နည်းဗျူဟာများကို အသုံးပြုနိုင်စွမ်းရှိကြောင်းပြသည်။ | (ခ) (၄.၁.၃) သင်ယူမှုအခက်အခဲများကို တုံ့ပြန်ရန်နှင့် သုံးသပ်အကြံပြုချက်များကို အပြုသဘောနှင့် လက်ခံရန် ကြိုးစားရာတွင် လုပ်ဖော်ကိုင်ဖက်များ၏ အမြင်သဘောထားများ ရရှိရန်ကြိုးပမ်းသည်။ |
| (ဂ-၁) ဆရာအတတ်ပညာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအတွက် အကျိုးပြုတာဝန် ထမ်း ဆောင်သည်။ | (ဂ) (၁.၁) မြန်မာတို့၏ ထုံးတမ်းစဉ်လာအရ စံနမူနာပြပုဂ္ဂိုလ်ဖြစ်သည့် ဆရာတစ်ယောက်တွင် ရှိရမည့် တန်ဖိုးထားမှုများနှင့် သဘောထားများကို လက်ခံကျင့်သုံးနိုင်ကြောင်း ပြသနိုင်သည်။ | (ဂ) (၁.၁.၁) မြန်မာနိုင်ငံရှိဆရာများ လိုက်နာကျင့်သုံးသည့် ကျင့်ဝတ် (၅)သွယ်အပါအဝင် ဆရာ့အတတ်ပညာဆိုင်ရာ ကျင့်သုံးရမည့်ကျင့်ဝတ်များ၊ စည်းမျဉ်းစည်းကမ်းများကို လိုက်နာသည်။ |

| တတ်ကျွမ်းမှု စံသတ်မှတ်ချက် | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ |
|---|---|---|
| (ဂ-၂) ရပ်ရွာအရေး ဦးဆောင်ပါဝင် ဆောင်ရွက်သည်။ | (ဂ)(၂.၁) ကျောင်းနှင့် ရပ်ရွာကိစ္စများ၌ ဆရာ့ အတတ်ပညာ အသိုင်း အဝိုင်းဝင် ဆရာတစ်ဦး အနေဖြင့် တာဝန်ခံ ဆောင် ရွက်နိုင်ကြောင်း ပြသသည်။ | (ဂ)(၂.၁.၁) ကျောင်းနှင့် ရပ်ရွာ၏လုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်သည်။ |
| (ဂ-၃) ကျောင်းသား အားလုံး ပညာရေး အရည် အသွေးမြင့်မားစေရန်နှင့် ပညာသင်ယူခွင့် မျှတမှု ရှိစေရန် မြှင့်တင် ဆောင် ရွက်သည်။ | (ဂ) (၃.၁) ကျောင်းသား တစ်ဦးချင်းစီ၏ ပညာရေး ဆိုင်ရာ အခွင့်အရေးများကို အလေးအနက်ထားကြောင်း နှင့် ကျောင်းသားများအား ဘက်လိုက်မှုကင်းကင်း၊ မျှတစွာ ပြုမူဆက်ဆံ ကြောင်း ပြသသည်။ | (ဂ) (၃.၁.၁) ကျောင်းသားတစ်ဦးချင်းစီရှိ စွမ်းဆောင်ရည်အလိုက် ပြုစုပျိုးထောင်ရန် တာဝန်ယူခြင်းနှင့် ကလေးတိုင်း၏ ပညာရေး ဆိုင်ရာအခွင့်အရေးများကို အသိအမှတ်ပြုကြောင်း ပြသည်။ |
| | (ဂ) (၃.၃) ကျောင်းသားများ ၏ ကွဲပြားခြားနားသော ယဉ်ကျေးမှု ဓလေ့ထုံးစံများ နှင့် ကမ္ဘာ့နိုင်ငံသား ဖြစ်မှု အကြောင်းအရာများကို နားလည်နိုင်ရန်အတွက် ပြုစုပျိုးထောင်ပေးနိုင်စွမ်း ရှိကြောင်း ပြသည်။ | (ဂ) (၃.၃.၁) ရေရှည်တည်တံ့မှု၊ တန်းတူညီမျှမှု၊ တရားမျှတမှု၊ ကျောင်းသားများ၏ အခွင့်အရေးများ၊ တာဝန်များ နှင့်ပတ်သက်သည့် အယူအဆများကို စာသင်ခန်း၊ကျောင်းအခြေပြုလုပ်ငန်းများတွင် ပေါင်းစပ်ဆောင်ရွက်နိုင်သည်။ |
| (ဃ-၁) မိမိ၏ သင်ကြားရေးလက်တွေ့ ဆောင်ရွက်မှုများကို ပြန်လည် ထင်ဟပ်သုံးသပ်သည်။ | (ဃ) (၁.၁) မိမိ၏ လက်တွေ့သင်ကြားမှုနှင့် ကျောင်းသားများ၏ သင်ယူမှုအပေါ် ယင်းတို့၏ အကျိုးသက်ရောက်ပုံကို ပုံမှန် ထင်ဟပ် စဉ်းစား သုံးသပ်သည်။ | (ဃ) (၁.၁.၂) လက်တွေ့သင်ကြားမှုလုပ်ငန်းနှင့် ကျောင်းသားများ၏ သင်ယူမှုတိုးတက်မြင့် မားစေရန် ရင်းမြစ်အမျိုးမျိုးမှ ရရှိသော သတင်း အချက်အလက်များကို အသုံးပြုသည်။ |

| တတ်ကျွမ်းမှု စံသတ်မှတ်ချက် | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ |
|---|---|---|
| (ဃ-၂) သင်ကြားရေး လက်တွေ့ကျင့်သုံးမှုများ တိုးတက်မြင့် မားရေး အတွက် လုပ်ဖော်ကိုင် ဖက်များနှင့် ပူးပေါင်း ဆောင်ရွက်သည်။ | (ဃ) (၂.၁) အခြားဆရာ များထံမှ သင်ယူခြင်းဖြင့် လည်းကောင်း၊ သင်ကြား ရေး အတတ်ပညာဆိုင်ရာ စွမ်းရည် ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းများအားဖြင့် လည်းကောင်း၊ မိမိ၏ လက်တွေ့ သင်ကြားမှုများ ကို တိုးတက်စေသည်။ | (ဃ) (၂.၁.၁) လေ့လာကြီးကြပ်သူများ၊ လုပ်ဖော် ကိုင်ဖက်များနှင့် လက်တွေ့သင်ကြားမှုများကို ဆွေးနွေးသည်။ အပြုသဘောဆောင်သော သုံးသပ် အကြံပြုချက်များကို စိတ်ဆန္ဒထက်သန်စွာ လက်ခံ ရယူသည်။<br><br>(ဃ) (၂.၁.၃) ဆရာတစ်ယောက်အနေဖြင့် မိမိ၏ ဆရာအတတ်ပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်မှန်းချက်ချမှတ် ဆောင်ရွက်သည်။<br><br>(ဃ) (၂.၁.၄) အသိအမှတ်ပြုထားသော ဆရာအတတ် ပညာအဖွဲ့အစည်းများနှင့် ကျောင်းအုပ်စုများက ဆောင်ရွက်သည့် ဆရာအတတ်ပညာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ပါဝင်သည်။ |
| (ဃ-၃) သင်ကြားရေး လက်တွေ့ဆောင်ရွက်မှု များ တိုးတက် မြင့်မားရေး အတွက် လုပ်ငန်းအတတ် ပညာဆိုင်ရာ သင်ယူလေ့ လာမှုများတွင် ပူးပေါင်း ပါဝင် ဆောင်ရွက်သည်။ | (ဃ) (၃.၁) လက်တွေ့ သင်ကြားမှုလုပ်ငန်းများ တိုးတက်မြင့်မားစေရန် စူးစမ်းလေ့လာမှုနှင့် သုတေသနအခြေပြု သင်ယူမှုများ၏ အရေးပါ မှုကို နားလည်သဘော ပေါက်ကြောင်းပြသည်။ | (ဃ) (၃.၁.၁) မိမိ၏ လက်တွေ့သင်ကြားမှုများ တိုးတက်ကောင်းမွန်စေရန် ဆီလျော်သင့်တော်သည့် ဆရာ့လုပ်ငန်းအတတ်ပညာဆိုင်ရာ သင်ယူမှု ပစ္စည်းများကို သတ်မှတ်ဖော်ထုတ်သည်။ |

*ရင်းမြစ်။* မြန်မာနိုင်ငံ ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက် အညွှန်းဘောင် (TCSF)၊ လုပ်ငန်းခွင်၌ စတင်တာဝန်ထမ်းဆောင်သော ဆရာများ၊ အင်္ဂလိပ်ဘာသာမူကြမ်း ၃.၂ (၂၀၁၉ ခုနှစ်၊ မေလ) (စာ.၃၀-၃၆)

## အရွယ်ရောက်ပြီးသူများအား သင်ကြားခြင်းပို့ချခြင်း

သင်၏စာသင်ခန်းအတွင်းရှိ ကျောင်းသားများသည် အရွယ်ရောက်ပြီးသူများ ဖြစ်ကြသည်။ သို့ဖြစ်ရာ ယင်းလူငယ်များသည် အောက်ပါအခြေအနေများတွင် အကောင်းဆုံး သင်ယူကြသည်။

- သင်ရိုးပါ အကြောင်းအရာများသည် ယင်းတို့၏ ယခင်ရှိပြီး အသိ၊ အတွေ့အကြုံများနှင့် ချိတ်ဆက်မှုရှိသောအခါ၊
- အတန်းတွင်း၊ အတန်းပြင် သင်ယူမှုများတွင် တက်ကြွစွာပါဝင်ရန် အခွင့်အလမ်းရသောအခါ နှင့်
- မိမိ၏ သင်ယူမှုကို မိမိတာဝန်ယူရသောအခါနှင့် လေးနက်စွာစဉ်းစားတွေးခေါ်ရသည့် ကျွမ်းကျင်မှု၊ ပေါင်းသင်းဆက်ဆံပြောဆိုရသော ကျွမ်းကျင်မှုများ ဖွံ့ဖြိုးအောင် ပြုလုပ်စေသောအခါတို့တွင် ဖြစ်သည်။

ဤလမ်းညွှန်ပါ သင်ကြားရေးပုံစံများ၊ သင်ကြားသင်ယူနည်းများသည် အရွယ်ရောက်ပြီးသူများဆိုင်ရာ အောက်ပါ 'အလေ့အကျင့်ကောင်း' သင်ကြားရေးမူများအပေါ် အခြေခံသည်။

၁။ **ဆီလျော်မှုရှိပါစေ။** အရွယ်ရောက်သူ လူငယ်များသည် ဦးတည်ချက် ရည်မှန်းချက် ပန်းတိုင်ရှိပြီး လက်တွေ့ကျလေ့ရှိသည်။ သင်ယူမှုများသည် ၎င်းတို့၏ နေ့စဉ် ဘဝတွင် အဘယ်ကဲ့သို့ အရေးပါကြမည်ဆိုသည်ကို နားလည်သဘောပေါက်လိုကြသည်။ ဆိုလိုသည်မှာ ကျောင်းသားများ သင်ခန်းစာကို သင်ယူခြင်းအားဖြင့် မည်သည့်အရာများကို တတ်မြောက်သွားမည်၊ အဘယ်ကြောင့် သင်ယူရန်လိုအပ်သည်ဆိုသည့် အချက်နှင့် ပတ်သက်၍ တိကျရှင်းလင်းမှုရှိသော ပန်းတိုင်နှင့် ရည်မှန်းချက်များရှိရန် အရေးကြီးသည်။ ကျောင်းသားများသည် ယင်းတို့၏အနာဂတ် အသက်မွေးမှုလုပ်ငန်းနှင့် ယခုသင်ယူနေသော အကြောင်းအရာများသည် တစ်ခုနှင့်တစ်ခု ဆက်နွှယ်ပတ်သက် နေသည်ကို သိမြင်ရန် လိုအပ်သည်။ ကျောင်းသားများ ယခုသင်ယူနေသည်များသည် သို့မဟုတ် တစ်ဦးချင်း သင်ယူနေခြင်းများသည် ဆရာဖြစ်လာမည့် ၎င်းတို့အတွက် အဘယ်မျှ အသုံးဝင်သည်ကို ရှင်းလင်းစွာပြောပြရပါမည်။

၂။ **သင့်ကျောင်းသားများ၏ နောက်ခံဘဝအခြေအနေများကို အသိအမှတ်ပြုပါ။** သင်၏ ကျောင်းသားများသည် အနည်းဆုံး(၁၈)နှစ်စာ ဘဝအတွေ့အကြုံများနှင့်အတူ ရောက်ရှိလာကြမည်ဖြစ်သည်။ သင်ရိုးပါ အကြောင်းအရာ သင်ခန်းစာများသည် ကျောင်းသားများ သင်ယူပြီးစီးခဲ့သည့် ပညာရေးအဆင့်နှင့် ၎င်းတို့ နေ့စဉ်ဘဝအဖြစ်အပျက်များကို ထင်ဟပ်နေစေသင့်ပါသည်။ အရွယ်ရောက်ပြီးသူ လူငယ်များ၏ အတွေ့အကြုံနှင့် ဗဟုသုတများကို တန်ဖိုးထားခြင်းအားဖြင့် လေးစားမှုပြပေးရန် လိုသည်။ သင်ယူမှုအပေါ် နားလည်သဘောပေါက်စေရန်နှင့် သင်ခန်းစာအကြောင်းအရာကို ဆက်စပ်နိုင်စေရန် ကျောင်းသားများ၏ လက်တွေ့ဘဝ အတွေ့အကြုံများ၊ သင်ယူခဲ့သော အသိပညာဗဟုသုတများအား သင်ခန်းစာ၏ မည်သည့်နေရာနှင့် ချိတ်ဆက်ပေးရမည်ကို ရှာဖွေရပါမည်။

၃။ **စူးစမ်းလေ့လာဖော်ထုတ်မှုကို အားပေးပါ။** အရွယ်ရောက်ပြီးသူများဖြစ်သည့် ကျောင်းသားများသည် ၎င်းတို့၏ သင်ယူမှုများကို ကိုယ်တိုင်လမ်းညွှန်မှုဖြင့် မိမိဘာသာ လုပ်ဆောင်နိုင်စွမ်းရှိကြပါသည်။ ပြဿနာဖြေရှင်းခြင်းနှင့် ပူးပေါင်းလုပ်ဆောင်ခြင်းလိုအပ်သော သင်ယူမှုလုပ်ငန်းများသည် ကျောင်းသားများအား သင်ခန်းစာအကြောင်းအရာများကို လေးနက်စွာနှင့် အဓိပ္ပာယ်ရှိစွာ ဆက်စပ်နိုင်ရန် ကူညီပေးသည်။ ဤသို့ပြုလုပ်ရန် ကျောင်းသားများအား အုပ်စုလိုက်ဆွေးနွေးစေခြင်းများ၊ လက်တွေ့ဘဝနှင့် ဆက်စပ်သော လေ့ကျင့်မှုများနှင့် အခြားသူများကိုသင်ပြပေးရန် အခွင့်အလမ်းများပေးပြီး တက်ကြွစွာ ပါဝင်လာစေရန် နည်းလမ်းများရှာဖွေပါ။ ဤသို့ ပြုလုပ်ပေးခြင်းကြောင့် သင့်ကိုယ်သင် ဆရာတစ်ဦးအနေဖြင့်ထက် ပံ့ပိုးကူညီသူတစ်ဦးအဖြစ် တွေးမိစေနိုင်ပါသည်။ စာသင်ခန်းအတွင်းရှိ ကျောင်းသားများအား ၎င်းတို့စိတ်ဝင်စားသောအရာကို ရှာဖွေစေပြီး တွေ့ရှိသွားသော စိတ်ဝင်စားမှုနောက်လိုက်၍ သင်ယူမှုကို ကိုယ်တိုင် ဦးစီးဦးဆောင်ပြုလျက် သင်ယူစေခြင်းမျိုးကို တိုက်တွန်းအားပေးနိုင်ပါသည်။

## စာသင်ခန်းအတွင်း ကျား၊ မ ရေးရာ တန်းတူညီမျှမှုနှင့် လူတိုင်းပါဝင်မှု

စာသင်ခန်းအတွင်း ကျား၊ မ ရေးရာ ခွဲခြားမှုမရှိဘဲ တန်းတူဆက်ဆံခြင်းကို တက်ကြွစွာ ဖော်ဆောင်ခြင်းသည် သင်ကြားမှုတွင် မရှိမဖြစ်အရေးပါသော အင်္ဂါရပ်တစ်ခုဖြစ်သည်။ သင်ကြားသင်ယူမှုနည်းလမ်းများနှင့် အထောက်အကူပေးသော ရင်းမြစ်များကို စဉ်းစားရာတွင် အောက်ပါအချက်များကို ထည့်သွင်း စဉ်းစားသင့်သည်။ ကျောင်းသားအားလုံး၏ စိတ်ထဲတွင် ကျား၊ မ ခွဲခြားမှုမရှိဘဲ မိမိတို့၏လုပ်ဆောင်မှုများကို တန်းတူညီမျှ တန်ဖိုးထားခံရသည်၊ မိမိတို့သည် သင်ယူမှုအခွင့်အလမ်းများကို ညီမျှစွာရကြသည် ဟူသောခံစားချက်များကို ပေးနိုင်သည့် အပြုသဘောဆောင်ပြီး လုံခြုံစိတ်ချရသော သင်ယူမှုဝန်းကျင် ဖြစ်လာစေရန် ပံ့ပိုးကူညီပေးခြင်း ဖြစ်သည်။

ပညာရေးကောလိပ်ဆရာတစ်ဦးအနေဖြင့် မိမိတို့ကျောင်းသားများ၏ သင်ယူမှုအခွင့်အလမ်းများ ညီတူညီမျှ ရရှိရေးသာမကဘဲ ၎င်းတို့ကိုယ်တိုင် ကျား၊မ ရေးရာ ခွဲခြားမှုမရှိဘဲ တန်းတူဆက်ဆံခြင်း၏ အရေးကြီးပုံကို တန်ဖိုးထားတတ်လာပြီး ထိုအသိသဘောထားများကို ၎င်းတို့၏ သင်ကြားမှု အလေ့အကျင့်တွင် အသေအချာ ထည့်သွင်းစဉ်းစားကြစေရန်မှာလည်း ပညာရေးကောလိပ် ဆရာများ၏ တာဝန်ပင် ဖြစ်ပါသည်။ စာသင်ခန်းအတွင်းတွင် တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေ ဖွံ့ဖြိုးလာသော ကျား၊ မ တန်းတူညီမျှရေးဆိုင်ရာ အသိပညာ၊ စိတ်သဘောထား၊ တန်ဖိုးထားမှုနှင့် ကျွမ်းကျင်မှုများသည် ကျောင်းသားများ၏ အနာဂတ် အပြုအမူများအပေါ် ရေရှည်သက်ရောက်မှု ရှိနိုင်ပါသည်။ ထို့ပြင် အောင်မြင်သောဘဝများဖြင့် ရှင်သန်နိုင်မည့် အရည်အသွေးများအပေါ် အကျိုးသက်ရောက်မှုများရှိပါသည်။

ဆရာကိုယ်တိုင် မိမိတို့၏ ကျား၊ မ ဆိုင်ရာ ဘက်လိုက်မိသော အပြုအမူများ၊ အပြောအဆို စကားအသုံးအနှုန်းများကိုလည်း သတိပြုမိပါစေ။ မိမိ၏ လုပ်ဆောင်မှုများ၊ မိမိအသုံးပြုသော သင်ကြားသင်ယူမှုနည်းလမ်းများကို ပြန်လည်ဆင်ခြင်သုံးသပ်ပါ။ စာသင်ခန်းအတွင်း ကျား၊ မ တန်းတူညီမျှမှုနှင့် လူတိုင်းပါဝင်မှုရှိကြောင်း သေချာစေရန် ဤနည်းလမ်းများကို ထည့်သွင်း စဉ်းစားပါ။

- ကျား၊ မ အမည်တပ်ပြီး ခေါ်ခြင်း၊ ပြောခြင်း ကြိမ်နှုန်း ညီမျှပါစေ။ အမည်မသိသူများ အကြောင်းပြောပါက သူ၊ သူမ ဟူသော နာမ်စားကို တစ်လှည့်စီသုံးပါ။

- ကိုးကားချက်များသုံးပါက ကျားနှင့် မ နှစ်ဖက်လုံးမှ ပြောကြားသည့် အမြင်နှစ်မျိုးလုံးပါဝင်ပါစေ။
- ရုပ်ပြပုံများ အသုံးပြုပါက ကျား နှင့် မ နှစ်မျိုးလုံး ညီမျှစွာ အသုံးပြုပါ။ လက်ရှိ ကျား၊မ ရေးရာ တရားသေမှတ်ယူထားသည်များကို အားမပေးမိရန် သတိပြုပါ။
- စာသင်ခန်းအတွင်းတွင် ကျား၊ မ ရေးရာ သာတူညီမျှမှုနှင့် လူတိုင်းအကျုံးဝင်သော (အားလုံးနားလည်သော) ဘာသာစကားကို အသုံးပြုပါ။ သင်၏ ကျောင်းသားများကိုလည်း ထိုနည်းတူ ကျင့်သုံးရန် ပြောပါ။
- ကျောင်းသားများအား ကျား၊ မ ရေးရာသဘောကို သတိပြုမိရန် ကျား၊ မ ရေးရာ ဘက်လိုက်ခြင်း သဘောထားများကို မြင်လာအောင် မီးမောင်းထိုးပြပါ။ ကျောင်းသားများ အား မိမိတို့၏ အပြုအမူများကို ပြန်လည် ဆင်ခြင်သုံးသပ်ရန် အားပေးပါ။
- ဘာသာရပ်မျိုးစုံကို သင်ကြားသည့်အခါ ကျောင်းသားများ၊ ကျောင်းသူများနှင့် ပြောဆိုဆွေးနွေးရာတွင် တန်းတူညီမျှမှု ရှိပါစေ။ ဥပမာအားဖြင့် သင် မေးခွန်း မေးသောအခါ၊ မိမိဆန္ဒအလျောက် ပါဝင်လုပ်ဆောင်လိုသူများရွေးသောအခါ၊ လုပ်ငန်းခေါင်းဆောင် ရွေးသောအခါ၊ ချီးကျူးအသိအမှတ်ပြုစကား ပြောသောအခါ၊ မျက်လုံးချင်းဆုံကြည့်သော အခါ သို့မဟုတ် ကျောင်းသားအမည်များကို မှတ်မိအောင်ပြုလုပ်သည့်အခါများ၌ပင် ညီမျှမှုရှိပါစေ။
- အတန်းတွင်း၌ ပို၍နှုတ်ဆိတ်နေတတ်သောကျောင်းသားဖြစ်ပါက ကျား၊ မ မရွေးဘဲ အားပေးကူညီ ပံ့ပိုးပေးပါ။
- ကျားရော မပါ ညီမျှစွာ ပါဝင်လုပ်ဆောင်မှုကို အထောက်အကူဖြစ်စေရန် အုပ်စုလုပ်ငန်း၊ သရုပ်ဆောင် သင်ကြားသင်ယူခြင်း၊ အုပ်စုဆွေးနွေးခြင်းကဲ့သို့သော သင်ကြားသင်ယူမှု နည်းလမ်းများနှင့် စစ်ဆေးအကဲခတ်မှုချဉ်းကပ်နည်းများကို အသုံးပြုပါ။ ကျောင်းသားအား လုံး၏ သင်ယူမှုလိုအပ်ချက်များ၊ သင်ယူဟန်များကို ထည့်သွင်းစဉ်းစားပြီး၊ ကျောင်းသားရော ကျောင်းသူများပါ တက်ကြွစွာ ပါဝင်လုပ်ဆောင်ရန် အခွင့်အလမ်းပေးပါ။ တစ်စုံတစ်ယောက် တည်းက လွှမ်းမိုးထားမှုမျိုး မရှိအောင် လုပ်ငန်းများကို စီမံခန့်ခွဲပေးရပါမည်။
- ဘာသာရပ်တိုင်းတွင် ကျောင်းသားများ မိမိတို့၏ လုပ်ဆောင်မှုများနှင့် ပတ်သက်ပြီး မျှော်မှန်းချက်များ ချမှတ်ရာတွင် ကျားနှင့် မ တန်းတူ ချမှတ်နိုင်ရန် ပြုလုပ်ပေးပါ။
- အတန်းတွင်း၌ အုပ်စုဖွဲ့ခြင်း၊ ထိုင်ခုံစီစဉ်ခြင်း၊ အတန်းကို အလှဆင်ခြင်းများ ပြုလုပ်ရာတွင် ကျား၊ မ ရေးရာ အလေးထားသိရှိ နားလည်သတိပြုမိပြီး ညီမျှမှုရှိစေရန် ပြုမူဆောင်ရွက်ရပါမည်။

စာသင်အခန်းအတွင်း အသုံးပြုသည့် ဘာသာစကား၊ ယဉ်ကျေးမှုဓလေ့များအရ အမျိုးသားများနှင့် အမျိုးသမီးများအပေါ် မျှော်မှန်းထားသော စံသတ်မှတ်ချက်များ၊ အခန်းကဏ္ဍများနှင့် တာဝန်ဝတ္တရားများမှတစ်ဆင့် ကျား၊ မ ရေးရာ တရားသေမှတ်ယူထားခြင်းများအပေါ် အမှုမဲ့အမှတ်မဲ့ ပြန်လည်အားပေးမိမှုမျိုး ဖြစ်တတ်ပါသည်။ သို့ဖြစ်၍ ကျား၊ မ အားလုံးပါဝင်သော စာသင်ခန်းဝန်းကျင်တစ်ခုကို အားပေးဖော်ဆောင်ခြင်းဖြင့် အခြေခံပညာရေး စာသင်ခန်းများအတွင်း ကျောင်းသားကျောင်းသူတို့၏ ကျား၊ မ တန်းတူညီမျှုကို ကောင်းမွန်စွာ အထောက်အကူပြုသည့် ကျား၊ မ ရေးရာ အလေးထား သိရှိနားလည်မှုကို ထည့်သွင်းစဉ်းစားလုပ်ဆောင်သည့် အလေ့အထများ တည်ဆောက်ခြင်းကို အားပေးကူညီရပါမည်။

## သင်ကြားသင်ယူမှုနည်းလမ်းများကိုစုစည်းပေးထားသော သင်ထောက်ကူသေတ္တာ

ဤဆရာလမ်းညွှန်တွင် ကျောင်းသားများ၏ ပြဋ္ဌာန်းစာအုပ်ပါ သင်ခန်းစာတစ်ခုစီအတွက် အကြံပြုထားသော သင်ကြားသင်ယူမှုလုပ်ငန်းများ ပါဝင်သည်။ အဆိုပါ သင်ကြားသင်ယူမှုလုပ်ငန်းများကို သင်ခန်းစာ ပြင်ဆင်ရာတွင်  အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ တင်ပြထားခြင်းဖြစ်သည်။ သို့သော် ကျောင်းသားများအား ရရှိစေလိုသည့် အသိပညာ၊ ကျွမ်းကျင်မှုများနှင့် သဘောထားများ တိုးတက်ဖွံ့ဖြိုးစေရန် ဆရာလမ်းညွှန်ပါ အကြံပြုချက်များအတိုင်း တသွေမတိမ်း လိုက်နာလုပ်ဆောင်ရမည်ဟု မဆိုလိုပါ။ သင်ကြားရမည့် ကျောင်းသားများ၏ နောက်ခံအကြောင်းအရာနှင့် လိုအပ်ချက်အရ အသင့်လျော်ဆုံးဖြစ်မည့် သင်ခန်းစာများ၊ သင်ကြားနည်းများကို အသုံးပြုရန် တိုက်တွန်းပါသည်။

အောက်ဖော်ပြပါ သင်ယူမှုလုပ်ငန်းများကို ဤဆရာလမ်းညွှန်တွင် အသုံးပြုထားပါသည်။ သင်၏ သင်ခန်းစာများ ပြင်ဆင်ရာတွင်လည်းကောင်း၊ သင်ခန်းစာများကို အဆင်ပြေအောင် ပြုပြင်ရာတွင်လည်းကောင်း အထောက်အကူဖြစ်စေရန် အသုံးပြုနိုင်ပါသည်။ ဤသင်ကြားသင်ယူမှု နည်းလမ်းများသည် ပြီးပြည့်စုံပြီဟု မဆိုနိုင်ပါ။ သင့်အနေဖြင့် အခြားသင်ကြားပို့ချမှုနှင့် သင်ကြားသင်ယူမှုဆိုင်ရာနည်းလမ်းများကို ဉာဏ်ဖွင့်စဉ်းစားကြည့်ရန် ဆန္ဒရှိပါက http://www.theteachertoolkit.com/index.php/tool/all-tools သို့မဟုတ် အခြားအလားတူ ဝက်ဘ်ဆိုဒ်များသို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## လုပ်ငန်းတာဝန်များ (Assignments)

ကျောင်းသားများအား ပေးနိုင်သောလုပ်ငန်းတာဝန်များတွင် ပုံစံတကျ သီကုံးရေးသားမှုများ၊ ကျောင်းသားတစ်ဦးချင်းစီ၏ ဆောင်ရွက်မှုကို စုစည်းထားသော မှတ်တမ်း (Portfolios)၊ ပြန်လည်သုံးသပ်ချက် နေ့စဉ်မှတ်တမ်း (ဂျာနယ်)များ ပါဝင်နိုင်သည်။ အခြား ဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ငန်းငယ်များလည်း ပါဝင်နိုင်သည်။ ဥပမာ။ ။ ဖတ်ထားသော စာများအပေါ် မေးသော မေးခွန်းများကို ဖြေဆိုခြင်းကဲ့သို့သော အိမ်စာအလုပ်များဖြစ်သည်။ လုပ်ငန်းတာဝန်များသည် ကျောင်းသားများအား ယခင်က သင်ကြားခဲ့ပြီးဖြစ်သော အကြောင်းအရာများအား ပြန်လည်သုံးသပ်ရန်အတွက် အားပေး ကူညီပေး သည်။ လုပ်ငန်းတာဝန်များသည် ကျောင်းသားများ အား ရှေ့ဆက်သင်ယူမှုများအတွက် ပြင်ဆင်ရန် အထောက်အကူ ဖြစ်စေနိုင်ပါသည်။ ဥပမာ။။ ။ သင်ခန်းစာမသင်ကြားမီ ဆရာကကျောင်းသားများအား ကျောင်းသားကိုင်စာအုပ်ပါ ထိုသင်ခန်းစာကို ကြိုတင်ဖတ်ရှုထားရန် မှာကြားခြင်း။

## ဖြစ်ရပ်လေ့လာခြင်း (Case studies)

ဖြစ်ရပ်များကို လေ့လာခြင်းများအားဖြင့် ကျောင်းသားများသည် ၎င်းတို့ သင်ယူထားသည့် အချက်များကို ဇာတ်လမ်းများ၊ ဇာတ်ကွက်ဖြစ်ရပ်များတွင် အသုံးချကြရသည့်အတွက်ကြောင့် ပြဿနာဖြေရှင်းနိုင်ခြင်း စွမ်းရည်နှင့် ဝေဖန်သုံးသပ်တွေးခေါ် နိုင်သော စွမ်းရည်များ တိုးတက်လာနိုင်သည်။ ပထမဦးစွာ ကျောင်းသားများသည် ဇာတ်ကွက်များကို ဖတ်ရှုပြီး ထို့နောက်တွင် ဇာတ်ကွက်နှင့်ပတ်သက်၍ မေးထားသော အဖွင့်မေးခွန်းတစ်ခု သို့မဟုတ် မေးခွန်းများကို ဖြေဆိုရန် ဆွေးနွေးကြသည်။ အများအားဖြင့် ကျောင်းသားများသည် ဖြစ်ရပ်များတွင်တင်ပြထားသော ပြဿနာအတွက် အဖြေများကို အဆိုပြုရလေ့ရှိကြသည်။


## ဦးဆောင်ညွှန်ကြားသောလုပ်ငန်းများ (Directed activities)

ဤလုပ်ငန်းများသည် ဆရာက ချမှတ်ပေးရပြီး ကျောင်းသားများက လွတ်လပ်စွာ ဆောင်ရွက်ရသော လုပ်ငန်းများဖြစ်သည်။ ဥပမာအားဖြင့် လက်တွေ့တန်းပြ လေ့ကျင့်သင်ကြားနေချိန်အတွင်း အခြေခံပညာကျောင်းဆရာတစ်ဦးဦးကို တွေ့ဆုံမေးမြန်းသော လုပ်ငန်းများ သို့မဟုတ် သင်နည်း တစ်ခုအား တစ်ဦးတည်း သုတေသနပြုလုပ်ခြင်း လုပ်ငန်းများဖြစ်သည်။ လမ်းညွှန်ချက်အတိုင်း ဆောင်ရွက်ရသော လုပ်ငန်းများအတွက် နောက်ဆက်တွဲအနေဖြင့် ကျောင်းသားများအား ၎င်းတို့ သင်ယူခဲ့သည်များ၊ အချင်းချင်းထံမှ သင်ယူခဲ့သည်များကို ပြန်လည်မျှဝေရန် အခွင့်အလမ်း ပေးသည့်အနေဖြင့် အနီးကပ်ဆွေးနွေးသင်ကြားခြင်း (ကျူတိုရီရယ်များ)၊ ဆွေးနွေးပွဲများ၊ နှီးနှောဖလှယ်ပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ပေးသည်။

## ပြခန်းလှည့်လည်ကြည့်ရှုသင်ယူခြင်း (Gallery walk)

ဤလုပ်ငန်းတွင် ကျောင်းသားများသည် အုပ်စုလိုက် ဆွေးနွေးဖြေဆိုသောလုပ်ငန်း သို့မဟုတ် ပိုစတာတစ်ခုစီကိုပြုလုပ်ကြပြီး နေရာအသီးသီးတွင် ချိတ်ဆွဲပြသကြသည်။ အုပ်စုများအလိုက် ပိုစတာများကို လှည့်လည်ကြည့်ရှုကြပြီး သုံးသပ်ချက်၊ ဝေဖန်ချက်၊ မေးခွန်း သို့မဟုတ် အကြောင်းအရာကို ထပ်ဆောင်းဖြည့်စွက်ချက်များ ရေးကြသည်။

သင်သည် ကျောင်းသားများ၏ လုပ်ဆောင်ထားမှုများအား ပြသထားပြီး အလားတူလုပ်ငန်းမျိုးကို ပြုလုပ်နိုင်သည်။ တစ်ဦးချင်း သို့မဟုတ် အုပ်စုလိုက် လုပ်ဆောင်ထားသော ပိုစတာများကို အခန်းပတ်လည်တွင် ပြသထားနိုင်သည်။ ကျောင်းသားများက လှည့်ပတ်ကြည့်ပြီး ၎င်းတို့ မေးလိုသော မေးခွန်းများ၊ ဝေဖန်ချက်များကို ပိုစတာပေါ်တွင်ရေးကြသည်။





## ဂရပ်ဖစ်ပုံများ အသုံးပြုသင်ယူခြင်း (Graphic organisers)

ရုပ်ပုံများဖြင့် စုစည်းဖော်ပြခြင်းသည် ကျောင်းသားများအား ဉာဏ်ဖွင့်စဉ်းစားစေပြီး ၎င်းတို့၏ အတွေးများ၊ စိတ်ကူးများကို ပိုမိုလွယ်ကူစွာ နားလည်လာစေရန် စုစည်းရာ၌ အထောက်အကူပြုသည့် ရိုးရှင်းပြီး ထိရောက်မှုရှိသော နည်းလမ်းတစ်ခု ဖြစ်သည်။ ရုပ်ပုံများဖြင့်စုစည်းဖော်ပြခြင်းကို ဉာဏ်ဖွင့်စဉ်းစားရန်၊ အစီအစဉ်ပြုလုပ်ရန်၊ ပြဿနာဖြေရှင်းရန်နှင့် ဆုံးဖြတ်ချက်ချရန် မည်သည့် သင်ခန်းစာတွင်မဆို အသုံးပြုနိုင်သည်။ အသုံးများသော ရုပ်ပုံများဖြင့် စုစည်းဖော်ပြမှု အချို့ကို သင်၏ ဆရာလမ်းညွှန်စာအုပ်တွင် တွေ့ရပါမည်။


## အကြောင်းအရာ ဆက်သွယ်ပြပုံစံ (Mind Mapping/ Concept Map)

အကြောင်းအရာဆက်သွယ်ပြပုံစံသည် အကြောင်းအရာများ (concepts)နှင့် စိတ်ကူးများ တစ်ခုနှင့် တစ်ခု မည်သို့ ဆက်စပ်နေကြောင်း မြင်သာအောင် ဖော်ပြပေးခြင်းဖြစ်သည်။ ဉာဏ်ဖွင့်စဉ်းစားပြီး ရရှိလာသော အချက်အလက်များကို စုစည်းရာတွင် အသုံးဝင်သည်။ အကြောင်းအရာဆက်သွယ်ပြပုံစံကို ပုံစံအမျိုးမျိုး၊ ခက်ခဲမှုအဆင့်အမျိုးမျိုးဖြင့် ဖော်ပြနိုင်သည်။ သို့သော် အများစုသည် ပထမဦးဆုံး ကျယ်ပြန့်သော ခေါင်းစဉ်များနှင့် အစရှိပြီး ထို့နောက်တွင် ခေါင်းစဉ်ခွဲလေးများ သို့မဟုတ် ပိုမို အသေးစိတ်ကျသော အကြောင်းအရာများကို ကွန်ရက်ပုံစံဖြင့် ဆက်သွယ်ပြသည်။ အောက်တွင် ရိုးရှင်းသော အကြောင်းအရာဆက်သွယ်ပြပုံစံကို တင်ပြထားပါသည်။




## ဗင်ပုံဖြင့် သင်ကြားသင်ယူခြင်း (Venn diagram)

မတူသော အကြောင်းအရာ သို့မဟုတ် စိတ်ကူး နှစ်ခု (က) နှင့် (ခ) ကို နှိုင်းယှဉ်လိုသောအခါ Venn ပုံစံကားချပ်ကို သုံးသည်။ စက်ဝိုင်းနှစ်ခု ထပ်နေသော နေရာသည် (က) နှင့် (ခ) တို့အကြား ဘုံတူနေသော လက္ခဏာများ ဖြစ်ကြသည်။ ထပ်မနေသော နေရာများမှာ (က) နှင့် (ခ) တို့၏ သီးသန့်ကိုယ်ပိုင်လက္ခဏာများ ဖြစ်ကြသည်။



## သိခြင်း၊ သိလိုခြင်း၊ သိနားလည်သွားခြင်း ဇယားကွက် (KWL Chart)

ဤနည်းလမ်းသည် အခန်းတစ်ခု၊ သင်ခန်းစာတစ်ခုကို မသင်မီ၊ သင်နေဆဲ၊ သင်ပြီးချိန်များတွင် အကြောင်းအရာ၊ သတင်းအချက်အလက်များကို စုစည်းနိုင်ရန် ကျောင်းသားများအား ကူညီပေးနိုင်သည်။ ကျောင်းသားများ သင်ခန်းစာခေါင်းစဉ် အသစ်တစ်ခုအပေါ် စိတ်ဝင်စားလာစေရန် ယခင်သိပြီးသော အချက်များကို နှိုးဆွပေးသည်။ အခန်း၏ သင်ယူမှုဦးတည်ချက်များကို ပြောပြပြီး ကျောင်းသားများ၏ သင်ယူမှုကို ကြီးကြပ်ပေးသည်။ ဤနည်းကို အုပ်စုလုပ်ငန်း၊ အတန်းလုပ်ငန်း သို့မဟုတ် တစ်ဦးချင်းလုပ်ငန်းအဖြစ် ပေးနိုင်သည်။ သင်ခန်းစာ သို့မဟုတ် အခန်းတစ်ခန်းကို မစတင်မီ ကျောင်းသားများအား ပထမကော်လံနှစ်ခုတွင် မိမိတို့ သိပြီးသည့်အကြောင်းအချက်နှင့် သိလိုသောအကြောင်းအချက်များကို ဖြည့်ပါစေ။ သင်ခန်းစာ သို့မဟုတ် အခန်းကို သင်ပြီးချိန်တွင်မှ သင်ယူတတ်မြောက်သွားသောအချက်များကို ဖြည့်ရပါမည်။

| K<br>သိပြီးအချက်များ | W<br>သိလိုသောအချက်များ | L<br>သိနားလည်သွားသော<br>အချက်များ |
|---|---|---|
| | | |

## တီပုံဇယားကွက် (T Chart)

တီပုံဇယားကွက် ကားချပ်သည် ကျောင်းသားများအား ခေါင်းစဉ်တစ်ခုကို ရှုထောင့်နှစ်မျိုးမှ ကြည့်တတ်ရန် ကူညီပေးသည်။ ဥပမာ။ ။ ကောင်းသောအကျိုးဆက်များနှင့် ဆိုးသောအကျိုးဆက်များ သို့မဟုတ် မှန်ကန်သောအချက်နှင့် ထင်မြင်ချက်။

| ခေါင်းစဉ် ၁ | ခေါင်းစဉ် ၂ |
|---|---|
| | |

## အုပ်စုလုပ်ငန်း (Group work)

အုပ်စုလုပ်ငန်းဆိုသည်မှာ ကျောင်းသားများအား လုပ်ငန်းတစ်ခုအပေါ် ပူးပေါင်းလုပ်ဆောင်စေခြင်းကို ဆိုလိုသည်။ ဥပမာ အောက်တွင်ဖော်ပြထားသော ဖြတ်ဆက်လုပ်ငန်းကို ကြည့်ပါ။ အုပ်စုလုပ်ငန်းသည် ကျောင်းသားများ တက်ကြွစွာ သင်ယူနိုင်မှုကို ဖြစ်စေသည်။ အုပ်စုလုပ်ငန်းသည် ကျောင်းသားများအား လေးနက်စွာ ဆန်းစစ်ဝေဖန်ခြင်း၊ ဆက်သွယ် ပြောဆိုခြင်းနှင့် ဆုံးဖြတ်ချက်ချခြင်း ကျွမ်းကျင်မှုများကို လေ့ကျင့်ပေးသည်။ ကျောင်းသားများသည် အုပ်စုအတွင်း မေးခွန်းများဖြေခြင်း၊ တင်ပြရန် ဖန်တီးတီထွင်ခြင်း၊ သင်ပြမှုပုံစံရေးခြင်း၊ ဖြစ်ရပ်များကို ခွဲခြမ်းစိတ်ဖြာခြင်း၊ သရုပ်ဆောင်ခြင်းဖြင့် သင်ယူခြင်းနှင့် အခြားသော သင်ယူမှုလုပ်ငန်းများကို ပြုလုပ်ကြသည်။ အုပ်စုဝင်များအားလုံး အုပ်စုလုပ်ငန်းတွင်ပါဝင်လုပ်ဆောင်လာကြစေရန် တစ်ဦးချင်းစီ တာဝန်ယူရမည့် လုပ်ငန်းများကို ခွဲခြားပေးနိုင်ပါသည်။ ဥပမာ။ ။မှတ်တမ်းတင်သူ၊ တင်ပြသူ၊ အုပ်စုခေါင်းဆောင် စသည်အားဖြင့် သတ်မှတ်တာဝန်ပေးနိုင်သည်။

## ဖြတ်ဆက်လုပ်ငန်းပေးခြင်း (Jigsaw)

ဖြတ်ဆက်လုပ်ငန်းတွင် အုပ်စုငယ်လေးများသည် သင်ခန်းစာခေါင်းစဉ်မှ အပိုင်းတစ်ပိုင်းကို ကျွမ်းကျင်သူများ ဖြစ်ကြပြီး ထိုကျွမ်းကျင်သောအပိုင်းကို အချင်းချင်းပြန်လည်သင်ပြပေးရသည်။ ဤသို့ပြုလုပ်ရခြင်းကြောင့် ကျောင်းသားများအနေဖြင့် အခြားသူများနှင့်အတူ အလုပ်လုပ်နိုင်သည့် အခွင့်အလမ်းကိုရရှိပြီး မတူကွဲပြားသော ရှုထောင့်အမြင်များကိုလည်း တွေ့မြင်နိုင်သည်။ ထိုသို့ဖြင့် ကျောင်းသားတိုင်းသည် အခြားတစ်ယောက်၏ သင်ယူမှုအတွက် တာဝန်ရှိနေသလို အုပ်စုအဖွဲ့ဝင်တစ်ဦးစီတွင် အုပ်စုအတွက် ထည့်ဝင်မှုဝေစရာ အရေးကြီးအကြောင်းအရာများ ရှိနေနိုင်သည်ကို ကျောင်းသားများ သိမြင်လာနိုင်သည့်အတွက် ဤဖြတ်ဆက်သင်နည်းသည် အထူးထိရောက်မှုရှိနေခြင်း ဖြစ်သည်။ ဤနည်းတွင် ကျောင်းသားများသည် ဆက်သွယ်ပြောဆိုခြင်း၊ ပြဿနာဖြေရှင်းခြင်းနှင့် ဝေဖန်ပိုင်းခြား စဉ်းစားခြင်းအပါအဝင် အရေးကြီးသော စွမ်းရည်အများအပြားကို အသုံးချ၊ လေ့ကျင့်ရပါမည်။

## ဟောပြောပို့ချခြင်း (Lecture)

ဟောပြောပို့ချချက်များသည် အဓိကအားဖြင့် ဟောပြောပို့ချသူနှင့် ကျောင်းသားအုပ်စုအကြား တစ်လမ်းသွားဆက်သွယ်မှုများ ဖြစ်သည်။ အကြောင်းအရာသစ်များကို တိုက်ရိုက်သင်ကြားရာတွင် ဤနည်းသည် အသုံးဝင်သည်။ ဟောပြောပို့ချနေစဉ် အတောအတွင်း၌ပင် ကျောင်းသားများ မေးခွန်းမေးနိုင်ရန်၊ ပို့ချချက်ပါမေးခွန်းများကို ဖြေကြားနိုင်ရန် အခါအားလျော်စွာ ရပ်နားစေခြင်းဖြင့်လည်းကောင်း၊ သို့မဟုတ် ကျောင်းသားအား အကြောင်းအရာအပေါ် စဉ်းစားသုံးသပ်စေခြင်းဖြင့်လည်းကောင်း ပါဝင်ပတ်သက်စေနိုင်သည်။

## အုပ်စုငယ်ဖြင့်စမ်းသပ်သင်ကြားခြင်း (Micro-teaching)

အုပ်စုငယ်ဖြင့် စမ်းသပ်သင်ကြားရာတွင် ကျောင်းသားတစ်ဦး သို့မဟုတ် ကျောင်းသားအုပ်စုငယ် တစ်ခုသည် အတန်းဖော်အချင်းချင်း သင်ခန်းစာတစ်ခုလုံး သို့မဟုတ် အစိတ်အပိုင်းတစ်ခုကို သင်ကြားကြသည်။ ထို့နောက် လက်တွေ့ကျွမ်းကျင်မှုများ တိုးတက်စေရန်နှင့် သင်ယူတတ်မြောက်ထားသည်များကို အသုံးချရန် ၎င်းတို့၏ သင်ကြားချက်အပေါ် ပေးလာကြသော အကြံပြုချက်များကို ရယူပြီး ပြန်လည်ထင်ဟပ်သုံးသပ်ကြသည်။ အုပ်စုငယ်ဖြင့်စမ်းသပ်သင်ကြားမှုသည် လက်တွေ့သင်ပြရန် ကျောင်းတွင်းလေ့လာခြင်းနှင့် နေရာချထားသော ကျောင်းများတွင် လက်တွေ့သင်ကြားရေးများအတွက် ပြင်ဆင်ရန် အရေးပါသော အခွင့်အလမ်းတစ်ရပ် ဖြစ်သည်။ ဤသင်ကြားနည်းသည် ကျောင်းသားများအတွက် အဖွင့်မေးခွန်းများမေးခြင်း သို့မဟုတ် အပြုသဘောဆောင်သော အကြံပြုချက်များပေးခြင်း ကဲ့သို့သော ဆရာ့အလေ့အကျင့်များကို သင်ကြားလေ့ကျင့်နိုင်ရန် အခွင့်အလမ်းပေးသည်။

## နမူနာလုပ်ပြခြင်း (Modelling)

နမူနာလုပ်ပြခြင်းဆိုသည်မှာ အကြောင်းအရာသစ် သို့မဟုတ် ချဉ်းကပ်နည်းသစ်တစ်ခုကို ကျောင်းသားများ လေ့လာကြည့်ရှု သင်ယူနိုင်ရန် ဆရာက သရုပ်ပြသင်ကြားခြင်း ဖြစ်သည်။ ဆရာတစ်ဦးအနေဖြင့် သင်ကြားသင်ယူမှုလုပ်ငန်း သို့မဟုတ် သင်ပြနည်းတစ်ခုကို ပါးစပ်က ပြောပြသည်ထက် လက်တွေ့သရုပ်ပြလိုက်ခြင်းပင် ဖြစ်သည်။
ထို့နောက်တွင်မှ သင်ကြားသင်ယူမှုလုပ်ငန်း သို့မဟုတ် သင်ပြနည်းကို ဆရာကမည်သို့ တင်ပြခဲ့သည်၊ ထိုသို့တင်ပြခဲ့သည့်က သင်ယူသူကျောင်းသားများအပေါ် မည်သို့သက်ရောက်မှုရှိခဲ့သည်

ဆိုသည့်အချက်များကို ဆက်လက်ဆွေးနွေးစေနိုင်ပါသည်။ ၎င်းဆွေးနွေးမှုများက သင်ကြားပို့ချမှုတွင် နမူနာလုပ်ပြခြင်းနည်း၏ အခန်းကဏ္ဍကို မီးမောင်းထိုးပြပြီး ကျောင်းသားများအားလည်း ၎င်းတို့ နောင်တစ်ချိန် သင်ကြားပို့ချရာတွင် နမူနာလုပ်ပြခြင်းနည်းလမ်းကို မည်သို့ဆက်စပ်အသုံးပြုနိုင်ကြောင်း ပြန်လည်သုံးသပ်ရန် အားပေးသည်။

## ကြည့်ရှုလေ့လာခြင်း (Observation)

ကျောင်းသားများသည် အတန်းဖော်အချင်းချင်း သို့မဟုတ် ကျွမ်းကျင်သူဆရာများ၏ သင်ကြားပို့ချမှုကို ကြည့်ရှုလေ့လာနိုင်သည်။ ထို့နောက် ကြည့်ရှုလေ့လာခဲ့သည်များကို သဘောပေါက်နိုင်ရန် ပုံစံတကျ ပြန်လည်သုံးသပ်ရသော ဆွေးနွေးပွဲများတွင် ဆွေးနွေးကြသည်။ ကျောင်းသားတစ်ဦးစီ သင်ခန်းစာတစ်ခုလုံး သို့မဟုတ် အစိတ်အပိုင်းတစ်ခု သင်ကြားနေသည်ကို သင် ကြည့်ရှုလေ့လာနိုင်သည်။ ထို့နောက် ကျောင်းသားများ၏ အတွေးအမြင်နှင့် အလေ့အကျင့်များအပေါ် လေ့လာစူးစမ်းရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန် ဆွေးနွေးပွဲများ ဆက်လက်ပြုလုပ်သည်။ ဤနည်းလမ်းသည် ကျောင်းသားများအတွက် စာတွေ့နှင့်လက်တွေ့ ဆက်စပ်ပေးရန်နှင့် တိုးတက်မှုများအပေါ် တိတိကျကျ စစ်ဆေးအကဲဖြတ်နိုင်စေရန်တို့အတွက် အလွန်ကောင်းမွန်သော အခွင့်အလမ်းတစ်ရပ်ဖြစ်သည်။

## လက်တွေ့လုပ်ဆောင်ခြင်းများ (Practicals)

လက်တွေ့လုပ်ဆောင်ခြင်းများတွင် ဆရာအဖြစ် သင်လုပ်ဆောင်သော သရုပ်ပြသင်ကြားမှုများ ဥပမာ။ ။သိပ္ပံစမ်းသပ်မှုဆိုင်ရာ လက်တွေ့လုပ်ဆောင်မှုနှင့် ကျောင်းသားများဦးဆောင်ခြင်း (သို့မဟုတ်) ပါဝင်သော လက်တွေ့လုပ်ဆောင်သင်ကြားမှုများ၊ ဥပမာ။ ။ သင်္ချာဆိုင်ရာ စူးစမ်းရှာဖွေမှုနှင့် ထိုလုပ်ငန်းပြုလုပ်ရန် လိုအပ်သောလုပ်ငန်းပေး စာရွက်တို့ ပါဝင်သည်။ ဤနည်းလမ်းသည် ကျောင်းသားများအား သင်ယူမှုလုပ်ငန်းအမျိုးမျိုးသည် မူလတန်းကျောင်းသားများအား မည်သို့သင်ယူတတ်မြောက်စေကြောင်းကို နားလည်ရန် အထောက်အပံ့ပေးသည်။ လက်တွေ့လုပ်ဆောင်ခြင်းများက ကျောင်းသားများအား သဘောတရား (Theory) နှင့် ဆရာများအနေဖြင့် ၎င်းတို့၏ ဖွံ့ဖြိုးတိုးတက်လာသော အလေ့အကျင့် (Practice) များကို ဆက်စပ်ပေးရာတွင် အထောက်အကူဖြစ်စေသည်။

**စာဖတ်အဖွဲ့များ (Reading groups)**

စာဖတ်အဖွဲ့သည် ပညာရေးစာတမ်းကဲ့သို့သော စာတမ်းတစ်ခုကို စိစစ်ပိုင်းခြားပြီး အမိပ္ပါယ်ဖွင့်ဆိုသော အဖွဲ့ငယ် ဖြစ်သည်။ ကျောင်းသားများအနေဖြင့် စာဖတ်အဖွဲ့သို့ မလာရောက်မီ စာတမ်းပါအကြောင်းအရာများနှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန် စာတမ်းကို ကြိုတင်၍ထုတ်ပေးထားရပါမည်။ ကျောင်းသားတစ်ဦးအား စာတမ်းကို အဖွဲ့သို့ တင်ပြစေပြီး ယင်းစာတမ်းအပေါ် ဝိုင်းဝန်းဆွေးနွေးမှုများ ဆက်လက်ပြုလုပ်ကြသည်။ ဤနည်းလမ်းသည် ကျောင်းသားများအား ပညာရေးဆိုင်ရာ အရေးအသားနှင့် ရင်းနှီးကျွမ်းဝင်စေသကဲ့သို့ စာတမ်းတွင်ပါဝင်သော စိတ်ကူးအတွေးအခေါ်များနှင့်လည်း အကျွမ်းတဝင်ရှိစေရန် အထောက်အကူပြုပေးသည်။ ဆွေးနွေးမှုများသည် စာတမ်းပါအကြောင်းအရာ၊ တင်ပြမှု သို့မဟုတ် နည်းလမ်းများအပေါ် အလေးပေးဆွေးနွေးခြင်း ဖြစ်သည်။

**သရုပ်ဆောင်သင်ကြားသင်ယူခြင်း (Role-playing)**

သရုပ်ဆောင်ခြင်းသည် ကျောင်းသားများအား အခြားသူများနှင့် အပြန်အလှန်ပြောဆိုဆက်ဆံခြင်း၊ မတူကွဲပြားသောနည်းလမ်းများကို စမ်းသပ်ကြည့်ရန် ဇာတ်ကွက်များတွင် ပါဝင်သရုပ်ဆောင်ခြင်းဖြင့် အခြေအနေ အစစ်အမှန်များကို စူးစမ်းဖော်ထုတ်ခွင့်ပေးသော နည်းလမ်းတစ်ခုဖြစ်သည်။ ဤနည်းလမ်းက ကျောင်းသားအား ဖြစ်လေ့ရှိသော စိန်ခေါ်မှုအခက်အခဲများအကြား လုပ်ဆောင်ရန် သို့မဟုတ် တိကျသော ရှုထောင့်အမြင်ဖြင့် သင်ကြားပို့ချမှုများကို လုံခြုံ၍ အထောက်အပံ့ပြုသော ပတ်ဝန်းကျင်တစ်ခုတွင် လုပ်ဆောင်ခွင့် ရရှိစေပေသည်။

**ကိုယ်တိုင်လေ့လာသင်ယူခြင်း (Self-study)**

ကိုယ်တိုင်လေ့လာသင်ယူမှုတွင် ကျောင်းသားများသည် ဆရာအား ကြီးကြပ်လမ်းညွှန်သူတစ်ဦးအနေဖြင့် သဘောထားလျက် ၎င်းတို့ကိုယ်တိုင် သင်ယူမှုများအတွက် မိမိတာဝန်မိမိ ယူကြခြင်းဖြစ်သည်။ ဤနည်းလမ်းသည် စာသင်ခန်းအတွင်း မျက်နှာချင်းဆိုင် သင်ကြားသင်ယူမှုနှင့် ပညာရေးကောလိပ်အခြေပြု သင်ကြားသင်ယူမှုကို ပံ့ပိုးပေးပြီး သင်ယူမှုအသစ်ကို ပုံစံသွင်းရန်နှင့် အားဖြည့်ပေးရန်အတွက် အရေးကြီးပါသည်။ ကိုယ်တိုင် လေ့လာသင်ယူမှုအား ဘာသာရပ်ခေါင်းစဉ် နယ်ပယ်နှင့် ဆက်စပ်သည်များကို ဖတ်ရှုခြင်းနှင့် လက်တွေ့လုပ်ဆောင်မှုအတွက် စီမံကိန်းရေးဆွဲစီစဉ်ခြင်းကဲ့သို့သော ပုံစံအမျိုးမျိုးဖြင့် လုပ်ဆောင်နိုင်ပါသည်။ ကိုယ်တိုင် လေ့လာမှုတွင် ပညာရေးဆိုင်ရာ အထူးပြုနယ်ပယ်များကို စဉ်းစားရန် အချိန်လည်း ပါဝင်သည်။

## နီးနှောဖလှယ်ပွဲများ (Seminars)

နီးနှောဖလှယ်ပွဲများတွင် အုပ်စုငယ်များက မေးခွန်းများ စူးစမ်းရှာဖွေပြီး အမြင်များအပေါ် ဆွေးနွေးငြင်းခုံ၊ စိစစ်ပိုင်းခြားကြသည်။ ကျောင်းသားများသည် နီးနှောဖလှယ်ပွဲ မကျင်းပမီ ကြိုတင်ပြင်ဆင်သည့်အလုပ် သို့မဟုတ် ကြိုတင်စာဖတ်ခြင်းများကို အပြီးအစီး လုပ်ဆောင်ထားလေ့ရှိသည်။ ဆရာတစ်ဦးအနေဖြင့် ဦးဆောင်မည်ဆိုပါက နီးနှောဖလှယ်ပွဲကို ဦးဆောင်နေချိန်တွင် ကျောင်းသားများအားလုံး ဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးကြရန် မျှော်လင့်ထားရပါမည်။ နီးနှောဖလှယ်ပွဲများပြုလုပ်ခြင်းသည် ကျောင်းသားများတွင် ရင်းနှီးကျွမ်းဝင်ပြီးသော အကြောင်းအရာများအပေါ် ပိုမိုလေးနက်စွာစဉ်းစားခြင်း ဖွံ့ဖြိုးအောင် ပြုလုပ်ရန် အလွန်ကောင်းမွန်သော နည်းလမ်းဖြစ်သည်။

## တွေး-တွဲ-မျှဝေသင်ယူခြင်း (Think-Pair- Share)

တွေး-တွဲ-မျှဝေ သင်ယူခြင်း ရိုးရှင်းပြီး သင်ယူသူများ မေးခွန်းတစ်ခုကိုဖြေရန် သို့မဟုတ် ပြဿနာတစ်ခုကို ဖြေရှင်းရန် အတူတကွ ဆောင်ရွက်သော နည်းလမ်းဖြစ်သည်။ သင်၏ အတန်းတွင် တွေး-တွဲ-မျှဝေ သင်ယူခြင်းကို အသုံးပြုရန် အောက်ပါအဆင့်များကို ဆောင်ရွက်ပါ။

၁။ **တွေးပါ။** သင်မည့်အကြောင်းအရာနှင့် ပတ်သက်သော တိကျသည့်မေးခွန်းတစ်ခု မေးခြင်းဖြင့် အစပြုပါ။ ကျောင်းသားများအား ထိုမေးခွန်းနှင့်ပတ်သက်သည့် ၎င်းတို့သိထားပြီးသော သို့မဟုတ် သင်ယူခဲ့ပြီးသော အကြောင်းအရာကို စဉ်းစားပါစေ။

၂။ **ယှဉ်တွဲပါ။** ကျောင်းသားတိုင်းကို အတန်းဖော်နှင့် နှစ်ယောက်တစ်တွဲ သို့မဟုတ် အုပ်စုငယ်ဖွဲ့ပါစေ။

၃။ **မျှဝေပါ။** မေးခွန်းနှင့် ပတ်သက်သည့် အတွေးများကို နှစ်ယောက်တစ်တွဲ သို့မဟုတ် အုပ်စုငယ်အတွင်း မျှဝေဆွေးနွေးပါစေ။ ဆရာက ဆွေးနွေးပွဲကို တစ်တန်းလုံးပုံစံဖြင့် ချဲ့ထွင်သွားနိုင်ပါသည်။

## အနီးကပ်ဆွေးနွေးသင်ကြားခြင်း (Tutorials)

အနီးကပ်ဆွေးနွေးသင်ကြားခြင်းသည် ဆရာနှင့်ကျောင်းသား တစ်ဦးချင်း သို့မဟုတ် ဆရာနှင့် အုပ်စုငယ်လိုက် တွေ့ဆုံမှုဖြစ်သည်။ အနီးကပ်ဆွေးနွေးသင်ကြားခြင်းဖြင့် တစ်ဦးတစ်ယောက်ချင်း အသေးစိတ်ဆွေးနွေးမှုနှင့် စိတ်ကူးအတွေးအခေါ် စူးစမ်းရှာဖွေမှုကို ပြုလုပ်နိုင်သည်။ ယင်းတို့တွင် လူမှုရေးထိန်းကျောင်းမှု သို့မဟုတ် ပညာရပ်ဆိုင်ရာ အလေးပေးဆွေးနွေးမှု ပါဝင်နိုင်သည်။ အခြားဖြစ်နိုင်သော ဆွေးနွေးမှုများမှာ ပညာရပ်ဆိုင်ရာ အကြောင်းအရာနှင့်ပတ်သက်၍ အခက်အခဲတွေ့နေသော သို့မဟုတ် အတန်းတွင်း သင်ယူမှုတွင် ပျက်ကွက်ခဲ့သော ကျောင်းသားများကို ထောက်ပံ့ကူညီရန် ဖြစ်သည်။

## အင်တာနက်အွန်လိုင်းစာမျက်နှာများအသုံးပြုခြင်း (Virtual learning Environment-VLE)

ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလျက်ရှိသော ဤကိရိယာသည် သင်ကြားသင်ယူမှုနှင့် ကိုယ်တိုင်လေ့လာသင်ယူရေးကို ထပ်ဆောင်းဖြည့်စွက်၊ ထောက်ပံ့ပေးနိုင်သော သင်ကြားပို့ချရေး နည်းလမ်းတစ်ခုဖြစ်သည်။ ဤသင်ကြားနည်းတွင် လုပ်ငန်းများ၊ သင်ယူမှုစွမ်းရည်များ၊ ဝက်ဘ်ဆိုဒ်နှင့် ချိတ်ဆက်မှု လင့်(ခ်)များကို မျှဝေပေးထားပြီး ဝီကီ၊ ဖိုရမ်နှင့် ဝက်ဘ်ဆိုဒ်ကဲ့သို့သော ကိရိယာ အမျိုးမျိုးကို အသုံးပြု၍ နားလည်သိရှိရန် စူးစမ်းရှာဖွေကြသည်။ အင်တာနက်စာမျက်နှာများနှင့် အွန်လိုင်းစာကြည့်တိုက် အသုံးပြုခြင်းဖြင့် သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ၊ ရင်းမြစ်များကို ရရှိနိုင်သည်။

## အလုပ်ရုံဆွေးနွေးပွဲများ (Workshops)

အလုပ်ရုံဆွေးနွေးပွဲများမှာ အုပ်စုလိုက်ဆွေးနွေးမှုများ ဖြစ်ကြသည်။ ယင်းဆွေးနွေးပွဲများတွင် ကျောင်းသားများသည် အကြောင်းအရာသစ်အပေါ် မိမိတို့၏ နားလည်သဘောပေါက်မှုနှင့် အလေ့အကျင့်များကို တိုးတက်ဖွံ့ဖြိုးစေရန် ပါဝင်ဆောင်ရွက်ကြသည်။ ဤနည်းလမ်းတွင် ပူးပေါင်းလုပ်ဆောင်မှု၊ ဆွေးနွေးမှုများအပြင် သင်ကြားခြင်းအကြောင်း ပို့ချမှုများလည်း ပါဝင်လေ့ရှိသည်။ အလုပ်ရုံဆွေးနွေးပွဲများသည် ခေါင်းစဉ်တစ်ခုအကြောင်း အသေးစိတ်ဆွေးနွေးမှုများနှင့် မိမိတို့ သင်ယူနေသည်များကို အသုံးချလေ့ကျင့်နိုင်ရေးတို့အတွက် ကျောင်းသားများအား အခွင့်အရေး ပေးသည်။

## စစ်ဆေးအကဲဖြတ် ချဉ်းကပ်နည်းများအတွက် သင်ထောက်ကူသေတ္တာ

သင်ခန်းစာတစ်ခုကို မသင်ယူမီ၊ သင်ယူနေဆဲ၊ သင်ယူပြီးချိန်များတွင် ကျောင်းသားများ၏ သင်ယူမှုကို ကြီးကြပ်ပေးရန် မတူညီသော နည်းလမ်းများစွာရှိပါသည်။ ဤဆရာလမ်းညွှန်စာအုပ်တွင် စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာ ချဉ်းကပ်မှုအမျိုးမျိုးကို ဖော်ပြထားသည်။ ကျောင်းသားများအား ၎င်းတို့၏ သင်ယူမှုအပေါ် နှုတ်အားဖြင့် သို့မဟုတ် စာအားဖြင့် အကဲဖြတ်သုံးသပ်ချက်များ ပေးခြင်းသည် သင်ယူနေစဉ် စစ်ဆေးအကဲဖြတ်ခြင်း၏ အရေးကြီးသောအပိုင်းဖြစ်ကြောင်း သတိပြုပါ။ ဆရာ၏အကဲဖြတ်သုံးသပ်ချက်သည် ကျောင်းသားများ၏ သင်ယူမှုတိုးတက်မှုနှင့် အနာဂတ်လုပ်ငန်းအပေါ် ကူညီထောက်ပံ့မှု ပေးသည်။ ကျောင်းသားများအား ၎င်းတို့ သင်ယူခဲ့သည်များကို စီမံချက် သို့မဟုတ် စာမေးပွဲကြီး၊ အစမ်းစာမေးပွဲများဖြင့် မစစ်ဆေးမီ လေ့ကျင့်နိုင်ရန် အခွင့်အလမ်းပေးခြင်းဟု မှတ်ယူနိုင်ပါသည်။

ဤဆရာလမ်းညွှန်စာအုပ်တွင် ဖော်ပြထားသော အသုံးများသည့် စစ်ဆေးအကဲဖြတ်ခြင်း နည်းလမ်းများမှာ-

### သရုပ်ပြသင်ကြားခြင်း (Demonstration)

သရုပ်ပြသင်ကြားခြင်းဆိုသည်မှာ ကျောင်းသားများအား ၎င်းတို့သင်ယူနေသော ကျွမ်းကျင်မှုများကို ဆရာ့ထံ ပြသစေခြင်းဖြစ်သည်။ ဥပမာ - ကနည်းတစ်ခု ကပြစေခြင်း၊ သိပ္ပံ လက်တွေ့စမ်းသပ်ချက်၏ အဆင့်တစ်ဆင့်ကို ပြုလုပ်ပြစေခြင်းတို့ ဖြစ်သည်။ သရုပ်ပြခြင်းကို ကြည့်ရှုလေ့လာပြီး ကျောင်းသား၏ တိုးတက်မှုအပေါ် စောင့်ကြည့်အကဲဖြတ်ပေးခြင်းနှင့် ပိုမိုတိုးတက်လာစေရန် အကြံပေးခြင်းများ ပြုလုပ်ပေးနိုင်သည်။ သင်ယူစဉ်စစ်ဆေးအကဲဖြတ် ချဉ်းကပ်မှုများဖြင့် ဆရာက ကျောင်းသား၏ သရုပ်ပြမှုအပေါ် ပေးသော သုံးသပ်ချက်သည် ထိုကျောင်းသား၏ ကျွမ်းကျင်မှု တိုးတက်စေရန် ကူညီထောက်ပံ့ပေးသည်။

### အိမ်စာအလုပ်ပေးခြင်း (Homework assignments)

ကျောင်းသားများအား အကြောင်းအရာကိုဖတ်၍ မေးခွန်းဖြေစေခြင်း သို့မဟုတ် ထပ်ဆောင်း ဖတ်စရာများ ဖတ်စေခြင်း စသည့် အိမ်စာလုပ်ငန်းပေး၍ စစ်ဆေးခြင်းသည် ကျောင်းသားများ၏ သင်ယူမှုလမ်းကြောင်း မှန်ကန်ခြင်း ရှိ မရှိ ကြီးကြပ်ပေးသော နည်းလမ်းကောင်းတစ်ခု ဖြစ်သည်။ ပေးထားသော အိမ်စာအလုပ်အလိုက် အဖြေများကို တစ်တန်းလုံးနှင့် ဆွေးနွေးခြင်း၊ ပြီးမြောက်မှု စစ်ဆေးပေးခြင်း၊ သုံးသပ်ချက် ရေးပေးခြင်းများ ပြုလုပ်နိုင်သည်။

## နေ့စဉ်မှတ်တမ်း (ဂျာနယ်) ရေးသားခြင်း/ ပြန်လည်သုံးသပ်ရေးသားခြင်း (Journal log/ reflection papers)

မိမိတို့၏ ဆရာအတတ် ဖွံ့ဖြိုးတိုးတက်မှုအပေါ် ခံစားချက်နှင့် အတွေးများအကြောင်းကို ကျောင်းသားများကိုယ်တိုင် နေ့စဉ်မှတ်တမ်း (ဂျာနယ်) ရေးခြင်း ဖြစ်သည်။ ဆရာတစ်ဦး ဖြစ်လာရန် ကြိုးစားရာ တွင် မိမိတို့၏ တိုးတက်မှုများကို ပြန်လည်သုံးသပ်ခြင်းအားဖြင့် မိမိတို့၏သင်ယူမှုအပေါ် လေးနက် စွာစဉ်းစားစေရန် နေ့စဉ်မှတ်တမ်း (ဂျာနယ်) နှင့် ပြန်လည်သုံးသပ်ချက်များက ကူညီပေး သည်။ မိမိတို့၏သင်ယူမှုအပေါ် သိရှိပြီး ပြန်လည်သုံးသပ်ခြင်းသည် သင်ယူနေသောဘာသာရပ်နှင့် အခြားဘာသာရပ်များကို ဆက်စပ်နိုင်စေရန်၊ ကြုံတွေ့လာသော ပြဿနာများကို ဖြေရှင်းနိုင်ရန်နှင့် အတွေ့အကြုံမှသင်ယူတတ်ရန် ကူညီပေးသည်။ နေ့စဉ်မှတ်တမ်း (ဂျာနယ်) နှင့် ပြန်လည် သုံးသပ်ချက်များကို ပြင်ဆင်ရာတွင် ဆရာများသည် အလေးထား ဆင်ခြင်သုံးသပ်သင့်သော နယ်ပယ်များအကြောင်း ကျောင်းသားများကို အကြံပေးနိုင်ပါသည်။

## ကြည့်ရှုလေ့လာခြင်း (Observation)

ပုံစံတကျမဟုတ်သော ကြည့်ရှုလေ့လာခြင်းတွင် အတန်းတွင်းလှည့်လည်ခြင်း၊ အုပ်စုများ ဆွေးနွေး နေစဉ် နားထောင်ခြင်းနှင့် မျက်လုံးချင်းဆုံအောင် ကြည့်ခြင်းတို့သည် အကြောင်းအရာကို ကျောင်းသားများ နားလည်မှုရှိမရှိ ယေဘုယျအားဖြင့် သိနိုင်သော နည်းကောင်းများ ဖြစ်ကြသည်။ ပိုမိုပုံစံကျသော ကြည့်ရှုလေ့လာခြင်းတွင် ကျောင်းသား၏ အဖြေများ သို့မဟုတ် တင်ပြချက်ကို စစ်ဆေးရန် အချက်များပါသောစာရင်း/ ပုံစံ သို့မဟုတ် အမှတ်ပေးရန် စံသတ်မှတ်ချက်များ ပါသောစာရင်း/ ပုံစံတို့ကို အသုံးပြုပြီး ကြည့်ရှုလေ့လာ စစ်ဆေးသည်။ ထို့နောက် တွေ့ရှိချက်များ အပေါ် အခြေခံပြီး အကြံပြုချက်များကို ပေးသည်။

## အချင်းချင်းစစ်ဆေးအကဲဖြတ်မှု (Peer Assessment)

ကျောင်းသားများအား အတန်းဖော်၏ အလုပ်အပေါ် ၎င်းတို့အချင်းချင်း အကဲဖြတ်သုံးသပ်စေခြင်း သို့မဟုတ် အကဲဖြတ်ထင်မြင်ချက်ပေးစေခြင်းကို အချင်းချင်းစစ်ဆေးအကဲဖြတ်ခြင်းဟု ခေါ် သည်။ အချင်းချင်း စစ်ဆေးအကဲဖြတ်သည့် နည်းလမ်းများတွင် စံသတ်မှတ်ချက်များအပေါ် အခြေခံပြီး ကျောင်းသားများ အချင်းချင်း တုံ့ပြန်သုံးသပ်ချက်များပေးနိုင်ရန် စစ်ဆေးရန်အချက်များပါသော စာရင်း (Checklist) သို့မဟုတ် အမှတ်ပေးစံများ ပါသောဇယား (Rubric) လိုအပ်ပါသည်။ အုပ်စုငယ်ဖြင့် စမ်းသပ်သင်ကြားချိန်အတွင်း ကျောင်းသားများ အချင်းချင်း အပြန်အလှန်

ကြည့်ရှုလေ့လာပြီး ကြည့်ရှုလေ့လာမှုပုံစံကို ဖြည့်ခြင်းသည်လည်း အချင်းချင်း စစ်ဆေးအကဲဖြတ်ခြင်း၏ ပုံစံတစ်ခုဖြစ်သည်။

**တင်ပြခြင်း (Presentation)**

တင်ပြခြင်းသည် သရုပ်ပြသင်ကြားခြင်းနှင့် ဆင်တူ ဖြစ်သည်။ သို့သော် ကျောင်းသားများဘက်မှ ကြိုတင်ပြင်ဆင်မှုများ ပို၍ပြုလုပ်ရသည်။ အုပ်စု သို့မဟုတ် တစ်ဦးချင်းစီအား ၎င်းတို့၏လုပ်ငန်းကို သင်ခန်းစာ ပြီးဆုံးချိန်တွင် တင်ပြစေခြင်းသည် နားလည်မှုစစ်ဆေးရန်၊ အသိမှားများပြင်ပေးရန်နှင့် တုံ့ပြန်သုံးသပ်ချက် ပေးရန်အတွက် အကောင်းဆုံးအခွင့်အလမ်း ဖြစ်သည်။

**စီမံချက်များ (Projects)**

စီမံချက်များကို ကျောင်းသားအသီးသီးက တစ်ဦးချင်း (သို့) အုပ်စုလိုက် ပူးပေါင်းလုပ်ဆောင်ခြင်းဖြင့် ပြီးမြောက်အောင် ဆောင်ရွက်ကြသည်။ ဤသည်မှာ ဘာသာရပ် အကြောင်းအရာဗဟုသုတတွင် ၎င်းတို့၏ နားလည်သဘောပေါက်မှုနှင့် စီမံချက်များ ရေးဆွဲခြင်း၊ စီစဉ်ဆောင်ရွက်ခြင်းနှင့် တိုးတက်အောင်မြင်အောင် ဆောင်ရွက်ရာမှ ရရှိခဲ့သော ကျွမ်းကျင်လိမ္မာမှုများကို ပြသရန်ဖြစ်သည်။ ကျောင်းသားများသည် အကြောင်းအရာတစ်ခု၊ သို့မဟုတ် လက်တွေ့ဘဝ ပြဿနာတစ်ခုကို လေ့လာစုံစမ်းရန် စီမံချက်တစ်ခုကို အချိန်အတိုင်းအတာ တစ်ခုအတွင်း လုပ်ဆောင်ကြသည်။ ဆရာများအနေဖြင့် စစ်ဆေးမှုဆိုင်ရာ လမ်းညွှန်အပါအဝင် စီမံချက်များကို မည်သို့ ပြီးမြောက်အောင် ဆောင်ရွက်ရမည်ဟူသော လမ်းညွှန်များပေးရန် လိုအပ်သည်။

**အမေးအဖြေများ (Question and answer)**

သင်ယူနေသော အကြောင်းအရာကို ကျောင်းသားများ နားလည်သဘောပေါက်မှုရှိမရှိ သိရှိရန် အပိတ်မေးခွန်းနှင့် အဖွင့်မေးခွန်းများ မေးခြင်းသည် ကျောင်းသားများ၏ သင်ယူမှုအပေါ် ကြီးကြပ်ပေးရန် နည်းလမ်းကောင်းတစ်ခု ဖြစ်သည်။ အမေးအဖြေများ ပြုလုပ်နေစဉ် ပါဝင်အဖြေပေးကြရန် အမျိုးမျိုးသော ကျောင်းသားတို့အား ဖိတ်ခေါ်ပါ။ မှန်ကန်သောအဖြေတစ်ခုသာရှိသည့် အပိတ်မေးခွန်းကိုမေး၍ ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးနိုင်သကဲ့သို့ တစ်ခုထက်ပိုသော အဖြေများ ပေးနိုင်သည့် မေးခွန်းများကို မေးခြင်းဖြင့် ကျောင်းသားများ၏ စဉ်းစားတွေးခေါ်မှုကို ပိုမိုရင့်သန်စေပြီး လေးနက်စွာ ဆွေးနွေးတတ်ရန် လေ့ကျင့်ပေးနိုင်သည်။

**ဉာဏ်စမ်းမေးခွန်း (Quiz)**

ကျောင်းသားများ၏ အသိပညာဗဟုသုတကို စမ်းသပ်စစ်ဆေးရန် ဉာဏ်စမ်းမေးခွန်းတိုများ မေးနိုင်ပါသည်။ ဉာဏ်စမ်းမေးခွန်းများကို အတန်းတွင်းတွင် တစ်တန်းလုံးလုပ်ငန်းအဖြစ်သော်လည်းကောင်း၊ အတန်းချိန်ပြင်ပတွင် ဖြေဆိုစေပြီး စစ်ဆေးခြင်းဖြင့်သော်လည်းကောင်း ပြုလုပ်နိုင်သည်။ ဉာဏ်စမ်းမေးခွန်းများကို အခန်းဆုံးစစ်ဆေးခြင်း သို့မဟုတ် စာမေးပွဲကြီးအတွက် ကြိုတင်လေ့ကျင့်ပေးသော နည်းလမ်းတစ်ခု အဖြစ်လည်း သုံးနိုင်သည်။

**မိမိကိုယ်ကိုစစ်ဆေးအကဲဖြတ်ခြင်း (Self-assessment)**

ဤအကဲဖြတ်ခြင်းသည် ကျောင်းသားများက ၎င်းတို့၏အားသာချက်၊ အားနည်းချက်များကို ကိုယ်တိုင် စစ်ဆေးအကဲဖြတ်ခြင်း ဖြစ်သည်။ ယင်းဖြစ်စဉ်သည် ကျောင်းသားများအား ၎င်းတို့၏ အသိပညာနှင့် ကျွမ်းကျင်မှု လိုအပ်ချက်များအကြောင်း နားလည်သဘောပေါက်စေပြီး ဖြည့်ဆည်းရန် အစီအစဉ်များချမှတ်ရာတွင် ကူညီပေးသည်။ မိမိကိုယ်ကို စစ်ဆေးအကဲဖြတ်ခြင်းသည် ကျောင်းသားများအား မိမိ၏ သင်ယူမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို မိမိကိုယ်တိုင် တာဝန်ယူတတ်စေရန် အားပေးသော နည်းလမ်းဖြစ်သည်။ အချင်းချင်း စစ်ဆေးအကဲဖြတ်ခြင်းမှာကဲ့သို့ပင် ဆရာက ကျောင်းသားများအား စိစစ်မှု စံသတ်မှတ်ချက်ကို နားလည်စေရန်နှင့် ၎င်းတို့ လုပ်ဆောင်ရမည့်လုပ်ငန်း သို့မဟုတ် တတ်မြောက်ထားရမည့် ကျွမ်းကျင်မှုများတွင် မည်သို့အသုံးချရမည်ကို သဘောပေါက်စေရန် ကူညီပြသပေးဖို့ လိုအပ်ပါလိမ့်မည်။

**ရေးဖြေစာမေးပွဲများ (Written examinations)**

ရေးဖြေစာမေးပွဲများကို ဘာသာရပ်အကြောင်းအရာဆိုင်ရာ တိကျသော ဗဟုသုတနှင့် သင်ရိုးသင်စဉ် ဆွေးနွေးခဲ့သော သက်ဆိုင်ရာ သင်ကြားနည်းပညာအပေါ် ပြန်လည်သုံးသပ်မှုကို စစ်ဆေးရန် အမြဲလိုလို နှစ်ဝက်စာသင်ကာလ အသီးသီး၏ အဆုံးတွင် ကျင်းပသည်။

## သင်ခန်းစာတစ်ခုကို သင်ယူတတ်စေရန် ကူညီပံ့ပိုးပေးရာ၌ ကျင့်သုံးသင့်သော ယေဘုယျ နည်းလမ်းများ

ဤဆရာလမ်းညွှန်တွင် အကြံပြုထားသော သင်ယူမှုနည်းလမ်းအချို့သည် သင့်အတွက် အသစ်အဆန်း ဖြစ်ကောင်း ဖြစ်နိုင်ပါသည်။ သို့ဖြစ်၍ ရည်မှန်းထားသော သင်ယူမှုရလဒ်များကို ကျောင်းသားများ ရရှိနိုင်စေရန် အဆိုပါသင်ယူမှုနည်းလမ်းများကို သင်ခန်းစာများတွင် မည်သို့ အသုံးပြုရမည်နှင့်ပတ်သက်၍ ဆရာက သေချာစွာ ဂရုတစိုက် အချိန်ယူစီစဉ်သင့်ပါကြောင်း အကြံပြုလိုပါသည်။

အောက်ဖော်ပြပါအချက်များသည် ကျောင်းသားများ သင်ယူရာတွင် အထောက်အကူဖြစ်စေရန် အကူအညီ ပေးနိုင်ရေးအတွက် ဖြည့်စွက်အကြံပြုချက်အချို့ ဖြစ်ပါသည်။

သင်ကြားပို့ချမှု မပြုလုပ်မီ သင်သည် အောက်ပါ အချက်များကို လုပ်ဆောင်နိုင်ပါသည်။

- သင်ကြားပို့ချရန် သင်ခန်းစာပါအကြောင်းအရာ ပမာဏအနည်းငယ်ကို ရွေးချယ်ပါ။ မှတ်သားထားရမည့်အချက်မှာ ယေဘုယျအားဖြင့် မိနစ် (၅၀) စာသင်ချိန်၏ သုံးပုံတစ်ပုံကိုသာ သင်ခန်းစာပါ အကြောင်းအရာ သင်ကြားပို့ချရာတွင် အသုံးပြုသင့်သည်ကို သတိရပါ။ သို့မှသာလျှင် ကျောင်းသားများသည် သင်ကြားသည့် အကြောင်းအရာများ၊ ကျွမ်းကျင်မှုစွမ်းရည်များကို လေ့ကျင့်နိုင်ရန် လုံလောက်သော အချိန်ကို ရရှိမည်ဖြစ်ပြီး သင်ခန်းစာများကို ပို၍နက်နဲစွာ နားလည်သဘောပေါက်နိုင်မည်ဖြစ်သည်။
- သင်ခန်းစာအကြောင်းအရာမှ ကျောင်းသားများသင်ယူရန် အရေးပါဆုံးဟု ထင်မြင်ယူဆသော အဓိကအချက်များကို မှတ်စုချရေးထားပါ။ အတန်းတွင်း သင်ကြားပို့ချမှုများ ပြုလုပ်သည့်အခါ ယင်းအဓိကအချက်များကို မပျက်မကွက် ဆွေးနွေးမိစေရန် အဆိုပါ မှတ်စုကို ကိုးကားပါ။
- အကြောင်းအရာကို မည်သို့သင်ကြားပို့ချပေးမည်ဆိုသည်နှင့် သင်ယူမှုလုပ်ငန်းများကို မည်သို့ ဆောင်ရွက်မည်ဆိုသည့် အချက်များနှင့် ပတ်သက်၍ ရှင်းလင်းသေချာအောင် လုပ်ဆောင်ပါ။ လိုအပ်ပါက ဤလမ်းညွှန်စာအုပ်ပါ အကြံပြုချက်များကို ကိုးကားပါ။ အခြားဆရာများနှင့်လည်း တိုင်ပင်ဆွေးနွေးပါ။ သင်၏ စာသင်ခန်းအခြေအနေနှင့်

ကိုက်ညီသော သင်ယူမှုလုပ်ငန်းများကို ကောင်းစွာ လုပ်ဆောင်နိုင်ရန် အကြံပြုထားသော သင်ယူမှုအဆင့်များကို လွတ်လပ်စွာ ပြောင်းလဲနိုင်သည်။

- သင်ယူမှုလုပ်ငန်းတစ်ခုစီအတွက် တစ်ဆင့်ပြီးတစ်ဆင့် မည်သို့လုပ်ဆောင်ရမည်ကို ကျောင်းသားများ နားလည်နိုင်စေရန် ညွှန်ကြားချက်များကို ရှင်းလင်းစွာ ရေးသားပြင်ဆင်ထားပါ။ ဤညွှန်ကြားချက်များကို ပါဝါပွိုင့်ဖြင့်ဖြစ်စေ၊ လက်ကမ်းစာစောင်အနေဖြင့်ဖြစ်စေ၊ သင်ပုန်းပေါ်တွင် စာဖြင့် ရေးသား၍ဖြစ်စေ ပြသနိုင်ပါသည်။ ညွှန်ကြားချက်များကို ကျောင်းသားများအားလုံး ဖတ်ရှုနိုင်လောက်အောင် စာလုံးကြီးကြီးဖြင့် ရေးပါ။
- ညွှန်ကြားချက်များကို နှုတ်ဖြင့် ရှင်းပြခြင်း၊ တဖြည်းဖြည်း ဖတ်ပြခြင်းနှင့် တစ်ဆင့်ချင်း သွားခြင်းတို့ကို လေ့ကျင့်ချင်ပေမည်။ ဤသို့လုပ်ဆောင်ခြင်းဖြင့် ကျောင်းသားများက မိမိတို့ လုပ်ဆောင်ရမည့်အလုပ်ကို နားလည်စေရန် လုပ်ငန်းမစတင်မီ ညွှန်ကြားချက်များကို ၎င်းတို့အား ရှင်းပြရန် အဆင်သင့်ဖြစ်အောင် အကူအညီဖြစ်စေပေမည်။ ထိုသို့ရှင်းလင်းမှုကို မိတ်ဆွေတစ်ဦး နှင့်သော်လည်းကောင်း၊ လုပ်ဖော်ကိုင်ဖက် တစ်ဦးနှင့်သော်လည်းကောင်း ကြိုတင် လေ့ကျင့်နိုင်သည်။ ထို့နောက်တွင် မည်သည့် အချက်များကို ပိုမိုရှင်းလင်းစွာ ရှင်းပြရန် လိုအပ်ကြောင်း တစ်ဖက်ပုဂ္ဂိုလ်ကို မေးမြန်းနိုင်သည်။
- အချိန်ရပါက သင်ယူမှုလုပ်ငန်း လုပ်ဆောင်နေစဉ်အတွင်း ကျောင်းသားများအား လုပ်ဆောင်စေလိုသော လုပ်ငန်း၏ လုပ်ဆောင်ပုံကို နမူနာသရုပ်ပြရန် ပြင်ဆင်ပါ။ ဤနမူနာလုပ်ဆောင်ပြမှုတွင် အခြားဆရာတစ်ဦး သို့မဟုတ် နှစ်ဦးအား ကျောင်းသားများအဖြစ် ပါဝင်စေပြီး သရုပ်ဆောင် သင်ကြားသင်ယူနိုင်ပါသည်။ ဤသို့လုပ်ဆောင်မှုသည် ကျောင်းသားများအား သူတို့ မည်သည့်အရာကို လုပ်ဆောင်သင့်ကြောင်း တိကျစွာ တွေ့မြင်နိုင်စေမည်ဖြစ်သည်။
- အကယ်၍ သင်ယူမှုလုပ်ငန်းပြီးဆုံးချိန်တွင် ကျောင်းသားများအား တစ်စုံတစ်ခု ပြုလုပ်ဖန်တီးစေရန် မျှော်မှန်းထားသည်ဆိုပါက သင့်အနေဖြင့် နမူနာတစ်ခု (သို့) လုပ်ငန်းအပြီး ရရှိမည့် ရလဒ်တစ်ခုကို ပြင်ဆင်ထားရပါမည်။ ဤသည်မှာ ကျောင်းသားများ လုပ်ငန်းပြုလုပ်နေစဉ်အတွင်း ၎င်းတို့အနေဖြင့် မည်သည့်အရာကို ဖန်တီးရမည်ဟူ၍ ရည်ရွယ်ထားသင့်ကြောင်း ပြသနိုင်ရန်၊ သိရှိစေရန်အတွက် ဖြစ်ပါသည်။

စာသင်ခန်းအတွင်း သင်ခန်းစာမစမီ (သို့မဟုတ်) သင်ယူမှုလုပ်ငန်းတစ်ခုခု မပြုလုပ်မီ အောက်ပါ အချက်များကို အသုံးပြုနိုင်မည်ဆိုပါက များစွာ အထောက်အကူဖြစ်စေနိုင်ပါသည်။

- လုပ်ဆောင်ရန် ညွှန်ကြားထားသော အလုပ်များကို ကျောင်းသားများ လုပ်ဆောင်နိုင်ရန် လိုအပ်သည်များနှင့် သင်ယူမှုဆိုင်ရာ အထောက်အကူပြုပစ္စည်းများ ပေးဝေပါ။ အွန်လိုင်း စာကြည့်တိုက်ကို ကောင်းစွာ အသုံးချရန်နှင့် လိုအပ်သော သင်ကြားသင်ယူမှု အထောက် အကူပစ္စည်းများကို အွန်လိုင်းစာကြည့်တိုက် (သို့) အွန်လိုင်းမှ ရယူရန် ကျောင်းသားများအား တိုက်တွန်းပါ။
- သင်ခန်းစာအကြောင်းအရာများကို သင်ကြားပို့ချရာတွင် သင် လုပ်ဆောင်စေလိုသော သင်ယူမှုလုပ်ငန်းနှင့် ပတ်သက်သည့် ညွှန်ကြားချက်များကို ကျောင်းသားများ နားလည် စေရန် ရှင်းလင်းသော ညွှန်ကြားချက်များကို နှုတ်အားဖြင့်ဖြစ်စေ၊ စာအားဖြင့်ဖြစ်စေပေးပါ။
- ကျောင်းသားများ လုပ်ဆောင်သင့်သည်များအတွက် အချိန်တိုသရုပ်ဆောင်သင်ကြား သင်ယူခြင်းနည်း (short role play) ကို အသုံးပြုပြီး နမူနာလုပ်ပြပါ။
- အတန်းမစမီ သင်ပြင်ဆင်ထားသော သင်ယူမှုရလဒ် နမူနာပုံစံကို ကျောင်းသားများအား ပြသပါ။
- သင်ယူမှုလုပ်ငန်း မည်သို့ပြုလုပ်ရမည်ဆိုသော ညွှန်ကြားချက်များကို ကျောင်းသားများ နားလည်ကြောင်း သေချာစေရန် တစ်ဦး (သို့မဟုတ်) နှစ်ဦးသုံးဦးအား ၎င်းတို့ နားလည် သလို ကိုယ်ပိုင် စကားအသုံးအနှုန်းဖြင့် အတန်းသို့ ပြန်လည်ရှင်းပြစေပါ။
- ကျောင်းသားများအား လုပ်ငန်းပြီးစီးအောင် ဆောင်ရွက်ရန် အချိန်မည်မျှရမည်ဖြစ်ကြောင်း ပြောပြထားပါ။

စာသင်ချိန်အတွင်း အောက်ပါအချက်များကို ဆောင်ရွက်ခြင်းဖြင့် သင်ကြားသင်ယူမှုကို အထောက်အကူ ဖြစ်စေနိုင်ပါသည်။

- သင် ပို့ချသင်ကြားပေးသော သင်ခန်းစာအကြောင်းအရာများ သို့မဟုတ် ၎င်းတို့ လုပ်ဆောင်နေသော သင်ယူမှုလုပ်ငန်းတွင် ကျောင်းသားများ နားလည်သဘောပေါက်မှုရှိမရှိ ယူဆနိုင်စရာ လက္ခဏာသွင်ပြင်များကို အကဲခတ်ကြည့်ပါ။ အကယ်၍ အချို့အချက်များသည် ကျောင်းသားများအတွက် နားလည်ရန် ခက်ခဲနိုင်သည်ဟု သံသယဖြစ်ပါက ထိုခက်ခဲသော သတင်းအချက်အလက်များကို အခြားမတူကွဲပြားသော နည်းလမ်းဖြင့် ရှင်းပြပေးခြင်း (သို့မဟုတ်) တစ်ပိုင်းစီ ခွဲထုတ်ပြီး အပိုင်းလိုက် ရှင်းပြခြင်းကို ပြုလုပ်နိုင်သည်။
- စာသင်ခန်း၏ နေရာအနှံ့ လှည့်လည်သွားလာပြီး အောက်ပါတို့ကို လုပ်ဆောင်နိုင်ပါသည်။
  - ကျောင်းသားများအားလုံး ပါဝင်လုပ်ဆောင်နေကြောင်း သေချာပါစေ။
  - ကျောင်းသားများတွင် မေးစရာမေးခွန်းများရှိလျှင် ဖြေဆိုပေးပါ။
  - ကျောင်းသားများတွင် သင်ယူမှုလုပ်ငန်းစဉ်များ လုပ်ဆောင်ရန် လိုအပ်သည်များအားလုံး ပြည့်စုံနေကြောင်း သေချာပါစေ။
  - သင်ယူမှုလုပ်ငန်းများကို ကျောင်းသားများ ညွှန်ကြားထားသည့်အတိုင်း လုပ်ဆောင်နေခြင်းရှိမရှိ လေ့လာကြည့်ခြင်းအားဖြင့် ၎င်းတို့၏ နားလည်သဘောပေါက်မှုကို စစ်ဆေးအကဲဖြတ်ပါ။
- ကျောင်းသားများအား မေးခွန်းများမေးရန် တိုက်တွန်းအားပေးပါ။
- အကယ်၍ နားလည်မှုလွဲနေကြောင်း စုံစမ်းသိရှိရလျှင် ထိုကျောင်းသားအား တိုက်ရိုက်ပြောဆိုရှင်းလင်းပါ။ ကျောင်းသားအားလုံးအတွက် အကျိုးရှိမည့် အချက်ဖြစ်ပါက အားလုံးအာရုံစိုက်ကြရန်ပြောပြီး ရှင်းပြပေးပါ။
- သင်ခန်းစာများရှေ့မဆက်မီ 'ရပ်တန့်ပါ၊ စဉ်းစားပါ' ညွှန်ကြားချက်အကွက်တွင် ပါရှိသည့် အလေးပေးသိစေလိုသော အချက်များကို ကျောင်းသားများ ကောင်းစွာ သင်ယူနေကြောင်း သေချာစေရန်အတွက် စစ်ဆေးပါ။

အတန်းပြီးဆုံးချိန်တွင် အောက်ပါအချက်များလုပ်ဆောင်ခြင်းဖြင့် အထောက်အကူ ဖြစ်စေနိုင်ပါသည်။

- သင်ခန်းစာသင်ယူမှုပြီးဆုံးချိန်တွင် ကျောင်းသားများ မည်မျှနားလည်သွားသည်ကို ဆန်းစစ်အကဲခတ်ပါ။ ဤသို့ ပြုလုပ်ခြင်းသည် သင်ခန်းစာကို အကျဉ်းချုပ်ရန် အခွင့်အလမ်းရစေပြီး၊ ကျောင်းသားများ၏ သင်ယူမှုရလဒ် ပေါက်မြောက်မှုကိုလည်း အချုပ်အားဖြင့် စစ်ဆေးအကဲဖြတ်နိုင်သည်။ ဤသင်ခန်းစာ သင်ကြားသင်ယူမှုက ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက် အညွှန်းဘောင် (TCSF)နှင့် ကိုက်ညီအောင်မည်သို့ ထောက်ပံ့ပေးကြောင်းကိုလည်း နားလည်သဘောပေါက်စေပါသည်။
- သင်ကြားပို့ချပေးထားသော အကြောင်းအရာများထဲမှ ကျောင်းသားများအား ၎င်းတို့ အထူးစိတ်ဝင်စားမိသော သို့မဟုတ် အံ့အားသင့်မိသော အချက်တစ်ခုကို ပြန်လည် ဝေမျှရှင်းလင်းစေခြင်းဖြင့် ၎င်းတို့၏ နားလည်သဘောပေါက်မှုကို အကဲဖြတ်နိုင်သည်။
- လတ်တလော သင် ပို့ချသင်ကြားပေးထားသော သင်ခန်းစာအကြောင်းအရာအပေါ် မေးခွန်းများ မေးရန်နှင့် ဝေဖန်သုံးသပ်မှုများ ပြုလုပ်ရန် ကျောင်းသားများကို တိုက်တွန်း အားပေးနိုင်သည်။
- ကျောင်းသားတစ်ဦး သို့မဟုတ် နှစ်ဦးတို့အား ၎င်းတို့ သင်ယူမှုလုပ်ငန်းပြုလုပ်စဉ် လုပ်ဆောင်ခဲ့သည်များကို ပြန်လည် မျှဝေ ရှင်းလင်းပေးရန် ညွှန်ကြားပါ။ အကယ်၍ သင်ယူမှုလုပ်ငန်းသည် သင်ကြားသင်ယူမှုပြီးနောက် ရရှိလာမည့် ရလဒ်အတွက် ပြင်ဆင်လုပ်ဆောင်ထားခြင်း မဟုတ်ပါက ကျောင်းသားတစ်ဦး သို့မဟုတ် နှစ်ဦးတို့အား ဤလုပ်ငန်းမှ ၎င်းတို့ သင်ယူရရှိခဲ့သော အရာများကို ဖော်ပြပေးရန်ညွှန်ကြားပါ။
- ကျောင်းသားတစ်ဦးစီမှ၎င်းတို့၏သင်ယူမှုလုပ်ငန်း သို့မဟုတ် အတွေးစိတ်ကူးများအကြောင်း ဝေမျှတင်ပြပြီးပါက ၎င်းတို့ မျှဝေပေးလိုက်သော အကြောင်းအရာများအနက် အတန်းသို့ အလေးပေး ဖော်ပြစရာ ရှုထောင့်တစ်ခု သို့မဟုတ် နှစ်ခုကို ရွေးချယ်ပါ။ သင်ရွေးချယ်သော အချက်များသည် သင်ယူမှုလုပ်ငန်းနှင့်ပတ်သက်ပြီး ကျောင်းသားများအားလုံး သင်ယူမှတ်သားသင့်သော အဓိကအချက်များ ဖြစ်သင့်သည်။

စာသင်ခန်းအတွင်းတွင် ကျောင်းသားများ လွတ်လပ်စွာ မေးခွန်းထုတ်နိုင်သော၊ ကိုယ်ပိုင် ပြန်လည် သုံးသပ်ချက်များ မျှဝေပေးနိုင်သော၊ လုံခြုံစိတ်ချမှုရှိသော သင်ယူမှုဝန်းကျင်တစ်ခုကို ဖန်တီး တည်ဆောက်ရန်ဟူသော အရေးကြီးသည့် အခန်းကဏ္ဍကို ဆရာတစ်ဦးအနေဖြင့် လုပ်ဆောင်ရန် တာဝန်ရှိပါသည်။ သင်၏ အကြံပြုချက်နှင့် ဝေဖန်သုံးသပ်ချက်များသည် ကျောင်းသားများအား မြန်မာနိုင်ငံ ကလေးသူငယ်များနှင့် လူငယ်များ၏ သင်ယူမှုနှင့် ဘက်စုံဖွံ့ဖြိုးမှုကို ထောက်ပံ့ပေး နိုင်သည့် ဆရာများအဖြစ်သို့ ဖွံ့ဖြိုးလာစေရာတွင် ကူညီထောက်ပံ့ပေးနိုင်မည် ဖြစ်ပါသည်။

## မာတိကာ အကြောင်းအရာ

### ဇယား (ခ) ပထမနှစ်၊ ပထမစာသင်နှစ်ဝက်၊ အနုပညာ ဘာသာရပ်အတွက် မာတိကာ အကြောင်းအရာ

| အခန်း | အခန်းငယ် | သင်ခန်းစာ | သင်ယူမှုရလဒ် | ဆရာ့တတ်ကျွမ်းမှုစံ | သင်ချိန် |
|---|---|---|---|---|---|
| ၁။ အနုပညာ ဘာသာရပ် မိတ်ဆက်ခြင်း | ၁.၁။ ဘာသာရပ် အကျဉ်းချုပ် | ၁.၁.၁။ ဘာသာရပ် အကျဉ်းချုပ်နှင့် အနုပညာ ဆိုသည်မှာ အဘယ်နည်း။ | • ပထမစာသင်နှစ်တွင် သင်ကြားမည့် အနုပညာဘာသာရပ် အကျဉ်းကို နားလည်သဘော ပေါက်မည်။ | (က) (၄.၁) | ၂ |
| | | ၁.၁.၂။ မူလတန်းကျောင်းသားများသည် အနုပညာကို သင်ယူလေ့လာရန် အဘယ်ကြောင့် လိုအပ်သနည်း။ | • အခြေခံပညာသင်ရိုးညွှန်းတမ်းနှင့် မူလတန်းအဆင့် ဂီတအနုပညာနှင့် ပန်းချီအနုပညာဘာသာရပ်များ၏ ရည်ရွယ်ချက်များ ချိတ်ဆက်မှုကို ရှင်းပြတတ်မည်။ | | |

| အခန်း | အခန်းငယ် | သင်ခန်းစာ | သင်ယူမှုရလဒ် | ဆရာ့တတ်ကျွမ်းမှုစံ | သင်ချိန် |
|---|---|---|---|---|---|
| | ၁.၂။ အခြေခံပညာ အနုပညာသင်ရိုးညွှန်းတမ်းပါ အသိပညာဗဟုသုတ | ၁.၂.၁။ အခြေခံပညာသင်ရိုးညွှန်းတမ်း၏ အနုပညာဘာသာရပ် | • အနုပညာဘာသာရပ်တွင် မူလတန်း ကျောင်းသားများအား သင်ကြား မည့် အဓိက အကြောင်းအရာ များကို စာရင်းပြုစုတတ်မည်။<br>• ပထမတန်းမှ ပဥ္စမတန်းအထိ အဆင့်ဆင့် တိုးတက်လာမှုနှင့် စပ်လျဉ်း၍ သင်ယူမှု လုပ်ငန်းများအား မည့်ကဲ့သို့ လုပ်ဆောင်ရမည်ကို ရှင်းပြတတ်မည်။ | (က) (၄.၁) | ၄ |
| | | ၁.၂.၂။ မူလတန်းအနုပညာ (ပန်းချီ) သင်ရိုးညွှန်းတမ်းဖွဲ့စည်းပုံကို နားလည်သဘောပေါက်ခြင်း | • ပြဌာန်းစာအုပ်များတွင် အတန်းလိုက်ရည်ရွယ်ချက်များ ပေါက်မြောက်ရေးအတွက် မည်ကဲ့သို့ စီစဉ်ထားသည်နှင့် အတန်းလိုက် (ပထမတန်းမှ ပဥ္စမတန်းအထိ) မည်ကဲ့သို့ ပြောင်းလဲလာသည်တို့ကို ရှင်းပြတတ်မည်။ | | |
| | | ၁.၂.၃။ မူလတန်းအနုပညာ (ဂီတ) သင်ရိုးညွှန်းတမ်းဖွဲ့စည်းပုံကို နားလည်သဘောပေါက်ခြင်း | • ပြဌာန်းစာအုပ်များတွင် အတန်းလိုက်ရည်ရွယ်ချက်များ ပေါက်မြောက်ရေးအတွက် မည်ကဲ့သို့ စီစဉ်ထားသည်နှင့် အတန်းလိုက် မည်ကဲ့သို့ တိုးတက်ပြောင်းလဲမှု ရှိသည်တို့ကို ရှင်းပြတတ်မည်။ | | |

| အခန်း | အခန်းငယ် | သင်ခန်းစာ | သင်ယူမှုရလဒ် | ဆရာ့တတ်ကျွမ်းမှုစံ | သင်ချိန် |
|---|---|---|---|---|---|
| ၂။ ဂီတ အနုပညာ | ၂.၁။ အဆိုပညာ | ၂.၁.၁။ မြန်မာသီချင်းများ၏ သမိုင်း | • မြန်မာသီချင်းများ၏ သမိုင်းကြောင်းနှင့် လက်ရှိနေထိုင်မှုပုံစံများ ဆက်စပ်မှုတို့ကို ဆွေးနွေးတတ်မည်။ | (က) (၄.၁)<br>(က) (၅.၂)<br>(ခ) (၁.၁)<br>(ဂ) (၃.၁) | ၂ |
| | | ၂.၁.၂။ အဆိုပညာ သင်ကြားရေး နည်းဗျူဟာများ | • မူလတန်းကျောင်းများတွင် အဆိုပညာ သင်ကြားရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းပြတတ်မည်။<br><br>• အတန်းအလိုက် အဆိုပညာ၏ ရည်ရွယ်ချက်များကို သင်ကြားနိုင်ရန်အတွက် မူလတန်းကျောင်းသုံးစာအုပ်နှင့် ဆရာလမ်းညွှန်တွင် အကြံပြုထားသော သင်ယူမှု လုပ်ငန်းများ၏ နမူနာများကို ဖော်ပြတတ်မည်။<br><br>• မူလတန်းကျောင်းများတွင် သင်ကြားမည့် အဆိုပညာ၏ အခြေခံ ကျွမ်းကျင်မှုများကို သရုပ်ပြတတ်မည်။<br><br>• ကျောင်းသားများ အဆိုပညာ သင်ယူရာတွင် ကြုံတွေ့နိုင်သော အခက်အခဲများနှင့် ဆရာက မည်သို့ ကူညီထောက်ပံ့ ပေးရမည်တို့ကို ဆွေးနွေးတတ်မည်။ | | |

| အခန်း | အခန်းငယ် | သင်ခန်းစာ | သင်ယူမှုရလဒ် | ဆရာ တတ်ကျွမ်းမှုစံ | သင်ချိန် |
|---|---|---|---|---|---|
| | ၂.၂။ အကပညာ | ၂.၂.၁။ မြန်မာ အကပညာ၏ သမိုင်း | • မြန်မာ့အကပညာ၏ သမိုင်းကြောင်း နှင့် လက်ရှိနေထိုင်မှုပုံစံများ ဆက်စပ်မှုတို့ကို ဆွေးနွေးတတ်မည်။ | (က) (၄.၁)<br>(က) (၅.၂)<br>(ခ) (၁.၁)<br>(ဂ) (၃.၁) | ၂ |
| | | ၂.၂.၂။ မူလတန်း ကျောင်းများ တွင် အက ပညာသင်ကြား ခြင်း | • မူလတန်းကျောင်းများတွင် အက ပညာသင်ကြားရခြင်း၏ ရည်ရွယ် ချက်များကို ရှင်းပြတတ်မည်။<br><br>• အတန်းအလိုက် အကပညာ၏ ရည်ရွယ်ချက်များကို သင်ကြား နိုင်ရန်အတွက် မူလတန်း ကျောင်းသုံး စာအုပ်နှင့် ဆရာ လမ်းညွှန်တွင် အကြံပြုထား သော သင်ယူမှု လုပ်ငန်းများ၏ နမူနာများကို ဖော်ပြတတ်မည်။<br><br>• မူလတန်း ကျောင်းများတွင် သင်ကြားမည့် အကပညာ၏ အခြေခံကျွမ်းကျင်မှုများကို သရုပ်ပြတတ်မည်။<br><br>• ကျောင်းသားများ အကပညာ သင်ယူရာတွင် ကြုံတွေ့နိုင်သော အခက်အခဲများနှင့် ဆရာက မည်သို့ ကူညီထောက်ပံ့ ပေးရမည် တို့ကို ဆွေးနွေး တတ်မည်။ | | |

| အခန်း | အခန်းငယ် | သင်ခန်းစာ | သင်ယူမှုရလဒ် | ဆရာ့တတ်ကျွမ်းမှုစံ | သင်ချိန် |
|---|---|---|---|---|---|
| | ၂.၃။ ဂီတ တူရိယာများကို တီးမှုတ်ခြင်း | ၂.၃.၁။ မြန်မာ တူရိယာများ၏ သမိုင်း | • မြန်မာ့တူရိယာများ၏ သမိုင်းကြောင်းနှင့် လက်ရှိနေထိုင်မှုပုံစံများ ဆက်စပ်မှုကို ဆွေးနွေးတတ်မည်။ | (က) (၄.၁)<br>(က) (၅.၂)<br>(ခ) (၁.၁)<br>(င) (၃.၁) | ၂ |
| | | ၂.၃.၂။ တူရိယာများ တီးမှုတ်ခြင်း သင်ကြားရေး နည်းဗျူဟာများ | • မူလတန်းကျောင်းများတွင် တူရိယာတီးမှုတ်မှု သင်ကြားခြင်း၏ ရည်ရွယ်ချက်များကို ရှင်းပြတတ်မည်။<br>• အတန်းအလိုက် တူရိယာတီးမှုတ်ခြင်း၏ ရည်ရွယ်ချက်များကို သင်ကြားနိုင်ရန်အတွက် မူလတန်း ကျောင်းသုံးစာအုပ်နှင့် ဆရာလမ်းညွှန်တွင် အကြံပြုထားသော သင်ယူမှုလုပ်ငန်းများ၏ နမူနာများကို ဖော်ပြတတ်မည်။<br>• မူလတန်းကျောင်းများတွင် သင်ကြားမည့် တူရိယာတီးမှုတ်ခြင်း၏ အခြေခံကျွမ်းကျင်မှုများကို သရုပ်ပြတတ်မည်။<br>• ကျောင်းသားများ တူရိယာ တီးမှုတ်ခြင်း သင်ယူရာတွင် ကြုံတွေ့နိုင်သော အခက်အခဲများနှင့် ဆရာက မည်သို့ ကူညီထောက်ပံ့ပေးရမည်တို့ကို ဆွေးနွေးတတ်မည်။ | | |
| စာသင်ချိန် စုစုပေါင်း | | | | | ၁၂ |

# အခန်း ၁

# အနုပညာဘာသာရပ် မိတ်ဆက်ခြင်း

ဤအခန်းသည် မြန်မာ့ရိုးရာအနုပညာဘာသာရပ်ကို မိတ်ဆက်ထားခြင်း ဖြစ်ပြီး ရိုးရာဂီတအနုပညာ (အဆို၊ အကနှင့် အတီး) နှင့် ပန်းချီအနုပညာ (ပန်းချီဆွဲခြင်း နှင့် ဆေးခြယ်ခြင်း) တို့ကို မူလတန်းအဆင့် ကျောင်းသားများအား သင်ကြားရခြင်း၏ အရေးပါမှုကို ရှင်းပြပေးမည် ဖြစ်သည်။ အနုပညာဘာသာရပ်၏ ပါဝင်သည့် မာတိကာအကြောင်းအရာများကို မိတ်ဆက်ပေးခြင်းနှင့် ဘာသာရပ်၏ သမိုင်းကြောင်းနှင့် ရိုးရာဓလေ့များ၏ အကျဉ်းကို လေ့လာရန် အားပေးတိုက်တွန်းပေးခြင်းဖြင့် ဤဘာသာရပ်၏ အရေးပါသော အသိပညာများကို ဆီလျော်ကိုက်ညီမှုရှိစွာ မျှဝေနိုင်ရန်နှင့် စိတ်ပါဝင်စားမှုများရှိစေရန် ကျောင်းသားများအား ကောင်းစွာပြင်ဆင်ပေးမည် ဖြစ်သည်။ မြန်မာ့အနုပညာသည် မြန်မာ့သမိုင်းကြောင်းနှင့် များစွာဆက်စပ်မှုရှိပြီး လွှမ်းမိုးမှုရှိသဖြင့် မြန်မာနိုင်ငံ၏ အနာဂါတ်အတွက် ဤဘာသာရပ်သည် ခွဲခြား၍မရနိုင်သော အလွန်အရေးပါသော အခန်းကဏ္ဍ တစ်ရပ်အနေဖြင့် ရပ်တည်နေသည်။

## မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

ဤအခန်းကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -

- ပထမစာသင်နှစ်တွင် သင်ကြားမည့် အနုပညာဘာသာရပ် အကျဉ်းကို နားလည် သဘော ပေါက်မည်။
- အခြေခံပညာသင်ရိုးညွှန်းတမ်းနှင့် မူလတန်းအဆင့် ဂီတအနုပညာနှင့် ပန်းချီအနုပညာ ဘာသာရပ်များ၏ ရည်ရွယ်ချက်များ ချိတ်ဆက်မှုကို ရှင်းပြတတ်မည်။
- အနုပညာဘာသာရပ်တွင် မူလတန်းကျောင်းသားများအား သင်ကြားမည့် အဓိက အကြောင်းအရာများကို စာရင်းပြုစုတတ်မည်။
- ပထမတန်းမှ ပဉ္စမတန်းအထိ အဆင့်ဆင့် တိုးတက်လာမှုနှင့် စပ်လျဉ်း၍ သင်ယူမှု လုပ်ငန်းများအား မည်သို့ လုပ်ဆောင်ရမည်ကို ရှင်းပြတတ်မည်။
- ပြဋ္ဌာန်းစာအုပ်များသည် အတန်းလိုက်ရည်ရွယ်ချက်များ ပေါက်မြောက်ရေးအတွက် မည်သို့ စီစဉ်ထားသည်နှင့် အတန်းလိုက် (ပထမတန်းမှ ပဉ္စမတန်းအထိ) မည်ကဲ့သို့ ပြောင်းလဲလာသည်တို့ကို ရှင်းပြတတ်မည်။
- ပြဋ္ဌာန်းစာအုပ်များတွင် အတန်းလိုက်ရည်ရွယ်ချက်များ ပေါက်မြောက်အောင် မည်သို့ စီစဉ်ထားသည်နှင့် အတန်းလိုက် မည်ကဲ့သို့ တိုးတက်ပြောင်းလဲမှုရှိသည်တို့ကို ရှင်းပြ တတ်မည်။

# ၁.၁။ ဘာသာရပ် အကျဉ်းချုပ်

ဤအခန်းငယ်သည် ပညာရေးကောလိပ် လေးနှစ်သင် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ စီမံကိန်း၏ ပထမနှစ်တွင် သင်ကြားမည့် အနုပညာဘာသာ၏ မာတိကာကို မိတ်ဆက်ပေးမည် ဖြစ်သည်။ ကျောင်းသားကိုင်စာအုပ် ဖတ်ရှုခြင်းနှင့် ဤသင်ရိုးကို သင်ယူခြင်းဖြင့် ဂီတအနုပညာ နှင့် ပန်းချီအနုပညာ ဆိုသည်မှာ အဘယ်နည်းကို ယေဘုယျခြုံငုံလေ့လာရန် အခွင့်အရေးများ ရရှိမည် ဖြစ်သည်။

## ၁.၁.၁။ ဘာသာရပ် အကျဉ်းချုပ်နှင့် အနုပညာဆိုသည်မှာ အဘယ်နည်း။

**မျှော်မှန်းထားသော သင်ယူမှုရလဒ်များ**

ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည်-

- ပထမစာသင်နှစ်တွင် သင်ကြားမည့် အနုပညာဘာသာရပ်အကျဉ်းကို နားလည်သဘော ပေါက်မည်။

**ရရှိသွားမည့်တတ်ကျွမ်းမှုများ**

(က) (၄.၁) အခြေခံပညာသင်ရိုးညွှန်းတမ်းတွင် ဖော်ပြထားသည့် သင်ရိုးဖွဲ့စည်းပုံ၊ အကြောင်းအရာနှင့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို နားလည်သဘောပေါက်ကြောင်း သရုပ်ဖော်ပြသသည်။

**စာသင်ချိန်**
မိနစ် (၅၀)ကြာ စာသင်ချိန်တစ်ချိန်

**သင်ယူမှုနည်းလမ်းများ**
ဖြတ်ဆက် လုပ်ငန်းပေးခြင်း၊ ပို့ချခြင်း၊ ဖတ်ရှုခြင်း၊ အုပ်စု လုပ်ငန်း၊ တွေး-တွဲ-မျှဝေ သင်ယူခြင်း

**လိုအပ်သောကြိုတင်ပြင်ဆင်မှု**
လက်ကမ်းစာစောင် (၁)

**လိုအပ်သောရင်းမြစ်များ -** မြန်မာ့ ပန်းချီအနုပညာနှင့် ဂီတအနုပညာအား ဖော်ပြသော ဗီဒီယိုများ သို့မဟုတ် ရုပ်ပုံများ (လက်စွဲ ၁)

**သင်ယူမှုလုပ်ငန်း ၁။ တွေး-တွဲ-မျှဝေ သင်ယူခြင်း (၁၅ မိနစ်)**

၁။ မြန်မာ့ရိုးရာ အနုပညာ (ပန်းချီ နှင့် ဂီတ) ကို အနှစ်ချုပ်ဖော်ပြထားသော ရုပ်ပုံတစ်ခု သို့မဟုတ် ဗီဒီယိုတစ်ခု၊ သို့မဟုတ် ရုပ်ပုံများ သို့မဟုတ် ဗီဒီယိုများကို ရွေးချယ်ပြီး ပြသပါ။

၂။ နှစ်ယောက်တစ်တွဲစီ ကျောင်းသားများကို မိမိ၏ ရိုးရာအနုပညာ (ပန်းချီ နှင့် ဂီတ) အတွေ့အကြုံများကို မျှဝေပါစေ။ ကျောင်း၊ လူ့အဖွဲ့အစည်းနှင့် မိသားစု၏ အတွေ့အကြုံများကို ထည့်သွင်းစဉ်းစားရန် အားပေးတိုက်တွန်းပြီး မြန်မာ့အနုပညာသည် မိမိတို့ဘဝတွင် မည်သို့ အရင်းခံတည်ရှိလာသည်ကို ထည့်သွင်းစဉ်းစားပါ။

### ရပ်တန့်ပါ စဉ်းစားပါ

အနုပညာဘာသာရပ် သင်ရိုးညွှန်းတမ်း၏ ရည်ရွယ်ချက်များကို ပြန်လည်သုံးသပ်မည့် အခြေခံ အချက်အနေဖြင့် အသုံးပြုပါ။ ကျောင်းသားများသည် မိမိအနေဖြင့် မည်သည့်အတွေ့အကြုံများ တွေ့ကြုံရသည်ကို အောက်ဖော်ပြပါ အနုပညာအား ခံစားနားလည်ခြင်း၏ အကျိုးသက်ရောက်မှု များဖြင့် ထည့်သွင်းစဉ်းစားသင့်သည်။ မိမိတို့ဘဝတွင် မည်သို့ အရင်းခံတည်ရှိလာသည်ကို ထည့်သွင်းစဉ်းစားပါ။

- မိမိ၏ တီထွင်ဖန်တီးသည့် စွမ်းရည်များ မြှင့်တင်ပေးခြင်း၊
- မိမိကိုယ်တိုင် ပြဿနာများကို စဉ်းစားရန်၊ အကဲဖြတ်ရန်နှင့် ဖြေရှင်းရန် စသည့် စွမ်းရည်များကို မြှင့်တင်ပေးခြင်း၊
- ဂီတနှင့် ပန်းချီအနုပညာ၏ အခြေခံ ဗဟုသုတများ ရရှိမှုမှတစ်ဆင့် မိမိတို့၏ နေ့စဉ်ဘဝ များကို မြှင့်တင်ပေးခြင်းနှင့်
- နိုင်ငံသားကောင်းများ ဖြစ်လာအောင် ကူညီထောက်ပံ့ပေးခြင်း။

၃။ ကျောင်းသားများကို မိမိ၏ ထင်မြင်ယူဆချက်များအား မျှဝေပါစေ။

### စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများ၏ မြန်မာ့ရိုးရာ အနုပညာဆိုင်ရာ ကိုယ်ပိုင် အတွေ့အကြုံများကို အကဲဖြတ်ရာတွင် ကျောင်းသားများတွင် အတွေ့အကြုံများ အနည်းငယ်သာ ရှိပါက မိမိအနေဖြင့် မူလတန်းအဆင့်တွင် လိုအပ်သော အသိပညာနှင့် ကျွမ်းကျင်မှုများ ရရှိသည်အထိ သင်ကြားရေး သင်ရိုးကို ပြန်လည် ညှိယူရန် လိုအပ်မည်။ အကယ်၍ ကျောင်းသားများတွင် အတွေ့အကြုံများ များစွာရှိပါက မိမိ၏ သင်ကြားမည့် အသိပညာနှင့် ကျွမ်းကျင်မှုများ တိုးတက်အောင် မြှင့်တင်ပေးနိုင်မည် ဖြစ်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

အဖြေများသည် ကျောင်းသားများ၏ မြန်မာ့ရိုးရာ အနုပညာဆိုင်ရာ အတွေ့အကြုံများအရ ပြောင်းလဲမည် ဖြစ်သည်။

## သင်ယူမှုလုပ်ငန်း ၂။ ဖြတ်ဆက် လုပ်ငန်းပေးခြင်း (၂၅ မိနစ်)

၁။ အနုပညာသည် မြန်မာ့လူနေမှုဘဝနှင့် ဆက်စပ်ပုံအား နားလည်သဘောပေါက်မှုကို မြှင့်တင်ရန် ယဉ်ကျေးမှုအရ အရေးပါသော ပွဲတော်များ၊ ဖြစ်ရပ်များ သို့မဟုတ် ရိုးရာဓလေ့များ၏ နမူနာများဖြင့် ဂီတအနုပညာနှင့် ပန်းချီအနုပညာသည် မည်သည်ကို ဆိုလိုသည်ကို ယေဘုယျခြုံငုံပြီး ပြောကြားပါ။[၅]

၂။ ကျောင်းသားများကို လက်ကမ်းစာစောင် (၁) ကို ဖတ်ရှုစေပြီး မူလတန်း ပန်းချီနှင့် ဂီတအနုပညာ သင်ရိုးညွှန်းတမ်း၏ ရည်ရွယ်ချက်များကို မိတ်ဆက်ပါ။

၃။ ကျောင်းသားများအား လေးယောက် သို့မဟုတ် ငါးယောက်ပါဝင်သော အုပ်စုဖွဲ့ပါ။

### ရပ်တန့်ပါ စဉ်းစားပါ

ဤအဆင့်တွင် စုစည်းရန် အလွယ်ကူဆုံးသော နည်းလမ်းမှာ အုပ်စုတစ်ခုစီကို အုပ်စု (က) နှင့် အုပ်စု (ခ) ဟု ခေါ်ဆိုစေပါ။ ထိုသို့ခေါ်ဆိုခြင်းဖြင့် အုပ်စု (က)နှင့် အုပ်စု (ခ) များစွာ ရှိနိုင်သည်။ အသေးစား ပြန်လည်တင်ပြမှုများ ပြုလုပ်သောအခါ အုပ်စု (က) နှင့် အုပ်စု (ခ) တစ်ခုစီကို ပေါင်းစပ်ရန် လွယ်ကူလိမ့်မည်။

၄။ အုပ်စု (က) ကို ဂီတအနုပညာ သင်ရိုးညွှန်းတမ်း၊ အုပ်စု (ခ) ကို ပန်းချီအနုပညာ သင်ရိုးညွှန်းတမ်းအား တာဝန်ပေးအပ်ပါ (အတန်းတစ်ဝက်စီသည် သင်ရိုး တစ်ခုစီကို လေ့လာရမည်)။

---

[၅] သက်ဆိုင်ရာ နမူနာများသည် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် မြို့နယ် စသည်တို့ အရ ကွဲပြားခြားနားနိုင်သည်။

၅။ အုပ်စုများကို သင်ရိုး၏ ရည်ရွယ်ချက်နှင့် ပတ်သက်ပြီး မိမိ၏ အတွေးအခေါ်များနှင့် ခံစားချက်များကို ဆွေးနွေးစေပြီး မှတ်စုများ ရေးသားစေပါ။

၆။ အုပ်စုများကို မိမိ၏အတွေ့အကြုံနှင့် အတွေးအခေါ်များအား အခြားသင်ရိုးကို လေ့လာနေသည့် အဖွဲ့သို့ အတိုချုပ် ပြန်လည် တင်ပြမှုများ ပြုလုပ်ရမည်ကို ရှင်းပြပါ။

၇။ မူလတန်းကျောင်းသားများနှင့် ဆက်စပ်သော ပန်းချီအနုပညာဖြစ်စေ၊ ဂီတအနုပညာဖြစ်စေ ထိုအနုပညာ၏ အဓိက အချက်များကို အလေးထားရန် ကျောင်းသားများအား အားပေးတိုက်တွန်းပါ။

၈။ ကူညီမှုများ ပြုလုပ်ရန်နှင့် ကျောင်းသားများအားလုံး ဆွေးနွေးမှုတွင် ပါဝင်ရန် အုပ်စုများထံသို့ လှည့်လည်ပါ။

၉။ အုပ်စု (က) အုပ်စုတစ်စုသည် အုပ်စု (ခ) အုပ်စု တစ်စုသို့ ပေါင်းစပ် ဆွေးနွေးရန် အုပ်စုများကို စီစဉ်ပါ။

၁၀။ အုပ်စု တစ်စုစီကို အခြား မိတ်ဖက် အုပ်စုနှင့် သင်ရိုးပါ အကြောင်းအရာများ၊ သင်ရိုးအား သင်ကြားသင်ယူမှုအပေါ် မိမိ၏ ထင်မြင်ချက်များနှင့် အတွေးအခေါ်များအား တစ်လှည့်စီ အနှစ်ချုပ်စေပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

လုပ်ငန်းဆောင်ရွက်နေစဉ် အုပ်စုများသည် အဖွဲ့အချင်းချင်း အကဲဖြတ်ပါမည်။ ကျောင်းသားအချို့အား ရွေးချယ်ပြီး မိမိကိုယ်တိုင် မိမိ၏ နားလည်မှုအပေါ် အုပ်စုများ၏ သင်ရိုးအလိုက် ရည်ရွယ်ချက်များကို အနှစ်ချုပ်စေခြင်းဖြင့် စစ်ဆေးအကဲဖြတ်ပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

**ဂီတ အနုပညာ သင်ရိုးညွှန်းတမ်း၏ ရည်ရွယ်ချက်များ -**

- ကလေးများ ကျောင်းနေပျော်၍ သင်ယူလိုစိတ် ပိုမိုထက်သန်လာစေရန်။ (ဂီတ သင်ယူမှု လုပ်ငန်းများ၏ အခြေခံ ကျွမ်းကျင်မှုများ)
- ကိုယ်၊ စိတ်နှလုံး နူးညံ့သိမ်မွေ့လာစေရန်။
- အချင်းချင်း ချစ်ခင်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်တတ်မှု ခံစားချက်များ ဖြစ်တည်လာစေရန်။
- ဂီတနှင့် အကပညာအပေါ် ချစ်ခင်မြတ်နိုးမှု၊ တန်ဖိုးထားမှုနှင့် သရုပ်ဖော်နိုင်မှု စသည့် ခံစားချက်များ ဖြစ်တည်လာစေရန်။

**ပန်းချီအနုပညာ သင်ရိုးညွှန်းတမ်း၏ ရည်ရွယ်ချက်များ -**

- ကျောင်းသားများသည် ပန်းချီအနုပညာများကို စနစ်တကျ သင်ကြားနိုင်မည်။
- ကျောင်းသားများသည် အဆင့်မြင့်သော အနုပညာနှင့် လက်မှုပညာများကို သင်ကြားခြင်းဖြင့် ၎င်းတို့စွမ်းရည်များကို မြှင့်တင်နိုင်မည်။
- ကျောင်းသားများအား မြန်မာ့အနုပညာများနှင့် လက်မှုပညာများကို မြတ်နိုးတန်ဖိုးထားတတ်စေမည်။

## ကျောင်းသားများ၏ နားလည်သဘောပေါက်မှုကို စစ်ဆေးခြင်း (၁၀ မိနစ်)

၁။ အထက်ဖော်ပြပါ ဂီတအနုပညာနှင့် ပန်းချီအနုပညာ သင်ရိုးညွှန်းတမ်း ရည်ရွယ်ချက် အကျဉ်းချုပ်ကို ကျောင်းသားများ အာရုံစူးစိုက်အောင်ပြုလုပ်ပါ။

၂။ ထိုအချက်များသည် ဤသင်ခန်းစာ၏ သင်ယူမှုရလဒ်များကို ဦးတည်နေကြောင်း သတိပြုမိပါစေ။

၃။ သင်ရိုးညွှန်းတမ်းကို သင်ယူမှုနှင့် သင်ကြားခြင်းအပေါ် အချို့သော ကျောင်းသားများကို မိမိ၏ ကိုယ်ပိုင် အတွေးအမြင်များနှင့် ခံစားချက်များအား ပြောကြားပါစေ။

၄။ ကျောင်းသားများကို နောက်လာမည့် သင်ခန်းစာအား ပြင်ဆင်ရန်အတွက် လက်ကမ်းစာစောင် (၂) ကို ဖတ်ပါစေ။

## ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ

**သင်ယူမှုလုပ်ငန်း ၁။** ။ ကျောင်းသားများထံမှ တက်ကြွစွာ ပါဝင်ဆောင်ရွက်ခြင်းဖြင့် ပထမ သင်ခန်းစာအား စတင်ရန် အရေးကြီးပါသည်။ ဤအဆင့်တွင် ထိုကျောင်းသားအား မိမိ၏ ဆန္ဒအလျောက် အတွေ့အကြုံကို မျှဝေရန် စေခိုင်းခြင်းသည် အကြောင်းအရာများစွာ ပြောကြားနိုင်မည်မဟုတ်ဘဲ တက်ကြွမှု လျော့ကျစေနိုင်ပါသည်။ ကျောင်းသားအချို့ကို ရွေးချယ်ပြီး အတိုချုံး မျှဝေရန် အဆိုပြုခြင်းဖြင့် တက်ကြွစွာ ပါဝင်ဆောင်ရွက်အောင် လုပ်ဆောင်နိုင်ပါသည်။ အကယ်၍ ကျောင်းသားတစ်ဦးမျှ ပြန်လည်မျှဝေရန် အကြောင်းအရာများ မရှိပါက ချိုသာစွာလက်ခံပြီး ကျန်အပိုင်းကို ဆက်လက်သင်ကြားနိုင်သည်။

**သင်ယူမှုလုပ်ငန်း ၂။** ။ ကျောင်းသားများသည် သင်ရိုးညွှန်းတမ်း လက်ကမ်းစာစောင် အသုံးပြုထားသော အချို့သော စကားလုံးများကို နားမလည်ပါက ကူညီထောက်ပံ့ပေးပါ။ ကျောင်းသားများအားလုံး သင်ယူနိုင်ရန် စကားလုံးများကို သင်ပုန်းပေါ်တွင် ရေးသားနိုင်သည်။

# ၁.၁.၂။
# မူလတန်းကျောင်းသားများသည် အနုပညာကို သင်ယူလေ့လာရန် အဘယ်ကြောင့် လိုအပ်ပါသနည်း။

## မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည်-

- အခြေခံပညာ သင်ရိုးညွှန်းတမ်းနှင့် မူလတန်းအဆင့် ဂီတအနုပညာနှင့် ပန်းချီအနုပညာ ဘာသာရပ်များ၏ ရည်ရွယ်ချက်များ ချိတ်ဆက်မှုကို ရှင်းပြတတ်မည်။

### ရရှိသွားမည့်တတ်ကျွမ်းမှုများ

(က) (၄.၁) အခြေခံပညာသင်ရိုးညွှန်းတမ်းတွင် ဖော်ပြထားသည့် သင်ရိုးဖွဲ့စည်းပုံ၊ အကြောင်းအရာနှင့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို နားလည်သဘောပေါက်ကြောင်း သရုပ်ဖော်ပြသသည်။

### စာသင်ချိန်

မိနစ် (၅၀)ကြာ စာသင်ချိန်တစ်ချိန်

### သင်ယူမှုနည်းလမ်းများ

အုပ်စုလိုက် ဆွေးနွေးခြင်း၊ ညာဏ်ဖွင့် ဆွေးနွေးခြင်း၊ ပြန်လည် တင်ပြခြင်း။

### လိုအပ်သောကြိုတင်ပြင်ဆင်မှု

လက်ကမ်းစာစောင် (၂) ကို ဖတ်ရှုပြီး အမျိုးသားသင်ရိုးညွှန်းတမ်းအညွှန်းဘောင်နှင့် အနုပညာ ဘာသာရပ်၏ ရည်ရွယ်ချက်များ ဆက်စပ်မှုကို ဆွေးနွေးရန် ပြင်ဆင်ပါ။ (အချို့သော နမူနာများကို အောက်တွင် ဖော်ပြထားပါသည်။)

## လိုအပ်သောရင်းမြစ်များ

လက်ကမ်းစာစောင် (၁)၊ လက်ကမ်းစာစောင် (၂)

## သင်ယူမှုလုပ်ငန်း ၁။ ဉာဏ်ဖွင့် ဆွေးနွေးခြင်း (၅ မိနစ်)

၁။ ကျောင်းသားများအား သင်ရိုးညွှန်းတမ်း၏ ရည်ရွယ်ချက်များတွင် ဖော်ပြထားသော အဓိက စကားလုံးများကို ဉာဏ်ဖွင့်ဆွေးနွေးစေပါ။ ထိုစကားလုံးများ အချို့မှာ အောက်ပါအတိုင်း ဖြစ်သည်။

- ပျော်ရွှင်ခြင်း
- စိတ်အားတက်ကြွစေခြင်း
- အကောင်းမြင်သော စိတ်နေသဘောထား
- အနုပညာခံစားမှု
- အလှတရား
- စိတ်ထား နူးညံ့ခြင်း
- လူမှုရေးဆိုင်ရာ ကျွမ်းကျင်မှုများ
- သိမြင်ခံစားခြင်း
- သမိုင်း နှင့် ရိုးရာ
- ခေတ်ပေါ် ဂီတ

၂။ လိုအပ်ပါက နမူနာများနှင့် ရှင်းလင်းချက်များ ပေးနိုင်သည်။

## စစ်ဆေးအကဲဖြတ်ခြင်း

ယခင်သင်ခန်းစာမှ သင်ရိုးညွှန်းတမ်း၏ ရည်ရွယ်ချက်များ အနှစ်ချုပ်ကို ကျောင်းသားများအား ပြန်လည်စုစည်းစေမည့် အခန်းတွင်းစစ်ဆေးမှုတစ်ခု ပြုလုပ်ပေးရမည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

အထက်ဖော်ပြပါ အဓိက စကားလုံးများကို ကြည့်ရှုပါ။

## သင်ယူမှုလုပ်ငန်း ၂။ အုပ်စုလိုက် ဆွေးနွေးခြင်း (၃၅ မိနစ်)

၁။ ကျောင်းသားများအား ဤသင်ခန်းစာအား ပြင်ဆင်နိုင်ရန်အလို့ငှာ ကြိုတင်ဖတ်ရှုရန် ညွှန်ကြားထားသော လက်ကမ်းစာစောင် (၂) ကို ရည်ညွှန်းပါ။

၂။ လေးယောက်မှ ငါးယောက် ပါဝင်သော အုပ်စုများကို အမျိုးသား သင်ရိုးညွှန်းတမ်း အညွှန်းဘောင်နှင့် လမ်းညွှန်မှုများ (လက်ကမ်းစာစောင်၂ တွင် ဖော်ပြထားသော)နှင့် ဂီတနှင့် ပန်းချီအနုပညာ၏ ရည်ရွယ်ချက်များ (လက်ကမ်းစာစောင် ၁ တွင် ဖော်ပြထားသော) မည်သို့ ဆက်စပ်သည်ကို ဆွေးနွေးပါစေ။

၃။ ကျောင်းသားများအားလုံး အုပ်စုလုပ်ငန်းတွင် ပါဝင်ဆွေးနွေးနေသည်ကို သေချာစေရန် ထိုသင်ခန်းစာကို ကူညီဆောင်ရွက်ပေးပါ။

၄။ အုပ်စုတစ်ခုစီမှ ကိုယ်စားလှယ်တစ်ဦးစီကို မိမိ၏ အုပ်စုတွင် မှတ်သားထားသော အတွေးအမြင်များကို ပြန်လည်တင်ပြစေပါ။

၅။ အုပ်စုတစ်စုစီကို တစ်လှည့်စီ အကျဉ်းချုပ် တင်ပြစေပြီး အချက်အလက်များအား မထပ်စေရန် ဂရုပြုပါ။ အချက်အလက်အသစ်များ သို့မဟုတ် အတွေးအမြင်အသစ်များကိုသာ တင်ပြရမည်ဖြစ်သည်။

၆။ ပြန်လည်တင်ပြမှုများ ပြုလုပ်သောအခါ အဓိက အချက်များနှင့် သင့်တော်သော အချက်များကို သင်ပုန်းပေါ် တွင် ရေးမှတ်ထားပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အမြေများ

ဂီတအနုပညာ နှင့် ပန်းချီအနုပညာသည် အောက်ဖော်ပြပါ အချက်များကို အကျိုးပြုမည် ဖြစ်သည်။

- **ဘက်စုံဟန်ချက်ညီ ဖွံ့ဖြိုးရေး** - ပန်းချီအနုပညာနှင့် ဂီတအနုပညာသည် အနုပညာ၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ကျောင်းသားများ၏ အနုပညာခံစားမှုကို မြှင့်တင်ပေးသော ကြောင့် စိတ်ခံစားမှုဆိုင်ရာနှင့် ခံစားမှုဆိုင်ရာ အဆင့်များကို တိုးတက်ဖွံ့ဖြိုးအောင် မြှင့်တင်ပေးမည်ဖြစ်သည်။
- **နိုင်ငံသားကောင်းဖြစ်ရေး** - မြန်မာ့ရိုးရာအနုပညာများကို ချစ်ခင်၊ မြတ်နိုး တန်ဖိုးထားသော နိုင်ငံသားကောင်းများဖြစ်ရန် မြှင့်တင်ပေးသောကြောင့်ဖြစ်သည်။
- **၂၁ ရာစုဆိုင်ရာ ကျွမ်းကျင်မှုများ ဖွံ့ဖြိုးရေး** - ဤဘာသာရပ်သည် ဉာဏဗလတွင် ပါဝင်သည့် တီထွင်ဖန်တီးနိုင်မှုနှင့် တီထွင်ဆန်းသစ်နိုင်သည့် စွမ်းရည်များ၊ ကာယဗလများဖြစ်သည့် ကခြင်း၊ အုပ်စုလုပ်ငန်းများ၊ နှစ်ယောက်တွဲလုပ်ငန်းများ လုပ်ဆောင်ခြင်းများကဲ့သို့သော မိတ္တဗလတွင် ပါဝင်သည့် လူမှုဆက်ဆံရေးစွမ်းရည်များနှင့် မိမိကိုယ်ကို နားလည် သဘော ပေါက်သည့် စွမ်းရည်များ၊ ချိတ်ဆက်နေသော ကျွမ်းကျင်မှုများနှင့် တတ်ကျွမ်းမှုများ၏ ပြဿနာဖြေရှင်းခြင်းဆိုင်ရာ ကျွမ်းကျင်မှုများကို သင်ကြားပေးနိုင်မည်။
- **အဆင့်မြင့်ပညာရပ်များ ဆက်လက်လေ့လာမှုအတွက် ပြင်ဆင်ပေးရေး** - ဂီတအနုပညာနှင့် ပန်းချီအနုပညာဆိုင်ရာ အခြေခံကျွမ်းကျင်မှုများသည် ဂီတအနုပညာဆိုင်ရာ အဆင့်မြင့် ပညာ သင်ယူရေးအတွက် အခြေခံအုတ်မြစ်ပင် ဖြစ်သည်။
- **လူ့အဖွဲ့အစည်းနှင့် ခေတ်မီစီးပွားရေးတွင် ဝင်ဆန့်နိုင်ရေးအတွက် ပြင်ဆင်ပေးရေး** - အနုပညာသည် ပွဲတော်များ၊ ပြပွဲများနှင့် ၎င်းတို့၏ နေ့စဉ်လုပ်ငန်းများကဲ့သို့သော မြန်မာ လူ့ဘောင်အဖွဲ့အစည်းတွင်း ကျောင်းသားများ၏ ဘဝတွင် စွမ်းရည်များတိုးတတ်လာစေရန် ထောက်ပံ့ပေးနိုင်သောကြောင့် ဖြစ်သည်။
- **ယဉ်ကျေးမှုများ၊ ထုံးတမ်းစဉ်လာများနှင့် ဓလေ့များ ထိန်းသိမ်းတန်ဖိုးထားရေး** - အနုပညာ သည် ကျောင်းသားများအား မြန်မာ့ရိုးရာများကို နှစ်သက်မြတ်နိုး တန်ဖိုးထားရန် အားပေး တိုက်တွန်း သောကြောင့်ဖြစ်သည်။

## ကျောင်းသားများ၏ နားလည်သဘောပေါက်မှုကို စစ်ဆေးခြင်း (၁၀ မိနစ်)

၁။ သင်ခန်းစာ၏ သင်ယူမှုရလဒ်သည် အုပ်စုဆွေးနွေးခြင်းဖြင့် ရရှိခြင်းကို ထောက်ပြပါ။

၂။ နှစ်ယောက်တစ်တွဲစီ ကျောင်းသားများကို အောက်ဖော်ပြပါ အကြောင်းအရာများသည် မည်သည်ကို ဆိုလိုကြောင်း မေးမြန်းပါ။

- ဘက်စုံ ဟန်ချက်ညီ ဖွံ့ဖြိုးတိုးတက်ရေး
- နိုင်ငံသားကောင်းဖြစ်ရေး
- ၂၁ ရာစု ဆိုင်ရာ ကျွမ်းကျင်မှုများ

၃။ အတိုချုပ် အဖြေများပေးပါ။

၄။ အိမ်စာသင်ခန်းစာ ပေးခြင်း- ကျောင်းသားများကို ဂျပန်နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) မှ ရေးဆွဲထားသော လက်ကမ်းစာစောင် (၂) '၂၁ ရာစုဆိုင်ရာ သင်ယူမှုများအတွက် ရည်ရွယ်သည့် ဗလငါးတန်ဇယား' ကို ကြည့်ရှုပါစေ။ ကျောင်းသားများသည် ကျွမ်းကျင်မှုတစ်ခုစီကို တစ်လှည့်စီ ကြည့်ရှုသင့်ပြီး ထိုကျွမ်းကျင်မှုများသည် မူလတန်းအဆင့် အနုပညာသင်ကြားရာတွင် မည်သို့ဆက်စပ်သည်ကို နမူနာများဖြင့် ပြောကြားပါစေ။

## ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ

**သင်ယူမှုလုပ်ငန်း ၁။** ။ အဆင့်ဆင့် ကြိုးပေးခြင်း ကစားနည်းများ (hangman game)၊ စကားလုံးများကို အစီအစဉ်ပြောင်းလဲခြင်း၊ သို့မဟုတ် ပထမဦးဆုံး စာလုံးကို အစပေးခြင်း စသည့် ကစားနည်းများကို လုပ်ဆောင်ခြင်းဖြင့် ပိုမိုကောင်းမွန်သော စကားလုံးများ ထွက်လာအောင် ပြုလုပ်ပေးပါ။

**သင်ယူမှုလုပ်ငန်း ၂။** ။ ဤလုပ်ငန်းတွင် ကျောင်းသားများထံမှ မည်သည့်နမူနာများ ရယူလိုသည်ကို ပြောကြားပေးပါက ပိုမိုအသုံးဝင်ပေမည်။

## ပြန်လည်ဆန်းစစ်ရန် မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

**မေးခွန်း ၁။** ပန်းချီ အနုပညာအား ကျောင်းသားများ သင်ယူရန် အဘယ်ကြောင့် အရေးပါသနည်း။

**အဖြေ** *ပန်းချီဆွဲခြင်း၊ လက်မှုဖန်တီးခြင်း ပြုလုပ်ရာတွင် ကျောင်းသားများ၏ ကမ္ဘာကြီးအပေါ် ကောက်ချက်ချမှုများမှတစ်ဆင့် ၎င်းတို့ မည်သို့ခံစားရသည်ကို ဖော်ပြနိုင်ရန် ကျောင်းသားအား အားပေးတိုက်တွန်းနိုင်ပါသည်။ တီထွင်ဖန်တီးသည့် စွမ်းရည် များ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် သူငယ်ချင်းများ၊ အတန်းဖော်များနှင့် ပူးပေါင်း ဆောင်ရွက်ပြီး လွတ်လပ်စွာ ဖော်ထုတ်နိုင်မှုများကို မြှင့်တင်ပေးရန်နှင့် ကိုယ်တိုင်နီးကြားတက်ကြွသော သင်ယူသူများအဖြစ် တိုးတက်လာစေရန် ရည်ရွယ်ပါသည်။*

**မေးခွန်း ၂။** ဂီတအနုပညာကို ကျောင်းသားများ အဘယ်ကြောင့် သင်ယူရန် လိုအပ်ပါသနည်း။

**အဖြေ** *ကျောင်းသားများအား ကိုယ်တိုင်နီးကြားသော သင်ယူသူများ ဖြစ်လာစေရန်နှင့် အချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မိမိကိုယ်ကို ဖော်ပြနိုင်သော သင်ယူမှု စွမ်းရည်များနှင့် တီထွင်ဖန်တီးမှုများ တိုးတက်လာစေရန်အတွက် မြှင့်တင်ပေးရန် ဖြစ်သည်။ ဤဘာသာရပ်သည် ဂီတဆိုင်ရာ သင်ယူမှုလုပ်ငန်းများတွင် ကျောင်းသားများ တက်ကြွစွာ ပါဝင်ဆောင်ရွက်နိုင်ရန်၊ အခြားသူများနှင့် ပူးပေါင်းပြီး မိမိ၏ အတွေးအမြင်များကို ဖော်ထုတ်နိုင်သည့် စွမ်းရည်များ ရရှိအောင် ကြိုးပမ်းနိုင်ရန်နှင့် မိမိကိုယ်တိုင် မည်သို့သင်ယူရမည်ကို နားလည်သဘောပေါက်အောင် ကူညီထောက်ပံ့ပေးရန် ရည်ရွယ်ပါသည်။*

**မေးခွန်း ၃။** လမ်းညွှန်မှု ၁၃ ခုကို အတတ်နိုင်ဆုံး မိမိမှတ်မိသလောက် ပြောကြားပါ။

**အဖြေ** *အဖြေကို လက်ကမ်းစာစောင် (၂) တွင် လမ်းညွှန်မှု ၁၃ ရပ်ကို တွေ့ရှိနိုင်ပါသည်။*

# ၁.၂။ အခြေခံပညာ အနုပညာ သင်ရိုးညွှန်းတမ်းပါ အသိပညာဗဟုသုတ

ဤအခန်းငယ်သည် အနုပညာ သင်ရိုးညွှန်းတမ်းတွင် သင်ကြားရမည့် ဘာသာရပ်များကို မိတ်ဆက်မည်ဖြစ်ပြီး သင်ရိုးညွှန်းတမ်း၏ သင်ယူမှုလုပ်ငန်းများသည် ကျောင်းသားများ၏ အသက်အရွယ်နှင့် စွမ်းဆောင်မှုအလိုက် သင့်တော်သော အပြုအမူများ ကျွမ်းကျင်မှုများ တိုးတက်လာစေရန် မည်သို့ လုပ်ဆောင်ရမည်ကို ရှင်းပြမည် ဖြစ်သည်။

## ၁.၂.၁။
## အခြေခံပညာ သင်ရိုးညွှန်းတမ်း၏ အနုပညာဘာသာရပ်

**မျှော်မှန်းထားသော သင်ယူမှုရလဒ်များ**

ဤသင်ခန်းစာကိုသင်ယူပြီးချိန်တွင် ကျောင်းသားများသည် -

- အနုပညာဘာသာရပ်တွင် မူလတန်းကျောင်းသားများအား သင်ကြားမည့် အဓိက အကြောင်း အရာများကို စာရင်းပြုစုတတ်မည်။
- ပထမတန်းမှ ပဥ္စမတန်းအထိ အဆင့်ဆင့် တိုးတက်လာမှုနှင့် စပ်လျဉ်း၍ သင်ယူမှု လုပ်ငန်းများအား မည်သို့ လုပ်ဆောင်ရမည်ကို ရှင်းပြတတ်မည်။

**ရရှိသွားမည့်တတ်ကျွမ်းမှုများ**

(က)(၄.၁) အခြေခံပညာသင်ရိုးညွှန်းတမ်းတွင် ဖော်ပြထားသည့် သင်ရိုးဖွဲ့စည်းပုံ၊ အကြောင်းအရာနှင့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို နားလည်သဘောပေါက်ကြောင်း သရုပ်ဖော်ပြသသည်။

**အချိန်**

မိနစ် (၅၀)ကြာ စာသင်ချိန် နှစ်ချိန်

**သင်ယူမှုနည်းလမ်းများ**

ဖတ်ရှုခြင်း၊ အုပ်စုလိုက် ဆွေးနွေးခြင်း၊ ပြန်လည်တင်ပြခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း

**လိုအပ်သောကြိုတင်ပြင်ဆင်မှု**

အောက်တွင် ဖော်ပြထားသော ရင်းမြစ်များ ရရှိနိုင်ရန် ပြင်ဆင်ထားပါ။

**လိုအပ်သောရင်းမြစ်များ**

စာသင်ချိန် (၁) မူလတန်းအဆင့် ပထမတန်းမှ ပဉ္စမတန်းအထိ ပန်းချီအနုပညာ ပြဋ္ဌာန်းစာအုပ်များ၊ လက်ကမ်းစာစောင် ၃။

စာသင်ချိန် (၂) မူလတန်းအဆင့် ပထမတန်းမှ ပဉ္စမတန်း အထိ ဂီတအနုပညာ ပြဋ္ဌာန်းစာအုပ်၊ လက်ကမ်းစာစောင် ၄။

## စာသင်ချိန် (၁)

### သင်ယူမှုလုပ်ငန်း ၁။ ခွဲခြမ်းစိတ်ဖြာခြင်း (၂၀ မိနစ်)

၁။ ပန်းချီအနုပညာ ပြဋ္ဌာန်းစာအုပ် တစ်အုပ်စီကို (ပထမတန်းမှ ပဉ္စမတန်းအထိ မည်သည့် ပြဋ္ဌာန်းစာအုပ်မဆို) ကျောင်းသားတစ်ဦးစီအား ဖြန့်ဝေပါ။

၂။ ပြဋ္ဌာန်းစာအုပ်ကို လျင်မြန်စွာ ကြည့်ရှုရန် အချိန် ၅ မိနစ်ခန့်ပေးပြီး မိမိတို့ငယ်စဉ် ထိုအတန်း တက်ခဲ့စဉ်က ကျောင်း၌ သင်ကြားခဲ့ပြီး မှတ်မိသည့် (သို့မဟုတ် မမှတ်မိသည့်) သင်ယူမှု လုပ်ငန်းများ သို့မဟုတ် သင်ခန်းစာများကို မှတ်စုရေးမှတ်ပါ။

၃။ ပန်းချီအနုပညာ ပြဋ္ဌာန်းစာအုပ်တိုင်းတွင် အောက်ဖော်ပြပါ နယ်ပယ် သုံးရပ်ရှိသည်ကို ကျောင်းသားများအား ရှင်းပြပါ။

- ပန်းချီ
- လက်မှု
- ရသခံစား တန်ဖိုးထားမှု

၄။ ကျောင်းသားများကို အုပ်စုသုံးစု ခွဲခြားပြီး အုပ်စုတစ်စုစီကို မတူညီသော နယ်ပယ်တစ်ခု စီအား တာဝန်ယူစေပါ။ (အကယ်၍ အတန်းအရွယ်အစားကြီးပါက အုပ်စုခြောက်စု ဖွဲ့နိုင်ပြီး အုပ်စုနှစ်စုစီသည် နယ်ပယ်တစ်ခုစီကို တာဝန်ယူနိုင်သည်။)

၅။ ကျောင်းသားများကို မိမိတို့ တာဝန်ယူရမည့် နယ်ပယ်အတွက် ပြဋ္ဌာန်းစာအုပ်မှ မိမိ ကြိုက်နှစ်သက်ရာ သင်ခန်းစာတစ်ခုစီကို တစ်ဦးချင်းစီ ရွေးချယ်ပါစေ။

၆။ ကျောင်းသားများကို ၎င်းတို့ ကြိုက်နှစ်သက်ရာ ရွေးချယ်ထားသော သင်ခန်းစာနှင့် ဆက်နွယ်သည့် လက်ကမ်းစာစောင် (၃) ပါ ဇယားမှ အတန်းလိုက် သင်ယူမှု အကြောင်း အရာများနှင့် အတန်းလိုက် သင်ယူမှု ရည်ရွယ်ချက်များအား ရှာဖွေလေ့လာပါစေ။

### စစ်ဆေးအကဲဖြတ်ခြင်း

ပြဿနာများ သို့မဟုတ် ရှင်းလင်းချက်များဖြင့် ကိုင်တွယ်ခြင်း၊ ကြီးကြပ်ခြင်းနှင့် ဖြေရှင်းခြင်းများ ပြုလုပ်ရမည်။ ကျောင်းသားများကို မိမိကိုယ်ပိုင် စစ်ဆေးအကဲဖြတ်မှုများ ပြုလုပ်ရန် အားပေး တိုက်တွန်းပြီး လာမည့်လုပ်ငန်းတွင် မိမိတို့၏ တွေ့ရှိချက်များအား ဆွေးနွေးရမည်ကို ပြောကြား ပေးပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကြိုက်နှစ်သက်သော သင်ခန်းစာများနှင့် အတွေ့အကြုံများသည် ပြောင်းလဲမှု ရှိနိုင်ပါသည်။ ကျောင်းသားများသည် ပြဋ္ဌာန်းစာအုပ်ပါ သင်ခန်းစာများကို လက်ကမ်းစာစောင်ပါ အတန်းလိုက် ရည်ရွယ်ချက်များ၊ အတန်းလိုက် သင်ယူမှုအကြောင်းအရာများနှင့် ယှဉ်တွဲနိုင်ရမည်။

## သင်ယူမှုလုပ်ငန်း ၂။ အုပ်စုလိုက် ဆွေးနွေးခြင်း (၂၅ မိနစ်)

၁။ ကျောင်းသားများကို လေးယောက် သို့မဟုတ် ငါးယောက် တစ်အုပ်စုပါ အဖွဲ့များ ဖွဲ့ပါမည်။

၂။ အုပ်စုများကို မိမိကြိုက်နှစ်သက်ရာ သင်ခန်းစာများနှင့် လက်ကမ်းစာစောင် (၃) ပါ ဇယား၌ တင်ပြထားသည့် အတန်းလိုက် ရည်ရွယ်ချက်နှင့် သင်ယူမှု အကြောင်းအရာများဖြင့် ဆွေးနွေးပါစေ။

၃။ အုပ်စုတစ်ခုစီသည် ကြိုက်နှစ်သက်ရာ ရွေးချယ်ထားသော ပန်းချီအနုပညာ သင်ခန်းစာ တစ်ခုကို အခြားအဖွဲ့များသို့ ပြန်လည်တင်ပြရန် ဆုံးဖြတ်၊ သဘောတူညီမှုရယူရမည်။ ထိုသို့ သဘောတူညီမှုရယူရာတွင် ညှိယူခြင်း သို့မဟုတ် မဲခွဲဆုံးဖြတ်ခြင်းများ ပါဝင်နိုင်သည်။

၄။ အုပ်စုတစ်ခုစီသည် အောက်ဖော်ပြပါ အချက်အလက်များကို တင်ပြရမည်။

- နယ်ပယ်၊ အတန်း၊ သင်ခန်းစာ ခေါင်းစဉ်
- အတန်းလိုက် ရည်ရွယ်ချက်များ၊ အတန်းလိုက် သင်ယူမှု အကြောင်းအရာများ
- သင်ခန်းစာတွင် လုပ်ဆောင်ရမည့် သင်ယူမှု လုပ်ငန်းများ
- အဘယ်ကြောင့် ဤသင်ခန်းစာကို အုပ်စု၏ အနှစ်သက်ဆုံးသင်ခန်းစာအဖြစ် ရွေးချယ်ခဲ့သနည်း။

## စစ်ဆေးအကဲဖြတ်ခြင်း

အတန်းအရွယ်အစားအပေါ်တွင် မူတည်ပြီး အတန်းကို တစ်ဝက်ခန့် ခွဲခြားရန် လိုအပ်ပေမည်။ ဆိုလိုသည်မှာ အုပ်စု ၁၀ခု၊ ၁၂ ခုဖြင့် အတန်းတစ်တန်းလုံးအား တင်ပြခြင်းထက် အုပ်စု ငါးစု သို့မဟုတ် ခြောက်စုဖြင့် အချင်းချင်း ပြန်လည်တင်ပြမှုများ ပြုလုပ်နိုင်သည်။

အုပ်စုများသည် အချင်းချင်းစစ်ဆေးအကဲဖြတ်နိုင်မည်ဖြစ်ပြီး လုပ်ငန်း၏ ရည်ရွယ်ချက်များအား ခြုံငုံနိုင်သည့် ရိုးရှင်းသော အချင်းချင်းစစ်ဆေးအကဲဖြတ်ခြင်းစံများ အသုံးပြုခြင်းသည်လည်း ကောင်းသော အချက်ပင်ဖြစ်သည်။

## ကျောင်းသားများ၏ နားလည်သဘောပေါက်မှုကို စစ်ဆေးခြင်း (၅ မိနစ်)

ဤသင်ခန်းစာမှ အဓိကသင်ယူသည့် အချက်များကို အနှစ်ချုပ်ရလျှင် သင်ရိုးညွှန်းတမ်းအား နားလည်သဘောပေါက်မှုနှင့် သက်ဆိုင်သော သင်ယူမှုရလဒ်များနှင့် ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက်များကို ကျောင်းသားများ အာရုံစိုက်မှုရရှိအောင် လုပ်ဆောင်ပါ။

- ပန်းချီအနုပညာတွင် ပန်းချီအနုပညာ၊ လက်မှုပညာနှင့် ရသခံစားတန်ဖိုးထားမှု စသည်ဖြင့် နယ်ပယ် သုံးရပ်ရှိပါသည်။
- နယ်ပယ် သုံးရပ်လုံးသည် ပထမတန်းမှ ပဥ္စမတန်းအထိ ပါဝင်သည်။
- အတန်းလိုက် ရည်ရွယ်ချက်များနှင့် အတန်းလိုက် အကြောင်းအရာများသည် ပြဋ္ဌာန်း စာအုပ်များနှင့် ဆက်စပ်နေသည်။

## ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ

**သင်ယူမှုလုပ်ငန်း ၁။** ။ နယ်ပယ်တစ်ခုစီအတွက် အတန်းကို အုပ်စုတစ်ခုစီ မခွဲဘဲ ဤလုပ်ငန်းကို ကန့်သတ်မှုနည်းနည်းဖြင့် လုပ်ဆောင်နိုင်သည်။

**သင်ယူမှုလုပ်ငန်း ၂။** ။ ဤလုပ်ငန်းကို အတန်းအနေအထားအရ အမျိုးမျိုးသော နည်းလမ်းများဖြင့် အုပ်စုဖွဲ့ခြင်းနှင့် ကူညီပေးခြင်းများ ပြုလုပ်နိုင်သည်။ ဥပမာ အုပ်စုတစ်စုစီကို သက်ဆိုင်ရာ နယ်ပယ်တစ်ခုစီ တာဝန်ပေးအပ်နိုင်ပြီး နယ်ပယ်တစ်ခုစီမှ အုပ်စုတစ်ခုစီပါဝင်သော ပြန်လည်တင်ပြမည့် အဖွဲ့များ ပြန်ဖွဲ့ခြင်းဖြင့် အကြောင်းအရာများ မထပ်အောင်တားဆီးနိုင်ပြီး ပိုမိုနည်းလမ်းကျနိုင်ပေမည်။

**စာသင်ချိန် (၂)**

### သင်ယူမှုလုပ်ငန်း ၃။ ခွဲခြမ်းစိတ်ဖြာခြင်း (၂၀ မိနစ်)

၁။ ဂီတအနုပညာ ပြဋ္ဌာန်းစာအုပ် တစ်အုပ်စီကို (ပထမတန်းမှ ပဉ္စမတန်းအထိ မည်သည့် ပြဋ္ဌာန်းစာအုပ် မဆို) ကျောင်းသားတစ်ဦးစီအား ဖြန့်ဝေပါ။

၂။ ပြဋ္ဌာန်းစာအုပ်ကို လျင်မြန်စွာ ကြည့်ရှုရန် အချိန် ၅ မိနစ်ခန့်ပေးပြီး မိမိတို့ငယ်စဉ် ထိုအတန်းတက်ခဲ့စဉ်က ကျောင်း၌ သင်ကြားခဲ့ပြီး မှတ်မိသည့် (သို့မဟုတ် မမှတ်မိသည့်) သင်ယူမှုလုပ်ငန်းများ သို့မဟုတ် သင်ခန်းစာများကို မှတ်စုရေးမှတ်ပါ။

၃။ ဂီတအနုပညာ ပြဋ္ဌာန်းစာအုပ်တိုင်းတွင် အောက်ဖော်ပြပါ နယ်ပယ်သုံးရပ်ရှိသည်ကို ကျောင်းသားများအား ရှင်းပြပါ။

- အကပညာ
- အဆိုပညာ
- အတီးပညာ

၄။ ကျောင်းသားများကို အုပ်စုသုံးစုခွဲခြားပြီး အုပ်စုတစ်စုစီကို မတူညီသော နယ်ပယ်တစ်ခုစီအား တာဝန်ယူစေပါ။ (အကယ်၍ အတန်းအရွယ်အစားကြီးပါက အုပ်စုခြောက်စုဖွဲ့နိုင်ပြီး အုပ်စုနှစ်စုစီသည် နယ်ပယ်တစ်ခုစီကို တာဝန်ယူနိုင်သည်။)

၅။ ကျောင်းသားများကို မိမိတို့ တာဝန်ယူရမည့် နယ်ပယ်အတွက် ပြဋ္ဌာန်းစာအုပ်မှ မိမိကြိုက်နှစ်သက်ရာ သင်ခန်းစာတစ်ခုစီကို တစ်ဦးချင်းစီ ရွေးချယ်ပါစေ။

၆။ ကျောင်းသားများကို ၎င်းတို့ကြိုက်နှစ်သက်ရာ ရွေးချယ်ထားသော သင်ခန်းစာနှင့် ဆက်နွယ်သည့် လက်ကမ်းစာစောင် (၄) ပါ ဇယားမှ အတန်းလိုက် သင်ယူမှု အကြောင်းအရာများနှင့် အတန်းလိုက် သင်ယူမှု ရည်ရွယ်ချက်များအား ရှာဖွေလေ့လာပါစေ။

## စစ်ဆေးအကဲဖြတ်ခြင်း

လှည့်ပတ်ကြည့်ရှုပြီး ပြဿနာများ ဖြေရှင်းခြင်း သို့မဟုတ် ရှင်းလင်းချက်များပေးခြင်း၊ ကြီးကြပ်ခြင်းများ ပြုလုပ်ရမည်။ ကျောင်းသားများကို မိမိကိုယ်ပိုင် စစ်ဆေးအကဲဖြတ်မှုများ ပြုလုပ်ရန် အားပေးတိုက်တွန်းပြီး လာမည့်လုပ်ငန်းတွင် မိမိတို့၏ တွေ့ရှိချက်များအား ဆွေးနွေးရမည်ကို ပြောကြားပေးပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကြိုက်နှစ်သက်သော သင်ခန်းစာများနှင့် အတွေ့အကြုံများသည် ပြောင်းလဲမှု ရှိနိုင်ပါသည်။ ကျောင်းသားများသည် ပြဋ္ဌာန်းစာအုပ်ပါ သင်ခန်းစာများကို လက်ကမ်းစာစောင်ပါ အတန်းလိုက် ရည်ရွယ်ချက်များ၊ အတန်းလိုက် သင်ယူမှုအကြောင်းအရာများနှင့် ယှဉ်တွဲနိုင်ရမည်။

## သင်ယူမှုလုပ်ငန်း ၄။ အုပ်စုလိုက် ဆွေးနွေးခြင်း (၂၅ မိနစ်)

၁။ ကျောင်းသားများကို လေးယောက် သို့မဟုတ် ငါးယောက် တစ်အုပ်စုပါ အဖွဲ့များ ဖွဲ့ပါမည်။

၂။ အုပ်စုများကို မိမိကြိုက်နှစ်သက်ရာ သင်ခန်းစာများနှင့် လက်ကမ်းစာစောင် (၄) ပါ ဇယားဖြစ်သော အတန်းလိုက် ရည်ရွယ်ချက်နှင့် သင်ယူမှု အကြောင်းအရာများဖြင့် ဆွေးနွေးပါစေ။

၃။ အုပ်စုတစ်ခုစီသည် ကြိုက်နှစ်သက်ရာ ရွေးချယ်ထားသော သင်ခန်းစာတစ်ခုကို အခြား အဖွဲ့များသို့ ပြန်လည်တင်ပြရန် သဘောတူညီမှု ရယူရမည်။ ထိုသို့ သဘောတူညီမှု ရယူရာတွင် ညှိယူခြင်း သို့မဟုတ် မဲခွဲဆုံးဖြတ်ခြင်းများ ပါဝင်နိုင်သည်။

၄။ အုပ်စုတစ်ခုစီသည် အောက်ဖော်ပြပါ အချက်အလက်များကို တင်ပြရမည်။

- နယ်ပယ်၊ အတန်း၊ သင်ခန်းစာ ခေါင်းစဉ်
- အတန်းလိုက် ရည်ရွယ်ချက်၊ အတန်းလိုက် သင်ယူမှု အကြောင်းအရာ
- သင်ခန်းစာတွင် လုပ်ဆောင်ရမည့် သင်ယူမှု လုပ်ငန်းများ
- အဘယ်ကြောင့် ဤသင်ခန်းစာကို အုပ်စု၏ အနှစ်သက်ဆုံး သင်ခန်းစာအဖြစ် ရွေးချယ်ခဲ့သနည်း။

## စစ်ဆေးအကဲဖြတ်ခြင်း

အတန်းအရွယ်အစားအပေါ်တွင် မူတည်ပြီး အတန်းကို တစ်ဝက်ခန့် ခွဲခြားရန် လိုအပ်ပေမည်။ ဆိုလိုသည်မှာ အုပ်စု ၁၀ခု၊ ၁၂ ခုဖြင့် အတန်းတစ်တန်းလုံးအား တင်ပြခြင်းထက် အုပ်စု ငါးစု သို့မဟုတ် ခြောက်စုဖြင့် အချင်းချင်း ပြန်လည်တင်ပြမှုများ ပြုလုပ်နိုင်သည်။

အုပ်စုများသည် အချင်းချင်း စစ်ဆေးအကဲဖြတ်နိုင်မည်ဖြစ်ပြီး ယခင်လုပ်ငန်းတွင် အသုံးပြုထားသော အချင်းချင်း စစ်ဆေးအကဲဖြတ်သည့် စံများကို အသုံးပြုနိုင်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ယခုလုပ်ငန်းလုပ်ဆောင်စဉ် ကျောင်းသားများသည် မိမိတို့ကြိုက်နှစ်သက်သော သင်ခန်းစာတစ်ခု နှင့် ထိုသင်ခန်းစာနှင့် ကိုက်ညီသော အတန်းလိုက် ရည်ရွယ်ချက်များနှင့် အကြောင်းအရာများကို သဘောတူညီမှုရယူပြီး ဖြစ်ရမည်။

## ကျောင်းသားများ၏ နားလည်သဘောပေါက်မှုကို စစ်ဆေးခြင်း (၅ မိနစ်)

ဤသင်ခန်းစာမှ အဓိကသင်ယူသည့် အချက်များကို အနှစ်ချုပ်ရလျှင် သင်ရိုးညွှန်းတမ်းအား နားလည်သဘောပေါက်မှုနှင့် သက်ဆိုင်သော သင်ယူမှုရလဒ်များနှင့် ဆရာများအတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက်များကို ကျောင်းသားများ အာရုံစိုက်မှုရရှိအောင် လုပ်ဆောင်ပါ။

- ဂီတအနုပညာတွင် အဆို၊ အကနှင့် အတီး စသည်ဖြင့် နယ်ပယ်သုံးရပ်ရှိပါသည်။
- နယ်ပယ် သုံးရပ်လုံးသည် ပထမတန်းမှ ပဉ္စမတန်းအထိ ပါဝင်သည်။
- အတန်းအလိုက် ရည်ရွယ်ချက်များနှင့် အတန်းလိုက်အကြောင်းအရာများသည် ပြဋ္ဌာန်းစာအုပ်များနှင့် ဆက်စပ်နေသည်။

## ၁.၂.၂။
## မူလတန်းအနုပညာ (ပန်းချီ) သင်ရိုးညွှန်းတမ်း ဖွဲ့စည်းပုံကို နားလည်သဘောပေါက်ခြင်း

### မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

ဤသင်ခန်းစာကိုသင်ယူပြီးချိန်တွင် ကျောင်းသားများသည် -

- ပြဋ္ဌာန်းစာအုပ်များတွင် အတန်းအလိုက် ရည်ရွယ်ချက်များ ပေါက်မြောက်ရေးအတွက် မည်ကဲ့သို့ စီစဉ်ထားသည်နှင့် အတန်းလိုက် (ပထမတန်းမှ ပဉ္စမတန်းအထိ) မည်ကဲ့သို့ ပြောင်းလဲလာသည်တို့ကို ရှင်းပြတတ်မည်။

### ရရှိသွားမည့်တတ်ကျွမ်းမှုများ

(က)(၄.၁) အခြေခံပညာသင်ရိုးညွှန်းတမ်းတွင် ဖော်ပြထားသည့် သင်ရိုးဖွဲ့စည်းပုံ၊ အကြောင်းအရာနှင့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို နားလည်သဘောပေါက်ကြောင်း သရုပ်ဖော်ပြသသည်။

### အချိန်

မိနစ် (၅၀)ကြာ စာသင်ချိန်တစ်ချိန်

### သင်ယူမှုနည်းလမ်းများ

ဖတ်ရှုခြင်း၊ အုပ်စုလိုက် ဆွေးနွေးခြင်း၊ ပြခန်းလှည့်လည် ကြည့်ရှုသင်ယူခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း

### လိုအပ်သောကြိုတင်ပြင်ဆင်မှု

အောက်တွင်ဖော်ပြထားသော ရင်းမြစ်များ ရရှိအောင် သေချာစွာ စီမံထားပါ။

**လိုအပ်သောရင်းမြစ်များ**

ပန်းချီအနုပညာ ပြဋ္ဌာန်းစာအုပ်များနှင့် ဆရာလမ်းညွှန်များ (ပထမတန်း မှ ပဉ္စမတန်းအထိ)၊ လက်ကမ်းစာစောင် (၅)၊ ကားချပ်ကြီး၊ မာကာများ။

## သင်ယူမှုလုပ်ငန်း ၁။ ခွဲခြမ်းစိတ်ဖြာခြင်း (၁၅ မိနစ်)

၁။ ကျောင်းသားတစ်ဦးစီကို ပန်းချီအနုပညာ ပြဋ္ဌာန်းစာအုပ် (ပထမတန်းမှ ပဉ္စမတန်းအထိ မည်သည့် ပြဋ္ဌာန်းစာအုပ်မဆို) နှင့် သက်ဆိုင်သော ဆရာလမ်းညွှန်အား ဖြန့်ဝေပါ။

၂။ နယ်ပယ်တစ်ခုစီ၏ ပါဝင်သော အကြောင်းအရာများကို သင်ခန်းစာ ၁.၂.၁။ တွင် လေ့လာခဲ့ပြီးဖြစ်ကြောင်း ရှင်းပြပြီး ယခုတွင် နယ်ပယ်တစ်ခုစီ၏ ရည်ရွယ်ချက်များနှင့် သင်ယူမှုအကြောင်းအရာများ အတန်းအလိုက် ပြောင်းလာပုံကို လေ့လာရမည်ဖြစ်ကြောင်း ရှင်းပြပါ။

၃။ ကျောင်းသားများအား လက်ကမ်းစာစောင် (၅)ကို လေ့လာစေပြီး လက်ကမ်းစာစောင်ပါ အကြောင်းအရာများကို အကျဉ်းချုပ်ပြီး ရှင်းပြပါ။

၄။ ပြဋ္ဌာန်းစာအုပ်နှင့် ဆရာလမ်းညွှန်များကို မည်သို့ ဖွဲ့စည်းထားသည်ကို လက်ကမ်းစာစောင် (၅) ပါ အကြောင်းအရာများကို ရည်ညွှန်းပြီး အကျဉ်းချုံး ရှင်းပြပါ။

၅။ ကျောင်းသားများကို ပြဋ္ဌာန်းစာအုပ်များ၊ ဆရာလမ်းညွှန်များနှင့် လက်ကမ်းစာစောင် (၅) ကို ဖတ်ရှုရန် အချိန်အနည်းငယ်ပေးပါ။

**စစ်ဆေးအကဲဖြတ်ခြင်း**

လက်ကမ်းစာစောင် (၅)ကို ကိုးကားပြီး ပြဋ္ဌာန်းစာအုပ်များနှင့် ဆရာလမ်းညွှန်များ ဖွဲ့စည်းပုံနှင့် သက်ဆိုင်သော အချက်အလက်တိုလေးများပါဝင်သည့် မေးခွန်းများအား မေးမြန်းပါ။

**ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ**

ပြဋ္ဌာန်းစာအုပ်များ၊ ဆရာလမ်းညွှန်များနှင့် လက်ကမ်းစာစောင်ကို နှိုင်းယှဉ်ခြင်းဖြင့် ကျောင်းသားများသည် မူလတန်း သင်ကြားသင်ယူမှု ပစ္စည်းများ၏ ဖွဲ့စည်းပုံကို နားလည်သဘောပေါက်မည် ဖြစ်သည်။

## သင်ယူမှုလုပ်ငန်း ၂။ အုပ်စုလိုက် ဆွေးနွေးခြင်းနှင့် ပြန်လည် တင်ပြခြင်း (၃၀ မိနစ်)

၁။ ကျောင်းသားများကို အုပ်စုသုံးစုခွဲပြီး အုပ်စုတစ်ခုစီကို နယ်ပယ်တစ်ခုစီ တာဝန်ပေးအပ်ပါ။ အတန်းသားဦးရေများပါက အတန်းကို အုပ်စု ခြောက်စု ဖွဲ့ပြီး အုပ်စု နှစ်စုသည် နယ်ပယ် တစ်ခုစီကို တာဝန်ယူနိုင်သည်။

- ပန်းချီအနုပညာ
- လက်မှု အနုပညာ
- ရသခံစားတန်ဖိုးထားမှု

၂။ အုပ်စုတစ်ခုစီကို အောက်ဖော်ပြပါ လုပ်ငန်းများအား တာဝန်ပေးအပ်ပါမည်။

(က) မိမိတာဝန်ယူရမည့် နယ်ပယ်၏ အတန်းလိုက် ရည်ရွယ်ချက်များကို လေ့လာပါ။

(ခ) ထိုအတန်းလိုက်ရည်ရွယ်ချက်များအား အောင်မြင်ရန်အလို့ငှာ ပြဋ္ဌာန်းစာအုပ်များနှင့် ဆရာလမ်းညွှန်များရှိ လိုက်နာလုပ်ဆောင်ရမည့် သင်ယူမှုလုပ်ငန်းများကို လေ့လာပါ။

(ဂ) အတန်းလိုက်ရည်ရွယ်ချက်များနှင့် သင်ယူမှုလုပ်ငန်းများသည် အတန်းအဆင့်အလိုက် ပြဋ္ဌာန်းစာအုပ်များတွင် မည်သို့ တိုးတက်လာသည်ကို အုပ်စုတွင်း ဆွေးနွေးပါစေ။

၃။ အုပ်စုတစ်စုစီကို ကားချပ်စာရွက်ကြီးပေါ်တွင် မိမိတို့၏ အုပ်စုတွင်း ဆွေးနွေးထားသော သတင်းအချက်အလက်မျကို အတိုချုပ် ပြန်လည်တင်ပြမှုများ ပြုလုပ်နိုင်ရန်အတွက် ရေးသားပြင်ဆင်ရန် ညွှန်ကြားပါ။ လက်ကမ်းစာစောင် (၅) ပါ ပုံစံအား လိုက်နာရမည် ဖြစ်သည်။

၄။ အုပ်စုတိုင်းကို ပြန်လည်တင်ပြမည့် အကြောင်းအရာများအား အခြားသော ကျောင်းသား များ မြင်သာအောင် စာသင်ခန်းနံရံတွင် ချိတ်ဆွဲရန် ညွှန်ကြားပါ။

၅။ ပြခန်းလှည့်လည် ကြည့်ရှုသင်ယူခြင်း - ကျောင်းသားများအား တင်ပြမည့် အကြောင်း အရာများကို အခန်းတစ်လျှောက် လှည့်လည်ကြည့်ရှုလေ့လာပြီး အချက်အလက်များကို ဖတ်ရှုကာ လက်ကမ်းစာစောင် (၅) ရှိ ပုံစံကို အသုံးပြု၍ မှတ်စုများ ရေးသားပါစေ။

## စစ်ဆေးအကဲဖြတ်ခြင်း

ပြခန်းလှည့်လည် ကြည့်ရှုလေ့လာခြင်းပြုလုပ်စဉ် လက်ကမ်းစာစောင် (၅) အသုံးပြုပြီး ပြန်လည်တင်ပြမှုများကို အချင်းချင်း စစ်ဆေးအကဲဖြတ်မှုများ ပြုလုပ်နိုင်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

အုပ်စုတွင် မိမိတို့တာဝန်ယူရမည့် နယ်ပယ်အတွက် လက်ကမ်းစာစောင် (၅) ပါ ပုံစံကို ဖြည့်စွက်ခြင်း၊ ကားချပ်ကြီးတွင် ရေးသားခြင်းအားဖြင့် ကျောင်းသားများက ပြဋ္ဌာန်းစာအုပ်ပါ သင်ယူမှုလုပ်ငန်းများ အဆင့်ဆင့် ပြောင်းလဲမှုနှင့် အတန်းလိုက် ရည်ရွယ်ချက်များ အဆင့်ဆင့် ပြောင်းလဲမှုကို သရုပ်ပြပါလိမ့်မည်။

အဆင့်ဆင့်တိုးတက်မှု၏ နမူနာများကို အောက်တွင်ဖော်ပြထားသော သင်ခန်းစာဆွေးနွေးမှုတွင် အနှစ်ချုပ်နိုင်သည်။

## ကျောင်းသားများ၏ နားလည်သဘောပေါက်မှုကို စစ်ဆေးခြင်း (၅ မိနစ်)

ဤသင်ခန်းစာမှ သင်ယူမှုရလဒ်ကို ကျောင်းသားများ အာရုံစိုက်အောင်ပြုလုပ်ပြီး အောက်ဖော်ပြပါ အဆင့်ဆင့်တိုးတက်မှု၏ နမူနာများကို ပေးခြင်း၊ ဖော်ထုတ်ခြင်းဖြင့် အနှစ်ချုပ်ပါ။

(က) **ပန်းချီဆွဲခြင်း -** ရိုးရှင်းသော မျဉ်းများဆွဲခြင်းစသည့် အခြေခံကျွမ်းကျင်မှုများဖြင့် သင်ယူမှုလုပ်ငန်းများ၊ ရည်ရွယ်ချက်များအား စတင်ပြီး ဒုတိယအရောင်များကို သင်ယူခြင်း (တတိယတန်း)နှင့် ရှုထောင့်များ (စတုတ္ထတန်း) စသည်တို့ဖြင့် အဆင့်မြင့်အတွေးအခေါ်များဆီသို့ ဖြည်းဖြည်းမှန်မှန် တိုးတက်လာသည်။ ဤပန်းချီဆွဲခြင်းဆိုင်ရာ ကျွမ်းကျင်မှုများကို ကျောင်းသားများ၏ စိတ်ကူးစိတ်သန်းများဖြင့် သရုပ်ဖော်ရေးဆွဲနိုင်ရန် သို့မဟုတ် အတွေးအမြင်များအား ဖော်ထုတ်နိုင်ရန် သင်ယူရခြင်း ဖြစ်သည်။ မိမိတို့၏ အတွေးအမြင်များ၊ စိတ်ကူးစိတ်သန်းများကို ပုံစံအမျိုးမျိုးဖြင့် ဖော်ထုတ်နိုင်ရန် တဖြည်းဖြည်းသင်ယူလာနိုင်မည်။

(ခ) **လက်မှုအနုပညာ -** ကျောင်းသားများအား ပတ်ဝန်းကျင်ရှိ အရာဝတ္ထုများကို အသုံးပြုစေပြီး လက်မှုပစ္စည်းများကို ပျော်ရွှင်စွာ ပြုလုပ်စေခြင်းဖြင့် လက်မှုအနုပညာ၏ ရည်ရွယ်ချက်များနှင့် သင်ယူမှုလုပ်ငန်းများကို စတင်ကာ၊ ကိရိယာများနှင့် မတူညီသော ပစ္စည်းများ အသုံးပြုစေခြင်းဖြင့် လက်မှုပညာဆိုင်ရာ ကျွမ်းကျင်မှုများ တဖြည်းဖြည်း တိုးတက်လာမည် ဖြစ်သည်။ လက်မှုဆိုင်ရာ ကျွမ်းကျင်မှုများကို ကျောင်းသားများ၏ စိတ်ကူးစိတ်သန်းများဖြင့် လက်မှုများ ဖန်တီးနိုင်ရန် သို့မဟုတ် အတွေးအမြင်များအား ဖော်ထုတ်နိုင်ရန် သင်ယူရခြင်း ဖြစ်သည်။

(ဂ) **ရသခံစားတန်ဖိုးထား -** မိမိပတ်ဝန်းကျင်ရှိ မြန်မာ့ရိုးရာ အနုပညာပစ္စည်းများကို စိတ်ဝင်စားမှု ရှိစေခြင်းဖြင့် ရသခံစား တန်ဖိုးထားမှု၏ ရည်ရွယ်ချက်များနှင့် သင်ယူမှု လုပ်ငန်းများ စတင်ပြီး ကျောင်းသားများသည် တဖြည်းဖြည်း မြန်မာ့ရိုးရာနှင့် တိုင်းရင်းသားများ၏ အနုပညာ ပစ္စည်းများကို ကြည့်ရှု၊ နားလည်၊ တန်းဖိုးထားတတ်အောင် သင်ယူရမည်ဖြစ်သည်။

(ဃ) **အကျဉ်းချုပ် -** အစောပိုင်းအတန်းများတွင် ရိုးရှင်းသော ကျွမ်းကျင်မှုများ၊ အနုပညာပစ္စည်းများဖြင့် ပန်းချီအနုပညာအား စိတ်ဝင်စားလာစေခြင်းနှင့် နှစ်သက်လာစေခြင်းမှ သင်ကြားခြင်း များကို စတင်ပြီး အတန်းများမြင့်လာသည်နှင့် ပိုမိုအဆင့်မြင့်သော ကျွမ်းကျင်မှုများ၊ အနုပညာပစ္စည်းများဆီသို့ တဖြည်းဖြည်း မြင့်တက်သွားသည်။ ကျောင်းသားများသည် ၎င်းတို့၏ စိတ်ကူးစိတ်သန်းများအား နည်းလမ်းအမျိုးမျိုးဖြင့် မည်ကဲ့သို့ ဖော်ပြနိုင်မည်ကို တဖြည်းဖြည်း လေ့လာကြမည်ဖြစ်သည်။

**ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ**

**သင်ယူမှုလုပ်ငန်း ၁။** ။ အဆင့်ဆင့်တိုးတက်လာခြင်း ဆိုသည်မှာ မည်သည်ကို ဆိုလိုကြောင်း နမူနာများဖြင့် ရှင်းပြရန် လိုအပ်နိုင်သည်။

**သင်ယူမှုလုပ်ငန်း ၂။** ။ ကျောင်းသားများသည် နှုတ်ဖြင့် ပြန်လည်တင်ပြခြင်းကို ပြခန်းလှည့်လည် ကြည့်ရှုသင်ယူခြင်းထက် ပိုမိုအားသန်နိုင်သည်။

## ၁.၂.၃။
## မူလတန်းအနုပညာ (ဂီတ) သင်ရိုးညွှန်းတမ်း ဖွဲ့စည်းပုံကို နားလည်သဘောပေါက်ခြင်း

**မျှော်မှန်းထားသော သင်ယူမှုရလဒ်များ**

ဤသင်ခန်းစာကိုသင်ယူပြီးချိန်တွင် ကျောင်းသားများသည် -

- ပြဋ္ဌာန်းစာအုပ်များတွင် အတန်းအလိုက် ရည်ရွယ်ချက်များ ပေါက်မြောက်ရေးအတွက် မည်ကဲ့သို့ စီစဉ်ထားသည်နှင့် အတန်းအလိုက် မည်ကဲ့သို့ တိုးတက်ပြောင်းလဲမှု ရှိသည်တို့ကို ရှင်းပြတတ်မည်။

**ရရှိသွားမည့်တတ်ကျွမ်းမှုများ**

(က)(၄.၁) အခြေခံပညာသင်ရိုးညွှန်းတမ်းတွင် ဖော်ပြထားသည့် သင်ရိုးဖွဲ့စည်းပုံ၊ အကြောင်းအရာနှင့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို နားလည်သဘောပေါက်ကြောင်း သရုပ်ဖော်ပြသသည်။

**အချိန်**

မိနစ် (၅၀) ကြာ စာသင်ချိန်တစ်ချိန်

**သင်ယူမှုနည်းလမ်းများ**

ဖတ်ရှုခြင်း၊ အုပ်စုလိုက် ဆွေးနွေးခြင်း၊ ပြခန်းလှည့်လည် ကြည့်ရှုသင်ယူခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း

**လိုအပ်သောကြိုတင်ပြင်ဆင်မှု**

အောက်တွင်ဖော်ပြထားသော ရင်းမြစ်များ ရရှိအောင် သေချာစွာ စီမံထားပါ။

## လိုအပ်သောရင်းမြစ်များ

ဂီတအနုပညာ ပြဋ္ဌာန်းစာအုပ်များနှင့် ဆရာလမ်းညွှန်များ (ပထမတန်းမှ ပဥ္စမတန်း အထိ)၊ လက်ကမ်းစာစောင် ( ၅) ၊ ကားချပ်ကြီး၊ မာကာများ။

## သင်ယူမှုလုပ်ငန်း ၁။ အုပ်စုလုပ်ငန်း (၄၅ မိနစ်)

၁။ ဂီတအနုပညာ ပြဋ္ဌာန်းစာအုပ်နှင့် သက်ဆိုင်ရာ ဆရာလမ်းညွှန်ကို ကျောင်းသားတစ်ဦးစီအား ဖြန့်ဝေပါ။

၂။ သင်ခန်းစာ (၁.၂.၁) စာသင်ချိန် (၁) ရှိ နယ်ပယ်တစ်ခုစီ၏ အကြောင်းအရာများ ဖော်ပြမှုကို ရှင်းပြပြီး ကျောင်းသားများသည် နယ်ပယ်တစ်ခုစီ၏ အတန်းတစ်ခုစီတွင် သင်ယူမှု အကြောင်းအရာများနှင့် ရည်ရွယ်ချက်များ တိုးတက်ပြောင်းလဲလာပုံကို လေ့လာရမည်။

၃။ ကျောင်းသားများအား ပြဋ္ဌာန်းစာအုပ်များနှင့် ဆရာလမ်းညွှန်များကို မည်သို့ ဖွဲ့စည်းထားသည်ကို သတိပေးပါ။ လက်ကမ်းစာစောင် (၅) ရှိ သင်ခန်းစာ ၁.၂.၂။ တွင် ထိုအကြောင်းအရာများ ပါရှိပါသည်။

၄။ ကျောင်းသားများအား ပြဋ္ဌာန်းစာအုပ်များနှင့် ဆရာလမ်းညွှန်များကို လေ့လာရန် အချိန်အနည်းငယ်ပေးပါ။

၅။ ကျောင်းသားများကို အုပ်စု သုံးစု ခွဲပြီး အုပ်စု တစ်စုစီကို နယ်ပယ် တစ်ခုစီ တာဝန်ပေးအပ်ပါ။ အကယ်၍ အတန်းသားဦးရေများပါက အတန်းကို အုပ်စု ခြောက်စုခွဲပြီး အုပ်စု နှစ်စုသည် နယ်ပယ် တစ်ခုကို တာဝန်ယူနိုင်သည်။

- အဆိုပညာ
- အကပညာ
- အတီးပညာ

၆။ အုပ်စုတစ်စုစီကို အောက်ဖော်ပြပါ လုပ်ငန်းများအား တာဝန်ပေးအပ်ပါ။

က။ မိမိတာဝန်ယူရမည့် နယ်ပယ်၏ အတန်းလိုက် ရည်ရွယ်ချက်များကို လေ့လာပါ။

ခ။ ၎င်းအတန်းအလိုက်ရည်ရွယ်ချက်များကို မြှင့်တင်ပေးရန် ပြဋ္ဌာန်းစာအုပ်နှင့် ဆရာလမ်းညွှန်၏ သင်ယူမှုလုပ်ငန်းများကို လေ့လာပါ။

ဂ။ ပြဋ္ဌာန်းစာအုပ်များတွင် အတန်းလိုက် ရည်ရွယ်ချက်များနှင့် သင်ယူမှုလုပ်ငန်းများသည် အတန်းတစ်တန်းစီတွင် ပြောင်းလဲလာပုံကို အုပ်စုအတွင်း ဆွေးနွေးပါ။

၇။ အုပ်စုတစ်စုစီကို အသေးစားပြန်လည်တင်ပြမှုများ ပြုလုပ်နိုင်ရန် ကားချပ်ကြီးကို အသုံးပြုပြီး အုပ်စုလိုက် ဆွေးနွေးမှုများကို မှတ်သား၍ ပြင်ဆင်စေပါ။ လက်ကမ်းစာစောင် (၅) ရှိ ဇယားကို ကိုးကားရမည်။

၈။ စာသင်ခန်း၏ နံရံတွင် မိမိ၏ တင်ပြမှုများကို ဆွဲချိတ်ထားရန် ညွှန်ကြားပါ။

၉။ ပြခန်းလှည့်လည် ကြည့်ရှုသင်ယူခြင်း - ကျောင်းသားများကို တင်ပြမည့် အကြောင်းအရာများကို လှည့်လည်ကြည့်ရှုလေ့လာပြီး လက်ကမ်းစာစောင် (၅) ၏ ပြန်လည်တင်ပြမည့် လုပ်ငန်းပေးစာရွက်ပုံစံကို အသုံးပြုပြီး အချက်အလက်များကို မှတ်စုများ ရေးသားပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

လက်ကမ်းစာစောင် (၅) ပြန်လည်တင်ပြမည့်လုပ်ငန်းပေးစာရွက်ကို အသုံးပြုပြီး ပြခန်းလှည့်လည် သင်ယူခြင်းဖြင့် ပြန်လည်တင်ပြမှုများအား အချင်းချင်းစစ်ဆေးအကဲဖြတ်မှုများ ပြုလုပ်နိုင်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

အုပ်စုတွင် မိမိတို့တာဝန်ယူရမည့် နယ်ပယ်အတွက် လက်ကမ်းစာစောင် (၅) ပါ ပုံစံကို ဖြည့်စွက်ခြင်း၊ ကားချပ်ကြီးတွင် ရေးသားခြင်းအားဖြင့် ကျောင်းသားများကို ပြဋ္ဌာန်းစာအုပ်ပါ သင်ယူမှု လုပ်ငန်းများ အဆင့်ဆင့်ပြောင်းလဲမှုနှင့် အတန်းအလိုက်ရည်ရွယ်ချက်များ အဆင့်ဆင့်ပြောင်းလဲမှုကို သရုပ်ပြခိုင်းပါ။

အဆင့်ဆင့်တိုးတက်မှု၏ နမူနာများကို အောက်တွင်ဖော်ပြထားသော သင်ခန်းစာဆွေးနွေးမှုတွင် အနှစ်ချုပ်နိုင်သည်။

## ကျောင်းသားများ၏ နားလည်သဘောပေါက်မှုကို စစ်ဆေးခြင်း (၅ မိနစ်)

ကျောင်းသားများအား တင်ပြမှုများကို ပြန်လည် သုံးသပ်ရန် အားပေးတိုက်တွန်းပြီး ဤသင်ခန်းစာ၏ အဓိက သင်ယူမှု အချက်များကို အနှစ်ချုပ်ခိုင်းပါ။ အောက်ပါ အချက်များကို ပါဝင်ပါစေ။

(က) အဆိုပညာ

- ကျောင်းသားများသည် အတန်းတိုင်းတွင် တေးသီချင်းသီဆိုရသည်ကို ပျော်ရွှင်ကြသည်။
- ကျောင်းသားများသည် အတန်းတိုင်းတွင် သူငယ်ချင်းများနှင့် အတူတကွ သီဆိုကြသည်။
- စာသား၊ စည်းချက်များ၊ ရိုက်ချက်များ နှင့် သံစဉ်များကို သီဆိုခြင်းသည် ဤနယ်ပယ်၏ အခြေခံပင် ဖြစ်သည်။
- အတန်းတိုင်းတွင် သင်ယူမည့်အကြောင်းအရာအသစ်များကို ထည့်သွင်းထားပြီး သင်ယူမှုအဆင့်များသည် ကျောင်းသားများ၏ အသက်အရွယ်နှင့် ဂီတဆိုင်ရာ သင်ယူဖွံ့ဖြိုးတိုးတက်မှုအလိုက် သင်ယူမှုအဆင့်များ ပိုမိုနက်နဲလာပါသည်။ (ဥပမာ- ပထမတန်းကျောင်းသားများသည် ခရော့ချပ် (crotchet- ရိုက်ချက်တစ်ချက်သာ ကြာမြင့်သော သင်္ကေတ) နှင့် ကွေဘာ (quaver - ရိုက်ချက်တစ်ဝက်သာ ကြာမြင့်သော သင်္ကေတ) စသည့် စည်းချက်တို့ကို သင်ယူရရှိမည် ဖြစ်ပြီး ဒုတိယတန်း ကျောင်းသားများသည် dotted quaver ၏ စည်းချက်များကို သင်ယူရမည် ဖြစ်သည်။)

(ခ) အကပညာ

- မှန်ကန်သော ရိုက်ချက် (စည်း နှင့် ဝါး) သည် အက၏ အခြေခံပင် ဖြစ်သည်။
- ကျောင်းသားများသည် (ခေါင်း၊ ခါး၊ ခြေ၊ လက်၊ မျက်နှာအနေအထား) စသည့် မြန်မာ့ရိုးရာအက၏ အခြေခံ အချက် ငါးချက်ကို နားလည်သဘောပေါက်မည် ဖြစ်ပြီး အတန်းတစ်တန်းစီတွင် ထိုအချက်တစ်ခုစီအား အသုံးပြုပုံကို သင်ယူရမည် ဖြစ်သည်။ ထိုအချက်များအား တဖြည်းဖြည်း ပူးပေါင်းကာ ကခြင်းကို နားလည်လာမည် ဖြစ်သည်။

- ကျောင်းသားများသည် အကပုံစံများအားလုံး ညာဘက်မှ စတင်သည်ကို နားလည်သဘောပေါက်ရမည်။
- ကျောင်းသားများသည် အတန်းတိုင်းတွင် အုပ်စုလိုက် ကပြရမည်။

## (ဂ) အတီးပညာ

- မူလတန်းအောက်အဆင့်တွင် ပလွေအား မည်သို့ဖွင့်ရမည်၊ မည်သို့ သန့်ရှင်းရေးလုပ်ရမည် စသည့် ဂရုတစိုက် ကိုင်တွယ်ရမည့်အချက်များကို သင်ယူရမည်။
- ကိုယ်ခန္ဓာအနေအထား၊ လက်အနေအထား၊ လက်ချောင်းအနေအထား စသည့် ပလွေမှုတ်ခြင်း၏ အခြေခံများကို မူလတန်းအောက်အဆင့်တွင် သင်ယူရမည်ဖြစ်သည်။
- အသက်ရှူခြင်းနှင့် လျှာအနေအထားသည် ညင်သာသော အသံများ ထွက်ပေါ်လာစေရန် အလွန်အရေးကြီးသည်။
- သင်ခန်းစာများ အဆင့်မြင့်လာသည်နှင့်အမျှ ကျောင်းသားများသည် ပလွေအား ညင်သာသော အသံဖြင့် မှုတ်နိုင်ရမည်။ ပလွေသင်ခန်းစာများသည် အတန်းအလိုက် ပိုမို အဆင့်မြင့်လာပြီး စိတ်ဝင်စားစရာကောင်းသော အသံများကို အသုံးပြုလာနိုင်မည်ဖြစ်သည်။
- ပလွေသင်ခန်းစာများသည် အဆိုပညာ သင်ခန်းစာတွင် သင်ယူခဲ့သော စည်းချက်များ၊ ရိုက်ချက်နှင့် သံစဉ်များ၏ အချက်များကို အသုံးပြုရမည်။

နယ်ပယ်တစ်ခုစီတွင် ကျောင်းသားများသည် ဂီတအနုပညာဆိုသည်မှာ အဘယ်နည်းကို တဖြည်းဖြည်း နားလည်သဘောပေါက်မည်ဖြစ်သည်။ ကျောင်းသားများသည် ဂီတသင်္ကေတနှင့် သရုပ်ဖော်မည့် နည်းလမ်းများ၏ ကျွမ်းကျင်မှုများ၊ အဓိကအချက်များနှင့် အသိပညာများကို သင်ယူရမည်။

## ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ

**သင်ယူမှုလုပ်ငန်း ၁။** ။ ပန်းချီအနုပညာ၏ သင်ယူမှုလုပ်ငန်းများကို တူညီစွာလုပ်ဆောင်ပြီး ဖြစ်သဖြင့် ကျောင်းသားများကို ပြဋ္ဌာန်းစာအုပ်နှင့် ဆရာလမ်းညွှန်များ၊ အဆင့်ဆင့် တိုးတက်လာမှုများ၏ အဓိပ္ပါယ်ကို နမူနာများဖြင့် ပြန်လည်သုံးသပ်ခိုင်းပါ။

**သင်ယူမှုလုပ်ငန်း ၂။** ။ ကျောင်းသားများသည် နှုတ်ဖြင့် ပြန်လည်တင်ပြခြင်းကို ပြခန်းလှည့်လည် ကြည့်ရှုသင်ယူခြင်းထက် ပိုမိုအားသန်နိုင်သည်။

## ပြန်လည်ဆန်းစစ်ရန် မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

**မေးခွန်း ၁။** ပန်းချီအနုပညာ၏ နယ်ပယ် (၃) ရပ်မှာ အဘယ်နည်း။

**အဖြေ** *ပန်းချီအနုပညာ၊ လက်မှုပညာ၊ ရသခံစား တန်ဖိုးထားမှု*

**မေးခွန်း ၂။** ဂီတအနုပညာ၏ နယ်ပယ် (၃) ရပ်မှာ အဘယ်နည်း။

**အဖြေ** *အဆို၊ အကနှင့် အတီး။*

**မေးခွန်း ၃။** ပန်းချီအနုပညာ၏ နယ်ပယ်တစ်ခုအတွက် ရည်ရွယ်ချက်များနှင့် သင်ယူမှု လုပ်ငန်းများ အဆင့်ဆင့် တိုးတက်လာမှုကို ဖော်ပြပါ။

**အဖြေ** *အောက်ပါ နမူနာများ ဖြစ်နိုင်သည်။*

***ပန်းချီဆွဲခြင်း*** *- ပန်းချီဆွဲခြင်း၏ ရည်ရွယ်ချက်များနှင့် သင်ယူမှုလုပ်ငန်းများသည် ရိုးရှင်းသော မျဉ်းများဆွဲခြင်း စသည့် အခြေခံကျွမ်းကျင်မှုများမှ စတင်ပြီး တဖြည်းဖြည်း အဆင့်မြင့်သော အသိပညာများဖြစ်သည့် ဒုတိယအရောင်အား သင်ယူခြင်း (တတိယတန်း)နှင့် ရှုထောင့်များ (စတုတ္ထတန်း) စသည်ဖြင့် တိုးတက်သင်ယူရမည် ဖြစ်သည်။ ပန်းချီဆွဲခြင်းကျွမ်းကျင်မှုများကို အတွေးအခေါ်များဖော်ပြရန် သို့မဟုတ် ကျောင်းသားများ၏ စိတ်ကူးစိတ်သန်းများကို ဖော်ထုတ်ရန် သင်ယူရခြင်း ဖြစ်သည်။*

***လက်မှုပညာ*** *- လက်မှုပညာ၏ ရည်ရွယ်ချက်များနှင့် သင်ယူမှုလုပ်ငန်းများသည် မိမိတို့ ပတ်ဝန်းကျင်ရှိ အရာဝတ္ထုများကို အသုံးပြုပြီး လက်မှုဖန်တီးခြင်းမှ စတင်ပြီး တဖြည်းဖြည်း မတူညီသော ပစ္စည်းများနှင့် ကိရိယာများကို အသုံးပြုပြီး လက်မှုစွမ်းရည်များ မြှင့်တင်ပေးရန် ဖြစ်သည်။ လက်မှုပညာ ကျွမ်းကျင်မှုများကို အတွေးအခေါ်များဖော်ပြရန် သို့မဟုတ် ကျောင်းသားများ၏ စိတ်ကူးစိတ်သန်းများကို ဖော်ထုတ်ရန် သင်ယူရခြင်း ဖြစ်သည်။*

***ရသခံစား တန်ဖိုးထားမှု -*** *ရသခံစားတန်ဖိုးထားမှု၏ ရည်ရွယ်ချက်များနှင့် သင်ယူမှုလုပ်ငန်းများသည် မိမိတို့ပတ်ဝန်းကျင်ရှိ ရိုးရာအနုပညာပစ္စည်းများကို လေ့လာခြင်းမှ စတင်ပြီး မြန်မာနှင့် တိုင်းရင်းသားပစ္စည်းများကို မည်သို့ကြည့်ရှု၊ လေ့လာ၊ တန်ဖိုးထားရမည်ကို တဖြည်းဖြည်း သင်ယူရမည် ဖြစ်သည်။*

**မေးခွန်း ၄။** ဂီတအနုပညာ၏ နယ်ပယ်တစ်ခုချင်းအတွက် ရည်ရွယ်ချက်များနှင့် သင်ယူမှု လုပ်ငန်းများ အဆင့်ဆင့် တိုးတက်လာမှုကို ဖော်ပြပါ။

***အဖြေ*** *အောက်ပါ နမူနာများ ဖြစ်နိုင်သည်။*

***အဆိုပညာ -*** *သင်ယူမှု အကြောင်းအရာအသစ်များကို အတန်းတိုင်းတွင် ထည့်သွင်းထားပြီး ကျောင်းသားများ၏ အသက်အရွယ်နှင့် ဂီတဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအလိုက် သင်ကြားသင်ယူမှု အဆင့်များ တဖြည်းဖြည်း မြင့်မားသွားမည် ဖြစ်သည်။ ပထမတန်းကျောင်းသားများသည် ခရော့ချပ် (crotchet - ရိုက်ချက်တစ်ချက်သာ ကြာမြင့်သော သင်္ကေတ) နှင့် ကွေဘာ (quaver - ရိုက်ချက်တစ်ဝက်သာကြာမြင့်သော သင်္ကေတ) စသည့် စည်းချက်များကို သင်ယူရမည် ဖြစ်ပြီး ဒုတိယတန်း ကျောင်းသားများသည် dotted quaver ၏ စည်းချက်များကို သင်ယူရမည် ဖြစ်သည်။*

***အကပညာ -*** *ကျောင်းသားများသည် (ခေါင်း၊ ခါး၊ ခြေ၊ လက်၊ မျက်နှာအနေအထား) စသည့် မြန်မာ့ရိုးရာအက၏ အခြေခံအချက် ၅ ခုကို နားလည်သဘောပေါက်မည် ဖြစ်ပြီး အတန်းတစ်တန်းစီတွင် ထိုအချက်တစ်ခုစီအား အသုံးပြုပုံကို သင်ယူရမည် ဖြစ်သည်။ ထိုအချက်များအား တဖြည်းဖြည်း ပူးပေါင်းကာ ကခြင်းကို နားလည်လာမည် ဖြစ်သည်။*

***အတီးပညာ -*** *သင်ခန်းစာများ အဆင့်မြင့်လာသည်နှင့်အမျှ ကျောင်းသားများသည် ပလွေအား ညင်သာသော အသံဖြင့် တီးမှုတ်နိုင်ရမည်။ ပလွေသင်ခန်းစာများသည် အတန်းအလိုက် ပိုမို အဆင့်မြင့်လာပြီး စိတ်ဝင်စားစရာကောင်းသော အသံများကို အသုံးပြုလာနိုင်မည် ဖြစ်သည်။*

# အခန်းဆုံးအနှစ်ချုပ်

## အဓိကအချက်များ

- မြန်မာ့ရိုးရာ အနုပညာနှင့် လက်မှုပညာ (၁၀) မျိုး ရှိပါသည်။

- ပန်းချီအနုပညာ သင်ရိုးညွှန်းတမ်းသည် ကျောင်းသားများ တီထွင်ဖန်တီးသည့် စွမ်းရည်များ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် သူငယ်ချင်းများ၊ အတန်းဖော်များနှင့် ပူးပေါင်းဆောင်ရွက်ပြီး လွတ်လပ်စွာ ဖော်ထုတ်နိုင်မှုများကို မြှင့်တင်ပေးရန်နှင့် ကိုယ်တိုင်နိုးကြားစွာ သင်ယူသူများ အဖြစ် တိုးတက်လာစေရန် ရည်ရွယ်ပါသည်။

- ပန်းချီအနုပညာ သင်ရိုးညွှန်းတမ်းကို လေ့လာသော ကျောင်းသားများသည် သဘာဝ ပတ်ဝန်းကျင် အလှတရားများကို နားလည်သဘောပေါက် ခံစားတတ်လာမည်ဖြစ်သည်။ ထို့အပြင် ပန်းချီအနုပညာကို ခံစားနားလည်ခြင်းသည် သင်ယူမှုအတွက် အလွန်အသုံးဝင်ပြီး သင်ယူမှုအားလုံးတွင်ပါဝင်သော အရာတစ်ခုပင် ဖြစ်ပေသည်။ ပန်းချီအနုပညာသည် မိမိ၏ နေ့စဉ်ဘဝတွင် အမြဲတမ်း ကြုံတွေ့ရသောအရာပင် ဖြစ်သည်။

- ရုပ်ပုံများကို အများအားဖြင့် သတင်းအချက်အလက်များကို တင်ပြရန် (ဥပမာ - လမ်းညွှန်မှု သင်္ကေတနှင့် ညွှန်ကြားချက် သင်္ကေတများ) အသုံးပြုကြသည်။

- ဂီတအနုပညာဘာသာ သင်ရိုးညွှန်းတမ်းသည် ကျောင်းသားများအား ကိုယ်တိုင်နိုးကြားစွာ သင်ယူသူများ ဖြစ်လာစေရန်နှင့် အချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မိမိကိုယ်ကို ဖော်ပြနိုင်သော သင်ယူမှုစွမ်းရည်များနှင့် တီထွင်ဖန်တီးမှုများ တိုးတက်လာစေရန် ရည်ရွယ်ပါသည်။ ဤဘာသာရပ်သည် ဂီတဆိုင်ရာ သင်ယူမှုလုပ်ငန်းများတွင် ကျောင်းသား များ တက်ကြွစွာ ပါဝင်ဆောင်ရွက်နိုင်ရန်၊ အခြားသူများနှင့် ပူးပေါင်းပြီး မိမိ၏ အတွေး အမြင်များကို ဖော်ထုတ်နိုင်သည့် စွမ်းရည်များရရှိအောင် ကြိုးပမ်းနိုင်ရန်နှင့် မိမိကိုယ်တိုင် မည်သို့ သင်ယူရမည်ကို နားလည်သဘောပေါက်မှု တိုးတက်အောင် ကူညီထောက်ပံ့ပေးရန် ရည်ရွယ်ပါသည်။

- ပန်းချီအနုပညာနှင့် ဂီတအနုပညာကို အမျိုးမျိုးသော သင်ကြားမှုနည်းလမ်းများနှင့် သင်ယူမှုနည်းလမ်းများကို အသုံးပြုပြီး ကိုယ်တိုင်လုပ်ဆောင်ခြင်း၊ ပူးပေါင်းသင်ယူခြင်းနှင့် ပြဿနာဖြေရှင်းခြင်း စသည်တို့ကို ခြုံငုံမိသည့် ခွဲခြားဆက်ဆံမှုကင်းသော နည်းလမ်းဖြင့် သင်ကြားနိုင်မည် ဖြစ်သည်။

- သင်ရိုးညွှန်းတမ်းသည် သာမန်စွမ်းရည်နှင့် ရိုးရှင်းသော ပစ္စည်းများကို အသုံးပြုသင်ကြားပြီး ပန်းချီအနုပညာတွင် စိတ်ဝင်စားမှု၊ ပျော်ရွှင်မှုအဆင့်မှ အတန်းမြင့်လာသည်နှင့်အမျှ ပိုမိုအဆင့်မြင့်သော စွမ်းရည်များ၊ ပစ္စည်းများဖြင့် အဆင့်ဆင့် တိုးမြှင့်သင်ကြားသွားမည် ဖြစ်သည်။ ကျောင်းသားများသည် မိမိတို့၏ အတွေးအခေါ်များ၊ စိတ်ကူးစိတ်သန်းများကို အမျိုးမျိုးသော နည်းလမ်းများဖြင့် ဖော်ပြနိုင်ကြောင်းကို တဖြည်းဖြည်း သင်ယူနိုင်မည် ဖြစ်သည်။

## အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း

ဤအခန်းသည် မြန်မာ့ရိုးရာအနုပညာဘာသာရပ်အား မိတ်ဆက်ထားခြင်း ဖြစ်သည်။ ရိုးရာ ဂီတ အနုပညာ (ဂီတနှင့် အက) နှင့် ပန်းချီအနုပညာ (ပန်းချီဆွဲခြင်းနှင့် ဆေးခြယ်ခြင်း) အား မူလတန်း ကျောင်းအဆင့် ကလေးများအား သင်ကြားခြင်း၏ အရေးပါမှုကို နားလည်သဘောပေါက်ပြီး ဖြစ်သင့်သည်။

မူလတန်းသင်ရိုးညွှန်းတမ်း အညွှန်းဘောင်၏ အကြောင်းအရာများကို မြင်သာသည့် သတင်း အချက်အလက် အကြောင်းအရာများစွာကိုလည်း ဤအခန်းတွင် မိတ်ဆက်ထားသည်။ လက်ကမ်း စာစောင် (၁) နှင့် (၂) ကို ဖတ်ရှုပြီး သတင်းအချက်အလက်များကို ပြန်လည် ဆန်းစစ်နိုင်သည်။ ဤအခန်း၏ သင်ခန်းစာများတွင် အသေးစိတ်နယ်ပယ်များ၊ အတန်းများနှင့် သင်ခန်းစာများကို လေ့လာရန် အမျိုးမျိုးသော အုပ်စုလုပ်ငန်းများဖြင့် ပုံဖော်ထားသည်။ ကျောင်းသားများအနေဖြင့် နယ်ပယ်၊ အတန်းနှင့် သင်ခန်းစာအချို့ကိုသာ ပိုမို အလေးပေးလေ့လာခဲ့သဖြင့် ယခုအချိန်တွင် မိမိတို့ တက်ကြွစွာ စူးစမ်းလေ့လာမှုမရှိခဲ့သော အခြားနယ်ပယ်များ၊ အတန်းများနှင့် သင်ခန်းစာ များကို လေ့လာရမည့် အချိန်ဖြစ်သည်။

ဤသင်ခန်းစာများတွင် လုပ်ဆောင်ခဲ့သော သင်ယူမှုလုပ်ငန်းများကို သင်ရိုးများအားလုံးတွင် တူညီသော အပြုအမူဖြင့် လုပ်ဆောင်ရမည်ဖြစ်သည်။ မူလတန်းသင်ရိုးညွှန်းတမ်းရည်ရွယ်ချက် ပြည့်မီစေရန် မူလတန်းသင်ရိုးညွှန်းတမ်း၏ ဘာသာရပ်အားလုံးနှင့် ထိုဘာသာရပ်များ အချင်းချင်း ဆက်စပ်မှုများကို ထည့်သွင်းစဉ်းစားပါ။

ဤအခန်းတွင် သင်ခန်းစာ အကြောင်းအရာများနှင့် ရည်ရွယ်ချက်များသည် အတန်းတစ်ခုနှင့် တစ်ခု အဆင့်ဆင့် မည်သို့ တိုးတက်မြင့်မားလာသည်ကို ဆန်းစစ်ခဲ့ပြီးဖြစ်သည်။ ဤအချက်သည် ပညာရေး၏ အခြေခံအပိုင်း ဖြစ်သည်။ ယခင်သိရှိပြီး အသိပညာမှ အစပြုပြီး သင်ယူမှုအဆင့်ဆင့်ကို ဖြစ်ပေါ်စေခြင်း ဖြစ်သည်။ ထိုအချက်သည် ကျောင်းသားများ၏ သင်ကြားရေးကို မည်ကဲ့သို့ အကျိုးသက်ရောက်မှု ရှိသနည်း။ အားနည်းချက်များကို ရှာဖွေစစ်ဆေးခြင်း၏ အခန်းကဏ္ဍနှင့် တစ်ဦးချင်းစီ၏ လိုအပ်ချက်၊ စွမ်းရည်နှင့် သင်ယူမှုပုံစံကို အခြေခံပြီး ကျောင်းသားများအားလုံး သင်ယူရန် အခွင့်အလမ်းများ ရရှိအောင် စီစဉ်ခြင်း၏ အရေးပါမှုကို ထည့်သွင်းစဉ်းစားပါ။

ကျောင်းသားများသည် မိမိတို့၏ မူလတန်းကျောင်းကာလကို ပြန်လည်စဉ်းစားပြီး မိမိအနေဖြင့် လုပ်ဆောင်ခဲ့ရသည့် သင်ကြားသင်ယူမှုလုပ်ငန်းများနှင့် ဘာသာရပ်၏ မတူညီသော ရှုထောင့်များအား သင်ယူနိုင်ရန် ရရှိခဲ့သည့် အခွင့်အလမ်းများကို ထည့်သွင်းစဉ်းစားစေပါ။ မိမိတို့ သင်ယူခဲ့သော သင်ခန်းစာများနှင့် ယခုမူလတန်းသင်ခန်းစာများအကြား တူညီမှုနှင့် ကွဲပြားခြားနားမှုများမှာ အဘယ်နည်း။ ဤဘာသာရပ်တွင် ကျောင်းသားများ ၎င်းတို့၏ ပညာရေးကို တိုးတက်အောင် မည်သည်တို့ကို လုပ်ဆောင်မည်နည်း။ ကျောင်းသားများ၏ အနာဂတ် သင်ကြားရေးတွင် မိမိတို့၏ အတွေ့အကြုံများကို မည်သို့ပေါင်းစပ်သင်ကြားမည်နည်း။

## ဆက်လက်ဖတ်မှတ်စရာများ

**၁.၁။**

ဗြိတိသျှကောင်စီ website တွင် ပန်းချီအနုပညာနှင့် ဂီတအနုပညာဆိုင်ရာ အလွန်ကောင်းမွန်သော လေ့လာစရာ ရင်းမြစ်များ ရှိပါသည်။ အောက်ဖော်ပြပါ website တွင် လေ့လာနိုင်ပါသည်။

Our global work in arts. (2019). Retrieved from British Council website: https://www.britishcouncil.org.mm/programmes/arts/about

YouTube တွင် ကျောင်းသားငယ်များ ဂီတအနုပညာနှင့် ပန်းချီအနုပညာကို ပျော်ရွှင်စွာ သင်ယူနေသော အလွန်ကောင်းမွန်သော ဗီဒီယိုများရှိပါသည်။ ဥပမာ အောက်ပါအကြောင်းအရာကို ကြည့်ရှုပါ။

EHowEducation. (2014). Drama Games for Primary School Children: Preschool education and beyond. Retrieved from https://www.youtube.com/watch?v=uGxKZlOnOus

အမျိုးသားပညာရေး မဟာဗျူဟာ စီမံကိန်း (၂၀၁၆-၂၀၂၁) သည် ပညာရေးစနစ် တစ်ခုလုံးကို ၎င်းကာလအတွင်း မည်သို့လုပ်ဆောင်ရန် အလွန်စိတ်ဝင်စားစရာကောင်းသော ခြုံငုံဖော်ပြချက်ဖြစ်သည်။ နိဒါန်းပိုင်းသည် အထူးအသုံးဝင်ပြီး မူလတန်းကျောင်းများ ပြုပြင်ပြောင်းလဲမှုနှင့် ပတ်သက်သော အပိုင်းတစ်ခု ပါရှိသည်။ မူလတန်းကျောင်းများ၏ သင်ရိုးညွှန်းတမ်းသည် မြန်မာနိုင်ငံ၏ ယေဘုယျပညာရေးစနစ်တွင် မည်သို့ ကိုက်ညီမှုရှိသည်ကို လေ့လာရန် စိတ်ဝင်စားစရာကောင်းပေမည်။

Ministry of Education Myanmar. (2016). National Education Strategic Plan 2016-2021. Retrieved from http://www.moe-st.gov.mm/wp-content/uploads/2018/01/NESP_20Summary_20-_20English_20-_20Final_20-_20Feb_2023.pdf

၁.၂။

ဗြိတိသျှကောင်စီ website တွင် ပန်းချီအနုပညာနှင့် ဂီတအနုပညာဆိုင်ရာ အလွန်ကောင်းမွန်သော လေ့လာစရာ ရင်းမြစ်များ ရှိပါသည်။ အောက်ဖော်ပြပါ website တွင်လေ့လာနိုင်ပါသည်။

Visual Arts. (2014). Retrieved from British Council website: http://visualarts.britishcouncil.org

Henderson, C. M., & Lasley, E. (2014). Creating Inclusive Classrooms through the Arts. Dimensions of Early Childhood, 42(3). Retrieved from https://www.southernearlychildhood.org/upload/pdf/Dimensions_Vol42_3_HendersonLaskey.pdf

Spiller, L. (2014). 10 resources for teaching music. The Guardian. Retrieved from https://www.theguardian.com/teacher-network/teacher-blog/2014/sep/02/10-resources-for-teaching-music

# အခန်း ၂

# ဂီတအနုပညာ

ဤအခန်းသည် မြန်မာ့ရိုးရာဂီတအနုပညာ ဘာသာရပ်ကို အလေးပေးမည်ဖြစ်ပြီး နယ်ပယ်သုံးရပ်ဖြစ်သော အဆို၊ အက၊ အတီးကို အသေးစိတ် မိတ်ဆက်ပေးမည်ဖြစ်သည်။ ဤအခန်းတွင် ဂီတအနုပညာဘာသာရပ်၏ အရေးပါသော သမိုင်းကြောင်းကို မိတ်ဆက်ပေးမည်ဖြစ်ပြီး ဤဘာသာရပ်ကို မူလတန်းကျောင်းသားများအား သင်ကြားသောအခါ အသုံးပြုရမည့် သင်ကြားနည်းလမ်းများကိုလည်း သင်ယူရမည် ဖြစ်သည်။

### မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

ဤအခန်းကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -

- မြန်မာသီချင်းများ၊ အကနှင့် တူရိယာများ၏ သမိုင်းကြောင်းနှင့် လက်ရှိနေထိုင်မှုပုံစံများ ဆက်စပ်မှုတို့ကို ဆွေးနွေးတတ်မည်။
- မူလတန်းကျောင်းများတွင် အဆို၊ အကနှင့် တူရိယာတီးမှုတ်မှု သင်ကြားခြင်း၏ ရည်ရွယ်ချက်များကို ရှင်းပြတတ်မည်။
- အတန်းအလိုက် အဆို၊ အက၊ တူရိယာတီးမှုတ်ခြင်း၏ ရည်ရွယ်ချက်များကို သင်ကြားနိုင်ရန်အတွက် မူလတန်းကျောင်းသုံးစာအုပ်နှင့် ဆရာလမ်းညွှန်တွင် အကြံပြုထားသော သင်ကြားသင်ယူမှု လုပ်ငန်းများ၏ နမူနာများကို ပြောကြားတတ်မည်။
- မူလတန်းကျောင်းများတွင် သင်ကြားမည့် အဆို၊ အကနှင့် တူရိယာတီးမှုတ်ခြင်း၏ အခြေခံ ကျွမ်းကျင်မှုများကို သရုပ်ပြတတ်မည်။
- ကျောင်းသားများ အဆို၊ အကနှင့် တူရိယာတီးမှုတ်ခြင်းသင်ယူရာတွင် ကြုံတွေ့နိုင်သော အခက်အခဲများနှင့် ဆရာက မည်သို့ကူညီထောက်ပံ့ပေးရမည်ကို ဆွေးနွေးတတ်မည်။

# ၂.၁။ အဆိုပညာ

အဆိုပညာသည် မြန်မာ့ရိုးရာဂီတ၏ အရေးပါသော အစိတ်အပိုင်းဖြစ်ပြီး အလွန်ရှည်လျားသော သမိုင်းကြောင်းများလည်း ရှိပါသည်။ သီချင်းများကို ပွဲအခမ်းအနားများ၊ ပွဲတော်များနှင့် အပျော်သဘောစသည့် အကြောင်းပြချက်များစွာဖြင့် သီဆိုကြသည်။

## ၂.၁.၁။
## မြန်မာသီချင်းများ၏ သမိုင်း

**မျှော်မှန်းထားသော သင်ယူမှုရလဒ်များ**

ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -

- မြန်မာသီချင်းများ၏ သမိုင်းကြောင်းနှင့် လက်ရှိနေထိုင်မှုပုံစံများ ဆက်စပ်မှုတို့ကို ဆွေးနွေးတတ်မည်။

**ရရှိသွားမည့်တတ်ကျွမ်းမှုများ**

(က) (၄.၁) အခြေခံပညာသင်ရိုးညွှန်းတမ်းတွင် ဖော်ပြထားသည့် သင်ရိုးဖွဲ့စည်းပုံ၊ အကြောင်းအရာနှင့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို နားလည်သဘော ပေါက်ကြောင်း သရုပ်ဖော်ပြသနိုင်သည်။

(က) (၅.၂) ကျောင်းသားများ၏ သင်ယူမှုလိုအပ်ချက်နှင့် ဆက်နွယ်နေသော သင်ယူမှု အခြေအနေပေါ် မူတည်၍ သင်ယူတတ်မြောက်အောင် ဘာသာရပ်အကြောင်းအရာ များကို မည်သို့ပို့ချရမည်ကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(ခ) (၁.၁) ဘာသာရပ်ဆိုင်ရာ အသိသညာ၊ အကြောင်းအရာများကို ရှင်းလင်းစွာနှင့်

ကလေးများ ကိုယ်ရောစိတ်ပါ ပါဝင်ဆောင်ရွက်မှု ရှိအောင် သင်ကြားနိုင်စွမ်း ရှိကြောင်း ပြသည်။

(ဂ)(၃-၁) ကျောင်းသားတစ်ဦးချင်းစီ၏ ပညာရေးဆိုင်ရာ အခွင့်အရေးများကို အလေးအနက်ထားကြောင်းနှင့် ကျောင်းသားများအား ဘက်လိုက်မှုကင်းကင်း၊ မျှတစွာ ပြုမူဆက်ဆံကြောင်း ပြသသည်။

**အချိန်**

မိနစ် (၅၀)ကြာ စာသင်ချိန်တစ်ချိန်

**သင်ယူမှုနည်းလမ်းများ**

ပို့ချခြင်း၊ နားထောင်ခြင်း၊ ဆွေးနွေးခြင်း၊ နှိုင်းယှဉ်ခြင်း။

**လိုအပ်သောကြိုတင်ပြင်ဆင်မှု**

မြန်မာ့ရိုးရာဂီတ၏ သမိုင်းကြောင်းကို သင်ကြားပို့ချမှုနိုင်ရန် ကြိုတင်ပြင်ဆင်ထားပါ။
မတူညီသော ဂီတအမျိုးမျိုး၏ သံစဉ်များကို ဖွင့်ပြနိုင်ရန် ကြိုတင်ပြင်ဆင်ထားပါ။

**လိုအပ်သောရင်းမြစ်များ**

*လက်ခုပ်* (စည်းချက်ထိန်းသော တူရိယာ) မြန်မာ့ရိုးရာဂီတ၏ အသံဖိုင်များ၊ နိုင်ငံတကာ ဂီတ၏ အသံဖိုင်များ၊ လက်ကမ်းစာစောင်(၆)၊ လက်ကမ်းစာစောင်(၇)။

## သင်ယူမှုလုပ်ငန်း ၁။ ပို့ချခြင်း (၂၅ မိနစ်)

၁။ ဤလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားများကို မြန်မာသီချင်းအမျိုးမျိုးနှင့် ဂီတသံစဉ်များကို မိတ်ဆက်ပေးရန်ဖြစ်သည်။

၂။ မတူညီသော ဒေသများမှ[၅] ရိုးရာဂီတများ၏ နမူနာများကို မိတ်ဆက်ပေးပါ။

၃။ ကျောင်းသားများကို ဂီတအား နားထောင်စေပြီး မည်သည့်တူရိယာများဖြင့် တီးခတ်နေသည်ကို ခန့်မှန်းခိုင်းပါ။

၄။ ကျောင်းသားများ ပြောကြားသော တူရိယာအမည်များကို ကျောက်သင်ပုန်းတွင် မှတ်သားပြီး နောက်ပိုင်းအခန်းတွင် ထိုအရာများကို လေ့လာရမည်ကို ရှင်းပြပါ။

၅။ မြန်မာ့ဂီတ၏ သမိုင်းကို အကျဉ်းချုပ် ရှင်းပြပါ။ ထိုပို့ချမှုအတွက် လက်ကမ်းစာစောင်(၆) နှင့် (၇) ပါ အကြောင်းအရာများ အပေါ်တွင် အခြေခံနိုင်သည်။

၆။ ကျောင်းသားများအား မိမိတို့၏ အကြိုက်ဆုံးဂီတကို မဲပေးဆုံးဖြတ်ခိုင်းပါ။

၇။ ကျောင်းသားများအား ထိုဂီတကို အဘယ်ကြောင့် အခြားအရာများထက် ပိုမိုကြိုက်နှစ်သက်ကြောင်းကို ပြောကြားခိုင်းပါ။ သို့သော် ဂီတတွင် မည်သည်က ပိုကောင်းသည် ဟူ၍ မရှိဘဲ လူတစ်ဦးတစ်ယောက်စီ၏ ကြိုက်နှစ်သက်မှုအပေါ်တွင်သာ မူတည်ကြောင်း နားလည်သဘောပေါက်စေရန် ပြောပြပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများ မြန်မာ့ရိုးရာဂီတ၏ အသိပညာများအပေါ် အပေါ်ယံသဘောထားကို ရရှိမည်ဖြစ်သည်။ ကျောင်းသားများကို မည်သည့်ဒေသ သို့မဟုတ် မည်သည့်ခေတ်တွင် ဂီတ သို့မဟုတ် တူရိယာများ ပေါ်ပေါက်လာသည်ကို သိရှိခြင်းရှိမရှိ ဆန်းစစ်ရန် ထပ်ဆောင်းမေးခွန်းများ မေးနိုင်သည်။ ကျောင်းသားများသည် စည်းချက်များ၏ အမည်များကို သိရှိပါသလား။

[၅] မတူညီသော ဒေသအသီးသီးတွင် မတူညီသော တူရိယာပစ္စည်းများ ရှိသည်ကို နားလည်သဘောပေါက်ခြင်းသည် မတူညီသော ဒေသနှင့် တိုင်းရင်းသားများ၏ ယဉ်ကျေးမှုကို သင်ယူနိုင်မည့် နည်းလမ်းကောင်းတစ်ခုပင် ဖြစ်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ရိုးရာဂီတ၏ စိတ်ဝင်စားမှုအဆင့်ပေါ် မူတည်ပြီး အဖြေများကွဲပြားနိုင်သည်။ တူရိယာများနှင့် စည်းချက်များ၏ အမည်များကို အကြံပြုထားသော ပို့ချမှုစာပိုဒ်အား လက်ကမ်းစာစောင်(၆)နှင့် (၇) တွင် ထည့်သွင်းထားသည်။

## သင်ယူမှုလုပ်ငန်း ၂။ နှိုင်းယှဉ်ဆွေးနွေးခြင်း (၁၅ မိနစ်)

၁။ ကျောင်းသားများကို မြန်မာ့ရိုးရာဂီတနှင့် မိမိတို့ အများအားဖြင့် နားထောင်လေ့ရှိသော ဂီတများအကြား နှိုင်းယှဉ်စေပါ။ တေးစာသားများ၊ ဘာသာရပ် အကြောင်းအရာများ၊ စည်းချက်၊ အသံအနိမ့်အမြင့် သို့မဟုတ် တူရိယာများ အကြောင်းကို ဆွေးနွေးနိုင်သည်။

၂။ တုံ့ပြန်အကြံပြုချက်များ ပေးပါ။ ကျောင်းသားများသည် မည်သည့် ဂီတအမျိုးအစားများကို နားထောင်သနည်း။ ထိုဂီတအမျိုးအစားများနှင့် မြန်မာ့ရိုးရာဂီတများအကြား ကွဲပြားခြားနားမှုနှင့် တူညီမှုများမှာ အဘယ်နည်း။

၃။ မြန်မာနိုင်ငံရှိ ဂီတနှင့် ဂီတနှစ်ခြိုက်မှုများအပေါ် နိုင်ငံတကာဂီတပုံစံများ (ဥရောပ ဂန္ထဝင်ဂီတ၊ ဂျက်ဇ်ဂီတ၊ ရော့ခ်ဂီတ၊ ရက်(ပ်)ဂီတ စသည်) တို့က လွှမ်းမိုးပုံများအကြောင်းကို အကြံပြုခိုင်းပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများ၏အပြန်အလှန်ပြောဆိုမှုများကို နားထောင်ခြင်းနှင့် စိတ်ဝင်စားဖွယ်အချက်များကို အကျဉ်းချုပ် မှတ်သားခြင်းအားဖြင့် ဂီတသံစဉ်အမျိုးမျိုးအပေါ် နှိုင်းယှဉ်ခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်း (သိရှိမှုအတိုင်းအတာပိုများသော သို့မဟုတ် ပိုနည်းသော) နှင့် သိမြင်ခံစားခြင်းဆိုင်ရာ စွမ်းရည်ကို အကဲဖြတ်စစ်ဆေးပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများတွင် ဂီတပုံစံအမျိုးမျိုးအပေါ် နှစ်သက်မှုများ ရှိနိုင်သည်။ ကျောင်းသားများသည် တေးစာသား၊ အကြောင်းအရာ၊ အသံအနိမ့်အမြင့်နှင့် တူရိယာများနှင့် ပတ်သက်ပြီး နှိုင်းယှဉ်မှုများ ပြုလုပ်နိုင်ရမည်။ အချို့သော ကျောင်းသားများသည် စည်းချက်များနှင့် နိုင်ငံတကာ၏ မြန်မာ့ ဂီတအပေါ် လွှမ်းမိုးမှုများကို နှိုင်းယှဉ်နိုင်ရန် ဂီတကို ခွဲခြမ်းစိတ်ဖြာနိုင်သည့် ကျွမ်းကျင်မှုများ ပိုင်ဆိုင်ထားနိုင်သည်။

ကျောင်းသားများကို မိမိ၏ ထင်မြင်ချက်များအား မျှဝေရန်နှင့် အဘယ်ကြောင့် ထိုသို့ ထင်မြင်ယူဆသည်ကို ရှင်းပြရန် အားပေးတိုက်တွန်းရမည်ဖြစ်ပြီး အချင်းချင်း၏ အမြင်များကို လေးစားရန်နှင့် ၎င်းတို့၏ နှစ်သက်မှုကွဲပြားပုံကို နားလည်အောင် ကြိုးစားရန် အရေးကြီးပါသည်။

## ကျောင်းသားများ၏ နားလည်သဘောပေါက်မှုကို စစ်ဆေးခြင်း (၁၀ မိနစ်)

၁။ ကျောင်းသားများကို မြန်မာ့ရိုးရာဂီတအား သင်ယူရာတွင် မိမိပြန်လည်သင်ကြားရမည့် ကျောင်းသားများအား မည်သို့ ဆက်စပ်သင်ကြားနိုင်သည်ကို အကျဉ်းချုပ် ဆွေးနွေးစေပါ။

၂။ ကျောင်းသားများအတွက် အတတ်နိုင်ဆုံး တက်ကြွစွာ ဂီတများ ပြင်ဆင်ပြုလုပ်ခြင်းများ အပြင် အောက်ဖော်ပြပါ အတွေးအမြင်များလည်း ပါဝင်နိုင်သည်။

- ရိုးရာဂီတ၏ ခေတ်သစ်ပုံစံများစွာ တင်ဆက်ခြင်းနှင့် ဖန်တီးခြင်း။
- ခေတ်သစ်တူရိယာများကို အသုံးပြုခြင်း။
- ဂီတ၏ နောက်ခံသမိုင်းကို သင်ကြားရန်နှင့် ဖန်တီးမှုစွမ်းရည် ပိုမိုတိုးတက်လာစေရန် ဂီတနှင့်ဆိုင်သော ပြဇာတ်များ သို့မဟုတ် အကဖျော်ဖြေမှုများ တီထွင်ဖန်တီးခြင်း။

၃။ ကျောင်းသားများကို နောက်လာမည့်သင်ခန်းစာအတွက် သင်ခန်းစာ ၂.၁.၂။ အား ဖတ်ရှုစေပါ။

## ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ

**သင်ယူမှုလုပ်ငန်း ၁။** ။ ကျောင်းသားများကို ဂီတသင်ခန်းစာများအား မည်သို့ချဉ်းကပ်ရမည်ကို စဉ်းစားခိုင်းပြီး အကြားအာရုံချို့တဲ့သော ကျောင်းသားများရှိပါက တုန်ခါမှုများကို အသုံးပြုခြင်း (သိပ္ပံနှင့် ဆက်စပ်ခြင်း) သို့မဟုတ် ကျောင်းသားများကို တူရိယာများ အသုံးပြု၍ စည်းချက်လိုက်စေခြင်းဖြင့် တက်ကြွစွာ ပါဝင်လုပ်ဆောင်စေနိုင်သည်။

**သင်ယူမှုလုပ်ငန်း ၂။** ။ ဤသင်ကြားသင်ယူမှုလုပ်ငန်းအား လုပ်ဆောင်နေစဉ် နိုင်ငံတကာ ဂီတပုံစံအချို့ကို ရွေးချယ်ပြီး တီးခတ်ပြရန် လိုအပ်ပေမည်။

## ၂.၁.၂။
## အဆိုပညာ သင်ကြားရေးနည်းဗျူဟာများ

**မျှော်မှန်းထားသော သင်ယူမှုရလဒ်များ**

ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -

- မူလတန်းကျောင်းများတွင် အဆိုပညာသင်ကြားခြင်း၏ ရည်ရွယ်ချက်များကို ရှင်းပြတတ်မည်။
- အတန်းအလိုက် အဆိုပညာ၏ ရည်ရွယ်ချက်များကို သင်ကြားနိုင်ရန်အတွက် မူလတန်းကျောင်းသုံးစာအုပ်နှင့် ဆရာလမ်းညွှန်တွင် အကြံပြုထားသော သင်ယူမှုလုပ်ငန်းများ၏ နမူနာများကို ဖော်ပြတတ်မည်။
- မူလတန်းကျောင်းများတွင် သင်ကြားမည့် အဆိုပညာ၏ အခြေခံကျွမ်းကျင်မှုများကို သရုပ်ပြတတ်မည်။
- ကျောင်းသားများ အဆိုပညာ သင်ယူရာတွင် ကြုံတွေ့နိုင်သော အခက်အခဲများနှင့် ဆရာက မည်သို့ ကူညီထောက်ပံ့ပေးရမည်ကို ဆွေးနွေးတတ်မည်။

### ရရှိသွားမည့်တတ်ကျွမ်းမှုများ

(က) (၄.၁) အခြေခံပညာသင်ရိုးညွှန်းတမ်းတွင် ဖော်ပြထားသည့် သင်ရိုးဖွဲ့စည်းပုံ၊ အကြောင်းအရာနှင့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို နားလည်သဘော ပေါက်ကြောင်း သရုပ်ဖော်ပြသနိုင်သည်။

(က) (၅.၂) ကျောင်းသားများ၏ သင်ယူမှုလိုအပ်ချက်နှင့် ဆက်နွယ်နေသော သင်ယူမှု အခြေအနေပေါ် မူတည်၍ သင်ယူတတ်မြောက်အောင် ဘာသာရပ်အကြောင်းအရာ များကို မည်သို့ပို့ချရမည်ကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(ခ) (၁.၁) ဘာသာရပ်ဆိုင်ရာ အသိသညာ၊ အကြောင်းအရာများကို ရှင်းလင်းစွာနှင့် ကလေးများ ကိုယ်ရောစိတ်ပါ ပါဝင်ဆောင်ရွက်မှု ရှိအောင် သင်ကြားနိုင်စွမ်း ရှိကြောင်း ပြသည်။

(ဂ) (၃.၁) ကျောင်းသားတစ်ဦးချင်းစီ၏ ပညာရေးဆိုင်ရာ အခွင့်အရေးများကို အလေး အနက်ထားကြောင်းနှင့် ကျောင်းသားများအား ဘက်လိုက်မှုကင်းကင်း၊ မျှတစွာ ပြုမူဆက်ဆံကြောင်း ပြသသည်။

### အချိန်

မိနစ် (၅၀)ကြာ စာသင်ချိန်တစ်ချိန်

### သင်ယူမှုနည်းလမ်းများ

ကြိုတင်လေ့လာပြင်ဆင်စေသော သင်ကြားသင်ယူမှုဖြစ်စဉ်၊ သရုပ်ပြ သင်ကြားခြင်း၊ လက်တွေ့အသုံးချခြင်း။

### လိုအပ်သောကြိုတင်ပြင်ဆင်မှု

မည်သည့်သီချင်းအား သင်ကြားမည်ကို ရွေးချယ်ပါ - တေးဆိုင့်ကို လက်ကမ်းစာစောင် (၁၀.၁) သို့မဟုတ် အလေးပြုခြင်း လက်ကမ်းစာစောင် (၁၀.၂)[၆]။ လက်ကမ်းစာစောင် (၈) နှင့် လက်ကမ်းစာစောင် (၉) ကို ဖတ်ပါ။ သရုပ်ပြသင်ကြားမည့် သီချင်းနှင့် ရင်းနှီးကျွမ်းဝင်ရန် သေချာစွာ ပြင်ဆင်ထားပါ။ အမြင့်သံနှင့် ရင်ခေါင်းသံကို သရုပ်ပြနိုင်ရန်နှင့် ရှင်းပြနိုင်ရန် ပြင်ဆင်ထားပါ။

---

[၆] ဤနေရာတွင် သီချင်းနှစ်ပုဒ်အား တင်ပြထားခြင်းဖြစ်သည်။ ဤသင်ခန်းစာ သင်ကြားရန်အတွက် သီချင်းတစ်ပုဒ်အား ရွေးချယ်ရမည်။ စာသင်ချိန် တစ်ခုအတွက် သီချင်းနှစ်ပုဒ်အား သင်ကြားရန်မဖြစ်နိုင်ပေ။ တေးဆိုင့်ကို မူလတန်းသင်ရိုးတွင် ပါဝင်သောကြောင့် ဖော်ပြထားခြင်း ဖြစ်သည်။ အလေးပြုခြင်းသည် အခြားရေပန်းစားသော ရွေးချယ်မှုအနေဖြင့် ဖော်ပြထားခြင်း ဖြစ်သည်။

## လိုအပ်သောရင်းမြစ်များ

ပထမတန်း ဂီတအနုပညာ ပြဋ္ဌာန်းစာအုပ် (တေးဆိုငှက်)၊ လက်ကမ်းစာစောင်(၈)၊ လက်ကမ်းစာစောင်(၉)၊ လက်ကမ်းစာစောင်(၁၀.၁) သို့မဟုတ် လက်ကမ်းစာစောင် (၁၀.၂)၊ လက်ကမ်းစာစောင်(၁၁)။

## သင်ယူမှုလုပ်ငန်း ၁။ ကြိုတင်လေ့လာပြင်ဆင်စေသော သင်ကြားသင်ယူမှု ဖြစ်စဉ် (၂၀ မိနစ်)

၁။ ယခင်သင်ခန်းစာတွင် ကျောင်းသားများကို သင်ခန်းစာ ၂.၁.၂ အား ဤသင်ခန်းစာ ပြင်ဆင်ရန်အတွက် ဖတ်ရှုစေခဲ့ပြီးဖြစ်သည်။

၂။ ကျောင်းသားကိုင်စာအုပ်ရှိ အချက်အလက်များအပေါ် (လက်ကမ်းစာစောင် ၈ နှင့် ၉ အတိုင်း) ကျောင်းသားများ၏ နားလည်မှုကို အခြေခံ၍ သိဆိုနိုင်ရန် သင်ကြားရာတွင် မိမိတို့၏ အသိပညာများကို ဆွေးနွေးမျှဝေခိုင်းပါ။

၃။ ကျောင်းသားအချို့ကို ရွေးချယ်ပြီး လက်ကမ်းစာစောင်မှ အဓိကအချက်များကို ပြန်လည်တုံ့ပြန်အကြံပေးမှုများ ပေးခိုင်းပါ။

၄။ နားလည်မှုကို အထောက်အကူပြုစေရန် ကျောက်သင်ပုန်းပေါ်တွင် အဓိကတွေ့ရှိချက်များကို မှတ်သားထားပါ။

၅။ ဆွေးနွေးမှုများတွင် အောက်ဖော်ပြပါ အဓိကအချက်များကို ကိုးကားခိုင်းပါ။

- မူလတန်းအဆင့်တွင် အဆိုပညာကို အဘယ်ကြောင့် သင်ကြားရသနည်း။
- မူလတန်းအဆင့်တွင် ပြုစုပျိုးထောင်ရမည့် အဆိုကျွမ်းကျင်မှုများ။
- အဆိုပညာသင်ကြားခြင်း၏ မတူညီသော နည်းလမ်းများ။
- အဆိုပညာသင်ယူခြင်း၏ အဆင့်(၇)ဆင့်။
    - တေးစာသား ရွတ်ဆိုခြင်းနှင့် အဓိပ္ပါယ်ကို နားလည်သဘောပေါက်ခြင်း
    - ရိုက်ချက်သဘောတရားကို သဘောပေါက်နားလည်ခြင်း
    - စည်းချက်ကို သဘောပေါက်နားလည်ခြင်း
    - သံစဉ်သဘောတရားကို သဘောပေါက်နားလည်ခြင်း

- စည်းချက်စုသဘောတရားကို သဘောပေါက်နားလည်ခြင်း (လေးဘားတစ်စုကဲ့သို့သော သံစဉ်အစုအဖွဲ့များ)
- ခံစားချက်ထည့် သီဆိုခြင်း
- အပြန်အလှန် နားထောင်ခြင်း

• အဆိုပညာသင်ကြားရာတွင် လိုက်နာရမည့် အရေးကြီးသော အချက်များ
  - ကျောင်းသားများ သီဆိုချင်စိတ် ဖြစ်ပေါ်လာစေရန် လှုံ့ဆော်ခြင်း
  - သာယာလှပစွာ သီဆိုစေရန် (မလိုအပ်ဘဲ အသံကျယ်ကျယ်ဖြင့် သီဆိုခြင်းမပြုစေရန်)
  - ကျောင်းသားများ သီဆိုခြင်းမပြုမီ ဆရာမှ သီဆိုပြရန်
  - ကျောင်းသားများ သီဆိုခြင်းအပေါ် အပြုသဘောဆောင်သည့် အကြံဉာဏ်များပေးရန်
  - ကိုယ်ခန္ဓာလှုပ်ရှားမှုများ

၆။ ချန်လှပ်ခဲ့သော နယ်ပယ်များကို ဖြည့်စွက်ပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

အတန်းမှ ကျောင်းသားများအချို့ကို ခေါ်ယူပြီး အချက်အလက်များကို တစ်ခန်းလုံး မြင်သာစေရန်အတွက် ကျောင်းသားများ၏ အကြံပြုချက်များကို ကျောက်သင်ပုန်းပေါ်တွင် ရေးသားခြင်းအားဖြင့် လက်ကမ်းစာစောင်အပေါ် နားလည်မှုကို ပုံစံတကျ စစ်ဆေးအကဲဖြတ်ပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

အထက်ဖော်ပြပါ အဓိကအချက်များ စာရင်းကို ကြည့်ရှုပါ။

## သင်ယူမှုလုပ်ငန်း ၂။ သရုပ်ပြသင်ကြားခြင်း (၂၀ မိနစ်)

၁။ မိမိတို့သင်ကြားရန် ရွေးချယ်ထားသော 'တေးဆိုငှက်' သို့မဟုတ် 'အလေးပြုခြင်း' အပေါ် မူတည်ပြီး ကျောင်းသားများကို လက်ကမ်းစာစောင် (၁၀.၁) သို့မဟုတ် လက်ကမ်းစာစောင် (၁၀.၂) အား ဖတ်ရှုရန် ညွှန်ကြားပါ။

၂။ 'တေးဆိုငှက်' အား သင်ကြားသောအခါ ပထမတန်း ဂီတအနုပညာပြဋ္ဌာန်းစာအုပ်ကို ဝေပေးပါ။

၃။ အဆိုပညာ သင်ယူခြင်း အဆင့်(၇)ဆင့်အား အသုံးပြုပြီး ကျောင်းသားများကို သီချင်းအား မည်သို့သီဆိုရမည်ကို ရှင်းပြပါ။

၄။ ခန္ဓာကိုယ်အနေအထားကို အသုံးပြုပြီး တေးစာသားကို ရွတ်ဆို၍ မှန်ကန်သော ကိုယ်နေဟန်ထားအတိုင်း တေးစာသားရွတ်ဆိုခြင်းကို လိုက်ပါလုပ်ဆောင်ရန် ညွှန်ကြားပါ။

၅။ လက်ခုပ်ရိုက်ချက်ဖြင့် သီချင်းကို သရုပ်ဖော်ပြသပြီး ကျောင်းသားများကို ပါဝင်လက်ခုပ်တီးရန် အားပေးတိုက်တွန်းပါ။

၆။ စည်းချက်အတိုင်း သီဆိုခြင်းကို သရုပ်ဖော်ပြသပါ။ ကျောင်းသားများသည် ပြဋ္ဌာန်းစာအုပ်ပါ ညွှန်ကြားချက်များကို လိုက်နာခြင်းအားဖြင့် ပါဝင်နိုင်သည်။

၇။ လက်များကိုအသုံးပြုပြီး ဒို-ရေ-မီ ဖော်ပြချက်ဖြင့် သီဆိုခြင်းကို သရုပ်ပြပြီး ကျောင်းသားများကို လိုက်ပါလုပ်ဆောင်ခိုင်းပါ။

၈။ သံစဉ်အတိုင်း အာရုံစိုက်သီဆိုခြင်းကို သရုပ်ပြသင်ကြားကာ ကျောင်းသားများအား အတူတကွ လိုက်ပါသီဆိုခိုင်းပါ။

၉။ ကျောင်းသားများအား သီချင်း၏ ခံစားချက်အတိုင်း အာရုံစိုက် သီဆိုခိုင်းပြီး ခံစားချက်ဖြင့် သီဆိုရန် အားပေးတိုက်တွန်းပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

အဆိုပညာသင်ယူခြင်း၏ အဆင့်(၇)ဆင့်ကို အသုံးပြုပြီး ကျောင်းသားများကို စစ်ဆေး အကဲဖြတ်နိုင်သည်။ စာသင်ချိန်အတွင်း တူညီသောစံများဖြင့် မိမိကိုယ်တိုင် စစ်ဆေးအကဲဖြတ်ခြင်းသည်လည်း ကောင်းမွန်သော အတွေးအမြင်ပင်ဖြစ်ပါသည်။

အိမ်စာ - ကျောင်းသားများအား လက်ကမ်းစာစောင်(၁၁) ရှိ ကိုယ်တိုင် စစ်ဆေးအကဲဖြတ်မှု မှတ်တမ်းကို ရည်ညွှန်းပြီး ညွှန်ကြားထားသည်အတိုင်း တာဝန်ပြီးစီးအောင် လုပ်ဆောင်ခိုင်းပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများသည် အဆိုပညာသင်ယူမှု အဆင့်(၇)ဆင့်ကို အသုံးပြု၍ ကိုယ်တိုင်စစ်ဆေး အကဲဖြတ်နိုင်ပြီး မိမိ၏ စစ်ဆေးအကဲဖြတ်မှုကို လက်ကမ်းစာစောင်(၁၁) တွင် ဖြည့်ပါ။ ပြန်လည်သုံးသပ်နိုင်သည့် ဆရာများ ဖြစ်လာစေရန် ယခုလုပ်ငန်းသည် နမူနာဖြစ်ကြောင်း သတိပေးပြီး ထိုအချက်များကို ပြန်လည်သုံးသပ်နိုင်သော လေ့ကျင့်မှုနှင့် လိုအပ်သော ကျွမ်းကျင်မှုများ သင်ရိုးတွင် များစွာလေ့လာရမည် ဖြစ်သည်။

## ကျောင်းသားများ၏ နားလည်သဘောပေါက်မှုကို စစ်ဆေးခြင်း (၁၀ မိနစ်)

၁။ ကျောင်းသားများကို သင်ခန်းစာ၏ သင်ယူမှုရလဒ်များအား သတိပြုစေပါ။ အဆိုပညာ စွမ်းရည်အား အောင်အောင်မြင်မြင် သရုပ်ဖော်နိုင်မည့် အကောင်းဆုံးနည်းလမ်းမှာ သီဆိုခြင်းပင်ဖြစ်သည်။

၂။ ကျောင်းသားများကို နှစ်ပိုင်းခွဲပြီး အုပ်စု နှစ်စု ခွဲပါ။

၃။ ကျောင်းသားများကို အုပ်စုလိုက် သီချင်းဆိုခိုင်းပါ။ အုပ်စုတစ်စုစီအား တစ်လှည့်စီ သီဆိုစေပြီး (ခံစားချက်ဖြင့်) အခြားအုပ်စုတစ်စုကို နားထောင်ခိုင်း၍ သီချင်းကို အာရုံစိုက်ခိုင်းပါ။

၄။ ကျောင်းသားများ၏ သီဆိုမှုကို အားပေးတိုက်တွန်းခြင်းနှင့် ချီးကျူးခြင်းများ ပြုလုပ်ပါ။

၅။ ကျောင်းသားများ၏ ဖျော်ဖြေမှုကို ဂုဏ်ပြုပေးပါ။

၆။ ကျောက်သင်ပုန်းပေါ်တွင် အဓိကအချက်များကို ရေးသားခြင်းဖြင့် ကျောင်းသားများအား သင်ခန်းစာ၏ ကျန်ရှိသော သင်ယူမှုရလဒ်များကို သတိပေးပြောကြားပါ။

၇။ ကျောင်းသားများအား အဆိုပညာသင်ခန်းစာများတွင် သတိပြုရမည့် အချက် ငါးချက်ကို သတိပေးပြောကြားပါ။

- ကျောင်းသားများ သီဆိုချင်စိတ် ဖြစ်ပေါ်လာစေရန် လှုံ့ဆော်ခြင်း
- သာယာလှပစွာ သီဆိုစေရန် (မလိုအပ်ဘဲ အသံကျယ်ကျယ်ဖြင့် သီဆိုခြင်းမပြုစေရန်)

- ကျောင်းသားများ သီဆိုခြင်းမပြုမီ ဆရာက သီဆိုပြရန်
- ကျောင်းသားများ သီဆိုစဉ် ဖော်ပြသည့် ခံစားချက်များကို စဉ်းစားရန်
- ကိုယ်ခန္ဓာလှုပ်ရှားမှုများ

## ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ

**သင်ယူမှုလုပ်ငန်း ၁။** ။ ကျောင်းသားများအား ပြန်လည်အမှတ်ရစေရန် ခေါင်းစဉ်များကို ကျောက်သင်ပုန်းပေါ်တွင် ရေးသားပါ။

**သင်ယူမှုလုပ်ငန်း ၂။** ။ ကျောင်းသားများကို အဆိုပညာအား လေ့ကျင့်ရန်နှင့် ရင်ခေါင်းသံနှင့် အမြင့်သံဖြင့် သီဆိုရန် အားပေးတိုက်တွန်းပါ။ ကျောင်းသားများအား မိမိတို့ ကိုယ်ခန္ဓာသည် ထိုမတူညီသော အသံများအပေါ် မည်သို့တုံ့ပြန်သည်ကို စဉ်းစားခိုင်းပါ။ ကျောင်းသားများသည် မိမိတို့ မည်သို့ခံစားရသည်ကို မှန်မှန်ကန်ကန် ရှင်းပြရန်ခက်ခဲနိုင်သည်။ အောက်ဖော်ပြပါ ရှင်းပြချက်များကို ကျောင်းသားများ၏ အမြင်များကို ရှင်းလင်းစေရန် ကူညီထောက်ပံ့မှုအဖြစ် အသုံးပြုပါ။

**အမြင့်သံ** - အမြင့်သံကို အသုံးပြုပြီး သီဆိုသောအခါ မျက်နှာ၏ အပေါ်ပိုင်းတွင် တုန်ခါမှုများ ဖြစ်ပေါ်သည်ကို ခံစားမိသင့်သည်။ အဘယ့်ကြောင့်ဆိုသော် အသံဩဇာများသည် နှာခေါင်းပေါက် (မိမိ၏ နှာခေါင်း) မှ ထွက်ပေါ်လာသောကြောင့် ဖြစ်သည်။ သို့ရာတွင် အခြားအသံဖွဲ့စည်းပုံများ၌ အသံဩဇာမရှိဟု ဆိုလိုခြင်း မဟုတ်ပေ။ ဆိုလိုသည်မှာ နှာခေါင်းပေါက်မှ အသံသည် အခြားနေရာများထက် ပိုမို၍ ဟိန်းသံများ ဖြစ်ပေါ်ခြင်း ဖြစ်သည်။

**ရင်ခေါင်းသံ** - ရင်ခေါင်းသံဖြင့် သီဆိုသောအခါ လည်ပင်းအောက်ပိုင်းနှင့် ရင်ခေါင်းတွင် တုန်ခါမှုများ ဖြစ်ပေါ်သည်ကို ခံစားမိသင့်သည်။ ပုံမှန်စကားပြောသည့်အသံဖြင့် ပြောကြားကြည့်ပြီး မိမိ၏ ရင်ခေါင်းအလယ်တည့်တည့်တွင် လက်ကို ထားရှိကြည့်ပါက ရင်ခေါင်းမှ တုန်ခါမှုကို ခံစားနိုင်မည် ဖြစ်သည်။

## ပြန်လည်ဆန်းစစ်ရန် မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

**မေးခွန်း ၁။** ရင်းခေါင်းသံနှင့် အမြင့်သံကို ဖော်ပြပါ။

***အဖြေ***

*__အမြင့်သံ -__ အမြင့်သံကို အသုံးပြုပြီး သီဆိုသောအခါ မျက်နှာ၏ အပေါ်ပိုင်းတွင် တုန်ခါမှုများ ဖြစ်ပေါ်သည်ကို ခံစားရသင့်သည်။ အဘယ်ကြောင့်ဆိုသော် အသံသြဇာများသည် နှာခေါင်းပေါက် (မိမိ၏ နှာခေါင်း) မှ ထွက်ပေါ်လာသောကြောင့် ဖြစ်သည်။ သို့ရာတွင် အခြားအသံဖွဲ့စည်းပုံများသည် အသံသြဇာမရှိဟု ဆိုလို ခြင်း မဟုတ်ပေ။ ဆိုလိုသည်မှာ နှာခေါင်းပေါက်မှ အသံသည် အခြားနေရာ များထက် ပိုမို၍ ဟိန်းသံများ ဖြစ်ပေါ်ခြင်း ဖြစ်သည်။*

*__ရင်ခေါင်းသံ -__ ရင်ခေါင်းသံဖြင့် သီဆိုသောအခါ လည်ပင်းအောက်ပိုင်းနှင့် ရင်ခေါင်းမှ တုန်ခါမှုများ ဖြစ်ပေါ်သည်ကို ခံစားသင့်သည်။ ပုံမှန်စကားပြောသည့် အသံဖြင့် ပြောကြားကြည့်ပြီး မိမိ၏ ရင်ခေါင်းအလယ်တည့်တည့်တွင် လက်ကို ထားရှိကြည့်ပါက ရင်ခေါင်းမှ တုန်ခါမှုကို ခံစားနိုင်မည် ဖြစ်သည်။*

**မေးခွန်း ၂။** အဆိုပညာသင်ကြားခြင်း၏ အဆင့်(၇)ဆင့်မှာ အဘယ်နည်း။

***အဖြေ***

*၁။ တေးစာသား ရွတ်ဆိုခြင်းနှင့် အဓိပ္ပါယ်ကို နားလည်သဘောပေါက်ခြင်း*
*၂။ ရိုက်ချက်သဘောတရားကို သဘောပေါက်နားလည်ခြင်း*
*၃။ စည်းချက်ကို သဘောပေါက်နားလည်ခြင်း*
*၄။ သံစဉ်သဘောတရားကို သဘောပေါက်နားလည်ခြင်း*
*၅။ စည်းချက်စုသဘောတရားကို သဘောပေါက်နားလည်ခြင်း (လေးဘားတစ်စု ကဲ့သို့သော သံစဉ်အစုအဖွဲ့များ)*
*၆။ ခံစားချက်ထည့်သီဆိုခြင်း*
*၇။ အပြန်အလှန်နားထောင်ခြင်း*

# ၂.၂။ အကပညာ

အကပညာသည် မြန်မာ့ရိုးရာဂီတနှင့်ယဥ်ကျေးမှု၏ အလွန်အရေးပါသော အစိတ်အပိုင်းတစ်ရပ် အနေဖြင့် ပါဝင်ပြီး နိုင်ငံတွင် အလွန်ရှည်လျားသော သမိုင်းကြောင်း ရှိခဲ့သည်။ ပွဲအခမ်းအနားများ၊ ပွဲတော်များနှင့် အပျော်အပါးသက်သက်စသည့် ပွဲတော်များတွင် သီချင်းများကို အကများဖြင့် ပူးပေါင်းကာ သီဆိုခဲ့ကြသည်။

## ၂.၂.၁။ မြန်မာအကပညာ၏ သမိုင်း

**မျှော်မှန်းထားသော သင်ယူမှုရလဒ်များ**

ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -

- မြန်မာ့အကပညာ၏ သမိုင်းကြောင်းနှင့် လက်ရှိနေထိုင်မှုပုံစံများ ဆက်စပ်မှုတို့ကို ဆွေးနွေး တတ်မည်။

**ရရှိသွားမည့်တတ်ကျွမ်းမှုများ**

(က ၄.၁) အခြေခံပညာသင်ရိုးညွှန်းတမ်းတွင် ဖော်ပြထားသည့် သင်ရိုးဖွဲ့စည်းပုံ၊ အကြောင်းအရာနှင့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို နားလည်သဘော ပေါက်ကြောင်း သရုပ်ပြ သင်ကြားတတ်မည်။

(က ၅.၂) ကျောင်းသားများ၏ သင်ယူမှုလိုအပ်ချက်နှင့် ဆက်နွယ်နေသော သင်ယူမှု အခြေအနေပေါ် မူတည်၍ သင်ယူတတ်မြောက်အောင် ဘာသာရပ်အကြောင်းအရာ များကို မည်သို့ပို့ချရမည်ကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(ခ) (၁.၁) ဘာသာရပ်ဆိုင်ရာ အသိသညာ၊ အကြောင်းအရာများကို ရှင်းလင်းစွာနှင့် ကလေးများ ကိုယ်ရေးစိတ်ပါ ပါဝင်ဆောင်ရွက်မှု ရှိအောင် သင်ကြားနိုင်စွမ်း ရှိကြောင်း

ပြသည်။

(ဂ) (၃.၁) ကျောင်းသားတစ်ဦးချင်းစီ၏ ပညာရေးဆိုင်ရာ အခွင့်အရေးများကို အလေးအနက်ထားကြောင်းနှင့် ကျောင်းသားများအား ဘက်လိုက်မှုကင်းကင်း၊ မျှတစွာ ပြုမူဆက်ဆံကြောင်း ပြသသည်။

**အချိန်**

မိနစ် (၅၀)ကြာ စာသင်ချိန်တစ်ချိန်

**သင်ယူမှုနည်းလမ်းများ**

ပို့ချခြင်း၊ ဗီဒီယို ပြန်လည်တင်ပြခြင်း၊ သိခြင်း၊ သိလိုခြင်း၊ သိနားလည်သွားခြင်း ဇယားကွက်၊ နမူနာ လုပ်ပြခြင်းနှင့် သရုပ်ပြ သင်ကြားခြင်း

**လိုအပ်သောကြိုတင်ပြင်ဆင်မှု**

အကယ်၍ လုပ်ဆောင်နိုင်ပါက စာသင်ခန်းကို ရှင်းလင်းခြင်း သို့မဟုတ် အက ကရန်အတွက် စာသင်ခန်းပြင်ပရှိ နေရာကို အသုံးပြုရန် စီစဉ်ခြင်းများ ပြုလုပ်နိုင်ပါသည်။ မြန်မာ့ရိုးရာအကနှင့် ခေတ်ပေါ်အက အမျိုးမျိုး၏ ဗီဒီယိုအချို့ကို ရွေးချယ်ပြသရန် ပြင်ဆင်ပါ။ အခြားဗီဒီယိုများကို အသုံးပြုနိုင်သော်လည်း နမူနာဗီဒီယိုအချို့ကို အောက်တွင် ဖော်ပြထားပါသည်။ မြန်မာ့ရိုးရာ အကသင်ကြားမှု ဗီဒီယိုအတိုများကို ပြင်ဆင်ပါ။

**လိုအပ်သောရင်းမြစ်များ**

ဗီဒီယို၏ အကြံပြုချက်များ

၁။ 'ဦးရွှေရိုး နှင့် ဒေါ်မိုး' သည် မြန်မာ့ရိုးရာ ပျော်ပွဲရွှင်ပွဲတွင်ကပြသည့် အကတစ်ခု ဖြစ်သည်။ မြန်မာ့ပွဲတော်များတွင် ထိုအကကို ကပြဖျော်ဖြေလေ့ရှိသည်။ အောက်တွင် ဖော်ပြထားသော နမူနာသည် မြန်မာနိုင်ငံ၊ ရန်ကုန်တိုင်း၊ အင်းစိန်မြို့၊ အမှတ် (၃) အခြေခံပညာ အလယ်တန်းကျောင်းမှ အလယ်တန်း ကျောင်းသားနှစ်ဦး၏ ကပြဖျော်ဖြေမှုများ ဖြစ်သည်။

https://www.youtube.com/watch?v=DgAkS87FrHk

၂။ နန်းတော်တွင် အင်းဝခေတ်ပုံစံ ရိုးရာအကဖြင့် ဖျော်ဖြေနေသော မြန်မာ့ရိုးရာအက ကို ဖော်ပြထားခြင်း ဖြစ်သည်။
https://www.youtube.com/watch?v=F8zdXPgxzXQ

၃။ မြန်မာ့ယဉ်ကျေးမှုဝန်ကြီးဌာနမှ ပြင်ဆင်ထားသော အမျိုးသား - ကဗျာလွတ်အက၏ နမူနာဖြစ်သည်။
https://www.youtube.com/watch?v=LqATPcfhT7w

၄။ လက်ခုပ် (စည်းချက်ကိုက်ညီစေရန် တီးခတ်ရသော တူရိယာ)

၅။ ဘာသာရပ်ပို့ချမှုဆိုင်ရာ မှတ်စု (လက်ကမ်းစာစောင် ၁၂ နှင့် ၁၃)

## သင်ယူမှုလုပ်ငန်း ၁။ မြန်မာ့ရိုးရာအက ဗီဒီယို (၁၀ မိနစ်)

၁။ မြန်မာ့ရိုးရာအက၏ ဗီဒီယိုအတိုများကို ကျောင်းသားများအား ပြသ၍ သင်ခန်းစာကို မိတ်ဆက် သင်ကြားရမည်။

၂။ ကျောင်းသားများကို ဗီဒီယိုများအား ကြည့်ရှုစေ၍ ကျောင်းတွင် အကသင်ယူခဲ့သည်များ သို့မဟုတ် သူငယ်ချင်းများ၊ မိသားစုများ၏ အကကို မြင်တွေ့ခြင်း သို့မဟုတ် အကပွဲတော်များ တက်ရောက်ခဲ့သည်များ စသည့် မိမိ၏အတွေ့အကြုံများမှ အကလှုပ်ရှားမှု အချို့ကို မှတ်သားစေရမည်။

၃။ ကျောင်းသားများကို ဗီဒီယိုများမှ မှတ်မိသော ကဟန်များ သို့မဟုတ် ကကွက်လှုပ်ရှားမှုများ၏ အမည်ကို ဖော်ပြစေပါ။ ကျောက်သင်ပုန်းပေါ်တွင် အကြောင်းအရာများကို မှတ်သားကာ ဤအခန်းတွင် ထိုအကြောင်းအရာများကို ရှင်းပြမည်ဖြစ်ကြောင်း ပြောကြားပါ။

၄။ မြန်မာ့ရိုးရာအက၏ ကကွက်လှုပ်ရှားမှုများအားလုံးတွင် အရေးပါသော၊ ထူးခြားသော အဓိပ္ပါယ်များရှိကြောင်း ကျောင်းသားများ သတိပြုမိစေရန်အတွက် သတိပေးပြောဆိုရမည် ဖြစ်သည်။ မည်သည့် ကကွက်လှုပ်ရှားမှုမဆို အကြောင်းရင်းမရှိဘဲ ဖြစ်ပေါ်လာခြင်း သို့မဟုတ် အဓိပ္ပါယ်မဲ့ဖြစ်လာခြင်း မဟုတ်ပေ။

## စစ်ဆေးအကဲဖြတ်ခြင်း

သိခြင်း၊ သိလိုခြင်း၊ သိနားလည်သွားခြင်း ဇယားကွက်ကို ထည့်သွင်းစဉ်းစားပါ။ ကျောင်းသားများ သိရှိပြီးသော အကအဆင့်များကို ကျောင်းသင်ပုန်းပေါ်တွင် စာရင်းပြုစုစေပါ။ မိမိတို့ သိလိုသည့် မေးခွန်းအချို့ကို ရေးသားစေပါ။ ထို့နောက် စာသင်ချိန်ပြီးဆုံးပါက နောက်ဆုံးဇယားကွက်ဖြစ်သော သိနားလည်သွားခြင်းကို ဖြည့်စွက်စေပါ။

ကျောင်းသားများသည် မိမိကိုယ်တိုင် စစ်ဆေးအကဲဖြတ်ခြင်းကို ထိုသို့ တူညီစွာ လုပ်ဆောင်နိုင်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ထိုအဖြေများသည် ယခင်အသိပညာဗဟုသုတအပေါ်တွင် မူတည်မည် ဖြစ်သည်။ ဒေသအမျိုးမျိုးနှင့် ခေတ်အမျိုးမျိုးရှိ မတူညီသော အကပုံစံများ၏ ဗီဒီယိုများကို ပြသခြင်းသည် ကျောင်းသားများကို အကြောင်းအရာများကို ပိုမိုနားလည်စေပြီး မေးခွန်းများကိုလည်း ဖော်ထုတ်နိုင်မည် ဖြစ်သည်။

## သင်ယူမှုလုပ်ငန်း ၂။ ပို့ချခြင်း (၁၅ မိနစ်)

၁။ မြန်မာအကပညာသမိုင်းကို အတိုချုံးပို့ချပါ။ ***မြန်မာအကများ စာအုပ်*** (ဦးရဲထွဋ်၊ ၁၉၉၆)မှ ကောက်နုတ်ထားသော လက်ကမ်းစာစောင် (၁၂) နှင့် လက်ကမ်းစာစောင် (၁၃) ပါ အကြောင်းအရာများကို အခြေခံ၍ ထိုပို့ချမှုကို လုပ်ဆောင်နိုင်ပါသည်။

၂။ ထိုသို့ပို့ချရာတွင် ထိုအကြောင်းအရာများ အားလုံးသည် ကျောင်းသားကိုင်စာအုပ်တွင် ပါဝင်ပြီးသား ဖြစ်သဖြင့် ဇာတ်လမ်းအကြောင်းအရာ တစ်ခုလုံးကို ပြန်လည်ပို့ချရန် မလိုအပ်ဘဲ အချက်အလက်များကိုသာ အနှစ်ချုပ် သင်ကြားပို့ချရမည် ဖြစ်သည်။

## စစ်ဆေးအကဲဖြတ်ခြင်း

ပို့ချမှုများ ပြုလုပ်နေစဉ် အဓိက အချက်များကို စစ်ဆေးသည့် မေးခွန်းများ  မေးမြန်းနိုင်ပါသည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

မိမိမေးမြန်းသည့် မေးခွန်းများနှင့် ပို့ချမှုအကြောင်းအရာများပေါ်တွင် မူတည်မည် ဖြစ်သည်။

## သင်ယူမှုလုပ်ငန်း ၃။ နမူနာလုပ်ပြခြင်းနှင့် သရုပ်ပြသင်ကြားခြင်း (၁၅ မိနစ်)

၁။ မြန်မာ့ရိုးရာအက၏ အမျိုးအစားအမျိုးမျိုးကို အခြေခံနမူနာများဖြင့် သရုပ်ပြသင်ကြားပါ။

၂။ ဒေသအမျိုးမျိုး၊ ပုံစံများနှင့် ခေတ်ကာလများရှိ ရိုးရာအကအဆင့်များကို ရွေးချယ်ကာ မတူကွဲပြားမှုများကို ပြသပါ။

၃။ အတန်းရှိကျောင်းသားများကို မိမိ၏ သရုပ်ပြသင်ကြားမှုအား လိုက်လံလုပ်ဆောင်စေပါ။

၄။ ကျောင်းသားများကိုယ်တိုင် သို့မဟုတ် အုပ်စုလိုက် ရိုးရှင်းသော ကကွက်များကို သရုပ်ပြသင်ကြားနိုင်ပါက ***လက်ခုပ်*** တီးကာ ရိုက်ချက်အလိုက် စည်းချက်ညီစွာ ကခုန်ရန် အားပေးတိုက်တွန်းပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများ ကနေစဉ် အားပေး၍ အပြုသဘောဆောင်သော အကြံပြုချက်များပေးပါ။ အက၏ ပထမအပိုင်းတွင် မိမိအတန်း၏ အကကျွမ်းကျင်မှုများကို သင်ယူစဉ် စစ်ဆေးအကဲဖြတ်မှုအား လုပ်ဆောင်နိုင်မည်ဖြစ်သည်။ အက ကရာတွင် ယုံကြည်မှုရှိသော ကျောင်းသားများကို မှတ်သားထား၍ ထိုကျောင်းသားများသည် ထပ်ဆောင်းနမူနာကပြခြင်းများနှင့် ကူညီထောက်ပံ့မှုများကို ပြုလုပ်ပေးနိုင်မည် ဖြစ်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများသည် ရိုးရာအကအဆင့်များကို လိုက်နာလုပ်ဆောင်ခြင်းနှင့် လေ့ကျင့်ခြင်းများ အကောင်းဆုံး လုပ်ဆောင်နိုင်ရန် ကြိုးစားရမည် ဖြစ်သည်။

## ကျောင်းသားများ၏ နားလည်သဘောပေါက်မှုကို စစ်ဆေးခြင်း (၁၀ မိနစ်)

၁။ သိခြင်း၊ သိလိုခြင်း၊ သိနားလည်သွားခြင်း ဇယားကွက်ကို ပြန်လည်ကိုးကား၍ သိနားလည်သွားခြင်း ဇယားတွင် မိမိတို့ သင်ယူခဲ့သည့် အကြောင်းအရာအသစ်များကို ဖြည့်စွက်စေပါ။

၂။ ဤသင်ခန်းစာ၏ သင်ယူမှုရလဒ်များကို ကိုးကား၍ ကျောင်းသားများ ထပ်မံ တိုးတက်လုပ်ဆောင်ရမည့် အကြောင်းအရာများနှင့် ရိုးရာအကများကို သင်ယူခြင်း၏ အသုံးချမှုများကို အောက်ပါအချက်များအတိုင်း ဆွေးနွေးစေပါ။

- မူလတန်းကျောင်းသားများကြုံတွေ့နိုင်သော အခက်အခဲများနှင့် ထိုကျောင်းသားများကို ကူညီပေးနိုင်သည့် နည်းလမ်းများကို ဆွေးနွေးခြင်း။
- ကျောင်းသားများကို အကပညာ သင်ပေးခြင်း၏ အရေးပါမှုနှင့် မတူညီသော ဒေသအသီးသီးနှင့် ခေတ်ကာလအလိုက် အကပညာဆိုင်ရာ အသိပညာဗဟုသုတများ၏ အရေးပါမှုများ။
- ကကွက်လှုပ်ရှားမှု အစီအစဉ်များကို မှတ်သားခြင်းနှင့် စည်းချက်၊ ဝါးချက်နှင့်အညီ ကခုန်မည့် နည်းလမ်းများကို မှတ်သားခြင်း။

၃။ မြန်မာ့အက၏ အဓိကအကြောင်းအရာများကို ကျောင်းသားများအား အောက်ပါအချက်များဖြင့် မှတ်သားစေပါ။

*ခြေ၊ လက်၊ ခေါင်း၊ ခါး*
*မျက်နှာထား*
*ဝါးချက်ဟန်ညီ*
*က ရသည်။*

## ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ

**သင်ယူမှုလုပ်ငန်း ၁။** ။ စာသင်ချိန်အတွင်း အချိန်ပိုပါက ကျောင်းသားများ ဤသင်ခန်းစာတွင် စိတ်ဝင်တစား ပါဝင်လာစေရန်အတွက် မြန်မာ့ခေတ်သစ်နှင့် ခေတ်ပေါ် အကများကို စိတ်ဝင်စားဖွယ် ကပြရမည် ဖြစ်သည်။

**သင်ယူမှုလုပ်ငန်း ၂။** ။ လက်ကမ်းစာစောင် (၁၂) နှင့် (၁၃) ရှိ သင်ကြားပို့ချရမည့် အချက်အလက်များကို ကျောင်းသားများ လိုက်လံလုပ်ဆောင်ရမည် ဖြစ်သည်။ ထိုပို့ချမှုတွင် မိမိ၏ အသိပညာများကိုလည်း ထပ်ဆောင်းဖြည့်စွက်နိုင်ပါသည်။ သင်ခန်းစာ ပို့ချရာတွင်လည်း သရုပ်ပြသင်ကြားခြင်းကို ပေါင်းစပ်ပြုလုပ်နိုင်ပါသည်။ (သင်ယူမှုလုပ်ငန်း (၂)နှင့် (၃) ကို ပေါင်းစပ်ခြင်း)

**သင်ယူမှုလုပ်ငန်း ၃။** ။ အတန်းတွင်း အပြိုင်အဆိုင်လုပ်ဆောင်စေလိုပါက ကျောင်းသားများကို အုပ်စုလိုက် သို့မဟုတ် တစ်ဦးချင်းစီ ရှုပ်ထွေးသော အကအဆင့်များ သို့မဟုတ် သေသပ်လှပသော အကများကို တင်ဆက်ကပြရန် ယှဉ်ပြိုင်စေခြင်းများ ပြုလုပ်နိုင်ပါသည်။ (ဤသို့လုပ်ဆောင်ခြင်းကို ရှုံးထွက်အကပြိုင်ပွဲ သို့မဟုတ် ရှုံးထွက်အကယှဉ်ပြိုင်မှုဟု ခေါ်ဆိုနိုင်ပြီး ဆယ်ကျော်သက်များ အကြားတွင် ထိုပြိုင်ပွဲများသည် ရေပန်းစားပါသည်။) တစ်နည်းအားဖြင့် အက ကရန် ယုံကြည်မှု ရှိသော ကျောင်းသားများကို ရိုးရာအက အဆင့်များအား သင်ကြားစေခြင်းနှင့် အထူးသဖြင့် မိမိ၏ အတန်းရှိ ဒေသအလိုက် ကကွက်များကို ကျွမ်းကျင်နှံ့စပ်သူများမှ ကပြစေခြင်းများ ပြုလုပ်နိုင်သည်။

# ၂.၂.၂။
# မူလတန်းကျောင်းများတွင် အကပညာ သင်ကြားခြင်း

## မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -

- မူလတန်းကျောင်းများတွင် အကပညာသင်ကြားခြင်း၏ ရည်ရွယ်ချက်များကို ရှင်းပြတတ်မည်။
- အတန်းအလိုက် အကပညာ၏ ရည်ရွယ်ချက်များကို သင်ကြားနိုင်ရန်အတွက် မူလတန်းကျောင်းသုံးစာအုပ်နှင့် ဆရာလမ်းညွှန်တွင် အကြံပြုထားသော သင်ယူမှုလုပ်ငန်းများ၏ နမူနာများကို ဖော်ပြတတ်မည်။
- မူလတန်းကျောင်းများတွင် သင်ကြားမည့် အကပညာ၏ အခြေခံကျွမ်းကျင်မှုများကို သရုပ်ပြတတ်မည်။
- ကျောင်းသားများ အကပညာသင်ယူရာတွင် ကြုံတွေ့နိုင်သော အခက်အခဲများနှင့် ဆရာက မည်သို့ ကူညီထောက်ပံ့ပေးရမည်တို့ကို ဆွေးနွေးတတ်မည်။

### ရရှိသွားမည့်တတ်ကျွမ်းမှုများ

(က ၄.၁) အခြေခံပညာသင်ရိုးညွှန်းတမ်းတွင် ဖော်ပြထားသည့် သင်ရိုးဖွဲ့စည်းပုံ၊ အကြောင်းအရာနှင့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များကိုနားလည် သဘောပေါက်ကြောင်း သရုပ်ပြသင်ကြားသည်။

(က ၅.၂) ကျောင်းသားများ၏ သင်ယူမှုလိုအပ်ချက်နှင့် ဆက်နွှယ်နေသော သင်ယူမှု အခြေအနေပေါ် မူတည်၍ သင်ယူတတ်မြောက်အောင် ဘာသာရပ်အကြောင်းအရာ များကို မည်သို့ပို့ချရမည်ကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(ခ) (၁.၁) ဘာသာရပ်ဆိုင်ရာ အသိသညာ၊ အကြောင်းအရာများကို ရှင်းလင်းစွာနှင့် ကလေးများ ကိုယ်ရေစိတ်ပါ ပါဝင်ဆောင်ရွက်မှု ရှိအောင် သင်ကြားနိုင်စွမ်း ရှိကြောင်း

ပြသည်။

(ဂ) (၃.၁) ကျောင်းသားတစ်ဦးချင်းစီ၏ ပညာရေးဆိုင်ရာ အခွင့်အရေးများကို အလေးအနက်ထားကြောင်းနှင့် ကျောင်းသားများအား ဘက်လိုက်မှုကင်းကင်း၊ မျှတစွာ ပြုမူဆက်ဆံကြောင်း ပြသသည်။

**စာသင်ချိန်**

မိနစ် (၅၀)ကြာ စာသင်ချိန် တစ်ချိန်

**သင်ယူမှုနည်းလမ်းများ**

ပို့ချခြင်း၊ သရုပ်ပြ သင်ခန်းစာ၊ ခွဲခြမ်းစိတ်ဖြာခြင်း။

**လိုအပ်သောကြိုတင်ပြင်ဆင်မှု**

ဒုတိယတန်း အနုပညာ(ဂီတ) ကျောင်းသုံးစာအုပ်မှ အခန်း ၃ နှင့် ၄ (လက်ကမ်းစာစောင် ၁၄) ကို ရည်ညွှန်းကိုးကား၍ ကျောင်းသားများအား သရုပ်ပြသင်ကြားရန် အက သင်ခန်းစာတစ်ခုကို ပြင်ဆင်ပါ။ လက်ကမ်းစာစောင် (၁၅.၁)၊ လက်ကမ်းစာစောင် (၁၅.၂) နှင့် လက်ကမ်းစာစောင် (၁၆) ပါ အပိုင်းကို ဖတ်ကြား၍ အနှစ်ချုပ်နိုင်ရန် ပြင်ဆင်ထားပါ။ လက်ကမ်းစာစောင် (၁၇)ရှိ အဖြေများကိုလည်း မိမိကိုယ်တိုင် အကျွမ်းတဝင် ရှိစေရန် ပြင်ဆင်ထားရမည်။

**လိုအပ်သောရင်းမြစ်များ**

လက်ကမ်းစာစောင်(၁၄) (ဒုတိယတန်း အနုပညာ(ဂီတ) ကျောင်းသုံးစာအုပ်မှ အခန်း ၃ နှင့် ၄၊ လက်ကမ်းစာစောင် (၁၅.၁)၊ လက်ကမ်းစာစောင် (၁၅.၂)၊ လက်ကမ်းစာစောင် (၁၆)၊ လက်ကမ်းစာစောင် (၁၇)

## သင်ယူမှုလုပ်ငန်း ၁။ ပို့ချခြင်းနှင့် ဖတ်ရှုခြင်း (၁၅ မိနစ်)

၁။ အောက်ဖော်ပြပါ မေးခွန်းများ မေးမြန်းခြင်းဖြင့် သင်ခန်းစာကို စတင်ကာ ကျောင်းသားများကို မိမိတို့ သိရှိထားသော အကဆိုင်ရာ အသိပညာနှင့် အတွေ့အကြုံများကို မျှဝေရန် အားပေး တိုက်တွန်းရမည်။

(က) ကျောင်းတွင် မိမိအနေဖြင့် မည်သည့်အကများကို ကပြခဲ့ဖူးပါသနည်း။

(ခ) ကျောင်းတွင် ထိုကကွက် လှုပ်ရှားမှုများကို မည်သို့ သင်ယူခဲ့ပါသနည်း။

၂။ ဂီတအနုပညာ ဘာသာရပ်တွင် ကပြတင်ဆက်မှုများသည် မြန်မာ့ရိုးရာအကအပေါ် တွင် အခြေခံကြောင်း ကျောင်းသားများကို ရှင်းပြပါ။ ကျောင်းသားများသည် ကပြဖျော်ဖြေခြင်း နည်းလမ်းများသာမက ရိုးရာအက ကပြခြင်းနည်းလမ်းများ သင်ကြားပုံကိုပါ သင်ယူရမည် ဖြစ်ကြောင်း ရှင်းပြပါ။

၃။ လက်ကမ်းစာစောင် (၁၅.၁)နှင့် လက်ကမ်းစာစောင် (၁၅.၂) ကို ဖော်ပြ၍ ကျောင်းသားများ ကို အချိန်အနည်းငယ်ပေး၍ ဖတ်ရှုစေပါ။

၄။ အချိန်အနည်းငယ်ကြာပြီးနောက်တွင် လက်ကမ်းစာစောင်ပါ အပိုင်းတစ်ခုစီကို အနှစ်ချုပ် ခြင်း သို့မဟုတ် ကျောင်းသားအချို့ကိုခေါ်၍ အနှစ်ချုပ်စေခြင်းများ ပြုလုပ်ပါ။

၅။ ကျောင်းသားများသည် လက်ကမ်းစာစောင် (၁၅.၁)နှင့် လက်ကမ်းစာစောင် (၁၅.၂) ရှိ သီအိုရီများကို နားလည်သဘောပေါက်ခြင်း ရှိ/မရှိကို ဆန်းစစ်ကာ ကျောင်းသားများကို မေးခွန်းများ မေးမြန်းရန် အားပေး တိုက်တွန်းပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

လက်ကမ်းစာစောင် (၁၅.၁)နှင့် လက်ကမ်းစာစောင် (၁၅.၂) ပါ အချက်အလက်များကို အခြေခံ၍ အကြောင်းအရာများကို ဆန်းစစ် သည့် မေးခွန်းများ မေးမြန်းပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများသည် လက်ကမ်းစာစောင် (၁၅.၁)နှင့် လက်ကမ်းစာစောင် (၁၅.၂) တွင်ပါရှိသော အချက်အလက်များကို ရည်ညွှန်းကိုးကားရမည် ဖြစ်သည်။ ထိုအကြောင်းအရာများကို ပိုမို ရှင်းလင်းစွာ နားလည်သဘော ပေါက်စေရန်အတွက် သူတို့၏ ကိုယ်ပိုင်မေးခွန်းများကိုလည်း မေးမြန်းနိုင်ပါသည်။

## သင်ယူမှုလုပ်ငန်း ၂။ သရုပ်ပြ သင်ခန်းစာ ခွဲခြမ်းစိတ်ဖြာခြင်း (၂၅ မိနစ်)

၁။ ကျောင်းသားများကို လက်ကမ်းစာစောင် (၁၆)အား ကိုးကားစေ၍ သရုပ်ပြသင်ခန်းစာမှ သင်ယူရရှိသည်များကို မှတ်သားရန်အတွက် ကြည့်ရှုလေ့လာရမည့် စာရင်းအား မည်သို့ အသုံးပြုနိုင်သည်ကို ရှင်းပြပါ။

၂။ ကျောင်းသားများ ကြည့်ရှုလေ့လာရမည့် အချက် (၁၀) ချက်ကို ဖတ်ပြပါ။

- သင်ခန်းစာ၏ သင်ယူမှုရလဒ်များမှာ အဘယ်နည်း။
- မည်သည့်သင်ကြားမှုလုပ်ငန်းစဉ်များကို သရုပ်ပြသူမှ ပြုလုပ်ခဲ့သနည်း။
  - ဆရာက သရုပ်ပြသင်ကြားခြင်း
  - ဆရာနှင့်အတူ ကခြင်း
  - အခြားကျောင်းသားများနှင့် ကခြင်း
  - နှစ်ယောက်တစ်တွဲ သို့မဟုတ် အုပ်စုလိုက် ကခြင်း
- ကျောင်းသားများ အကတွင် ပျော်ရွှင်စေရန်အတွက် ဆရာက မည်သို့ ကူညီထောက်ပံ့ ပေးသနည်း။
- ကျောင်းသားများ စည်းချက်ညီညီ ကနိုင်စေရန်အတွက် ဆရာက စည်း၊ ဝါးကို မည်သို့ အသုံးပြုသနည်း။
- ကျောင်းသားများ ခွင်ကို မှန်ကန်စွာထိုင်နိုင်စေရန် ဆရာမှ မည်သို့သင်ကြားသနည်း။
- သရုပ်ပြသင်ခန်းစာမှ ထင်ရှားသည့် အခြားတွေ့ရှိချက်များ။

၃။ သရုပ်ပြသင်ခန်းစာအား ကျောင်းသားများကို အနှောင့်အယှက်မရှိ ကြည့်ရှုလေ့လာစေပါ။

၄။ ကျောင်းသားများ နှစ်ယောက်တစ်တွဲစီ လက်ကမ်းစာစောင် (၁၆)ကို ဖြည့်စွက်ရန်အတွက် အချိန်အနည်းငယ်ပေးပါ။

၅။ သရုပ်ပြသင်ခန်းစာရှိ လေ့လာရမည့် အကြောင်းအရာများအပေါ် မိမိ၏ ထင်မြင်ချက်များကို နှစ်ယောက်တစ်တွဲစီ မျှဝေစေပါ။

၆။ ကျောင်းသားများကို လက်ကမ်းစာစောင် (၁၇) တွင် ပါဝင်သော သရုပ်ပြသင်ခန်းစာအတွက် လေ့လာရမည့် အချက်များ၏ အဖြေများအား ရည်ညွှန်းကိုးကားစေကာ မိမိအဖြေများကို အဖြေစာရွက်နှင့်တိုက်၍ ပြန်လည်သုံးသပ်ရန် တိုက်တွန်းပါ။

၇။ ကျောင်းသားများကို လက်ကမ်းစာစောင် (၁၅) အား ပြန်လည်ရည်ညွှန်းစေကာ လေ့လာရမည့်စာရင်းရှိ ကျောင်းသားများမှတ်သားခဲ့သော အချက်အလက်များနှင့် လက်ကမ်းစာစောင်ပါ အချက်အလက်များကို နှိုင်းယှဉ်ပါ။

၈။ မိမိ၏ အတန်းဖော်နှင့် တူညီမှုများ၊ ကွဲပြားခြားနားမှုများအား ဆွေးနွေးရန်အတွက် ကျောင်းသားများကို အားပေးတိုက်တွန်းပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားအားလုံးသည် သရုပ်ပြသင်ခန်းစာပါ လေ့လာရမည့် အချက်များ (လက်ကမ်းစာစောင် ၁၆) ကို ဖြည့်စွက်ကြောင်း သေချာစေရန်အတွက် လိုက်လံကြည့်ရှုရမည် ဖြစ်သည်။ ဤလုပ်ငန်းကို မိမိကိုယ်ကို စစ်ဆေးအကဲဖြတ်ခြင်း (သို့မဟုတ်) နှစ်ယောက်တစ်တွဲ အချင်းချင်း စစ်ဆေးအကဲဖြတ်မည် ဖြစ်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ဖြစ်နိုင်ခြေရှိသော အဖြေများကို လက်ကမ်းစာစောင် (၁၇) တွင် ဖော်ပြထားပါသည်။ ကျောင်းသားများသည် လက်ကမ်းစာစောင် (၁၆) ရှိ မိမိတို့အဖြေများကို လက်ကမ်းစာစောင် (၁၇) ပါ အကြံပြုထားသော အဖြေများနှင့် နှိုင်းယှဉ်ရမည် ဖြစ်သည်။

## ကျောင်းသားများ၏ နားလည်သဘောပေါက်မှုကို စစ်ဆေးခြင်း (၁၀ မိနစ်)

၁။ သင်ယူမှု ရလဒ်များကို ကိုးကား၍ ဤသင်ခန်းစာ၏ အဓိက သင်ယူရမည့်အချက်များကို အနှစ်ချုပ်ပါ။ အောက်ဖော်ပြပါ အချက်များ ပါဝင်ရမည် ဖြစ်သည်။

(က) အက သင်ခန်းစာများတွင် အဆင့် (၄) ဆင့်ရှိပါသည်။

(ခ) ဆရာများသည် သရုပ်ပြသင်ကြားခြင်းနှင့် ကျောင်းသားများကို လေ့ကျင့်စေရန် တိုက်တွန်းခြင်းမှ စတင်ရမည် ဖြစ်ပြီး တစ်ဆင့်ပြီးတစ်ဆင့် အကဆိုင်ရာ ကျွမ်းကျင်မှု များကို သင်ကြားနိုင်ရန် စီစဉ်ထားပါသည်။

(ဂ) သင်ယူရရှိသည့် ကျွမ်းကျင်မှုများအပြင် သူငယ်ချင်းများနှင့်အတူ အကဆိုင်ရာ ကကွက်များကို ပေါင်းစပ်ဖန်တီးခြင်း၊ ပျော်ရွှင်ခြင်း ကခုန်ဖန်တီးခြင်း စသည်တို့သည် လည်း အကသင်ခန်းစာများ၏ အရေးကြီးသော အစိတ်အပိုင်းပင် ဖြစ်သည်။

၂။ နောင်လာမည့် သင်ခန်းစာများအား ပြင်ဆင်ရန်အတွက် ကျောင်းသားကိုင် စာအုပ်တွင် ရှိသော အခန်း (၂.၃) သင်ခန်းစာ (၂.၃.၁) ကို ကျောင်းသားများ ဖတ်ရှုရန် ညွှန်ကြားရမည်။

## ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ

**သင်ယူမှုလုပ်ငန်း ၁။** ။ ဤသင်ယူမှုလုပ်ငန်းကို စာသားဖြတ်ဆက်လုပ်ငန်းအနေဖြင့် လုပ်ဆောင် နိုင်ပြီး အုပ်စုတစ်ခုစီကို စာသားအကြောင်းအရာတစ်ခုစီ ပေးကာ ကျောင်းသားများကို အုပ်စုများ ပြန်လည်ဖွဲ့၍ အပိုင်းတစ်ခုစီကို ကျောင်းသားတစ်ယောက်မှ အခြားတစ်ယောက်အား သင်ကြားစေရမည်။ ထိုသို့ပြုလုပ်ခြင်းသည် သင်ခန်းစာပို့ချခြင်းထက် အချိန်အနည်းငယ်ပိုကြာ နိုင်သော်လည်း ကျောင်းသားဗဟိုပြု သင်ကြားနိုင်မည် ဖြစ်သည်။

**သင်ယူမှုလုပ်ငန်း ၂။** ။ ဤလုပ်ငန်းကို အောက်ဖော်ပြပါ လုပ်ငန်းဖြင့် လက်တွဲသင်ကြားနိုင်မည် ဖြစ်သည်။

- လက်ကမ်းစာစောင် (၁၆) ကို မည်သို့ဖြည့်စွက်ရမည်ကို နမူနာများပေးခြင်း။
- သရုပ်ပြသင်ကြားခြင်းတွင် ပြုလုပ်ခဲ့သည့် သင်ယူမှုလုပ်ငန်းစဉ်များကို ကျောင်းသားများ ပြန်လည်မှတ်မိနိုင်ရန် မေးခွန်းများမေးမြန်းခြင်း။

## ပြန်လည်ဆန်းစစ်ရန် မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

**မေးခွန်း ၁။** ရိုးရာအကတွင် ကိုယ်ခန္ဓာ၏ မည်သည့်အစိတ်အပိုင်း (၅) ပိုင်းပါဝင်သနည်း။

***အဖြေ*** *ခေါင်း၊ ခါး၊ ခြေ၊ လက်၊ မျက်နှာအနေအထား။*

**မေးခွန်း ၂။** အကပညာ သင်ကြားခြင်း၏ အဆင့်လေးဆင့်မှာ အဘယ်နည်း။

***အဖြေ*** *ဆရာက သရုပ်ပြ သင်ကြားခြင်း၊ ဆရာနှင့် အတူ ကခြင်း၊ အခြားကျောင်းသားများနှင့် ကခြင်း၊ နှစ်ယောက်တစ်တွဲ သို့မဟုတ် အုပ်စုလိုက် ကခြင်း။*

**မေးခွန်း ၃။** ရှေးခေတ်သမိုင်းတွင် ဂီတတူရိယာများနှင့် အကများ ကပြဖျော်ဖြေမှုကို မည်သည့် သက်သေ အထောက်အထားများအရ သိရှိနိုင်ပါသနည်း။

***အဖြေ*** *ဆေးခြယ်မှုများ၊ ထုဆစ်သွန်းလုပ်သည့် ပန်းပုများ၊ ကျောက်စာများ။*

# ၂.၃။ ဂီတတူရိယာများကို တီးမှုတ်ခြင်း

ဤအခန်းငယ်တွင် ဂီတတူရိယာများ၏ သမိုင်းကြောင်းကို လေ့လာရမည်ဖြစ်ပြီး ဂီတတူရိယာတစ်ခုကိုလည်း မိမိကိုယ်တိုင် စတင်သင်ယူရမည် ဖြစ်သည်။ ကျောင်းသားများကို သင်ကြားနိုင်ရန်အတွက် ပထမဦးစွာ မိမိသည် ပလွေတူရိယာကို ကျွမ်းကျင်ရမည် ဖြစ်သည်။

## ၂.၃.၁။
## မြန်မာတူရိယာများ၏ သမိုင်း

**မျှော်မှန်းထားသော သင်ယူမှုရလဒ်များ**

ဤသင်ခန်းစာကိုသင်ယူပြီးချိန်တွင် ကျောင်းသားများသည် -

- မြန်မာတူရိယာများ၏ သမိုင်းကြောင်းနှင့် လက်ရှိ နေထိုင်မှုပုံစံများ ဆက်စပ်မှုကို ဆွေးနွေးတတ်မည်။

## ရရှိသွားမည့်တတ်ကျွမ်းမှုများ

(က ၄.၁) အခြေခံပညာသင်ရိုးညွှန်းတမ်းတွင် ဖော်ပြထားသည့်သင်ရိုးဖွဲ့စည်းပုံ၊ အကြောင်းအရာနှင့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို နားလည်သဘော ပေါက်ကြောင်း သရုပ်ပြသင်ကြားသည်။

(က ၅.၂) ကျောင်းသားများ၏ သင်ယူမှုလိုအပ်ချက်နှင့် ဆက်နွယ်နေသော သင်ယူမှု အခြေအနေပေါ် မူတည်၍ သင်ယူတတ်မြောက်အောင် ဘာသာရပ်အကြောင်းအရာ များကို မည်သို့ပို့ချရမည်ကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(ခ) (၁.၁) ဘာသာရပ်ဆိုင်ရာ အသိသညာ၊ အကြောင်းအရာများကို ရှင်းလင်းစွာနှင့် ကလေးများ ကိုယ်ရောစိတ်ပါ ပါဝင်ဆောင်ရွက်မှု ရှိအောင် သင်ကြားနိုင်စွမ်း ရှိကြောင်း ပြသည်။

(ဂ) (၃.၁) ကျောင်းသားတစ်ဦးချင်းစီ၏ ပညာရေးဆိုင်ရာ အခွင့်အရေးများကို အလေး အနက်ထားကြောင်းနှင့် ကျောင်းသားများအား ဘက်လိုက်မှုကင်းကင်း၊ မျှတစွာ ပြုမူဆက်ဆံကြောင်း ပြသသည်။

## အချိန်

မိနစ် (၅၀)ကြာ စာသင်ချိန်တစ်ချိန်

## သင်ယူမှုနည်းလမ်းများ

ကြိုတင်လေ့လာပြင်ဆင်စေသော သင်ကြားသင်ယူမှု ဖြစ်စဉ်၊ အုပ်စုလိုက် ပြန်လည် တင်ပြခြင်း၊ ဂီတ နားထောင်ခြင်း။

## လိုအပ်သောကြိုတင်ပြင်ဆင်မှု

ကျောင်းသားများနှင့် ဆရာများသည် ကျောင်းသားကိုင်စာအုပ်ရှိ အခန်း ၂.၃။ ၊ သင်ခန်းစာ ၂.၃.၁။ ကို သင်ခန်းစာ မတိုင်မီ ကြိုတင်ဖတ်ရှုရမည်ဖြစ်ပြီး မြန်မာ့ရိုးရာ ဂီတ၏ တေးဂီတတစ်ပုဒ်ကို ရွေးချယ်ထားရမည်ဖြစ်သည်။

## လိုအပ်သောရင်းမြစ်များ

ကားချပ်ကြီး၊ မာကာဘောပင်၊ မြန်မာ့ရိုးရာဂီတ အသံသွင်းထားသည့် ဖိုင်။

## သင်ယူမှုလုပ်ငန်း ၁။ ဂီတကို ခွဲခြမ်းစိတ်ဖြာခြင်း (၁၀ မိနစ်)

၁။ တူရိယာဖြင့်တီးခတ်ရသည့် မြန်မာ့ရိုးရာ တေးဂီတအချို့ကို တီးခတ်၍ ကျောင်းသားများအတွက် သင်ခန်းစာကို ပြင်ဆင်ပေးရမည်ဖြစ်သည်။ ထိုမှသာ ကျောင်းသားများ တူရိယာအသံကို ကောင်းစွာ ကြားနိုင်မည်ဖြစ်သည်။ မိမိကြိုက်နှစ်သက်သည့် ဂီတသံစဉ်များကို အသုံးပြုနိုင်သည်။ ဤဂီတကို ကျောင်းသားများ စာသင်ခန်းထဲသို့ ရောက်သည်အထိ ဆက်တိုက်ဖွင့်ထားနိုင်သည်။

၂။ စာသင်ခန်းမစတင်မီ ဤအချက်များကို ကျောက်သင်ပုန်းပေါ်တွင် ရေးသားထားရန် ကျောင်းသားများကို ညွှန်ကြားပါ။

- သီချင်း နားထောင်ခြင်း။
- ထိုသို့ နားထောင်ခြင်းဖြင့် မည်သို့ ခံစားရသနည်း။
- မည်သည့်တူရိယာများကို ကြားရပါသနည်း။

၃။ ဂီတသံစဉ်ပြီးဆုံးပါက ကျောက်သင်ပုန်းပေါ်တွင် ရေးသားထားသော မေးခွန်းများ၏ အဖြေများကို ကျောင်းသားများအား ဖြေဆိုစေပါ။

၄။ မိမိ၏ကိုယ်ပိုင် အဖြေများကို ဖော်ပြပါ။ ဂီတ၏ စွမ်းအင်နှင့် ဂီတသည် လူသားများအပေါ် မည်မျှလွှမ်းမိုးနိုင်သည်ကို ကျောင်းသားများ နားလည်သဘောပေါက်စေရန် အားပေးတိုက်တွန်းပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ဂီတသံစဉ်တွင် ပါရှိသည့် ဂီတတူရိယာများကို အမည်ဖော်ပြခြင်းလုပ်ငန်းသည် မိမိရွေးချယ်ထားသော ဂီတသံစဉ် အပေါ်တွင် မူတည်သဖြင့် လူတစ်ဦးချင်းစီ၏ အမြင်အလိုက် အလွန်ကွဲပြားနိုင်ပြီး မိမိ၏ ကိုယ်ပိုင် အယူအဆသာဖြစ်၍ အဖြေမှားသည် မှန်သည်မှာ ခွဲခြားချက်သာဖြစ်သည်။ သို့သော် ဤလုပ်ငန်းတွင် ကျောင်းသားများ၏ ဂီတအပေါ် ရသခံစားနိုင်မှုအား စစ်ဆေးအကဲဖြတ်ရန်နှင့် သူတို့၏ အမြင်များနှင့် ဝေဖန်ပိုင်းခြားနိုင်မှုများကို စစ်ဆေးနိုင်သည့် အခွင့်အရေး ရရှိမည်ဖြစ်ပါသည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

မိမိအနေဖြင့် ကျောင်းသားများ၏ သိနားလည်မှုကို လှုံ့ဆော်ပေးစေနိုင်မည့် တေးသီချင်းအား ရွေးချယ်လိုမည် ဖြစ်သော်လည်း ကျောင်းသားများသည် ထိုရွေးချယ်ထားသော သီချင်းတွင် အသုံးပြုထားသည့် တူရိယာများအားလုံး သို့မဟုတ် အချို့ကိုသာ အမည်ဖော်ပြနိုင်မည် ဖြစ်ပေသည်။ ကျောင်းသားများသည် ထိုဂီတနှင့် ဆက်နွှယ်ခံစားမိသည့် ၎င်းတို့၏ ထင်မြင်ယူဆချက်များကို ဖော်ပြလာနိုင်မည်ဖြစ်ပြီး ထိုသို့ခံစားမိသည့် အကြောင်းရင်းများကိုလည်း ဖော်ပြလာနိုင်မည် ဖြစ်သည်။

## သင်ယူမှုလုပ်ငန်း ၂။ ကြိုတင်လေ့လာပြင်ဆင်စေသော သင်ယူမှုဖြစ်စဉ်။ (၃၅ မိနစ်)

၁။ ဤသင်ခန်းစာအတွက် ကျောင်းသားများသည် ကျောင်းသားကိုင်စာအုပ်ရှိ အခန်း ၂.၃။ ၊ သင်ခန်းစာ ၂.၃.၁။ ကို ဖတ်ရှုကာ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ပြီး ဖြစ်သည်။

၂။ အတန်းကို အုပ်စု (၅) စုဖွဲ့၍ အုပ်စုတစ်စုစီကို အောက်ဖော်ပြပါ မြန်မာ့ဂီတတူရိယာများ၏ အဓိက အမျိုးအစား (၅) မျိုးမှ တစ်မျိုးစီကို အမည်ဖော်ပြစေပါ။

- ကြေး (ကြေးထည်ဖြင့် ပြုလုပ်ထားသော တူရိယာ)
- ကြိုး (ကြိုးတပ် တူရိယာများ)
- သားရေ (သားရေဖြင့် ဖုံးပြီး ပြုလုပ်ထားသော တူရိယာ)
- လေ (လေမှုတ် တူရိယာ)
- လက်ခုပ် (စည်းချက်ကိုက်ညီစေရန် တီးခတ်ရသော တူရိယာ)

၃။ အုပ်စုတစ်ခုစီကို မိမိတို့ တာဝန်ယူရမည့် တူရိယာနှင့် ပတ်သက်ပြီး ပြန်လည်တင်ပြမှုများ အတိုချုံး ပြုလုပ်ရန် ညွှန်ကြားရမည်။ ထိုသို့ ပြုလုပ်ရာတွင်လည်း ဆွေးနွေးမှုကို အထောက်အကူဖြစ်စေရန်အတွက် ကျောင်းသားကိုင်စာအုပ်ရှိ အချက်အလက်များကို အသုံးပြုနိုင်ပါသည်။ အချို့သော ကျောင်းသားများသည် တူရိယာများကို တီးခတ်ဖူးသည့် အတွေ့အကြုံများ ရှိနိုင်ပါသည်။ လိုအပ်မည် ဆိုပါက အုပ်စုများသည် မိမိ၏ ဖုန်းများကို အသုံးပြုကာ (ခွင့်ပြုပါက) အင်တာနက်ပေါ်တွင် ရှာဖွေမှုများ မြန်မြန်ဆန်ဆန် ပြုလုပ်နိုင်သည်။

၄။ လိုအပ်သော ထပ်ဆောင်းအချက်အလက်များကိုလည်း ကျောင်းသားကိုင်စာအုပ်ရှိ အခန်း ၂.၂၊ သင်ခန်းစာ ၂.၂.၁ တွင် ရှာဖွေနိုင်ပါသည်။

၅။ ကားချပ်ကြီးပေါ်တွင် တူရိယာပစ္စည်းများနှင့် ပတ်သက်သော တင်ပြခြင်းကို အတိုချုံး ပြုလုပ်ရန်အတွက် အုပ်စု ငါးစုအား ပြင်ဆင်ချိန် အချိန် (၁၀) မိနစ်ခန့်ပေးပါ။ တူရိယာများ၏ နမူနာရုပ်ပုံများကို ရေးဆွဲနိုင်သလို ဥပမာအနေဖြင့်လည်း အဓိကအချက်အလက်များကို ရေးသားနိုင်သည်။

၆။ အုပ်စုတစ်ခုစီကို တင်ပြခြင်းအား လုပ်ဆောင်ရန် အချိန် (၅) မိနစ်ပေးပါ။ တင်ပြခြင်း လုပ်ဆောင်ရာတွင် အဖွဲ့ဝင်များအားလုံး မပါဝင်နိုင်သော်လည်း တင်ပြမှုများအတွက် ပြင်ဆင်သည့်အခါတွင်မူ အဖွဲ့ဝင်များအားလုံး ပါဝင်ရမည် ဖြစ်သည်။ အချိန်ကို ဂရုတစိုက် မှတ်သားရမည်ဖြစ်ပြီး တင်ပြမှု (၅) မိနစ် ကုန်ဆုံးသည့်အခါတွင် ကျောင်းသားများ သိရှိအောင် အချက်ပြရမည် ဖြစ်သည်။

## စစ်ဆေးအကဲဖြတ်ခြင်း

တင်ပြမှုများကို စစ်ဆေးအကဲဖြတ်ပြီး အဓိကအချက်များ၏ တင်ပြမှုများနှင့် တူရိယာများ၏ အချို့ နမူနာများကို ရှာဖွေရမည် ဖြစ်သည်။ ထိုနည်းလမ်းအတိုင်းပင် တင်ပြမှုများကို အတန်းဖော်အချင်းချင်း စစ်ဆေးအကဲဖြတ်နိုင်ပါသည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

အုပ်စုတစ်စုစီသည် မိမိတို့တာဝန်ယူထားသည့် အကြောင်းအရာများတွင်ရှိသော တူရိယာပစ္စည်းများနှင့် ပတ်သက်ပြီး ရုပ်ပုံဖြင့်တင်ပြခြင်း၊ နှုတ်ဖြင့်တင်ပြခြင်းများ လုပ်ဆောင်ရမည် ဖြစ်သည်။

## ကျောင်းသားများ၏ နားလည်သဘောပေါက်မှုကို စစ်ဆေးခြင်း (၅ မိနစ်)

၁။ အိမ်စာပေးခြင်း - ယခုသင်ခန်းစာ၏ သင်ကြားသင်ယူမှုရလဒ်များ ပိုမိုကျယ်ပြန့်နိုင်မာလာစေရန်အတွက် ကျောင်းသားများကို ဂီတာ၊ ဒရမ် အစရှိသော ခေတ်ပေါ်မြန်မာ့ဂီတနှင့် နိုင်ငံတကာတွင် အသုံးပြုနေကြသည့် ခေတ်ပေါ်ဂီတတူရိယာများစာရင်းကို ပြည့်စုံစွာ ရေးသားပြုစုရန် တာဝန်ပေးအပ်ပါ။

၂။ ကျောင်းသားများသည် ၎င်းတူရိယာများကို ယခုသင်ခန်းစာတွင် ပါဝင်သည့် အကြောင်းအရာများနှင့်အညီ အမျိုးအစားခွဲခြားရမည်ဖြစ်ပြီး ခေတ်ပေါ်နှင့် ရိုးရာ ဂီတတူရိယာများ အကြား တူညီမှုများကို လေ့လာရမည် ဖြစ်သည်။

၃။ နောက်လာမည့် သင်ခန်းစာကို ပြင်ဆင်ရန်အတွက် ကျောင်းသားများအား လက်ကမ်းစာစောင် (၁၇) ကို ဖတ်ရှုစေပါ။

## ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ

**သင်ယူမှုလုပ်ငန်း ၁။** ။ မိမိရွေးချယ်ထားသော ဂီတအမျိုးအစားအပေါ် မူတည်၍ ယခုသင်ခန်းစာတွင် ကွဲပြားမှု အမျိုးမျိုးရှိနိုင်ပါသည်။ ယခင်သင်ခန်းစာတွင် ကျောင်းသားများ၏ ဂီတအသိပညာနှင့် စိတ်ဝင်စားမှုအလိုက် စစ်ဆေးအကဲဖြတ်မှုများ အပေါ်တွင် အခြေခံ၍ ဆုံးဖြတ်ချက်ချမှတ်လုပ်ဆောင်ရမည် ဖြစ်သည်။ အောက်ဖော်ပြပါ အချက်များကို ထည့်သွင်းစဉ်းစားရမည် ဖြစ်သည်။

- မိမိအတန်း၏ ဂီတအသိပညာ အပေါ်တွင် အခြေခံကာ ကျောင်းသားများကို ကောင်းမွန်စွာ လှုံ့ဆော်ပေးစေနိုင်သည့် ဂီတတေးသီချင်း တစ်ပုဒ်ကို ရွေးချယ်ရမည်။
- (ခေတ်ပေါ် သို့မဟုတ် ရိုးရာ) ဂီတတူရိယာ အမျိုးအစား တစ်မျိုးနှင့် ပတ်သက်သော အသိပညာကို စစ်ဆေးရန် လိုအပ်ပါသလား သို့မဟုတ် စစ်ဆေးရန် ရည်ရွယ်ထားပါသလား။
- ဂီတအမျိုးအစား၏ နောက်ခံသမိုင်းနှင့် အဓိပ္ပါယ်ကို ကျောင်းသားများ နားလည်ခံစားနိုင်ပါသလား။

**သင်ယူမှုလုပ်ငန်း ၂။** ။ အုပ်စုလုပ်ငန်းတွင် ကျောင်းသားတစ်ယောက်ချင်း၏ အားသားချက်နှင့် ကိုက်ညီသော အလုပ်အား ခွဲဝေစေခြင်းဖြင့် အုပ်စုလုပ်ငန်းကို ပိုမိုထိရောက်စွာ လုပ်ဆောင်နိုင်မည် ဖြစ်သည်။ နှုတ်ဖြင့် ပြန်လည်တင်ပြမှုများ ပြုလုပ်နေစဉ်အတွင်း ကျောင်းသားများ ပြခန်းလှည့်လည် ကြည့်ရှုသင်ယူခြင်း လုပ်ဆောင်ရန် ကူညီထောက်ပံ့ပေးရမည် ဖြစ်သည်။

## ၂.၃.၂။
## တူရိယာများတီးမှုတ်ခြင်း သင်ကြားရေးနည်းဗျူဟာများ

### မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

ဤသင်ခန်းစာကိုသင်ယူပြီးချိန်တွင် ကျောင်းသားများသည် -

- မူလတန်းကျောင်းများတွင် တူရိယာတီးမှုတ်မှု သင်ကြားခြင်း၏ ရည်ရွယ်ချက်များကို ရှင်းပြတတ်မည်။
- အတန်းအလိုက် တူရိယာတီးမှုတ်မှု သင်ကြားခြင်း၏ ရည်ရွယ်ချက်များအား သင်ကြားနိုင်ရန်အတွက် မူလတန်းစာအုပ်နှင့် ဆရာလမ်းညွှန်တွင် အကြံပြုထားသော သင်ကြားသင်ယူမှု လုပ်ငန်းများ၏ နမူနာများကို ဖော်ပြတတ်မည်။
- မူလတန်းကျောင်းများတွင် သင်ကြားမည့် တူရိယာတီးမှုတ်ခြင်း၏ အခြေခံကျွမ်းကျင်မှုများကို သရုပ်ပြတတ်မည်။
- ကျောင်းသားများ တူရိယာတီးမှုတ်ခြင်း သင်ကြားရာတွင် ကြုံတွေ့နိုင်သော အခက်အခဲများနှင့် ဆရာက မည်သို့ ကူညီထောက်ပံ့ပေးရမည်တို့ကို ဆွေးနွေးတတ်မည်။

## ရရှိသွားမည့်တတ်ကျွမ်းမှုများ

(က ၄.၁) အခြေခံပညာသင်ရိုးညွှန်းတမ်းတွင် ဖော်ပြထားသည့်သင်ရိုးဖွဲ့စည်းပုံ၊ အကြောင်းအရာနှင့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို နားလည်သဘော ပေါက်ကြောင်း သရုပ်ပြသင်ကြားသည်။

(က ၅.၂) ကျောင်းသားများ၏ သင်ယူမှုလိုအပ်ချက်နှင့် ဆက်နွယ်နေသော သင်ယူမှု အခြေအနေပေါ် မူတည်၍ သင်ယူတတ်မြောက်အောင် ဘာသာရပ်အကြောင်းအရာ များကို မည်သို့ပို့ချရမည်ကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(ခ) (၁.၁) ဘာသာရပ်ဆိုင်ရာ အသိသညာ၊ အကြောင်းအရာများကို ရှင်းလင်းစွာနှင့် ကလေးများ ကိုယ်ရောစိတ်ပါ ပါဝင်ဆောင်ရွက်မှု ရှိအောင် သင်ကြားနိုင်စွမ်း ရှိကြောင်း ပြသည်။

(ဂ) (၃.၁) ကျောင်းသားတစ်ဦးချင်းစီ၏ ပညာရေးဆိုင်ရာ အခွင့်အရေးများကို အလေး အနက်ထားကြောင်းနှင့် ကျောင်းသားများအား ဘက်လိုက်မှုကင်းကင်း၊ မျှတစွာ ပြုမူဆက်ဆံကြောင်း ပြသသည်။

## အချိန်

မိနစ် (၅၀)ကြာ စာသင်ချိန်တစ်ချိန်

## သင်ယူမှုနည်းလမ်းများ

ဖတ်ရှုခြင်း၊ ပို့ချခြင်း၊ သရုပ်ပြသင်ကြားခြင်း၊ အုပ်စုဖွဲ့ ဆွေးနွေးခြင်း၊ ဗီဒီယိုကြည့်ရှုခြင်း။

## လိုအပ်သောကြိုတင်ပြင်ဆင်မှု

လက်ကမ်းစာစောင် (၁၈) ကို ဖတ်ရှုကာ အနှစ်ချုပ်ရန်အတွက် ပြင်ဆင်ရမည်ဖြစ်သည်။ စာသင်ခန်းတွင် ကျောင်းသားများ ပလွေမှုတ်နေသော အောက်ဖော်ပြပါ ဗီဒီယိုအား ဖွင့်ပြနိုင်ရန် ပြင်ဆင်ရမည်။

https://www.youtube.com/watch?v=ZPi76OKncPM&feature=youtu.be

## လိုအပ်သောရင်းမြစ်များ

ပထမတန်း ဂီတအနုပညာ ပြဋ္ဌာန်းစာအုပ်နှင့် ဆရာလမ်းညွှန်၊ လက်ကမ်းစာစောင် (၁၈)၊ သစ်သားဖြင့်ပြုလုပ်ထားသော ပလွေ (ကျောင်းသားတစ်ယောက်စီအတွက် ပလွေ တစ်ချောင်းစီ)။

## သင်ယူမှုလုပ်ငန်း ၁။ ပို့ချခြင်း နှင့် ဆွေးနွေးခြင်း (၁၀ မိနစ်)

၁။ အောက်ဖော်ပြပါ မေးခွန်းများအား မေးမြန်း၍ သင်ခန်းစာအား စတင်ပါ။ ကျောင်းသားများ၏ ဂီတတူရိယာ တီးမှုတ်နိုင်စေရန် သင်ကြားသင်ယူမှုများ အပါအဝင် ယခင်တူရိယာတီးခတ်မှုအတွေ့အကြုံများကို စဉ်းစားရန်နှင့် မျှဝေရန် အားပေးတိုက်တွန်းရမည်။

(က) မည်သည့်တူရိယာ ပစ္စည်းများကို တီးမှုတ်နိုင်ရန် သင်ယူခဲ့ဖူးပါသနည်း။

(ခ) ထိုတူရိယာများ တီးမှုတ်ရန် မည်သို့သင်ယူခဲ့ပါသနည်း။

၂။ ကျောင်းသားများကို ဂီတအနုပညာဘာသာရပ်တွင် ဂီတတူရိယာများ သင်ယူခြင်းသည် မြန်မာ့ရိုးရာ တူရိယာများကို အလေးပေးထားကြောင်း ရှင်းပြပါ။ ကျောင်းသားများသည် တူရိယာ တီးမှုတ်ပုံ နည်းလမ်းများသာမက မူလတန်း ကျောင်းသားများကို တူရိယာအား တီးမှုတ်နိုင်စေရန် သင်ကြားပုံ နည်းလမ်းများကိုပါ သင်ယူရမည် ဖြစ်ကြောင်း ရှင်းပြပါ။

၃။ ကျောင်းသားများကို လက်ကမ်းစာစောင် (၁၈) အား ရည်ညွှန်းကိုးကားစေကာ လက်ကမ်းစာစောင်ပါ အကြောင်းအရာများကို အနှစ်ချုပ်ပါ။

- မူလတန်းအဆင့်တွင် ဂီတတူရိယာပစ္စည်းများအား တီးမှုတ်နိုင်ရန် အဘယ်ကြောင့် သင်ကြား သနည်း။
- မူလတန်းအဆင့်တွင် ဂီတတူရိယာများ တီးမှုတ်နိုင်ရန် မည်သည့်အချက်များ သင်ယူပျိုးထောင်ရန် လိုအပ်ပါသနည်း။
- ဂီတတူရိယာ (ပလွေ) အား တီးမှုတ်နိုင်ရန် သင်ကြားရေးနည်းလမ်းများ
    - ပလွေအား မည်သို့ကိုင်တွယ်ရမည်။
    - ညင်သာသော အသံများထွက်လာစေရန် ပလွေအား မည်သို့တီးမှုတ်ရမည်။
    - လျှာအနေအထား မှန်ကန်စွာဖြင့် မည်သို့ တီးမှုတ်ရမည်။
    - ဂီတ သံစဉ် (၇) မျိုး ထွက်လာစေရန် ပလွေ၏ အပေါက်များကို မည်သို့ ကိုင်တွယ်ရမည်။
- ဂီတတူရိယာ (ပလွေ) သင်ကြားခြင်း အတွက် အရေးကြီးသော အချက်များ
    - ပလွေ၏ အခြေခံနည်းစနစ်များကို ထပ်ခါထပ်ခါ လေ့ကျင့်ခြင်း
    - နားထောင်၍ တီးမှုတ်ခြင်း
    - ဂီတဆိုင်ရာ ဝေါဟာရနှင့် ဂီတသရုပ်ဖော်မှုများကို ဆက်စပ်ခြင်း
    - အချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်း နှင့် အုပ်စုလိုက် ညီညာစွာ တီးမှုတ်ခြင်း

၄။ လက်ကမ်းစာစောင် (၁၈) တွင် ပါဝင်သော သီအိုရီများအပေါ် ကျောင်းသားများ နားလည်ခြင်း ရှိ/မရှိ စစ်ဆေးပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

လက်ကမ်းစာစောင် (၁၈) ပါ အချက်အလက်များကို အခြေခံ၍ အကြောင်းအရာများကို ဆန်းစစ်သည့် မေးခွန်းများ မေးမြန်းပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများသည် လက်ကမ်းစာစောင် (၁၈) ပါ အချက်အလက်များအား ကိုးကားရမည်ဖြစ်သည်။ ထိုအကြောင်းအရာများကို ပိုမိုရှင်းလင်းစွာ နားလည်သဘောပေါက်စေရန်အတွက် သူတို့၏ ကိုယ်ပိုင်မေးခွန်းများကိုလည်း မေးမြန်းနိုင်ပါသည်။

## သင်ယူမှုလုပ်ငန်း ၂။ သရုပ်ပြသင်ကြားခြင်း နှင့် လေ့ကျင့်ခြင်း (၂၅ မိနစ်)

၁။ လက်ကမ်းစာစောင် (၁၈) တွင် မိတ်ဆက်သင်ကြားခဲ့သော ကျောင်းသားများကို ပလေ့မှတ်ခြင်းနည်းလမ်းများ သင်ကြားခြင်း စတင်လုပ်ဆောင်မည့် ပထမတန်း ပြဌာန်းစာအုပ်ပါ သင်ကြားသင်ယူမှု လုပ်ငန်းများကို သရုပ်ပြသင်ကြားပါ။

၂။ ပထမတန်း ပြဌာန်းစာအုပ်၏ အခန်း (၅) နှင့် (၆) တွင်ပါရှိသော ကျွမ်းကျင်မှုအချို့အား သင်ကြားပါ။ ထိုအခန်းများမှ သင်ခန်းစာနှစ်ခု သို့မဟုတ် သုံးခုကို ရွေးချယ်ပါ။

၃။ ကျောင်းသားများသည် လုံလောက်စွာ လမ်းညွှန်သရုပ်ပြသင်ကြားခြင်း လုပ်ဆောင်ခဲ့ပြီးပြီဟု ယူဆနိုင်ပါက ထိုကျွမ်းကျင်မှုများကို အသုံးချ၍ သူတို့ကိုယ်တိုင် တီးမှုတ်ခြင်း၊ အစမ်းလေ့ကျင့်ခြင်းများ လုပ်ဆောင်စေပါ။

၄။ ညွှန်ကြားချက်များကို ကျောင်းသားများ မှန်ကန်စွာ လိုက်လံလုပ်ဆောင်နိုင်ခြင်း ရှိ/မရှိ ကြည့်ရှုလေ့လာ၍ မှားယွင်းမှုများ ရှိပါက လိုအပ်သလို ကူညီထောက်ပံ့ပေးခြင်းများ လုပ်ဆောင်ပါ။

၅။ ကျောင်းသားများသည် လက်ကမ်းစာစောင် (၁၈) နှင့် ပထမတန်းဆရာလမ်းညွှန်တွင် ပါရှိသော စံနှုန်းများကို အသုံးပြုပြီး မိမိကိုယ်ကို စစ်ဆေးအကဲဖြတ်ခြင်းနှင့် အချင်းချင်း စစ်ဆေးအကဲဖြတ်ခြင်းများ လုပ်ဆောင်နိုင်ပါသည်။

## စစ်ဆေးအကဲဖြတ်ခြင်း

ဤသင်ယူမှု လုပ်ငန်းတွင် ပထမတန်း ဆရာလမ်းညွှန်နှင့် လက်ကမ်းစာစောင် (၁၈) တွင် ပါရှိသော စစ်ဆေးအကဲဖြတ်သည့် စံများကို အသုံးပြုပြီး မိမိကိုယ်တိုင်နှင့် ကျောင်းသားများကို စစ်ဆေး အကဲဖြတ်ခြင်းများ လုပ်ဆောင်သွားမည် ဖြစ်သည်။ မိမိတို့၏ တီးမှုတ်သည့် ပုံစံသည် ညွှန်ကြား ချက်များနှင့် ကိုက်ညီမှု ရှိမရှိ ကျောင်းသားများကိုယ်တိုင် စစ်ဆေးအကဲဖြတ်နိုင်ပြီး ထိုစံများဖြင့် အတန်းဖော်အချင်းချင်းလည်း အကဲဖြတ်နိုင်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများသည် မိမိတို့ငယ်စဉ် ကျောင်းသားဘဝတွင် ပလွေတီးမှုတ်သည့် အတွေ့အကြုံများ ရှိမည်ဖြစ်သော်လည်း ယခုသင်မှုလုပ်ငန်း၏ ရည်ရွယ်ချက်များတွင်မူ ပလွေတီးမှုတ်ခြင်း၏ ပုံစံ (ပလွေကိုင်တွယ်ပုံ နည်းလမ်း၊ အသံထုတ်ပုံ၊ လျှာ အနေအထား မှန်ကန်မှု စသည်တို့ကို) သာမက တူရိယာများ တီးမှုတ်ခြင်းမှတစ်ဆင့် ကြည်လင်သာယာသော အသံများ ပေါ်ထွက်လာပုံကို သရုပ်ပြ သင်ကြားနိုင်မည့် နည်းလမ်းများကို ထည့်သွင်းစဉ်းစားသွားမည်ဖြစ်သည်။

## ကျောင်းသားများ၏ နားလည်သဘောပေါက်မှုကို စစ်ဆေးခြင်း (၁၅ မိနစ်)

၁။ လက်တွေ့သင်ကြားရေး လေ့ကျင့်မှုများနှင့် ဆက်စပ်နေသော သင်ခန်းစာ၏ သင်ယူမှု ရလဒ်များနှင့် ဆရာအတတ်ပညာ တတ်ကျွမ်းမှုစံများကို ထပ်မံပြောဆိုပါ။

၂။ ကျောင်းသားများကို နှစ်ယောက်တစ်တွဲစီ အဖွဲ့ဖွဲ့ပြီး တစ်ဦးက ဆရာအနေဖြင့်၊ ကျန်တစ်ဦးက ကျောင်းသားအနေဖြင့် လုပ်ဆောင်စေပါ။

၃။ ဆရာအဖြစ် လုပ်ဆောင်သူသည် လက်ကမ်းစာစောင် (၁၈) ပါ ကျွမ်းကျင်မှုများမှ သင်ခန်းစာတစ်ခုကိုဖြစ်စေ၊ ပထမတန်း ပြဋ္ဌာန်းစာအုပ်မှ သင်ခန်းစာတစ်ခုကိုဖြစ်စေ ကျောင်းသားအဖြစ် လုပ်ဆောင်သူကို သင်ကြားပါ။

၄။ ပြီးနောက်တွင် ကျောင်းသားက ဆရာအဖြစ်လည်းကောင်း၊ ဆရာက ကျောင်းသား အဖြစ်လည်းကောင်း လဲလှယ်သင်ကြားရမည်ဖြစ်သည်။

၅။ ယခုသင်ယူမှုလုပ်ငန်းသည် လက်တွေ့သင်ကြားခြင်းနှင့် ဆက်စပ်သည့် သင်ခန်းစာရှိ သင်ကြားသင်ယူခြင်းကို ပိုမိုနားလည်သဘောပေါက်စေရန် လုပ်ဆောင်ပေးမည်ဖြစ်သည်။

၆။ ကျောင်းသားများကို သူတို့၏ ကိုယ်ပိုင်ပလွေများကို တီးမှုတ်လေ့ကျင့်ရန်နှင့် ဤသင်ခန်းစာတွင် သင်ယူခဲ့သော အသံပြသင်္ကေတ (နုတ်) များကို အသုံးပြုကာ ရိုးရှင်းသော သံစဉ်အချို့အား အင်တာနက်ပေါ်တွင် ရှာဖွေရန် အားပေးတိုက်တွန်းပါ။

## ပြန်လည်ဆန်းစစ်ရန် မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

**မေးခွန်း ၁။** ဂီတ တူရိယာ အမျိုးအစား (၅) မျိုးမှာ အဘယ်နည်း။

*အဖြေ*

*ကြေး (ကြေးထည်ဖြင့် ပြုလုပ်ထားသော တူရိယာ)*
*ကြိုး (ကြိုးတပ် တူရိယာများ)*
*သားရေ (သားရေဖြင့် ဖုံးပြီး ပြုလုပ်ထားသော တူရိယာ)*
*လေ (လေမှုတ် တူရိယာ)*
*လက်ခုပ် (စည်းချက်ကိုက်ညီစေရန် တီးခတ်ရသော တူရိယာ)*

**မေးခွန်း ၂။** ကျောင်းသားများ ပလွေကို စတင်တီးမှုတ်ရာတွင် မည်သည့် ကျွမ်းကျင်မှုများကို အဓိက သင်ယူရမည်နည်း။

*အဖြေ*

*ပလွေအား ထိန်းသိမ်းပုံနည်းလမ်း (၂) ကိုင်တွယ်ပုံနည်းလမ်း (၃) ကိုယ်ခန္ဓာ အနေအထား။ (၄) အသံထုတ်ခြင်း (၅)လျှာအနေအထား။ (၆) ပလွေ အပေါက်များကို ကိုင်တွယ်ပုံနည်းလမ်း။*

***မေးခွန်း ၃။*** *အစောပိုင်းသင်ယူမှု အဆင့်များတွင် ထိုအဓိကကျွမ်းကျင်မှုများသည် အဘယ် ကြောင့် အရေးပါသနည်း။*

*၎င်းအချက်များကို အစောပိုင်းတွင် သိရှိခြင်းဖြင့် ကျောင်းသားများသည် အသံအမျိုးမျိုးအား ပုလွေဖြင့် တီးမှုတ်နိုင်မည် ဖြစ်ပြီး တီးမှုတ်မှုများ တိုးတက်လာမည်ဖြစ်သည်။*

# အခန်းဆုံးအနှစ်ချုပ်

## အဓိကအချက်များ

- မြန်မာ့ဂီတတွင် သီချင်းများသည် ကဗျာများနှင့် အလွန်ဆက်စပ်မှုရှိသည်။

- မြန်မာလူမျိုးများသည် များသောအားဖြင့် ဂီတသံစဉ် နားထောင်နေသည်ထက် သီချင်းနား ထောင်နေသည်ဟု ပြောကြားလေ့ရှိသည်။ အဘယ်ကြောင့်ဆိုသော် မြန်မာနိုင်ငံတွင် သီချင်းနှင့် သံစဉ်ကို ခွဲခြား၍ မရသောကြောင့် ဖြစ်သည်။

- မြန်မာ့ဂီတသည် ဂီတသံစဉ် (၇) သွယ်ကို အခြေခံသည်။ အသံအနိမ့်အမြင့် တစ်ဝက်စီခြား၍ စဉ်ထားသော သံစဉ်၊ သံစဉ် တစ်ဝက် အသံ (သံစဉ် ၁၂ သွယ်) မရှိပေ။

- ဂီတအစိတ်အပိုင်းများအားလုံးတွင် အသံ စည်းချက် သို့မဟုတ် လင်းကွင်း(နရီ)၊ ချိန်မှတ်လင်းကွင်းငယ် (စည်း)၊ သစ်နှင့် ပြုလုပ်ထားသော လက်ခုပ် (ဝါး) စသည်တို့ ပါဝင်သည်။

- သီချင်းများနှင့် သီဆိုမှုများသည် မြန်မာနိုင်ငံတွင် သမိုင်းကြောင်းများ ရှိခဲ့ပြီး ယနေ့ခေတ် ထိုအရာများ၏ ဆက်နွယ်မှုနှင့် သမိုင်းဝင် အရေးပါမှုများ၏ အထောက်အထားများကို (၂၁) ရာစု မြန်မာနိုင်ငံတွင်လည်း ဆက်လက်တွေ့မြင်နိုင်ပေသည်။

- အဆိုပညာသည် ကျောင်းသားများကို ဘဝတစ်လျှောက်လုံးကို ပျော်ရွှင်သော၊ ပိုမိုသာယာ သောဘဝများ ဖြစ်လာစေရန် ဖန်တီးနိုင်မည် ဖြစ်သည်။ မူလတန်းကျောင်းသားများသည် မိမိကိုယ်ကို ဖော်ထုတ်နိုင်မည့် စွမ်းရည်များ တိုးတက်လာမည်ဖြစ်ပြီး သူတို့၏ စိတ်ခံစားချက်များအား နည်းလမ်းမျိုးစုံကို အသုံးပြုပြီး သီဆိုခြင်းဖြင့် မိမိ၏ ကိုယ်ရည်ကို ယ်သွေးများကိုဖော်ထုတ်နိုင်သည့် စွမ်းရည်များ တိုးတက်လာမည် ဖြစ်သည်။

- ကမ္ဘာတစ်ဝှမ်းတွင် တေးဂီတအမျိုးအစားပေါင်း မြောက်များစွာရှိပြီး၊ တေးဂီတ အမျိုးအစားများအလိုက် သီဆိုနည်းနှင့် အသံထုတ်နည်းများမှာလည်း အမျိုးမျိုးရှိကြပါသည်။ ဥပမာအားဖြင့် မြန်မာရိုးရာတေးသီချင်းများတွင် ရင်ခေါင်းသံ၊ အမြင့်သံ စသည့် အသံများကို များစွာ အသုံးပြုထားပြီး၊ ဥရောပတေးသီချင်းများတွင် အမြင့်သံများကို အသုံးပြုမှုများပါသည်။

- အမြင့်သံ။ ။ အမြင့်သံကို အသုံးပြုပြီး သီဆိုသောအခါ မျက်နှာ၏ အပေါ်ပိုင်းတွင် တုန်ခါမှုများ ဖြစ်ပေါ်သည်ကို ခံစားရမည် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အဓိက အသံဟိန်း များသည် နှာခေါင်းပေါက် (မိမိ၏ နှာခေါင်း) မှ ထွက်ပေါ်လာသောကြောင့် ဖြစ်သည်။ သို့သော် အခြားအသံထုတ်လုပ်မှု အင်္ဂါများကို အသုံးပြုခြင်းမရှိဟု ဆိုလိုသည် မဟုတ်ပေ။ ဆိုလိုသည်မှာ နှာခေါင်းပေါက်မှ အသံသည် အခြားနေရာများထက် ပိုမို၍ ဟိန်းသံများ ဖြစ်ပေါ်ခြင်းဖြစ်သည်။

- ရင်ခေါင်းသံ။ ။ ရင်ခေါင်းသံဖြင့် သီဆိုသောအခါ လည်ပင်းအောက်ပိုင်းနှင့် ရင်ခေါင်းမှ တုန်ခါမှုများ ဖြစ်ပေါ်သည်ကို ခံစားရမည် ဖြစ်သည်။ ပုံမှန်စကားပြောသည့် အသံဖြင့် ပြောကြားကြည့်ပြီး မိမိ၏ ရင်ခေါင်းအလယ်တည့်တည့်တွင် လက်ကို ထားရှိကြည့်ပါက ရင်ခေါင်းမှ တုန်ခါမှုကို ခံစားနိုင်မည် ဖြစ်သည်။

- အဆိုပညာ သင်ယူခြင်းအတွက် အရေးပါသော အဆင့် (၇) ဆင့် ရှိပါသည်။

- ထိရောက်သော၊ တော်သော အဆိုသင်ကြားသူဆရာတစ်ဦး ဖြစ်လာစေရန် မိမိကိုယ်တိုင် အဆိုပညာ၏ မတူညီသော အချက်များကို ကျွမ်းကျင်ရန် လိုအပ်ပါသည်။

- စာသင်ခန်းတွင် ကဗျာများကို အသုံးပြုမှုသည် ပထမတန်းကျောင်းသားများအား အဆိုပညာ၏ အခြေခံကျွမ်းကျင်မှုများကို မိတ်ဆက်ပေးမည့် အကောင်းမွန်ဆုံးသော နည်းလမ်းပင် ဖြစ်သည်။

- မြန်မာ့ဂီတနယ်ပယ်တွင် ဂီတတူရိယာ (၅) မျိုး ရှိပါသည်။ မြန်မာနိုင်ငံ၏ အတီးပညာသမိုင်းသည်လည်း ထိုဂီတတူရိယာ (၅) မျိုး အပေါ်တွင် အခြေခံပါသည်။ ၎င်းတို့မှာ-
  - *ကြေး* (ကြေးထည်ဖြင့် ပြုလုပ်ထားသော တူရိယာ)
  - *ကြိုး* (ကြိုးတပ် တူရိယာများ)
  - *သားရေ* (သားရေဖြင့် ဖုံးပြီး ပြုလုပ်ထားသော တူရိယာ)
  - *လေ* (လေမှုတ် တူရိယာ)
  - *လက်ခုပ်* (အချိန် သတ်မှတ်ပေးရန် စည်းချက် တူရိယာ) တို့ ဖြစ်ပါသည်။

- အကသည် ကျောင်းသားများအား ဂီတနှင့်အညီ ကခုန်ခြင်း၏ အခြေခံ အရည်အသွေးများကို နှစ်သက်လာစေရန် အားပေးလှုံ့ဆော်နိုင်မည်ဖြစ်ပြီး ကျောင်းသားများအနေဖြင့် ပိုမိုသာယာသည့် ဘဝများကို ရရှိနိုင်မည်ဖြစ်သည်။

- မြန်မာ့ရိုးရာ အကအား သင်ကြားရာတွင် ထည့်သွင်းစဉ်းစားရမည့် အဓိကအချက် (၅) ချက် ရှိပါသည်။
  - ခေါင်း လှုပ်ရှားမှု
  - ခါး လှုပ်ရှားမှု
  - ခြေ လှုပ်ရှားမှု
  - လက် လှုပ်ရှားမှု
  - မျက်နှာ လှုပ်ရှားမှု (မျက်နှာ အနေအထား)

- ခြေအနေအထားနှင့် ကိုယ်ခန္ဓာတစ်ခုလုံး ဟန်အမူအရာ၏ အခြေခံလှုပ်ရှားမှုများသည် အလွန်ပင် အရေးကြီးပါသည်။ ကွေးထားသည့် ဒူးနှစ်ချောင်းအား အခြေခံကာ ကိုယ်ခန္ဓာတစ်ခုလုံး လှုပ်ရှားခြင်း ဖြစ်သည်။

- အကပညာအား သင်ကြားရာတွင် ပထမဦးစွာ ဆရာသည် အကအနေအထား လှုပ်ရှားမှုကို သရုပ်ပြရမည် (ဥပမာ လက်အနေအထားအား မည်သို့ထားရှိရမည်)။ ဒုတိယအားဖြင့် ဆရာသည် ကျောင်းသားများနှင့် အတူတကွ ကပြရမည်။ တတိယအားဖြင့် ကျောင်းသားများသာ ကပြစေရမည်။ နောက်ဆုံးအားဖြင့် ကျောင်းသားများကို နှစ်ယောက်တစ်တွဲ သော်လည်းကောင်း၊ အုပ်စုလိုက်သော်လည်းကောင်း အတူတကွ ကပြစေရမည်။

- မြန်မာ့ရိုးရာဂီတတွင် *စည်း-ဝါး* သည် အလွန်အရေးပါသည့် အရာဖြစ်သည်။ မြန်မာအကများ ဖြစ်သော အခြေခံအကနှင့် အဆင့်မြင့်အက အားလုံးသည် *စည်းဝါး*အပေါ် အခြေခံ၍ စနစ်တကျ ကကြရခြင်း ဖြစ်သည်။

- မြန်မာ့ရိုးရာအကတွင် *ခွင်*သည်လည်း အရေးကြီးသည်။ ခွင်သည် ပျော့ပျောင်းညင်သာသော၊ ညီညာသော ကိုယ်ခန္ဓာလှုပ်ရှားမှုများ ဖြစ်ပေါ်စေရန် ကူညီထောက်ပံ့ပေးသည်။

- ပလွေကဲ့သို့ ရိုးရှင်းသော တူရိယာတစ်ခုအား တီးမှုတ်ရန် သင်ယူခြင်းဖြင့် ကျောင်းသားများသည် အသံအနိမ့်အမြင့်၊ မတူညီသော အသံ အနေအထား၊ အသံလှုပ်ရှားပြောင်းလဲများ ရှိသည့် ဂီတပုံစံအမျိုးမျိုးကို တွေ့ကြုံရမည်ဖြစ်ပြီး ဂီတတူရိယာများကို ပျော်ရွှင်စွာ တီးမှုတ်ခြင်းနှင့် အုပ်စုတွင်း အခြားသူများနှင့် အတူတကွသီဆိုခြင်းများကို လုပ်ဆောင်ခြင်းဖြင့် စိတ်ပျော်ရွှင်မှုများ ရရှိလာမည် ဖြစ်သည်။

- ထိရောက်စွာ သင်ကြားနိုင်သော ဆရာကောင်းတစ်ဦး ဖြစ်လာရန်အတွက် ပထမဦးစွာ ပလွေကို ကိုယ်တိုင်ကျွမ်းကျင်စွာ အမျိုးမျိုး မှုတ်နိုင်စေရန် လုပ်ဆောင်ရမည် ဖြစ်သည်။

- အခြားသူများနှင့် သီချင်းများ တီးမှုတ်ခြင်းသည်လည်း ဂီတတူရိယာကို တီးမှုတ်ပုံအား သိရှိနိုင်မည့် အခွင့်အရေးတစ်ခု ဖြစ်သည်။ သီချင်းများတွင် သံစဉ်များ၊ စည်းချက်များနှင့် သံစဉ်တွဲဖက်ရေးဖွဲ့ထားမှုများပါဝင်ပြီး ထိုအစိတ်အပိုင်းတစ်ခုစီကို အုပ်စုအတွင်းရှိသူများ အားလုံး နားလည်သဘောပေါက်ရမည် ဖြစ်သည်။

## အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း

ဤအခန်းတွင် ဂီတ၊ အဆို၊ အကနှင့် တူရိယာ တီးမှုတ်ခြင်းများကို လေ့လာခဲ့ကြပြီးဖြစ်သည်။ ဤသင်ခန်းစာများတွင် ကြားသိခဲ့ရသည့် မတူညီသော ဂီတအမျိုးမျိုးအပေါ် သင်နှင့် အတန်းဖော်များအချင်းချင်း အမြင်ကွဲပြားမှုများ ရှိနိုင်ပါသည်။ အချို့သည် အသံကို အလေးသာပြီး အချို့သည် တီးမှုတ်ခြင်းကို အလေးသာနိုင်သည်။ အချို့သည် အနောက်တိုင်းဂီတကို အလေးသာပြီး အချို့သည် မြန်မာ့ဂီတကို အလေးသာနိုင်သည်။ အရေးအကြီးဆုံးအချက်မှာ မိမိ၏ ထင်မြင်ယူဆချက်များကို မျှဝေရန်နှင့် အဘယ်ကြောင့် ဤသို့ထင်မြင်သည်ကို ရှင်းပြနိုင်ရန်၊ အမြင်များကို အချင်းချင်း လေးစားရန်နှင့် အဘယ်ကြောင့် ခံယူချက်များ ကွဲပြားသည်ကို အချင်းချင်း နားလည်အောင် ကြိုးစားရန်တို့ပင် ဖြစ်ပေသည်။

မြန်မာ့ဂီတနှင့် အခြားယဉ်ကျေးမှုများ၏ ဂီတအကြား ထင်ရှားသည့် တူညီမှုနှင့် ကွဲပြားခြားနားမှုများမှာ အဘယ်နည်း။ ခေတ်သစ်နှင့် ရိုးရာ မြန်မာ့ဂီတအကြား တူညီမှုနှင့် ကွဲပြားခြားနားမှုများမှာ အဘယ်နည်း။ ထိုအချက်များတွင် သံစဉ် အနိမ့်အမြင့်၊ တူရိယာ သို့မဟုတ် သီချင်းစာသားနှင့် သီချင်းပုံစံများ ပြောင်းလဲမှုအလိုက် ဂီတ၏ ပြောင်းလဲမှုများ ပါဝင်နိုင်သည်။

ဤမေးခွန်းများကို ဖြေဆိုနိုင်ရန်နှင့် နောင် မိမိ သင်ကြားမည့် ကျောင်းသားများကိုလည်း ဂီတအမျိုးမျိုးအား သင်ကြားနိုင်စေရန်အတွက် မိမိ၏ ဂီတဆိုင်ရာ အတွေ့အကြုံများကို အတတ်နိုင်ဆုံး လေ့လာစုဆောင်းရန် အလွန်ရေးကြီးပါသည်။

ဂီတကို ထိရောက်စွာ သင်ကြားနိုင်စေရန်အတွက် ဂီတဆိုင်ရာ ဝေါဟာရများနှင့် သင်္ကေတများ (နတ်၊ သံစဉ်၊ ရပ်နား၊ ရိုက်ချက်၊ အသံအနိမ့်အမြင့်၊ အတက်အကျ၊ ဂီတဖျော်ဖြေမှုပုံစံ စသည်တို့) ကို မှန်မှန်ကန်ကန် အသုံးပြုရန်နှင့် ရှင်းပြနိုင်ရန် လိုအပ်မည်ဖြစ်သလို ထိုအရာများသည် မူလတန်းသင်ရိုးညွှန်းတမ်းတွင် အတန်းလိုက် မည်သို့ဖွဲ့စည်းထားသည်ကိုလည်း နားလည်သဘောပေါက်ရန် လိုအပ်ပါသည်။ ထိုသို့သိရှိရန် အကောင်းဆုံးနည်းလမ်းမှာ မူလတန်းပြဋ္ဌာန်းစာအုပ်နှင့် ဆရာလမ်းညွှန်ကို ကြည့်ရှုလေ့လာခြင်းပင်ဖြစ်သည်။

အကသင်ခန်းစာများတွင် ခေတ်အမျိုးမျိုးရှိ ရိုးရာအကများ၊ နိုင်ငံတကာရိုးရာအကများ၏ ပုံစံများနှင့် အဆင့်များကို တွေ့မြင်ပြီး ဖြစ်သည်။ မိမိ မျှော်လင့်ထားသည့်အတိုင်း ဤသင်ခန်းစာများကို နားလည်ရန် အချိန်များ ပိုမိုလိုအပ်ပေမည်။ အင်တာနက်တွင် အကဗီဒီယိုများကို ရှာဖွေခြင်း၊ စူးစမ်းရှာဖွေလိုသောစိတ်ဖြင့် ကြည့်ရှုလေ့လာခြင်းများကို ပြုလုပ်ရမည် ဖြစ်ပေသည်။ မြန်မာ့ရိုးရာ အကအား သင်ယူစဉ်တွင်လည်း ကကွက်လှုပ်ရှားမှု အစီအစဉ်များနှင့် စည်း၊ ဝါး၏ အသံဖြင့် မည်သို့ အချိန်ကိုက်တိကျစွာ ကပြသည်ကို မှတ်စုရေးသားပါ။

နိုင်ငံတကာတွင်လည်း ကျောင်းသားများအား မည်ကဲ့သို့ အကသင်ကြားသည်ကို လေ့လာရန် အတွက် မိမိစိတ်ကြိုက် သုတေသနများ လုပ်ဆောင်နိုင်ပါသည်။ ထိုအချက်များသည် မိမိ၏ သင်ကြားရေး လေ့ကျင့်ခြင်းအတွက် များစွာအထောက်အကူပြုမည်ဖြစ်ပြီး အထူးသဖြင့် ဆရာ အတတ်ပညာ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဆက်နွယ်နေသည့် ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက် အညွှန်းဘောင်၏ အပိုဒ် (ဃ ၂.၁) ဖြစ်သော အခြားဆရာများထံမှ သင်ယူခြင်းဖြင့်လည်းကောင်း၊ သင်ကြားရေး အတတ်ပညာဆိုင်ရာ စွမ်းရည် ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်း များအားဖြင့်လည်းကောင်း မိမိ၏ လက်တွေ့သင်ကြားမှုများကို တိုးတက်စေသည် ဟူသော အချက်ကို ရောက်ရှိလုပ်ဆောင်နိုင်မည် ဖြစ်ပေသည်။

မတူညီသော နိုင်ငံအသီးသီး၊ ယဉ်ကျေးမှုနှင့် နောက်ခံသမိုင်းကြောင်း မတူညီသော ကလေးများ သည် ပျော်ရွှင်စွာ စုပေါင်းကပြနေသည်ကို ဖော်ပြသည့် ဗီဒီယို သင်ခန်းစာ များစွာ ရှိပါသည်။ ထို နိုင်ငံတကာ သင်ခန်းစာများနှင့် မြန်မာနိုင်ငံမှ သင်ခန်းစာများကို မည်သို့ နှိုင်းယှဉ်မှုများ ပြုလုပ်နိုင်ပါသနည်း။

ဤအခန်းတွင် အချို့သော အမျိုးသားရိုးရာ တူရိယာများကို လေ့လာပြီး ဖြစ်ပါသည်။ ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးတွင်လည်း ထိုကဲ့သို့ သီးခြားရိုးရာတူရိယာများရှိပြီး ပုံသဏ္ဍာန်နှင့် ထွက်ပေါ်လာ သောအသံများ မည်သို့ပင် ကွဲပြားခြားနားပါစေ၊ မြန်မာ့ဂီတတူရိယာ၏ အမျိုးအစား (၅) မျိုး အနေဖြင့် ခွဲခြမ်းစိတ်ဖြာနိုင်ပါသည်။

အနုပညာဘာသာရပ် ဒုတိယနှစ်ဝက်တွင် ပလေ့မှတ်ခြင်းကို စစ်ဆေးမည်ဖြစ်သည်။ ဂီတသံစဉ် (၇)မျိုးအား မှန်ကန်တိကျစွာ တီးမှုတ်နိုင်မှု စွမ်းရည်ကို စစ်ဆေးမည် ဖြစ်ပြီး ထိုသို့ တီးမှုတ်ခြင်း၏ ဖြစ်စဉ်အား ရှင်းပြနိုင်သည့် စွမ်းရည်ကိုလည်း စစ်ဆေးမည်ဖြစ်သည်။

မိမိအနေဖြင့် မူလတန်းကျောင်းသားများအား မည်ကဲ့သို့ ကရမည်နှင့် တူရိယာများကို မည်ကဲ့သို့ တီးမှုတ်ရမည်ကို သင်ကြားရန် စိုးရိမ်မှုများ ရှိနိုင်သည်ကို နားလည်သဘောပေါက်ပါသည်။ မိမိ အနေဖြင့် စိုးရိမ်သည့် အချက်များကို ဆရာအား ကြောက်ရွံ့မှုမရှိဘဲ ပြောကြားရမည်ဖြစ်ပါသည်။ ပလေ့မှုတ်ခြင်းနှင့် ပျော်ရွှင်စွာ ကခုန်နိုင်စေရန် ကြိုးစားပြီး မိမိ၏ စွမ်းရည်များကို ယုံကြည်မှုရှိသည်အထိ လေ့ကျင့်ရမည်ဖြစ်ပေသည်။

ဆရာတစ်ဦးအနေဖြင့် အရေးကြီးသောအချက်များမှာ မိမိ၏ လုပ်ဆောင်မှု၊ အသိပညာနှင့် ကျွမ်းကျင်မှုကို ပြန်လည်သုံးသပ်ခြင်း - ပြန်လည်သုံးသပ်သင်ကြားခြင်း ဖြစ်သည်။ လူတိုင်းသည် အရာအားလုံးအပေါ် တတ်ကျွမ်းနေရမည်ဟု မမျှော်လင့်ထားသော်လည်း မိမိကိုယ်တိုင် စစ်ဆေး အကဲဖြတ်ခြင်း၊ ရှေ့ဆက်ပြီး လုပ်ဆောင်မည့်အရာများကို စီစဉ်ခြင်းဖြင့် အမြဲတမ်း တိုးတက်အောင် လုပ်ဆောင်ရမည်သာ ဖြစ်ပေသည်။

## ဆက်လက်ဖတ်မှတ်စရာများ


၂.၁။

British Council. What is world voice and how does it work? (2016). Retrieved from http://music.britishcouncil.org/projects/world-voice/what-is-world-voice-and-how-does-it-work

Ministry of Education Myanmar. (2017). *Teacher's Guides for Grade 1 Performing Arts.*

Primary Music Education Research Group. (2011). *Syotouka-Ongaku Kyouikuhou.*

Webb, M. (2012). Head Voice, Chest Voice, and Middle Voice Explained. Retrieved from http://mollysmusic.com/blog/head-voice-chest-voice-and-middle-voice-explained/

၂.၂။

Hmawbi Saya Thein. (1965). *Myanmar Zat Pwes and Publications of Myanmar Plays.* Yangon: Hnalonehla Sarpay.

*Instruments.* (n.d.). Retrieved from https://myanmargamelan.wordpress.com/instruments/

Ludu Daw Amar. (1967). *Biographies of Myanmar Theatrical Dancers: Po Sein, Aung Bala, Sein Gadone.* Mandalay: Kyipwaye Printing Press.

Marsh, L. (2015). Why song and dance are essential for children's development. Retrieved from British Council website: https://www.britishcouncil.org/voices-magazine/why-song-and-dance-are-essential-childrens-development

Ministry of Education Myanmar. (2017). *Teacher's Guides for Grades 1-2 Performing Arts.*

Primary Music Education Research Group. (2011). *Syotouka-Ongaku Kyouikuhou.*

Tha-bin-won U Nu. (1967). *The World of Myanmar Drama.* Yangon: Institute of Literature, Ministry of Information.

# ခက်ဆစ်အဘိဓာန်

| အသုံးအနှုန်းများ | အသေးစိတ်ရှင်းလင်းချက် |
|---|---|
| ရသခံစားမှု | အနုပညာ၏ သဘောသဘာဝနှင့် သိမြင်ခံစားခြင်းဆိုင်ရာ အနုသုခုမ |
| သိမြင်ခံစားခြင်း | အကပညာ၏ အဓိကဖြစ်စဉ်သုံးမျိုး (သိမြင်ခံစားခြင်း၊ ဖွဲ့နွဲ့ခြင်း၊ ကပြခြင်း) မှ တစ်ခု။ မှတ်သားရန်၊ နားလည်ရန်နှင့် တန်ဖိုးထားတတ်ရန်။ |
| ဘား (ဂီတသင်္ကေတ) | စည်းချက် လေးချက်ပါဝင်သော ဂီတသံစဉ်တစ်ခု။ |
| ရိုက်ချက် | ဂီတအစိတ်အပိုင်းရှိ သင်္ကေတတစ်ခု၊  ဥပမာ - ပထမဆုံးရိုက်ချက်တွင် တီးခတ်ခြင်း။ |
| ရင်ခေါင်းသံ | ရင်ခေါင်းမှလာသော အသံဖြင့် သီဆိုခြင်း သို့မဟုတ် ပြောဆိုခြင်း။ |
| ရွှံ့ | မြေသားတစ်မျိုး ဖြစ်ပြီး စိုစွတ်သောအခါ လိုသလို ပုံသွင်းနိုင်ပြီး မီးဖုတ်လိုက်သောအခါ မာကျောသော အရာဝတ္ထု။ အိုးများနှင့် အုတ်ခဲများကို ပြုလုပ်ရာတွင် အသုံးပြုသည်။ |
| အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်း | အခြားသူများနှင့် အတူတကွလုပ်ဆောင်ခြင်း သို့မဟုတ် တီးမှုတ်ခြင်း။ |
| တီထွင်ဖန်တီးခြင်း | မူလဖြစ်သော၊ အသစ်ဖြစ်သော သို့မဟုတ် မမျှော်လင့်နိုင်သော တုံ့ပြန်မှုများ။ |
| ခရော့ချက် (Crotchet) | ရိုက်ချက်တစ်ချက် ကြာမြင့်သော သင်္ကေတ။ |
| အသံအနိမ့်အမြင့် (Dynamics) | ဂီတ၏ အသံအတက်အကျ၊ အနိမ့်အမြင့် ပြောင်းလဲမှုများ။ |
| လိုက်လျောညီထွေဖြစ်မှု | အထူးတလည် အားထုတ်ခြင်း သို့မဟုတ် နာကျင်မှုမပါဘဲ ကိုယ်ခန္ဓာအစိတ်အပိုင်းများကို ကွေးကောက်လှုပ်ရှားနိုင်သည့် စွမ်းရည်။ |
| လက်မှုအနုပညာ | လက်ဖြင့် ပြုလုပ်ဖန်တီးထားသော အရာဝတ္ထုများ။ |
| ပေါင်းစပ်သီဆိုခြင်း | ဂီတသံစဉ်များကို တစ်ပြိုင်နက်တည်း ပေါင်းစပ်ပြီး သာယာနာပျော်ဖွယ် သီဆိုခြင်း သို့မဟုတ် ပေါင်းစပ်ခြင်း။ |
| အမြင့်သံ | နာခေါင်းမှ ထွက်လာသော အသံဖြင့် သီဆိုခြင်း သို့မဟုတ် ပြောဆိုခြင်း။ |

| အသုံးအနှုန်းများ | အသေးစိတ်ရှင်းလင်းချက် |
|---|---|
| **သင်ယူမှုဦးတည်ချက်** | သင်ယူမှုလုပ်ငန်းများ၏ ရည်ရွယ်ချက်။ |
| **တေးစာသား** | သီချင်း သို့မဟုတ် ဂီတဇာတ်ရုံများတွင် သီဆိုသော စကားလုံးများ။ |
| **သံစဉ်** | အသံ၊ ဂီတအစိတ်အပိုင်း၏ အခြေခံအချက်။ |
| **တစ်ဝက်ကိုပြသော ဂီတသင်္ကေတ (minim)** | ရိုက်ချက် ၂ ခုပါသော သင်္ကေတ။ |
| **စကားစု** | ဂီတစာသား |
| **အသံအနိမ့်အမြင့် (Pitch)** | အသံ မည်မျှ နိမ့်သည် သို့မဟုတ် မြင့်သည်။ |
| **ဟန်အမူအရာ ကြော့မော့ခြင်း** | တင့်တယ်သော ဟန်အနေအထား။ |
| **မူလအရောင်** | အနီ၊ အဝါ၊ အပြာ - အခြားသော အရောင်များကို ဤအရောင်များမှ ပြုလုပ်သည်။ |
| **ကွေဘာ (Quaver)** | ရိုက်ချက်တစ်ဝက်သာ ကြာမြင့်သော သင်္ကေတ |
| **ရပ်နားသင်္ကေတ** | ဂီတသင်္ကေတ၏ ရပ်နားရိုက်ချက်။ |
| **စည်းချက်** | ပုံမှန် ထပ်ခါတစ်လဲလဲ ဖြစ်နေသော ဂီတသံစဉ်။ |
| **သံစဉ်စံအမှတ်အသား** | အပြည့်သံ သို့မဟုတ် တစ်ဝက်သံဖြင့် ခွဲခြားထားသော ဂီတသင်္ကေတများ၏ အတက်အကျ အစီအစဉ်။ |
| **တေးသွား** | ဂီတသင်္ကေတဖြင့် ပြုစုထားသော တေးသွား။ |
| **ဒုတိယအရောင်** | မူလအရောင်နှစ်မျိုးကို မျှတစွာ ရောစပ်ပြီး ဖြစ်ပေါ်လာသော အရောင်။ |
| **စည်းချက်တစ်ချက် အပြည့် Semibreve** | ရိုက်ချက် လေးခု ကြာမြင့်သော သင်္ကေတ။ |
| **အသံ တစ်ဝက် (Semi-tone)** | ဂီတသံစဉ် ၁၂ခုတွင် အနီးစပ်ဆုံး သင်္ကေတနှစ်ခုကြားမှ သင်္ကေတ၊ အနောက်တိုင်းဂီတတွင် အငယ်ဆုံးကြားသင်္ကေတ။ |
| **ဆို-ဖာ** | ဒို၊ ရေ၊ မီ၊ ဖာ၊ ဆို၊ လာ၊ တီ၊ ဒို စသည့် သီဆိုခြင်းကို ပြသော ဂီတသံစဉ်။ ဒိုကို မည်သည့်သံစဉ်တွင်မဆို အဓိကသင်္ကေတအဖြစ် အသုံးပြုသည်။ |

| အသုံးအနှုန်းများ | အသေးစိတ်ရှင်းလင်းချက် |
|---|---|
| **ဂီတအရှိန်အဟုန်** | ဂီတ၏ တေးသွားအဟုန်။ |
| **တတိယအရောင်** | ပထမအရောင်တစ်မျိုးနှင့် ဒုတိယအရောင်တစ်မျိုးကို အချိုးအဆ တူညီစွာ ရောစပ်ထားပြီး ဖြစ်ပေါ်လာသောအရောင်။ |
| **လျှာအနေအထား (Tonguing)** | လေမှုတ်တူရိယာ၏ နှုတ်ခမ်းဝတွင် လျှာကို အဖိအဖော့ ပြုလုပ်ပြီး လေလမ်းကြောင်းကို တားဆီးခြင်းအားဖြင့် အသံထွက်ပေါ်စေခြင်း။ |
| **ညီညာမှု** | တစ်ချိန်တည်းတွင် အုပ်စုလိုက် ညီညာစွာ ဖျော်ဖြေခြင်း။ |
| **အသံပြည့်** | ဂီတ သံစဉ် ၁၂ ခုတွင် အသံတစ်ဝက်၏ နှစ်ခုအကြားအသံ |

# ကျမ်းကိုးစာရင်း

British Council. Visual Arts. (2014). Visual Arts. Retrieved from http://visualarts.britishcouncil.org/

British Council. (2016). What is world voice and how does it work? Retrieved from http://music.britishcouncil.org/projects/world-voice/what-is-world-voice-and-how-does-it-work

EHowEducation. (2014). Drama Games for Primary School Children: Preschool education and beyond. Retrieved from https://www.youtube.com/watch?v=uGx-KZlOnOus

Henderson, C. M., & Lasley, E. (2014). Creating Inclusive Classrooms through the Arts. *Dimensions of Early Childhood, 42(3).* Retrieved from https://www.southernearlychildhood.org/upload/pdf/Dimensions_Vol42_3_HendersonLaskey.pdf

Hmawbi Saya Thein. (1965). *Myanmar Zat Pwes and Publications of Myanmar Plays.* Yangon: Hnalonehla Sarpay.

*Instruments.* (n.d.). Retrieved from https://myanmargamelan.wordpress.com/instruments/

Ludu Daw Amar. (1967). *Biographies of Myanmar Theatrical Dancers: Po Sein, Aung Bala, Sein Gadone.* Mandalay: Kyipwaye Printing Press.

Marsh, L. (2015). Why song and dance are essential for children's development. Retrieved from British Council website: https://www.britishcouncil.org/voices-magazine/why-song-and-dance-are-essential-childrens-development

Ministry of Education Myanmar. (2016). *National Education Strategic Plan 2016-2021.* Retrieved from http://www.moe-st.gov.mm/wp-content/uploads/2018/01/NESP_20Summary_20-_20English_20-_20Final_20-_20Feb_2023.pdf

Ministry of Education Myanmar. (2017). *Teacher's Guides for Grade 1 Performing Arts.*

British Council. Our global work in arts. (2019). Retrieved from British Council website: https://www.britishcouncil.org.mm/programmes/arts/about

Primary Music Education Research Group. (2011). *Syotouka-Ongaku Kyouikuhou.*

Spiller, L. (2014). 10 resources for teaching music. *The Guardian.* Retrieved from https://www.theguardian.com/teacher-network/teacher-blog/2014/sep/02/10-resources-for-teaching-music

Tha-bin-won U Nu. (1967). *The World of Myanmar Drama.* Yangon: Institute of Literature, Ministry of Information.

Webb, M. (2012). Head Voice, Chest Voice, and Middle Voice Explained. Retrieved from http://mollysmusic.com/blog/head-voice-chest-voice-and-middle-voice-explained/

# နောက်ဆက်တွဲများ

# လက်ကမ်းစာစောင် (၁)
# မူလတန်းအဆင့် အနုပညာ ဘာသာရပ်၏ ယေဘုယျ ရည်ရွယ်ချက်များ။

## မူလတန်းအဆင့် အနုပညာ ဘာသာရပ်၏ ရည်ရွယ်ချက်များ

ဂီတအနုပညာနှင့် ပန်းချီအနုပညာသည် အနုပညာဘာသာရပ်၏ အစိတ်အပိုင်း ဖြစ်သည်။ ကျောင်းသားများသည် အနုပညာဘာသာရပ်မှ အောက်ဖော်ပြပါရည်ရွယ်ချက်များကို သင်ယူရမည် ဖြစ်သည်။

၁။ အနုပညာဘာသာရပ်ကို တွေးမြင်ခံစားခြင်းဖြင့် ကိုယ်တိုင်ဖန်တီးရာတွင် ကျွမ်းကျင်မှုများ တိုးတက်လာစေရန်။

၂။ ပြဿနာဖြေရှင်းခြင်း နှင့် ဆန်းစစ်ဝေဖန်ခြင်းတို့တွင် ကျွမ်းကျင်မှုများ ရရှိစေရန်။

၃။ အနုပညာဘာသာရပ်ကို သင်ယူခြင်းအားဖြင့် အသိပညာဗဟုသုတရရှိစေရန်နှင့် နေ့စဉ်ဘဝကို ပျော်ရွှင်စွာ ဖြတ်သန်းနိုင်ရန်။

၄။ ရိုးရာအနုပညာကို တန်ဖိုးထားသော၊ ခံစားတတ်သော၊ ထိန်းသိမ်းသော နိုင်ငံသားကောင်းများ ဖြစ်လာစေရန်။

## မူလတန်းသင်ရိုးညွှန်းတမ်း၏ ဂီတအနုပညာသင်ယူခြင်း

- ဂီတအနုပညာဘာသာ သင်ရိုးညွှန်းတမ်းသည် ကျောင်းသားများ နိုးကြားတက်ကြွသော သင်ယူသူများ ဖြစ်လာစေရန်အတွက် သူငယ်ချင်းများအကြား ပူးပေါင်းလုပ်ဆောင်ခြင်းဖြင့် တီထွင်ဖန်တီးမှု တိုးတက်စေရန်နှင့် ၎င်းတို့၏ ရသခံစားမှု မြင့်မားစေသော စွမ်းရည်များကို သင်ယူနိုင်ရန် တွန်းအားဖြစ်စေလိုပါသည်။
- ဤဘာသာရပ်သည် ဂီတဆိုင်ရာ သင်ယူမှုလုပ်ငန်းများတွင် ကျောင်းသားများ တက်ကြွစွာ ပါဝင်ဆောင်ရွက်နိုင်ရန်၊ အခြားသူများနှင့် ပူးပေါင်းပြီး မိမိ၏ အတွေးအမြင်များကို ဖော်ထုတ်နိုင်သည့် စွမ်းရည်များရရှိအောင် ကြိုးပမ်းနိုင်ရန်နှင့် မိမိကိုယ်တိုင် မည်သို့ သင်ယူရမည်ကို နားလည်သဘောပေါက်မှု တိုးတက်အောင် ကူညီထောက်ပံ့ပေးရန် ရည်ရွယ်ပါသည်။

- ဤဘာသာရပ်တွင် ဂီတ၏အခြေခံအနေဖြင့် ရိုက်ချက်နှင့် သံစဉ်အကြား ဆက်စပ်မှု ပါဝင်သည်။ အနောက်တိုင်း သံစဉ်စံ အမှတ်အသားနှင့် Tonic Sol Fa Notes များကို ဂဏန်းသင်္ကေတများဖြင့် ယှဉ်တွဲပြထားသည်။ စည်းချက်၊ သံစဉ်နှင့် စာသားကို ဂီတ၏ အခြေခံ အချက်များအဖြစ် အလေးပေး သတ်မှတ်ထားပါသည်။
- မိမိနိုင်ငံ၏သီချင်းများကို ချစ်ခင်မြတ်နိုးစေရန် ကျောင်းသားများအတွက် မတူညီသော သီချင်းရွေးချယ်မှုများအနေဖြင့် မြန်မာ့ရိုးရာသီချင်းများကိုလည်း မိတ်ဆက်ပေးထားပါသည်။ နိုင်ငံခြားသံစဉ်များအပေါ်တွင် ကျောင်းသားများ၏ သဘောထားများကိုလည်း ဂီတအနုပညာ သင်ယူခြင်းဖြင့် မြှင့်တင်ပေးမည်ဖြစ်သည်။

## မူလတန်းအဆင့်ဂီတအနုပညာ၏ ရည်ရွယ်ချက်များ

မူလတန်းအဆင့်အနုပညာ၏ အထက်ပါရည်ရွယ်ချက်များ ပြည့်မီစေရန် မူလတန်းပညာရေးရှိ ဂီတအနုပညာ၏ ရည်ရွယ်ချက်များကို အောက်တွင် ဖော်ပြထားပါသည်။

၁။ ကလေးများ ကျောင်းနေပျော်၍ သင်ယူလိုစိတ် ပိုမိုထက်သန်လာစေရန်။

၂။ ကိုယ်စိတ်နှလုံး နူးညံ့သိမ်မွေ့လာစေရန်။

၃။ အချင်းချင်း ချစ်ခင်ရင်းနှီးမှု နှင့် ပူးပေါင်းဆောင်ရွက်တတ်မှု ခံစားချက်များ ဖြစ်တည်လာစေရန်။

၄။ ဂီတနှင့် အကပညာအပေါ် ချစ်ခင်မြတ်နိုးမှု၊ တန်ဖိုးထားမှု နှင့် သရုပ်ဖော်နိုင်မှု စသည့် ခံစားချက်များ ဖြစ်တည်လာစေရန်။

## မူလတန်းသင်ရိုးညွှန်းတမ်း၏ ပန်းချီအနုပညာသင်ယူခြင်း

ပန်းချီအနုပညာ သင်ရိုးညွှန်းတမ်းသည် ကျောင်းသားများ တီထွင်ဖန်တီးသည့် စွမ်းရည်များ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် သူငယ်ချင်းများ၊ အတန်းဖော်များ ပူးပေါင်းဆောင်ရွက်ပြီး လွတ်လပ်စွာ ဖော်ထုတ်နိုင်မှုများကို မြှင့်တင်ပေးရန်နှင့် ကိုယ်တိုင် နီးကြားတက်ကြွသော သင်ယူသူများအဖြစ် တိုးတက်လာစေရန် ရည်ရွယ်ပါသည်။ ဤဘာသာရပ်သည် ပန်းချီအနုပညာဆိုင်ရာ သင်ယူမှု လုပ်ငန်းများတွင် ကျောင်းသားများ တက်ကြွစွာ ပါဝင်ဆောင်ရွက်နိုင်ရန်၊ အခြားသူများနှင့် ပူးပေါင်းပြီး မိမိ၏ အတွေးအမြင်များကို ဖော်ထုတ်နိုင်သည့် စွမ်းရည်များရရှိအောင် ကြိုးပမ်းနိုင်ရန်

နှင့် 'မည်သို့သင်ယူရမည်' ကို နားလည်သဘောပေါက်မှုတိုးတက်အောင် ကူညီထောက်ပံ့ပေးရန် ရည်ရွယ်ပါသည်။

ဤဘာသာရပ်တွင် လက်မှုအနုပညာ၊ ခေတ်သစ်နှင့် ရိုးရာအနုပညာများကို သိမြင်ခံစားမှုများ တိုးတက်စေရန် အားပေးတိုက်တွန်းမည့် သင်ယူမှုလုပ်ငန်းများစွာပါဝင်ပါသည်။ ပန်းချီအနုပညာ၏ အဓိပ္ပါယ်သည် လှပသော ရုပ်ပုံများ ဆွဲခြင်း သို့မဟုတ် အလွန်ပြောင်မြောက်သော လက်မှု အနုပညာများ ဖန်တီးခြင်းသာ ဖြစ်သည်ဟု ယူဆထားမှုသည် မှားယွင်းသော အတွေးအမြင်ပင် ဖြစ်သည်။ ကျောင်းသားများ၏ ကမ္ဘာကြီးအပေါ် ကောက်ချက်ချမှုအရ ရုပ်ပုံများ ဖန်တီးရေးဆွဲခြင်း နှင့် လက်မှုပညာများ ဖန်တီးခြင်းမှတစ်ဆင့် မိမိတို့ခံစားနေရသည်ကို ဖော်ထုတ်နိုင်ရန်အတွက် ဤဘာသာရပ်ကို ပုံဖော်ရေးဆွဲထားခြင်းဖြစ်သည်။

ပန်းချီအနုပညာသင်ရိုးညွှန်းတမ်းကို လေ့လာသော ကျောင်းသားများသည် သဘာဝပတ်ဝန်းကျင် အလှတရားကို နားလည်သဘောပေါက်ခံစားတတ်လာမည်ဖြစ်ပြီး ထိုအသိသည် ၎င်းတို့နှင့်အတူ တစ်သက်တာရှိနေမည်ဖြစ်သည်။ ထို့အပြင် ပန်းချီအနုပညာကို နားလည်ခြင်းသည် သင်ယူမှု အတွက် အသုံးဝင်ပြီး အားလုံးပါဝင်နိုင်သော အရာတစ်ခုပင်ဖြစ်ပေသည်။

ပန်းချီအနုပညာသည် နေ့စဉ်ဘဝတွင် အမြဲတမ်း တွေ့ကြုံနေရသည့် အရာ ဖြစ်သည်။ ဥပမာအားဖြင့် ရှုပ်ထွေးသော သတင်းအချက်အလက်များအား ရိုးရှင်းစွာ မိတ်ဆက်ပေးရန် သို့မဟုတ် ရှင်းလင်းရန် ခြုံငုံနိုင်သော နည်းလမ်းတစ်ခုအနေဖြင့် ရုပ်ပုံများကို အသုံးပြုနိုင်ပါသည်။ ပန်းချီအနုပညာ ဘာသာရပ်ကို နားလည်သဘောပေါက်ခြင်းနှင့် ဤဘာသာရပ် သင်ကြားခြင်းမှ ရရှိမည့်စွမ်းရည်များကို အသုံးပြုခြင်းအားဖြင့် ကျောင်းသားများသည် မိမိသင်ခန်းစာများရှိ အချက်အလက်များကို မှတ်သား သင်ယူရန် ပိုမိုကောင်းမွန်စွာ ပြင်ဆင်နိုင်မည်ဖြစ်ပြီး မိမိ၏ဘဝအတွက်လည်း ပိုမိုကောင်းမွန်သော ပြင်ဆင်မှုများ ရှိလာမည် ဖြစ်သည်။

## မူလတန်းအဆင့် ပန်းချီအနုပညာ ဘာသာရပ်၏ ရည်ရွယ်ချက်များ

မူလတန်းအဆင့် အနုပညာ ဘာသာရပ်၏ အထက်ပါရည်ရွယ်ချက်များ ပြည့်မီစေရန် မူလတန်းအဆင့် ပန်းချီအနုပညာ၏ ရည်ရွယ်ချက်များကို အောက်တွင်ဖော်ပြထားပါသည်။

၁။ အရောင်နှင့်ပုံသဏ္ဍာန်များ အသုံးချမှုနှင့် ဖန်တီးမှုတို့မှတစ်ဆင့် အခြေခံပုံဆွဲပညာကို မြှင့်တင်ပေးရန်။

၂။ နေ့စဉ်ဘဝတွင် တွေ့မြင်ခံစား၊ စဉ်းစားမိသည်တို့ကို အခြေခံ၍ အတွေးအခေါ်နှင့် ပုံဖေါ် ဖန်တီးနိုင်သော အရည်အသွေး တိုးတက်လာစေရန်။

၃။ မိမိဒေသရှိ လက်မှုအနုပညာများကို ခံစား၊ တန်ဖိုးထားတတ်စေရန်။

## လက်ကမ်းစာစောင် (၂)
## အခြေခံပညာသင်ရိုးညွှန်းတမ်း အညွှန်းဘောင်၏ ရည်ရွယ်ချက်

မြန်မာနိုင်ငံ၏ အမျိုးသားသင်ရိုးညွှန်းတမ်း အညွှန်းဘောင်တွင် မူလတန်းပညာရေး၏ ရည်ရွယ်ချက်များကို အောက်ပါအတိုင်း ဖော်ပြထားပါသည်။

(က) အသက်အရွယ်နှင့် သင့်လျော်ပြီး ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ နှင့် ဘောဂ ဗလငါးတန် ဘက်စုံဟန်ချက်ညီစွာ ဖွံ့ဖြိုးမှုရရှိရန်။

(ခ) မြန်မာဘာသာစကား ကျွမ်းကျင်မှုလေးမျိုး (အနာအကြား၊ အပြောအဆို၊ အဖတ်အရွတ်၊ အရေးအသား) ၏ အခြေခံကို အသက်အရွယ်နှင့် လျော်ညီစွာ တတ်မြောက်ရန်။

(ဂ) တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် သင်ကြားရန် သတ်မှတ်ထားသော တိုင်းရင်းသား ဘာသာစကား ကျွမ်းကျင်မှုလေးမျိုး (အနာအကြား၊ အပြောအဆို၊ အဖတ်အရွတ်၊ အရေးအသား) ကို လက်တွေ့ဘဝတွင် အသုံးချနိုင်သည်အထိ တတ်မြောက်ရန်။

(ဃ) အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်မှုလေးမျိုး (အနာအကြား၊ အပြောအဆို၊ အဖတ်အရွတ်၊ အရေးအသား) ၏ အခြေခံကို အသက်အရွယ်နှင့်လျော်ညီစွာ တတ်မြောက်ရန်။

(င) အခြေခံသင်္ချာတွက်ချက်မှုများကို လက်တွေ့ဘဝတွင် ကျွမ်းကျင်စွာ အသုံးချနိုင်ရန်။

(စ) မိမိပတ်ဝန်းကျင်ရှိ သဘာဝဖြစ်စဉ်ကို သိပ္ပံနည်းကျ စူးစမ်းလေ့လာ၍ ရရှိလာသော အခြေခံသိပ္ပံ အသိပညာများနှင့် ကျွမ်းကျင်မှုများကို လက်တွေ့ဘဝနှင့် ဆက်စပ်အသုံးချနိုင်ရန်။

(ဆ) မိမိနိုင်ငံ၏ ပထဝီဆိုင်ရာအချက်အလက်၊ အနေအထားနှင့် သမိုင်းဆိုင်ရာ အဖြစ်အပျက်များကို သိရှိနားလည်ပြီး မိမိနိုင်ငံအပေါ် မြတ်နိုးတန်ဖိုးထားတတ်ရန်။

(ဇ) နိုင်ငံသားကောင်းတစ်ယောက်တွင် ရှိရမည့် အခြေခံစရိုက်လက္ခဏာများ ဖြစ်ထွန်းစေသည့် အခြေခံအသိပညာ၊ ကျွမ်းကျင်မှု၊ သဘောထား၊ အနုပညာရသခံစားတတ်မှုနှင့် အပြုအမူများ ဖွံ့ဖြိုးရန်။

(ဈ) ကာယလှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်ခြင်း၊ ကျန်းမာရေးနှင့်ဆက်စပ်သော ဗဟုသုတ၊ သဘောထားများကို နေ့စဉ်လူမှုဘဝတွင် ကျင့်သုံးခြင်းအားဖြင့် ကျန်းမာသန်စွမ်းသော စိတ်နှင့် ခန္ဓာကို ပြုစုပျိုးထောင်ရန်။

## မြန်မာနိုင်ငံ အခြေခံပညာသင်ရိုးညွှန်းတမ်းဆိုင်ရာ လမ်းညွှန်မှု ၁၃ ချက်

မြန်မာနိုင်ငံ အခြေခံပညာအဆင့် သင်ရိုးညွှန်းတမ်းကို စီစဉ်ရေးဆွဲပြုစုရာတွင် လိုက်နာကျင့်သုံးရမည့် လမ်းညွှန်မှု (၁၃) ချက်မှာ အောက်ပါအတိုင်း ဖြစ်သည်။

### (က) ဘက်စုံဟန်ချက်ညီ ဖွံ့ဖြိုးရေး

ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ ၊ ရသနှင့်စိတ်လှုပ်ရှားမှုဆိုင်ရာ နယ်ပယ်အလိုက် ဘက်စုံဟန်ချက်ညီ ဖွံ့ဖြိုးမှုရရှိရေးကို ဦးတည်၍ ကျောင်းသား၊ ကျောင်းသူများအား ပြုစုပျိုးထောင်ပေးရမည်။

### (ခ) နိုင်ငံသားကောင်းဖြစ်ရေး

ကျောင်းသား၊ ကျောင်းသူများအား မြန်မာနိုင်ငံအတွက်သာမက တစ်ကမ္ဘာလုံးအတွက်ပါ အကျိုးပြုနိုင်သော နိုင်ငံသားကောင်းများ ဖြစ်လာအောင် ပြုစုပျိုးထောင်ပေးရမည်။

### (ဂ) ၂၁ ရာစုဆိုင်ရာ ကျွမ်းကျင်မှုများ ဖွံ့ဖြိုးရေး

မြန်မာ့လူအဖွဲ့အစည်းကို နိုင်ငံအဆင့်သာမက နိုင်ငံတကာအဆင့်မီ ဖွံ့ဖြိုးတိုးတက်စေရန် ၂၁ ရာစုဆိုင်ရာ ကျွမ်းကျင်မှုများကို သီးသန့်နယ်ပယ်တစ်ခုအဖြစ် အထူးပြု၍ဖြစ်စေ၊ သက်ဆိုင်ရာ သင်ရိုးနယ်ပယ်များတွင် ပူးပေါင်းထည့်သွင်း၍ဖြစ်စေ လေ့လာသင်ယူနိုင်ရန် စီစဉ်ရမည်။

### (ဃ) အခြေခံပညာအဆင့်အလိုက် ပြီးပြည့်စုံအောင် တတ်မြောက်မှုရှိရေး

အခြေခံပညာအဆင့်တိုင်းအတွက် ပြီးပြည့်စုံအောင် တတ်မြောက်မှုရှိကြောင်း သက်သေသာဓကပြသည့်အနေဖြင့် ကျောင်းသား၊ ကျောင်းသူများတွင် အဆင့်အလိုက်လိုအပ်သော အသိပညာများ၊ ကျွမ်းကျင်မှုများနှင့် သဘောထားများ ကောင်းစွာရရှိ ဖွံ့ ဖြိုးပြီးဖြစ်ရမည်။

### (င) အဆင့်မြင့်ပညာရပ်များ ဆက်လက်လေ့လာမှုအတွက် ပြင်ဆင်ပေးရေး

ကျောင်းသား၊ ကျောင်းသူများအနေဖြင့်အဆင့်မြင့်ပညာရပ်များကိုဖြစ်စေ၊ နည်းပညာနှင့်သက်မွေးပညာရပ်များကိုဖြစ်စေ၊ ဆက်လက်လေ့လာ သင်ယူနိုင်ရန်လိုအပ်သော အခြေခံအသိပညာများ၊ ကျွမ်းကျင်မှုများနှင့် သဘောထားများ ရရှိဖွံ့ ဖြိုးပြီးဖြစ်ရမည်။

**(စ) လူ့အဖွဲ့အစည်းနှင့် ခေတ်မီစီးပွားရေးတွင် ဝင်ဆန့်နိုင်ရေးအတွက် ပြင်ဆင်ပေးရေး**

လူ့အဖွဲ့အစည်းအတွင်း လူတစ်ဦး၏ ဘဝရပ်တည်ရှင်သန်နိုင်ရေးနှင့် ခေတ်မီစီးပွားရေးတွင် ဝင်ဆန့်နိုင်ရေးအတွက် ပြင်ဆင်ပေးသည့်အနေဖြင့် ကျောင်းသား၊ ကျောင်းသူတို့တွင် လိုအပ်သော သင်ယူမှုအတွေ့အကြုံများ ရရှိစေရမည်။

**(ဆ) လေ့လာသင်ယူမှု ပညာရပ်နယ်ပယ်အလိုက် တတ်သိမှုတွင် ဟန်ချက်ညီဖြစ်ရေး**

ဝိဇ္ဇာနှင့် သိပ္ပံ ပညာရပ် နယ်ပယ်နှစ်ရပ်လုံးကို လေ့လာသင်ယူရန် အားပေးခြင်းဖြင့် ပညာရပ်နယ်ပယ်များအလိုက် တတ်သိမှုများ ဟန်ချက်ညီ ဖွံ့ဖြိုးလာစေရမည်။

**(ဇ) ယဉ်ကျေးမှုများ၊ ထုံးတမ်းစဉ်လာများနှင့် ဓလေ့များကို ထိန်းသိမ်းတန်ဖိုးထားရေး**

နိုင်ငံအတွင်းရှိ တိုင်းရင်းသားမျိုးနွယ်စုအလိုက် တည်ရှိနေသော ယဉ်ကျေးမှုများ၊ ဓလေ့ထုံးတမ်းစဉ်လာများနှင့် အမျိုးသားရေး စရိုက်လက္ခဏာများကို ထိန်းသိမ်းတန်ဖိုးထားသည့် စိတ်ဓာတ်များ ဖွံ့ဖြိုးလာရန်နှင့်ကမ္ဘာ့နိုင်ငံအသီးသီးတွင် တည်ရှိနေသော ယဉ်ကျေးမှုများ၊ ဓလေ့ထုံးတမ်းစဉ်လာများနှင့်စရိုက် လက္ခဏာများကို လေးစားတန်ဖိုးထားတတ်သည့် စိတ်ဓာတ်များဖွံ့ဖြိုးလာရန်လည်း ကျောင်းသား၊ ကျောင်းသူတို့ကို ပြုစုပျိုးထောင်ပေးရမည်။

**(ဈ) သင်ကြားမှု ဘာသာစကား သတ်မှတ်ရေး**

သင်ကြားရေးတွင် မြန်မာဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာ ဖြင့်ဖြစ်စေ၊ မြန်မာဘာသာနှင့် အင်္ဂလိပ်ဘာသာ နှစ်ဘာသာတွဲ၍ဖြစ်စေ သင်ကြားနိုင်သည်။ အခြေခံပညာအဆင့်တွင် တိုင်းရင်းသားဘာသာစကားကို မြန်မာဘာသာစကားနှင့်အတူ စာသင်ခန်းသုံး ဘာသာစကားအဖြစ် တွဲဖက်အသုံးပြုနိုင်သည်။ (အမျိုးသားပညာရေးဥပဒေပုဒ်မ ၄၃)

**(ည) တိုင်းရင်းသား ဘာသာစကားများ သင်ကြားရေး**

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် တိုင်းရင်းသားစာပေနှင့်ဘာသာစကား သင်ကြားသင်ယူမှုကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် အခြေခံပညာ မူလတန်းအဆင့်မှ စတင်၍ အကောင်ထည်ဖော်ပြီး အဆင့်ဆင့် တိုးချဲ့ဆောင်ရွက်နိုင်ရေး (အမျိုးသားပညာရေး ဥပဒေပုဒ်မ ၄၄) အတွက် ပြဋ္ဌာန်းစာအုပ်များကို တိုင်းဒေသကြီး/ ပြည်နယ်အလိုက် တာဝန်ရှိသူများက ပြုစုရမည်။ အဆိုပါ တိုင်းရင်းသားဘာသာ စကားဆိုင်ရာ

သင်ရိုးစာအုပ်များနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာနက မြန်မာနိုင်ငံ တိုင်းရင်းသား ဘာသာစကား ဦးစီးဌာန၏ သဘောထားမှတ်ချက်ကိုရယူပြီး အမျိုးသားသင်ရိုးညွှန်းတမ်း ကော်မတီသို့ ပေးပို့၍ အတည်ပြုချက် ရယူရန် ဆောင်ရွက်ရမည်။ အဆိုပါ စာအုပ်များကို မည်သို့အသုံးပြုမည်၊ မည်သည့် အချိန်တွင် အသုံးပြုမည်တို့နှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်များကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ချမှတ်ရပါမည်။

## (၄) မိသားစု၊ ကျောင်း၊ ရပ်ရွာလူထုနှင့် လူ့အဖွဲ့အစည်းအတွင်း အကျိုးပြုရေး

မိသားစု၊ ကျောင်း၊ ရပ်ရွာလူထုနှင့် လူ့အဖွဲ့အစည်းအတွင်း အပြန်အလှန် ဝန်ဆောင်မှု ပြုရမည် ဟူသောအယူဆဖွံ့ဖြိုးလာရန် ကျောင်းသား၊ ကျောင်းသူတို့အား သင့်လျော်သော သင်ယူမှုအခြေ အနေများရရှိစေရမည်။

## (၅) ငြိမ်းချမ်းစွာ အတူယှဉ်တွဲပြီး သဟဇာတရှိစွာ နေထိုင်ရေး

ငြိမ်းချမ်းစွာ အတူယှဉ်တွဲပြီး သဟဇာတရှိစွာ နေထိုင်နိုင်ရန် လိုအပ်သော အသိအမြင်များနှင့်ပဋိပက္ခ ဖြေရှင်းရေးဆိုင်ရာ ကျွမ်းကျင်မှုများ ကျောင်းသား၊ ကျောင်းသူတို့တွင် ဖွံ့ဖြိုးလာစေရ မည်ဖြစ်ပြီး၊ အဆိုပါဖွံ့ဖြိုးမှုသည် ဒေသအဆင့်၊ နိုင်ငံအဆင့်၊ ကမ္ဘာအဆင့်အပါအဝင် လူ့အဖွဲ့အစည်း အားလုံးနှင့် သက်ဆိုင်သော ဖွံ့ဖြိုးမှုဖြစ်စေရမည်။

## (၃) တန်းတူညီမျှမှုကို မြှင့်တင်ပေးရေး

သင်ရိုးညွှန်းတမ်း၊ ကျောင်းသုံးစာအုပ်နှင့်အခြား သင်ကြားသင်ယူမှု အထောက်အကူများသည် ကလေးအားလုံး၏ သင်ယူမှုကို တန်းတူညီမျှဖြစ်အောင် မြှင့်တင်ပေးစေရမည်။ ထိုမှတဆင့်ကျား၊ မ၊ လူမျိုး၊ ဘာသာစကား၊ စီးပွားရေးအခြေအနေများ၊ မတူညီသောလိုအင်များ မည်သို့ပင် ကွဲပြားစေကာမူ တန်းတူညီမျှမှု ပိုမိုဖြစ်ထွန်းလာစေရမည်။

**ကျွမ်းကျင်တတ်မြောက်သော နိုင်ငံသားကောင်းနှင့် ကမ္ဘာ့သားကောင်းများ ပေါ်ထွန်းလာရန်နှင့် ၂၁ ရာစုဆိုင်ရာ သင်ယူမှုအတွက် ရည်မှန်းထားသော ဗလငါးတန်**

| ဉာဏဗလ | ကာယဗလ | စာရိတ္တဗလ | မိတ္တဗလ | ဘောဂဗလ |
|---|---|---|---|---|
| **အသိပညာ ဗဟုသုတကို အခြေခံသော စာပေတတ်မြောက်မှု**<br>• အဓိကဘာသာရပ်များတွင် ပါဝင်သော<br>- ဘာသာစကား<br>- သင်္ချာ<br>- သိပ္ပံ<br>• ပတ်ဝန်းကျင်ဆိုင်ရာ အသိပညာရှိမှု၊<br><br>**တတ်မြောက်မှုနှင့် ကျွမ်းကျင်မှုများ**<br>• ဘာသာစကား/ အရေးအဖတ်ဆိုင်ရာကျွမ်းကျင်မှုများ<br>• သင်္ချာဆိုင်ရာ ကျွမ်းကျင်မှု<br>• သိပ္ပံပညာရပ်ဆိုင်ရာကျွမ်းကျင်မှု<br>• သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာကျွမ်းကျင်မှု<br>• တီထွင်ဖန်တီးမှုနှင့် ဆန်းသစ်မှုစွမ်းရည် | **အသိဉာဏ် ဗဟုသုတကို အခြေခံသော စာပေတတ်မြောက်မှု**<br>• ကျန်းမာရေးဆိုင်ရာ အသိပညာရှိမှု<br><br>**တတ်မြောက်မှုနှင့် ကျွမ်းကျင်မှုများ**<br>• ကျန်းမာရေးဆိုင်ရာ ဘဝတွက်တာ ကျွမ်းကျင်စရာ<br>• ကျန်းမာရေးနှင့် ညီညွတ်ပြီး ရေရှည်တည်တံ့ခိုင်မြဲသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကျွမ်းကျင်မှုများ | **တန်ဖိုးထားမှုများကို အခြေခံသော စာပေတတ်မြောက်မှု**<br>• ကမ္ဘာလုံးဆိုင်ရာ အရေး သတိပြုခြင်းနှင့် ပြည်သူ့နီတိဆိုင်ရာအသိပညာရှိမှု<br>• စာရိတ္တ၊ ကိုယ်ကျင့်တရားနှင့် ရသပညာဆိုင်ရာ အသိပညာရှိမှု | **ကျွမ်းကျင်မှုများနှင့် တတ်ကျွမ်းမှုများ**<br>• ပေါင်းသင်းဆက်ဆံရေး၊ ငြိမ်းချမ်းရေး တည်ဆောက်မှု၊ ဆက်သွယ်ပြောဆိုခြင်းတို့ ပါဝင်သော လူအချင်းချင်း ဆက်ဆံမှု ဆိုင်ရာ ကျွမ်းကျင်မှုများ<br>• ကိုယ်ရည်ကိုယ်သွေးဆိုင်ရာ ကျွမ်းကျင်မှုများ (ဥပမာ - မိမိကိုယ်တိုင်စေ့ဆော် သင်ယူခြင်း၊ ဘဝတစ်သက်တာ သင်ယူခြင်း စသည့်) | **အသိပညာအခြေခံသော စာပေတတ်မြောက်မှု**<br>• ဘဏ္ဍာရေးဆိုင်ရာ အသိပညာရှိမှု<br>• စီးပွားရေးဆိုင်ရာ အသိပညာရှိမှု<br>• စီးပွားရေးလုပ်ငန်းဆိုင်ရာ အသိပညာရှိမှု<br>• စွန့်ဦးတီထွင် လုပ်ငန်းများဆိုင်ရာ အသိပညာရှိမှု<br><br>**ကျွမ်းကျင်မှုများနှင့် တတ်ကျွမ်းမှုများ**<br>• အသက်မွေးဝမ်းကျောင်းမှုနှင့် ဆက်နွယ်သော ကျွမ်းကျင်မှုများ<br>• အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာ ကျွမ်းကျင်မှုများ |

**ချိတ်ဆက်ထားသောကျွမ်းကျင်မှုများနှင့် တတ်ကျွမ်းမှုများ**

- အဆင့်မြင့်စဉ်းစားတွေးခေါ်နိုင်မှု၊
- သိမှုဆိုင်ရာကျွမ်းကျင်မှု (တတ်သိလွယ်မှု)၊ တီထွင်ဖန်တီးနိုင်မှု၊ ပြဿနာဖြေရှင်းနိုင်မှု၊
- ခေါင်းဆောင်နိုင်မှု၊

ရင်းမြစ်။ အခြေခံပညာအဆင့် သင်ရိုးညွှန်းတမ်း အညွှန်းဘောင် (ဒုတိယမူကြမ်း) (ပညာရေးဝန်ကြီးဌာန၊ ၂၀၁၄ ဩဂုတ်လ)

## ၂၁ ရာစုဆိုင်ရာ သင်ယူမှုအတွက် ရည်ရွယ်သည့် ဗလငါးတန်

# လက်ကမ်းစာစောင် (၃)
# ပန်းချီအနုပညာသင်ရိုးညွှန်းတမ်း၏ နယ်ပယ် သုံးရပ် ဖွဲ့စည်းပုံကို နားလည်သဘောပေါက်ခြင်း (သင်ခန်းစာ ၁.၂.၁။ ၊ စာသင်ချိန် ၁)

## ပန်းချီအနုပညာ၏ နယ်ပယ် သုံးရပ်

မူလတန်းပန်းချီအနုပညာတွင် နယ်ပယ် သုံးရပ် ရှိပါသည်။

## နယ်ပယ် (၁) - ပန်းချီ


ပန်းချီနယ်ပယ်၏ ရည်ရွယ်ချက်မှာ အမျိုးမျိုးသောနည်းလမ်းများ၊ ပစ္စည်းများနှင့် ကိရိယာများကို အသုံးပြုပြီး ကျောင်းသားများ ပုံဆွဲခြင်း၊ ဆေးခြယ်ခြင်းများ လုပ်ဆောင်နိုင်သည့် စွမ်းရည်များ ရရှိရန်နှင့် ပျော်ရွှင်မှုများရရှိစေရန်ဖြစ်သည်။ ဤဘာသာရပ်နယ်ပယ်သည် ကျောင်းသားများ သင်ယူခဲ့သော အသိပညာနှင့် ကျွမ်းကျင်မှုများကို လက်တွေ့တီထွင်ဖန်တီးခြင်းဖြင့် မိမိ၏ အတွေးအခေါ်များ၊ အမြင်များနှင့် ခံစားချက်များကို ပုံဖော်နိုင်မည်ဖြစ်သည်။ ထိုသို့ပုံဖော်ရာတွင် မျဉ်းများ ဆွဲခြင်း၊ ဂျီသြမေတြီဆိုင်ရာ ပုံသဏ္ဌာန်များ၊ ရှုခင်းများ၊ ပုံကြမ်းများ၊ ပုံတူများ၊ အရောင်များကို သင်ယူခြင်းများနှင့် စိတ်ကူးယဉ်ပန်းချီများ စသည်တို့ ပါဝင်သည်။



နမူနာ ပန်းချီရေးဆွဲခြင်း

## နယ်ပယ် (၂) - လက်မှု

လက်မှုနယ်ပယ်၏ ရည်ရွယ်ချက်မှာ အမျိုးမျိုးသောပစ္စည်းများ၊ ကိရိယာများကို အသုံးပြုပြီး အသုံးဝင်သော လက်ရာများကို ပျော်ရွှင်စွာဖန်တီးနိုင်ရန်နှင့် သင်ယူခဲ့သော အသိပညာနှင့် ကျွမ်းကျင်မှုများကို အသုံးပြုပြီး မိမိကိုယ်ပိုင်အတွေးအခေါ်များဖြင့် လက်မှုပညာများကို ပုံဖော်ဖန်တီးနိုင်ရန် ဖြစ်သည်။ ထိုသို့ဖန်တီးရာတွင် စက္ကူနှင့် အခြားပစ္စည်းများကို အသုံးပြုပြီး စိတ်ကူးယဉ် တီထွင်မှုများဖြင့် ပစ္စည်းများပုံဖော်ဖန်တီးသည့် ကျွမ်းကျင်မှုများ ပါဝင်ပါသည်။



**စက္ကူဖြင့် လက်မှုပညာပစ္စည်းများ ဖန်တီးခြင်း**

## နယ်ပယ် (၃) - ရသခံစားတန်ဖိုးထားမှု

ရသခံစားတန်ဖိုးထားမှုနယ်ပယ်၏ ရည်ရွယ်ချက်မှာ ကျောင်းသားများ ခေတ်သစ်နှင့် ရိုးရာပန်းချီ အနုပညာကို အကောင်းမြင်သော စိတ်ထားများနှင့် တန်ဖိုးထားမှုများ ဖြစ်ပေါ်စေရန်၊ တိုင်းရင်းသား မျိုးနွယ်စုအမျိုးမျိုး၏ ရိုးရာလက်ရာများကို ခွဲခြားမှတ်သားနိုင်ရန်နှင့် ထိုလက်ရာများ ပြုလုပ်သည့် ဖြစ်စဉ်များကို နားလည်ရန်ဖြစ်သည်။ ထို့ပြင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များနှင့် လက်မှုအနုပညာ များကို ထိန်းသိမ်းတန်ဖိုးထားနိုင်ရန်လည်း ရည်ရွယ်ပါသည်။ ထိုသို့ ထိန်းသိမ်းတန်ဖိုးထားရာတွင် တိုင်းရင်းသား မျိုးနွယ်စုများ၏ ယဉ်ကျေးမှုအနုပညာလက်ရာများ၊ ရှေးရိုးရာနှင့် ခေတ်သစ်မြန်မာ့ အနုပညာအား မြတ်နိုးတန်ဖိုးထားခြင်းများလည်း ပါဝင်ပါသည်။



မြန်မာ့ရိုးရာယွန်းထည်

## အတန်းအလိုက် ရည်ရွယ်ချက်များ

ပထမတန်းမှ တတိယတန်းအထိ အကြောင်းအရာများ၊ ရည်ရွယ်ချက်များသည် အတည်ပြုပြီး ဖြစ်သည်။ စတုတ္ထတန်းမှ ပဉ္စမတန်းအထိ အပြောင်းအလဲများ ရှိနိုင်ပါသည်။ (ဇူလိုင်လ ၂၀၁၈)

| နယ်ပယ် | ပထမတန်း | ဒုတိယတန်း | တတိယတန်း | စတုတ္ထတန်း | ပဉ္စမတန်း |
|---|---|---|---|---|---|
| ပန်းချီအနုပညာ | • ခဲတံနှင့်ရောင်စုံခဲတံတို့ကို အသုံးပြု၍ မျဉ်းအမျိုးမျိုးကိုထိန်း ချုပ်ရေးဆွဲတတ်ရန်။ | • မြင်သည့်အရာ ကို စူစမ်းလေ့ လာ၍ ပြန်လည် ဖော်ထုတ်ရေးဆွဲခြင်းဖြင့် ပျော်ရွှင်သူများဖြစ်စေရန်။ | • အရာဝတ္ထုများ ကို ကြည့်ရှု၍ အခြေခံရေးဆွဲမှု စွမ်းရည်ကို ရရှိစေရန်။<br>• ကိုယ်ပိုင်အတွေးအခေါ်ဖြင့် ပုံများ ကို ရေးဆွဲ၍ ဆေးခြယ်တတ် စေရန်။<br>• အခြေခံအရောင် နှင့် ဒုတိယ အရောင်တို့၏ သဘော သဘာဝကို သိရှိ၍ အသုံးပြုတတ် စေရန်။ | • ထုပါသော အရာ ဝတ္ထုများကို အမြင် အမျိုးမျိုး ဖြင့် ရေးဆွဲ တတ်ရန်။<br>• ရှုထောင့် အမျိုး မျိုးဖြင့် သဘာဝ ရှုခင်းကို မိမိ၏ စိတ်ကူးထင်မြင် ချက်များဖြင့် ဖန်တီးရေးဆွဲ၍ ဆေးခြယ် တတ်ရန်။<br>• တတိယ အရောင် များ၏ သဘော သဘာဝကို သိရှိ၍ ဆေးခြယ် အသုံး ပြုတတ်စေရန်။ | • '၀' ကို အခြေခံ၍ အဝိုင်း လေးဝိုင်း ဖြင့် လူပုံရေးဆွဲ တတ်ရန်။<br>• သင်ယူထားသော ဗဟုသုတနှင့် အရည်အသွေး များကိုအသုံးပြု၍ ကလေးတို့၏ ကိုယ်ပိုင်အတွေး အခေါ် နှင့် ခံစား ဖန်တီးနိုင်မှုတို့ကို ဖော်ပြတတ်ရန်။ |
| လက်မှုအနုပညာ | • မိမိပတ်ဝန်း ကျင်ရှိ ပစ္စည်း များဖြင့် ရုပ်ပုံ အမျိုးမျိုး ဖန်တီး ပြုလုပ်၍ ပျော် ရွှင်မှုရရှိစေရန်။ | • မိမိပတ်ဝန်းကျင်မှ အလွယ်တကူ ရရှိနိုင်သော အခြေခံပစ္စည်း ကတ်ကြေးစသည် တို့ကိုအသုံးပြု၍ ရုပ်ပုံ များဖန်တီး ပြုလုပ်တတ်ရန်။ | • မိမိပတ်ဝန်းကျင်ရှိ သဘာဝပစ္စည်း များကို အသုံးပြု၍ မိမိစိတ်ကူးဖြင့် ရုပ်ပုံ လက်ရာများ ကို ဖန်တီးတတ် စေရန်။ | • အမျိုးမျိုးသော ပစ္စည်း ကိရိယာ များကို အသုံးပြု၍ ပျော်ရွှင်စရာ ကောင်းသော လက်မှုအနုပညာ ပစ္စည်းများကို ဖန်တီးပြု လုပ် တတ်ရန်။ | • သင်ယူခဲ့ပြီးသော လက်မှု ပညာဗဟု သုတနှင့် အရည် အသွေးတို့ကို အသုံး ပြု၍ ကလေးတို့၏ အတွေးအခေါ်ဖြင့် ပိုမိုကောင်းမွန်သော ပစ္စည်းများကို ဖန်တီး ပြုလုပ်တတ်ရန်။ |
| ရသခံစား တန်ဖိုးထားမှု | • မိမိပတ်ဝန်းကျင် ရှိ အနုပညာ ပစ္စည်းများကို သိရှိနားလည်၍ စိတ်ဝင်စား စေရန်။ | • မိမိပတ်ဝန်းကျင်ရှိ အနုပညာပစ္စည်း များကိုကြည့်ရှု လေ့လာ၍ စိတ် ဝင်စားမှု ရှိစေရန်။ | • မြန်မာ တိုင်းရင်း သားမျိုးနွယ်စု တို့၏ ထူးခြားမှု တို့ကို နားလည် သိရှိနိုင်ရန်။ | • မြန်မာ တိုင်းရင်း သားမျိုးနွယ်စု တို့၏ ရိုးရှင်းလွယ် ကူသော ရိုးရာ ပစ္စည်းများပြုလုပ် ပုံအဆင့်ဆင့် တို့ကို နားလည် သိရှိစေရန်။ | • မြန်မာတိုင်းရင်းသား မျိုးနွယ်စုတို့၏ ရိုးရာ တူရိယာနှင့် တခြား သောပစ္စည်းများအပါ အဝင် ရိုးရာအနု ပညာနှင့် လက်မှု ပညာများကို တန်ဖိုး ထားနားလည် ခံစား တတ်စေရန်။ |

## အတန်းအလိုက် သင်ယူမှုအကြောင်းအရာများ

ပထမတန်းမှ တတိယတန်းအထိ အကြောင်းအရာများ၊ ရည်ရွယ်ချက်များသည် အတည်ပြုပြီး ဖြစ်သည်။ စတုတ္ထတန်းမှ ပဉ္စမတန်းအထိ အပြောင်းအလဲများ ရှိနိုင်ပါသည်။ (ဇူလိုင်လ ၂၀၁၈)

| နယ်ပယ် | ပထမတန်း | ဒုတိယတန်း | တတိယတန်း | စတုတ္ထတန်း | ပဉ္စမတန်း |
|---|---|---|---|---|---|
| ပန်းချီအနုပညာ | • ရောင်စုံခဲတံ၊ ဖယောင်း ရောင်စုံတို့ဖြင့် မျဉ်းများ ရေးဆွဲခြင်း။<br>• ရုပ်ပုံများကို ရေးဆွဲ၍ ဆေး ရောင်ခြယ်ခြင်း။ | • အခြေခံ ပုံသဏ္ဌာန်များ ရေးဆွဲခြင်း၊<br>• ဂျီဩမေတြီ ပုံသဏ္ဌာန်များ ရေးဆွဲခြင်း။ (ဥပမာ - အဝိုင်း၊ လေးထောင့်နှင့် သုံးထောင့်)<br>• ကလေးများ လေ့လာခဲ့ဖူးသည့် ပုံသဏ္ဌာန်များကို ပြန်လည်ဖော် ထုတ်ရေးဆွဲခြင်း။ | • အခြေခံ ပုံဆွဲ ပညာဖြင့် အရာ ဝတ္ထုများကို ကြည့်ရှုရေးဆွဲ ခြင်း။<br>• အရောင်များကို သင်ယူခြင်း။<br>• ရုပ်ပုံများကို စိတ်ကူးဖြင့် ရေးဆွဲခြင်း။ | • ထုထည်များကို ရေးဆွဲခြင်း။<br>• အရောင်များကို လေ့လာခြင်း။<br>• ရှုထောင့် အမျိုးမျိုးဖြင့် ပန်းချီကား ဖန်တီးရေးဆွဲခြင်း။ | • အခြေခံ လူပုံရေး ဆွဲခြင်း။<br>• မိမိ၏ စိတ်ကူး ခံစားမှုတို့ကို ကိုယ်ပိုင်အတွေး အခေါ်ဖြင့် ဖော်ထုတ် ရေးဆွဲခြင်း။ |
| လက်မှုအနုပညာ | • စက္ကူကို အသုံးပြု ၍ လက်မှုပစ္စည်း များ ပြုလုပ်ခြင်း။<br>• ပတ်ဝန်းကျင်ရှိ အလွယ်တကူ ရရှိနိုင်သော ပစ္စည်းများဖြင့် လက်မှုပစ္စည်း များ ပြုလုပ်ခြင်း။ | • စက္ကူဖြင့် လက်မှု ပစ္စည်းများကို တီထွင်ဖန်တီးခြင်း<br>• မိမိပတ်ဝန်းကျင်ရှိ ပစ္စည်းများကို အသုံးပြု၍ လက်မှု ပစ္စည်းများကို ဖန်တီးခြင်း။ | • လက်မှု ပစ္စည်း များကို စိတ်ကူး ဖြင့် တီထွင် ဖန်တီးခြင်း။<br>• မိမိပတ်ဝန်း ကျင်ရှိ ပစ္စည်းများ ကို အသုံးပြု၍ လက်မှု ပစ္စည်း များကို ဖန်တီး ခြင်း။ | • အမျိုးမျိုးသော တူရိယာများ ပစ္စည်းများဖြင့် လက်မှု ပစ္စည်း များကို ဖန်တီးခြင်း၊<br>• စိတ်ကူးဖြင့် ရိုးရှင်း သောပစ္စည်းများ ပြုလုပ်ခြင်း၊ | • စိတ်ကူးသစ်ဖြင့် လက်မှုပစ္စည်းများ ဖန်တီးပြုလုပ်ခြင်း၊ |
| ရသခံစား တန်ဖိုးထားမှု | • မြန်မာ့ရိုးရာ အနုပညာကို သိရှိနားလည် ခြင်း။ | • မြန်မာရိုးရာ အနုပညာကို သိရှိနားလည် ခြင်း။ | • မြန်မာရိုးရာ အနုပညာကို သိရှိနားလည် ခြင်း။ | • တိုင်းရင်းသား မျိုးနွယ်စုတို့၏ ရိုးရာ ယဉ်ကျေး မှုကို မြတ်နိုး တန်ဖိုးထားခြင်း၊ | • တိုင်းရင်းသား မျိုးနွယ်စု တို့၏ ရိုးရာ ယဉ်ကျေးမှုကို မြတ်နိုး တန်ဖိုး ထားခြင်း၊ |

# လက်ကမ်းစာစောင် (၄) - ဂီတအနုပညာသင်ရိုးညွှန်းတမ်း နယ်ပယ်(၃)ရပ်၏ ဖွဲ့စည်းပုံကို နားလည်သဘောပေါက်ခြင်း (သင်ခန်းစာ ၁.၂.၁။ ၊ စာသင်ချိန် ၂)

## မူလတန်းဂီတအနုပညာ၏ သင်ရိုးညွှန်းတမ်းဖွဲ့စည်းပုံ (နယ်ပယ်များ)

မူလတန်းဂီတအနုပညာတွင် အောက်ပါအတိုင်း နယ်ပယ် သုံးခု ခွဲခြားထားပါသည်။

- အဆိုပညာ
- အကပညာ
- အတီးပညာ

နယ်ပယ်တစ်ခုစီ၏ အကျဉ်းချုပ်ဖော်ပြချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

| နယ်ပယ် | ဖော်ပြချက် |
|---|---|
| အဆိုပညာ | အဆိုပညာနယ်ပယ်သည် သီဆိုခြင်းကို ဘဝတစ်လျှောက်တွင် ပျော်ရွှင်မှုရရှိစေရန်နှင့် ဖော်ပြနိုင်မည့် အခြေခံစွမ်းရည်များအား အလေးပေးထားပါသည်။ ကျောင်းသားများသည် သူငယ်ချင်းများနှင့် အုပ်စုလိုက် သို့မဟုတ် တစ်တန်းလုံး သီဆိုနိုင်သည်။ မြန်မာ့ရိုးရာ သီချင်းများ၊ နိုင်ငံတကာသီချင်းများနှင့် မိမိ၏ ကျောင်းသားများအား ပြန်လည်သင်ကြားရမည့် သီချင်းများကို သင်ယူရမည် ဖြစ်သည်။  |
| အကပညာ | အကပညာနယ်ပယ်သည် ခေါင်း၊ ခါး၊ ခြေ၊ လက်၊ မျက်နှာ အနေအထား စသည်တို့ ပါဝင်သော မြန်မာ့ရိုးရာအကကို အလေးပေးထားပါသည်။ ကျောင်းသားများသည် မှန်ကန်သော နှုန်းထားဖြင့် မိမိ၏ ကိုယ်ခန္ဓာအစိတ်အပိုင်းများကို စနစ်တကျ လှုပ်ရှားသင့်သည်။ အကသင်ယူနေစဉ် အခြားသူများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ရင်းရင်းနှီးနှီး ဆက်ဆံခြင်းများသည် အက၏ အရေးကြီးသော အစိတ်အပိုင်းတစ်ရပ် ဖြစ်သည်။  |

| နယ်ပယ် | ဖော်ပြချက် |
|---|---|
| အတီးပညာ | ဤနယ်ပယ်တွင် အပေါက် (၆)ပေါက်ပါ မြန်မာ့ရိုးရာ ပလွေကို အသုံးပြုထားခြင်း ဖြစ်သည်။ ကျောင်းသားများ သည် အခြားသူများနှင့် အတူတကွ ပူးပေါင်းပြီး ပျော်ရွှင်စွာ တီးမှုတ်သင်ယူ ရမည်ဖြစ်သည်။ အခြားတူရိယာ ပစ္စည်း များကိုလည်း ကြည့်ရှု လေ့လာရမည် ဖြစ်သည်။  |

# မူလတန်း ဂီတအနုပညာ သင်ရိုးညွှန်းတမ်း ဖွဲ့စည်းပုံ

ပထမတန်းမှ တတိယတန်းအထိ အကြောင်းအရာများ၊ ရည်ရွယ်ချက်များသည် အတည်ပြုပြီး ဖြစ်သည်။ စတုတ္ထတန်းမှ ပဉ္စမတန်းအထိ အပြောင်းအလဲများ ရှိနိုင်ပါသည်။ (ဇူလိုင်လ ၂၀၁၈)

## အတန်းအလိုက် သင်ယူမှုအကြောင်းအရာများ

| နယ်ပယ် | ပထမတန်း | ဒုတိယတန်း | တတိယတန်း | စတုတ္ထတန်း | ပဉ္စမတန်း |
|---|---|---|---|---|---|
| အဆိုပညာ | • တေးဆိုငှက်<br>• ပေါင်းစုညီညာ ဆိုကမယ် | • ပန်းသည်<br>• မင်္ဂလာပါ | • တစ်ကိုယ်ရေသန့် ရှင်းကျန်းမာခြင်း၊<br>• အေမီနှင့် ချစ်စရာ ဝက်ဂံလေး ပိုပို | • ကျေးရွာ၏ နွေဦး (ပြောင်းလဲမှု ရှိနိုင်သည်) | • လက်ပံပွင့်ကောက် (ပြောင်းလဲမှု ရှိနိုင်သည်) |
| အကပညာ | • အက ကဗျာအား ရွတ်ဆိုခြင်း။<br>• မြန်မာအခြေခံ အကကို မိတ်ဆက်ခြင်း။ (ခေါင်းအက ၄ ကွက်)<br>• မေးထိုး<br>• ခေါင်း ဘယ်၊ ညာ ငဲ့<br>• ခေါင်းလှည့်အက<br>• ခေါင်းငုံ့ ခေါင်းမော့ | • မြန်မာအခြေခံ လက်အကကို မိတ်ဆက်ခြင်း။<br>• လက်မြှောက်ဟန်<br>• လက်ဆစ်ချိုး<br>• လက်ပိုက်ယိမ်း<br>• လက်ဆစ်ဝိုက်ချိုး<br>• လက်တစ်ဖက်စီ ဝိုက်ချိုး | • မြန်မာအခြေခံ ခြေအကကို မိတ်ဆက်ခြင်း။<br>• အခြေခံ အနေ အထား။<br>• စည်းဝါး ခြေရှေ့ ထိုး အက<br>• စည်းဝါး ခြေ နောက်ထိုးအက | • မြန်မာအခြေခံ ခြေအက<br>• ခြေရှေ့ထိုး<br>• ထမီနားခတ်<br>• အရုပ်တက်ဆင်း (ပြောင်းလဲမှု ရှိနိုင်သည်) | • (မြန်မာအခြေခံ ခြေအက)<br>• နှစ်ဆင့်သွား (အငြိမ့်ပြေး)<br>• ထမီနားဆွဲ အက (ပြောင်းလဲမှု ရှိနိုင်သည်) |
| အတီးပညာ | • မြန်မာ့ ခြောက် ပေါက် ပလွေ မှုတ်ခြင်း။<br>• အသံ ခုနစ်သံ | • အသံအနိမ့်အမြင့် ခွဲခြားခြင်း။<br>• 'ညီညီလေးရဲ့လ' တေးသီချင်းကို မြန်မာပလွေဖြင့် မှုတ်ခြင်း။ | • စည်း၊ ဝါးတီးခြင်း။<br>• 'အားလုံးလှ' တေးသီချင်းကို မြန်မာပလွေဖြင့် မှုတ်ခြင်း။<br>• 'ငြိမ်းချမ်းတဲ့ မြန်မာပြည်' တေးကဗျာကို ဒို၊ ရေ၊ မီ၊ ဖာ၊ ဆို စသည်တို့ဖြင့် မှုတ်ခြင်း။ | • မြန်မာ့ စည်းဝါး ကိုက်မှု 'စည်းချိန်' ကို နားလည်နိုင် ရန်။<br>• ဒို၊ ရေ၊ မီ၊ ဖာ၊ ဆို၊ လာ၊ တီ စသည် တို့ဖြင့် ရေးစပ်ထား သော သီချင်းများ ကို ပလွေဖြင့် မှုတ်နိုင်ရန်။ | • ရိုးရာ တူရိယာ ငါးမျိုးနှင့် တူရိယာ အမည်များ<br>• 'မြန်မာ့ကျောင်း' သီချင်းကို ပလွေဖြင့် မှုတ်ခြင်း။ |

## အတန်းအလိုက် ရည်ရွယ်ချက်များ

ပထမတန်းမှ တတိယတန်းအထိ အကြောင်းအရာများ၊ ရည်ရွယ်ချက်များသည် အတည်ပြုပြီး ဖြစ်သည်။ စတုတ္ထတန်းမှ ပဥ္စမတန်းအထိ အပြောင်းအလဲများ ရှိနိုင်ပါသည်။ (ဇူလိုင်လ ၂၀၁၈)

| နယ်ပယ် | ပထမတန်း | ဒုတိယတန်း | တတိယတန်း | စတုတ္ထတန်း | ပဥ္စမတန်း |
|---|---|---|---|---|---|
| အဆိုပညာ | • ကဗျာကို အသံနေအသံထား၊ အဖိအဖော့၊ အတက်အကျ မှန်ကန်စွာဖြင့် ပျော်ရွှင်စွာ သီဆိုတတ်ရန်။ | • ကဗျာ၏ အဓိပ္ပာယ် ကို နားလည်ပြီး အသံနေ အသံထား၊ အဖိအဖော့၊ အတက်အကျ မှန်ကန်စွာဖြင့် သီဆိုတတ်ရန်။ | • ကဗျာ၏ အဓိပ္ပာယ်ကို နားလည်ပြီး အသံနေ အသံထား၊ အဖိအဖော့၊ အတက်အကျ မှန်ကန်စွာဖြင့် ဟန်အမူအရာ ပြုလုပ်၍ သီဆို တတ်ရန်။ | • ကျေးလက်၏ သဘာဝ အလှကို သိရှိပြီး အသံနေ အသံထား မှန်ကန်စွာ ခံစားသီဆို တတ်စေရန်။ | • ကျေးလက်၏ နွေဦး အလှကို သိရှိပြီး အသံနေအသံထား မှန်ကန်စွာ စည်းဝါး တကျ ခံစားသီဆို တတ်စေရန်။ |
| အကပညာ | • မြန်မာအခြေခံ အကတွင် ကိုယ် ခန္ဓာအစိတ် အပိုင်းများ စနစ် တကျ လှုပ်ရှား မှုကို သိရှိပြီး အခြေခံ ခေါင်း အကကို ကတတ်ရန်။ | • မြန်မာအခြေခံ လက်အကကို စည်းဝါးတကျ ကတတ်စေရန်။ | • မြန်မာ အခြေခံ အကကို စနစ် တကျနှင့် စည်းဝါး တကျ ကတတ် စေရန်။ | • မြန်မာ အခြေခံအကကို ပျော်ရွှင်စွာ စနစ်တကျနှင့် စည်းဝါးတကျ ကတတ်စေရန်။ | • မြန်မာအခြေခံ အကကို နားလည်ခံစားပြီး ပျော်ရွှင်စွာ ကတတ်စေရန်။ |
| အတီးပညာ | • မြန်မာပလွေ အကြောင်းကို သိရှိရန်။<br>• ဂီတသင်္ကေတကို ဖတ်တတ်ပြီး ပလွေဖြင့် အသံ နေအသံထား မှန်ကန်စွာ မှုတ် စေရန်။ | • ဂီတသင်္ကေတ၏ အသံနေ အသံ ထားများကိုဖော်ပြ တတ်စေရန်။<br>• ဒိုး ရေ မီ စသည် တို့ဖြင့် ရေးစပ် ထားသော သီချင်း များကို ပလွေဖြင့် မှုတ်တတ်စေရန်။ | • မြန်မာ့အခြေခံ စည်းဝါး ပုံစံများကို မှတ်တတ် စေရန်။<br>• ဒိုး၊ ရေ၊ မီ၊ ဖာ၊ ဆို စသည်တို့ဖြင့် ရေးစပ်ထားသော သီချင်းများကို ပလွေဖြင့် မှုတ်တတ်စေရန်။ | • အခြေခံ စည်းဝါးကိုက်မှု အကြောင်းကို သိရှိနားလည်ရန်။<br>• ဒိုး၊ ရေ၊ မီ၊ ဖာ၊ ဆို၊ လာ၊ တီ စသည်တို့ဖြင့် ရေးစပ်ထားသော သီချင်းများကို ပလွေဖြင့် မှုတ်တတ်စေရန်။ | • ရှေးဦးဂီတတူရိယာ (၅)မျိုးကို ဖော်ပြ တတ်စေရန်။<br>• မြန်မာ့ဂီတတူရိယာ (၅)မျိုး၏ အမည်များကို သိရှိရန်။<br>• 'မြန်မာ့ကျောင်း' သီချင်းကို မြန်မာပလွေဖြင့် မှုတ်တတ်စေရန်။ |

# လက်ကမ်းစာစောင် (၅) - သင်ရိုးဖွဲ့စည်းပုံကို နားလည်သဘောပေါက်ခြင်း (ပန်းချီအနုပညာ) (သင်ခန်းစာ ၁.၂.၂။)

## ပန်းချီအနုပညာ ပြဌာန်းစာအုပ်၏ ဖွဲ့စည်းပုံ

ယေဘုယျအားဖြင့် ပန်းချီအနုပညာ၏ သင်ခန်းစာတစ်ခုကို ပြဌာန်းစာအုပ်တွင် ဖော်ပြထားပါသည်။ သင်ခန်းစာတစ်ခုစီတွင် အောက်ပါအချက်များ ပါဝင်ပါသည်။

၁။ အခန်းခေါင်းစဉ်


၂။ သင်ခန်းစာခေါင်းစဉ်

၃။ ပြဌာန်းစာအုပ်၏ ဘယ်ဘက် စာမျက်နှာတွင် သင်ခန်းစာရှိ လုပ်ဆောင်ရမည့် ပန်းချီအနုပညာ၏ သင်ယူမှုလုပ်ငန်းစဉ်များကို ဖော်ပြထားပါသည်။ ဆရာသည် ကျောင်းသားများအား သင်ယူမှုလုပ်ငန်းများကို မည်သို့လုပ်ဆောင်ရန် ညွှန်ကြားရာတွင် ထိုအပိုင်းကို ကိုးကားနိုင်ပါသည်။

၄။ ပြဌာန်းစာအုပ်၏ ညာဘက်အပေါ်ပိုင်းတွင် ကျောင်းသားများ ပြုလုပ်ဖန်တီးမည့် နမူနာရလဒ်များကို ဖော်ပြထားပါသည်။ ဆရာသည် မည်သို့သောဖန်တီးမှုမျိုးကို ကျောင်းသားများ စမ်းသပ်နိုင်ကြောင်း သရုပ်ပြရာတွင် ထိုအပိုင်းကို ကိုးကားနိုင်ပါသည်။

၅။ ပြဌာန်းစာအုပ်၏ ညာဘက်အလယ်ပိုင်းတွင် ကျောင်းသားများ ဖန်တီးပြုလုပ်သည့် လက်ရာများကို တင်ပြထားမှုနှင့် အသိအမှတ်ပြုထားမှုများကို ဖော်ပြထားပါသည်။ တင်ပြထားမှု သို့မဟုတ် အသိအမှတ်ပြုထားမှု၏ အမှတ်များကို ဤအပိုင်းတွင် ဖော်ပြထားပါသည်။

၆။ ပြဌာန်းစာအုပ်၏ ညာဘက်အောက်ပိုင်းတွင် သင်ခန်းစာသင်ယူနေစဉ် ကြုံတင်ပြင်ဆင်ရမည့် သင်ကြားသင်ယူမှုအထောက်အကူများကို ဖော်ပြထားပါသည်။




နမူနာပန်းချီသင်ခန်းစာ

## ပန်းချီအနုပညာ ဆရာလမ်းညွှန်၏ ဖွဲ့စည်းပုံ

ပန်းချီအနုပညာအတွက် ဆရာလမ်းညွှန်တွင် အပိုင်း(၇)ခု ပါရှိသည်။

၁။ ကျောင်းသုံးစာအုပ်ပါ သင်ခန်းစာ မိတ္တူ
စာသင်ချိန်နှင့် သက်ဆိုင်သည့် ကျောင်းသုံးစာအုပ်ပါ သင်ခန်းစာ၏ စာမျက်နှာကို မိတ္တူကူးယူ ဖော်ပြထားခြင်းဖြစ်ပါသည်။

၂။ သင်ခန်းစာခေါင်းစဉ်နှင့်သင်ကြားချိန်
သင်ခန်းစာပါဝင်သည့်အခန်း၊ သင်ခန်းစာခေါင်းစဉ်၏ နံပါတ်များနှင့် သင်ခန်းစာအမည်ကို စာသင်ချိန်နှင့်အတူ ဖော်ပြထားခြင်း ဖြစ်ပါသည်။

၃။ သင်ယူမှုဦးတည်ချက်
သင်ခန်းစာတစ်ခုလုံးသင်ကြားပြီးချိန်တွင်ကျောင်းသားများရရှိရှိရမည့် ဦးတည်ချက်ကို ဖော်ပြထားပါသည်။ ဆရာများအနေဖြင့် သင်ယူမှုဦးတည်ချက်ကို သိရှိနားလည်ထားပါက လုပ်ဆောင်ရမည့်လုပ်ငန်းများကို နည်းလမ်းမှန်ကန်စွာ လုပ်ဆောင်နိုင်ပြီး သင်ခန်းစာဦးတည်ချက်ကို ပေါက်မြောက်အောင် အကောင်အထည် ဖော်နိုင်ပါမည်။

၄။ စစ်ဆေးအကဲဖြတ်ခြင်း
သင်ယူမှုဦးတည်ချက် ပေါက်မြောက်အောင်မြင်မှုရှိ၊ မရှိကို (A,B,C) အဆင့်(၃)ဆင့်ဖြင့် စစ်ဆေးအကဲဖြတ်ရန် ဖော်ပြထားပါသည်။ ကလေးများ၏ သင်ယူတတ်မြောက်မှုသည် အနည်းဆုံး (B)အဆင့် ရရှိစေရန် ဆရာက မျှော်မှန်း၍သင်ကြားပေးရပါမည်။ သင်ခန်းစာတစ်ခု သင်ကြားနေစဉ်နှင့် သင်ကြားပြီးချိန်တို့တွင် စစ်ဆေးအကဲဖြတ်ရပါမည်။ ကလေးတစ်ဦးချင်းစီ၏ သင်ယူတတ်မြောက်မှုရလဒ်များကို အဆင့်သတ်မှတ်နိုင်ရန် အကဲဖြတ်မှတ်တမ်းစာအုပ် ပြင်ဆင်ထားရပါမည်။

၅။ သင်ကြားသင်ယူမှု အထောက်အကူပစ္စည်း


ပန်းချီနှင့်လက်မှုအနုပညာ သင်ခန်းစာများ သင်ကြားရာတွင် အသုံးပြုရန်လိုအပ်သည့် သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများကို ကြိုတင်ပြင်ဆင်ထားရန် လိုအပ်ပါသည်။ သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းတစ်မျိုးဖြစ်သည့် ရွှံ့စေးအသုံးပြုရမည့် သင်ခန်းစာ သင်ကြားနိုင်ရန် ပထမတန်း ဆရာလမ်းညွှန်စာအုပ်ပါ ရွှံ့ကြိုတင်ပြင်ဆင်ခြင်း အဆင့်ဆင့်ကို ပြန်လည်ကိုးကား၍ ပြင်ဆင်နိုင်ပါသည်။

၆။ သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်တွင် အပိုင်း(၃)ပိုင်း ရှိပါသည်။ နိဒါန်း၊ သင်ခန်းစာဖြစ်စဉ် နှင့် နိဂုံးတို့ ဖြစ်ပါသည်။ ဆရာနှင့် ကလေးများ၏ နှစ်ဦးနှစ်ဖက် သင်ကြားသင်ယူမှုပုံစံဖြင့် တင်ပြထားခြင်းဖြစ်ပါသည်။ ထိုအပိုင်း(၃)ပိုင်းစလုံးတွင် ကလေးများကိုယ်တိုင် ပါဝင် ဆောင်ရွက်ခြင်း၊ ခံစားသိရှိခြင်း၊ တီထွင်ဖန်တီးပြီး ထုတ်ဖော်တင်ပြခြင်းများကို အထောက် အကူ ပြုနိုင်သည့် လုပ်ငန်းများပေးခြင်း၊ မေးခွန်းမေးခြင်းများ ပြုလုပ်နိုင်မည့် ညွှန်ကြားချက် များ ပေးထားပါသည်။ ပန်းချီ၊ လက်မှုအနုပညာနှင့် ရသခံစားတန်ဖိုးထားမှု နယ်ပယ်(၃) ရပ်ပါ သင်ခန်းစာများကို သင်ကြားရာတွင် အသုံးပြုနိုင်သည့်သင်ကြား၊ သင်ယူမှုလုပ်ငန်းစဉ် များကို နမူနာအဖြစ် တင်ပြထားပါသည်။ ဆရာ၏ လုပ်ဆောင်မှုကို ■ သင်္ကေတဖြင့်လည်း ကောင်း၊ ကလေး၏ လုပ်ဆောင်မှုကို ● သင်္ကေတဖြင့်လည်းကောင်း အမှတ်အသားပြု ဖော်ပြ ထားပါသည်။

၇။ သတိပြုရမည့်အချက်များ

ဤအပိုင်းကဏ္ဍတွင် သင်ခန်းစာသင်ကြားနေစဉ် လိုက်နာရမည့်အချက်များနှင့် သင်ကြား သင်ယူမှု အထောက်အကူပစ္စည်းများကို အန္တရာယ်ကင်းရှင်းစွာ အသုံးပြုနည်းများကို ဖော်ပြထားပါသည်။ ကျောင်းသုံးစာအုပ် မိတ္တူပါ နံပါတ်တပ်ထားသော ဓာတ်ပုံများ၊ ပန်းချီများနှင့် ပတ်သက်သည့် လုပ်ငန်းများဆောင်ရွက်ရာ၌ သတိပြုလိုက်နာရမည့် အချက် များကို အသေးစိတ် ရှင်းလင်းဖော်ပြထားပါသည်။



နမူနာပန်းချီအနုပညာသင်ခန်းစာ ဆရာလမ်းညွှန်

## တင်ပြချက်မှတ်တမ်းစာရွက်

အောက်ဖော်ပြပါပုံစံတွင် တင်ပြရမည့် ပစ္စည်းများကို ပြင်ဆင်ပါ။

## တင်ပြချက်မှတ်တမ်းစာရွက်

| နယ်ပယ် | | |
|---|---|---|
| အတန်း | အတန်းအလိုက် ရည်ရွယ်ချက်များ | သင်ခန်းစာ သင်ယူမှုလုပ်ငန်းများ၏ နမူနာများ |
| | *အတန်းအလိုက် ရည်ရွယ်ချက်ကို ရေးပါ။* | *အတန်းအလိုက် ရည်ရွယ်ချက်များနှင့် ကိုက်ညီသော သင်ခန်းစာ သင်ယူမှုလုပ်ငန်းများ၏ နမူနာများကို ချရေးပါ။* |
| တနင်္လာနေ့ | | |
| အင်္ဂါနေ့ | | |
| ဗုဒ္ဓဟူးနေ့ | | |
| ကြာသပတေးနေ့ | | |
| သောကြာနေ့ | | |

**အတန်းအလိုက် ရည်ရွယ်ချက်များနှင့် သင်ယူမှုလုပ်ငန်းများ၏ အဆင့်ဆင့်တိုးတက်လာမှု နမူနာများ**

*အတန်းအလိုက် ရည်ရွယ်ချက်များနှင့် သင်ယူမှုလုပ်ငန်းများ အတန်းအလိုက် တိုးတက်လာမှု အတွက် မိမိ၏ ထင်မြင်ယူဆချက်ကို ရေးပါ။*

အခြားနယ်ပယ်များအတွက် အတန်းအလိုက် ရည်ရွယ်ချက်များနှင့် သင်ယူမှုလုပ်ငန်းများ၏ ပြောင်းလဲမှုများကို အခြားအဖွဲ့များက တင်ပြသောအခါ အောက်ပါဇယားများကို အသုံးပြုပြီး မှတ်စုရေးမှတ်ထားပါ။

| နယ်ပယ် |
| --- |
| **အတန်းအလိုက် ရည်ရွယ်ချက်များ သင်ယူမှုလုပ်ငန်းများ အဆင့်ဆင့်တိုးတက်လာမှု၏ နမူနာများ** |

| နယ်ပယ် |
| --- |
| **အတန်းအလိုက် ရည်ရွယ်ချက်များ သင်ယူမှုလုပ်ငန်းများ အဆင့်ဆင့်တိုးတက်လာမှု၏ နမူနာများ** |

# လက်ကမ်းစာစောင် (၆)
# ဆရာများအတွက် ပို့ချခြင်းမှတ်စု - မြန်မာ့ဂီတ သမိုင်းကြောင်း (အပိုင်း ၁)

မြန်မာ့ယဉ်ကျေးမှုပေါ်ပေါက်လာပုံကို ပြန်လည်ခြေရာကောက်ပါက ပျူခေတ်ယဉ်ကျေးမှုသည် ပထမဦးဆုံး စတင်ထွက်ပေါ်လာသည်ဟု ယူဆကြသည်။ ပျူခေတ်ကာလသည် ဘီစီ ၂၀၀ခန့်က စတင်ခဲ့သည်။ ပျူခေတ်သည် အေဒီ ၉ရာစုတွင် ကုန်ဆုံးသည်ဟု ယူဆကြပြီး ပုဂံခေတ် ဆက်လက်စတင်ခဲ့သည်။ ပျူခေတ်ယဉ်ကျေးမှု၏ အကြွင်းအကျန်အများစုကို ပုဂံခေတ်တွင် တွေ့ရှိနိုင်သည်။

ယနေ့ခေတ်မြန်မာ့ယဉ်ကျေးမှုသည် ကောင်းစွာတိုးတက်ခြင်းများ၊ အောင်မြင်မှုများဖြင့် ရှင်သန်နေသည်။ သို့သော် ခေတ်ပေါ်ယဉ်ကျေးမှု၏ ရင်းမြစ်အစသည် ပျူခေတ်နှင့် ပုဂံခေတ်ကာလတွင် စတင်ခဲ့ခြင်းဖြစ်သည်။ ထိုခေတ်နှစ်ခေတ်ကို မြန်မာ့ယဉ်ကျေးမှု၏ အရှက်တက်အစ ကနဦးဖြစ်သည်ဟု ရည်ညွှန်းလေ့ရှိပြီး ဂီတသည်လည်း ထိုယဉ်ကျေးမှုတွင် အလွန်ကြီးမားသော အစိတ်အပိုင်း တစ်ရပ်အနေဖြင့် ပါဝင်သည်။

## မြန်မာ့ဂီတ

မြန်မာ့ဂီတတွင် သီချင်းများသည် ကဗျာ၊ လင်္ကာများနှင့် များစွာဆက်စပ်မှုရှိသည်။ သီချင်းတစ်ပုဒ်ကို စည်းဝါးကိုက်ညီမှု၊ ဂီတဆိုင်ရာတွဲဖက်မှုနှင့်အတူ ကာရန်ညီရေးဖွဲ့ထားခြင်းဖြစ်သည်။ သီချင်း၏ စာသားများသည် သီချင်း၏အဓိပ္ပါယ်ကို ဖွင့်ဆိုပြီး ဂီတသည် သီချင်း၏အကြောင်းအရာနှင့် ကိုက်ညီအောင် ဖန်တီးထားခြင်းဖြစ်သည်။ သီချင်းနှင့် လိုက်လျောညီထွေအောင် အသုံးပြုထားသော ဂီတအမျိုးအစားသည် တေးရေးဆရာ၏ ပေးချင်သောအဓိပ္ပါယ်နှင့် အကြောင်းအရာအပေါ်တွင် များစွာမူတည်ပါသည်။

မြန်မာလူမျိုးများသည် များသောအားဖြင့် 'ဂီတနားထောင်နေသည်' ထက် 'သီချင်းနားထောင်နေသည်' ဟု ပြောလေ့ရှိသည်။ အဘယ်ကြောင့်ဆိုသော် မြန်မာနိုင်ငံတွင် သီချင်းနှင့် ဂီတကိုခွဲခြား၍ မရသောကြောင့် ဖြစ်သည်။ မြန်မာ့ရိုးရာဂီတများသည် သံစဉ်ကိုက်ညီမှုထက် တေးသွား ငြိမ့်ညောင်းမှုကို ပိုမိုအလေးပေးပြီး မြန်မာ့ဆိုင်းဝိုင်း (မြန်မာ့ရိုးရာ သံစုံတီးဝိုင်း) နှင့် တွဲဖက်၍ တီးခတ်ကြသည်။

မြန်မာ့ဂီတသမိုင်းသည် ပုဂံခေတ်မှ စတင်ခဲ့သည်။ အဘယ်ကြောင့်ဆိုသော် စာပေသည် ထိုခေတ်တွင် စတင်ပေါ်ထွက်လာခြင်းကြောင့်ဖြစ်သည်။ ကျန်စစ်သားမင်း၏ နန်းတော်တွင် မြန်မာသီချင်းများနှင့် မွန်သီချင်းများကို မွန်ဘာသာစကားဖြင့် ကျောက်စာရေးထိုးထားသည်။ ထိုအချက်အရ ဂီတနှင့် သီချင်းများသည် ပုဂံခေတ်တွင် တည်ရှိခြင်း၏ သက်သေသာဓကပင် ဖြစ်သည်။

တောင်ကူနီစေတီ (အေဒီ ၁၂၇၈ ခန့်) ရှိ ကျောက်စာပေါ်တွင် ရေးထိုးထားချက်အရ ရှေးခေတ် မြန်မာလူမျိုးများသည် အောက်ဖော်ပြပါ ဂီတတူရိယာများကို အသုံးပြုခဲ့ကြသည်။

- *စည်* = အခေါင်းပေါက်ပါသော တစ်ဘက်တီး ပုံ သို့မဟုတ် နှစ်ဘက်တီး ပုံ
- *ငြင်း* = လေမှုတ်တူရိယာတစ်မျိုး
- *ပတ်သာ* = အသံသာသော ပုံငယ်
- *ခွက်ခွင်း* = ယနေ့ခေတ် လင်းကွင်းတူရိယာကို ခေါ်ဆိုသည့် ပုဂံခေတ်အမည်ဖြစ်သည်။

*ရှေးခေတ်ဂီတတူရိယာများ၏ အမည်များနှင့် သင်ယူမှုလုပ်ငန်း(၁)တွင် ဖော်ပြထားသော တူရိယာများကို နှိုင်းယှဉ်ရန် ဤအခွင့်အလမ်းကို အသုံးပြုပါ။*

# လက်ကမ်းစာစောင် (၇)
# ဆရာများအတွက် ပို့ချခြင်းမှတ်စု - မြန်မာ့ဂီတ သမိုင်းကြောင်း (အပိုင်း ၂)

## ပင်းယခေတ် ဂီတနှင့် သီချင်းများ (အေဒီ ၁၂၉၉ - ၁၃၆၃)

ပင်းယခေတ်တွင် 'ကာချင်း' စစ်ချီတေး စတင်ပေါ်ထွက်လာခဲ့သည်။ 'ကာ' ဆိုသည်မှာ ဒိုင်းကာ ဖြစ်ပြီး 'ချင်း'ဆိုသည်မှာ သီချင်းကို ဆိုလိုခြင်း ဖြစ်သည်။ ထို့ကြောင့် အဓိပ္ပါယ်ကို ဒိုင်းကာသီချင်းဟု ဖွင့်ဆိုနိုင်သည်။ ပညာရှင်များသည် ထိုသီချင်းများကို သာမန်သီချင်း မဟုတ်ဟု မှတ်ယူကြသည်။ ကျူးကျော်သူများကို တွန်းလှန်တိုက်ခိုက်ရာ၌ နားထောင်သူစစ်သည်များအား စိတ်အား တက်ကြွစေရန် လှုံ့ဆော်ပေးသည့်အနေဖြင့် စစ်ချီတက်ရာတွင် ထိုသီချင်းများကို သီဆိုကြသည်။ ထိုသီချင်းများကို ငါးစီးရှင်ကျော်စွာ (ဆင်ဖြူငါးစီးပိုင်ဘုရင်) က ရေးသားခဲ့သည်ဟု ဆိုကြသည်။

နှစ်များစွာကြာလာသည်နှင့်အမျှ မြန်မာနိုင်ငံသို့ ဂီတတူရိယာများစွာ စတင်ရောက်ရှိလာခဲ့သည်။ အင်းဝခေတ် (အေဒီ ၁၃၆၄-၁၅၅၅) ဂီတတူရိယာများစွာအကြောင်းကို ရှင်အဂ္ဂသမာဓိ ရေးသားခဲ့သော ဘုံခန်းပျို့ကဗျာတွင် ကိုးကားနိုင်သည်။

- *ငြင်း* - လေမှုတ်တူရိယာ တစ်မျိုး
- *မိကျောင်း* - ကြိုးသုံးချောင်းပါဝင်သော မိကျောင်းပုံသဏ္ဍာန်ရှိ တူရိယာ
- *ချည်ချောင်း* - လေမှုတ်တူရိယာခြောက်မျိုးအနက်မှ တစ်မျိုး
- *လက်ခုပ်* - စည်းဝါးကိုက်တီးခတ်ရသော ဝါးတူရိယာ
- *စည်းစုပ်* - လက်ဖြင့်ကိုင်ပြီး စည်းဝါးကိုက်တီးခတ်ရသော စည်းများ (စည်းကဲ့သို့ စည်းဝါးပြ လင်းကွင်းငယ်)
- *လင်းကွင်း* - ကြေးဖြင့်ပြုလုပ်သော လင်းကွင်း
- *ခရုသင်း* - ခရုခွံဖြင့် ပြုလုပ်သော တူရိယာ
- *ဒုံမင်း* - ရှေးခေတ် လေမှုတ်တူရိယာ သို့မဟုတ် စောင်းကဲ့သို့ ကြိုးတပ်တူရိယာ

ထိုအချိန်ကာလတွင် အောက်ဖော်ပြပါ အမျိုးမျိုးသော သီချင်းများလည်း ပေါ်ထွက်လာခဲ့သည်။

- *ကြိုးချင်း* - ကြိုးတပ်တူရိယာများဖြင့် တီးခတ်သည့် သီချင်းများ။ တစ်ဘားလျှင် စည်းတစ်ချက်နှင့် ဝါးတစ်ချက်သာ တီးသည်။
- *အဲချင်း* - 'အဲ ' ဟူသော အသံဖြင့် စတင်ကာ 'အဲ' ဟူသော အသံဖြင့် အဆုံးသတ်သော တေးစာသား။
- *ဘွဲ့* - မင်းမျိုးမင်းနွယ်များနှင့် ပတ်သက်သည့် သီချင်းအမျိုးအစား တစ်မျိုး။
- *တျာချင်း* - အခြေခံအသံအနိမ့်အမြင့်အတိုင်း ဝန်ကြီးပဒေသရာဇာ ရေးစပ်ခဲ့သောသီချင်း။ 'အီး' သံစဉ် (E Major) ဖြင့် စတင်သော အဆုံးသတ်သော သီချင်းလည်းဖြစ်သည်။

ထိုခေတ်တွင် ကဗျာရေးစပ်ခြင်းအနုပညာ အထွဋ်အထိပ်သို့ ရောက်ရှိလာသောကြောင့် ရုပ်သေး၊ ဟောစာ (ပရိသတ်များရှေ့တွင် ကဗျာဆရာ သို့မဟုတ် သီချင်းဆိုသူက ပုံပြောပြခြင်း) နှင့် အမျိုးမျိုးသော ဂီတတူရိယာများလည်း ကောင်းစွာ ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။ အင်းဝခေတ်တွင် မြန်မာ့ဆိုင်းဝိုင်း အနုပညာသည်လည်း ပေါ်ထွက်လာခဲ့သည်။ လူများသည် ကဗျာရေးစပ်မှု စွမ်းရည်အပေါ် အခြေခံ၍ ၎င်းတို့၏ ဂီတအမျိုးအစားများစွာအတွက် အဆိုပညာနှင့် ဖန်တီးမှု စွမ်းရည်များ ပြည့်ဝစေခဲ့သည်။ အင်းဝခေတ်သည် မြန်မာ့ဂီတနှင့် သီချင်းများ အလွန်တိုးတက်ခဲ့သော ခေတ်ဖြစ်သည်။

ကုန်းဘောင်ခေတ် (အေဒီ ၁၇၅၂ - ၁၈၈၅) တွင် *ယိုးဒယား*နှင့် အခြားဂန္ထဝင်သီချင်းများကဲ့သို့သော ကဗျာနှင့် တေးသီချင်း ပုံစံအသစ်များ ထွန်းကားလာခဲ့သည်။

သီချင်းများနှင့် သီဆိုမှုများသည် မြန်မာနိုင်ငံတွင် သမိုင်းအစဉ်အလာ ကြီးမားခဲ့ပြီး သမိုင်းကြောင်းအရ ဆက်စပ်မှုနှင့် အရေးပါမှုများကို ယနေ့ခေတ် ၂၁ ရာစုကာလတိုင် တွေ့မြင်နေရဆဲ ဖြစ်သည်။

ဂီတအစိတ်အပိုင်းများအားလုံးတွင် အသံ စည်းချက် သို့မဟုတ် လင်းကွင်း (နရီ)၊ ချိန်မှတ်လင်းကွင်းငယ် (စည်း)၊ သစ်နှင့် ပြုလုပ်ထားသော လက်ခုပ် (ဝါး) စသည်တို့ ပါဝင်သည်။

မြန်မာ့ဂီတတွင် စည်းချက် အမျိုးအစားလေးမျိုးရှိပါသည်။ ( ပါရဂူ ဦးမြင့်ကြည်၊ ၂၀၀၁) [၇]

၁။ *စည်းသုတ် သို့မဟုတ် ဝါးလတ်ပြေး* = အမြန်တီးခတ်ခြင်း
၂။ *ကရောင်း သို့မဟုတ် စုံစည်း* = စည်းနှင့် ဝါးတို့ကို အတူတကွ တီးခတ်ခြင်း
၃။ *တစ်ချက်စည်း သို့မဟုတ် ဝါးလတ်စည်း* = လင်းကွင်းနှင့် လက်ခုပ်ကို တစ်လှည့်စီ တီးခတ်ခြင်း
၄။ *နှစ်ချက်စည်း သို့မဟုတ် နရီစည်း* = ဘားတစ်ခုတွင် ပထမနှင့် တတိယ ရိုက်ချက်ကို ချန်ပြီး စည်းနှစ်ချက်နှင့် ဝါးတစ်ချက် တီးခတ်ခြင်း

မြန်မာ့ဂီတသည် ဂီတသံစဉ်(၇)သံပါ သံစဉ်စံအမှတ်အသားကို အခြေခံသည်။ (၁၂) သံပါ၊ ကြားသံပါ သံစဉ်စံအမှတ်အသား မရှိပေ။

ဥရောပဂီတသည် တစ်ပြေးညီ နက်နက်နဲနဲ ဖွံ့ဖြိုးတိုးတက်လာပြီး မြန်မာ့ဂီတသည် တေးသံစဉ် အနုစိတ်မှုများဖြင့် တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။ သို့သော် အနောက်တိုင်းဂီတသည် ပြေပြစ်မှုရှိပြီး အရှေ့တိုင်းဂီတသည် သာယာနာပျော်ဖွယ်ကောင်းသည်[၈] ဟုလည်း ရိုးရှင်းစွာ မပြောဆိုနိုင်ပေ။

---

[၇] Dr. U Myint Kyi. (2001). History of Myanmar Music and Literature. Myanmar: National Centre for Human Resource Development, Ministry of Education.
[၈] U Khin Zaw. (1981). Burmese Culture. Yangon: Sarpaybeikman.

# လက်ကမ်းစာစောင် (၈)
# အဆိုပညာသင်ကြားခြင်း၏ နည်းလမ်းများ
# (သင်ခန်းစာ ၂.၁.၂။)

**မူလတန်းအဆင့်တွင် အဆိုပညာကို အဘယ်ကြောင့် သင်ကြားရသနည်း။**

- သီချင်းသီဆိုခြင်းဖြင့် ကျောင်းသားများ ဘဝတစ်လျှောက်လုံး ပျော်ရွှင်သော ပိုမိုသာယာသော ဘဝများ ဖန်တီးနိုင်ရန်အတွက် ၎င်းတို့၏ အခြေခံဂီတစွမ်းရည်များကို မြှင့်တင်ပေးရန်။
- ကျောင်းသားများသည် နည်းလမ်းမျိုးစုံကို အသုံးပြုပြီး သီဆိုခြင်းဖြင့် မိမိကိုယ်ကို ခံစားတတ်စေပြီး မိမိကိုယ်ကို ဖော်ပြတတ်သည့် စွမ်းရည်များ တိုးတက်မြင့်မားလာရန်။
- နှစ်ယောက်တစ်တွဲ၊ အုပ်စုလိုက်နှင့် ခန်းလုံးကျွတ်သီဆိုခြင်းဖြင့် ကျောင်းသားများသည် စိတ်လှုပ်ရှားဖွယ် အတွေ့အကြုံများကို အချင်းချင်းမျှဝေနိုင်သော အခွင့်အလမ်းများ ပေးရန်။
- အဆိုသင်ယူခြင်းဖြင့် အချင်းချင်း အသံများ၊ သံစဉ်များနှင့် အမျိုးမျိုးသော သီဆိုမှုပုံစံများကို သတိပြုမိလာပြီး ပိုမိုကောင်းမွန်စွာ သီဆိုလာနိုင်ရန်အတွက် ကျောင်းသားများကို လှုံ့ဆော် ပေးရန်။



အုပ်စုလိုက်သီဆိုခြင်း

မူလတန်းအဆင့်တွင် ပြုစုပျိုးထောင်ပေးရမည့် အဆိုပညာ၏ ကျွမ်းကျင်မှုများမှာ အဘယ်နည်း။

- တေးဂီတများကို နားဆင်ခြင်း၊ ဂီတသင်္ကေတများကို ရွတ်ဖတ်ခြင်းတို့မှတစ်ဆင့် တေးသီချင်းများကို သီဆိုနိုင်ရန်။
- ခန္ဓာကိုယ်လှုပ်ရှားမှုဖြင့် တေးစာသား(ကဗျာ) ၏ အဓိပ္ပါယ်ကို ခံစားပြီး သရုပ်ဖော်နိုင်ရန်။
- တေးသီချင်း၏ စည်းချက်များကို ခံစားပြီး စည်းချက်မှန်စွာဖြင့် သီဆိုနိုင်ရန်။
- သီချင်း၏ သံစဉ်များကို ခံစားကာ အသံအနိမ့်အမြင့် မှန်ကန်စွာဖြင့် သီဆိုနိုင်ရန်။
- စည်းချက်နှင့် သံစဉ်အရ ဖန်တီးထားသော တေးသီချင်း၏ အနေအထားကို ခံစားပြီး ကိုယ်ပိုင်ဟန်ဖြင့် သီဆိုနိုင်ရန်။
- အသက်ရှူခြင်းနှင့် အသံထုတ်ခြင်းကို သတိထားပြီး ကိုယ်ပိုင်ဟန်ဖြင့် သီဆိုနိုင်ရန်။
- ကျောင်းသားများ၏အသံ သို့မဟုတ် စည်းဝါးတူရိယာနှင့်အညီ ကိုယ်ပိုင်ဟန်ဖြင့် သီဆိုနိုင်ရန်။

**အဆိုပညာသင်ကြားခြင်း၏ နည်းဗျူဟာများ**

ကမ္ဘာတစ်ဝန်းတွင် တေးဂီတအမျိုးအစားပေါင်း မြောက်များစွာရှိပြီး၊ တေးဂီတအမျိုးအစားများ အလိုက် သီဆိုနည်းနှင့် အသံထုတ်နည်းများ အမျိုးမျိုးကွဲပြားပါသည်။ ဥပမာအားဖြင့် မြန်မာရိုးရာ ဂီတတွင် ရင်ခေါင်းသံကို အသုံးပြုထားပြီး၊ ဥရောပဂီတတွင် အမြင့်သံများကို ပိုမိုအသုံးပြုကြသည်။ သီချင်းအမျိုးအစားအလိုက် လိုက်ဖက်သောအသံဖြင့် သီဆိုနိုင်ကြစေရန် ဆရာမှ ကျောင်းသားများ ကို ညွှန်ကြားသင့်သည်။

ဆရာတစ်ဦးအနေဖြင့် ကျောင်းသားများ သီဆိုနေစဉ် တစ်ဦးချင်းစီကို အာရုံစူးစိုက်သင့်သည်။ သို့မှသာ ကျောင်းသားများ၏ အသံများသည် ကိုယ်ခန္ဓာတစ်ခုလုံးမှ ထွက်ပေါ်လာမည်ဖြစ်သည်။

ဆရာ၏ အဆိုသရုပ်ပြသင်ကြားခြင်းသည်လည်း အရေးကြီးပါသည်။ ကျောင်းသားများသည် ဆရာ၏သရုပ်ပြသင်ကြားမှုမှ အသံထုတ်နည်းများကို သင်ယူနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ဆရာသည် သင့်လျော်သော အသံနေအသံထားဖြင့် သရုပ်ပြသင့်သည်။ အမြင့်သံသည် သရုပ်ပြ သင်ကြားရာတွင် ပိုမိုထိရောက်မှုရှိသည်။

ပါးစပ်အနေအထား အသံထွက်မှု၊ အသံအတိုးအကျယ် စသည်တို့ကို ကျောင်းသားများ သတိပြုမိစေရန် သရုပ်ပြရမည်ဖြစ်ပြီး ကျောင်းသားများကို ဘောင်ခတ်မထားဘဲ လွတ်လပ်စွာ သီဆိုရန် ခွင့်ပြုသင့်သည်။



**ပါးစပ်အနေအထား**

## အဆိုပညာသင်ယူခြင်း၏ အဆင့်(၇)ဆင့်

အဆိုပညာသင်ယူခြင်းအတွက် အရေးပါသော အဆင့်(၇)ဆင့် ရှိပါသည်။ မူလတန်းပညာရေး သင်ရိုးညွှန်းတမ်းတွင် ထိုအဆင့်(၇)ဆင့်ကို အဆိုပညာသင်ယူရာတွင် အသုံးပြုထားပါသည်။

သင်ခန်းစာတစ်ခုစီတွင် အသုံးပြုထားသော အဆင့်အရေအတွက်များသည် သီချင်းတစ်ပုဒ်စီ၏ သင်ကြား၊ သင်ယူမှုရည်ရွယ်ချက်များအပေါ်တွင် မူတည်ပါသည်။ ဥပမာအားဖြင့် စည်းချက်၊ ရိုက်ချက်များ သင်ယူရန် အလေးပေးထားသော သီချင်းများအတွက် ဆရာများသည် အဆင့် (၂)နှင့် (၃) ကို ပိုမိုအချိန်ပေးပြီး အသုံးပြုရမည်ဖြစ်ပြီး သံစဉ်များနှင့် စာသားများကို ခံစားရန် အလေးပေးသည့် သီချင်းများအတွက် ဆရာများသည် အဆင့် (၄)နှင့် (၅) ကို အဓိကအလေး ပေးသင့်သည်။ ထိုနည်းအားဖြင့် သီချင်းတစ်ပုဒ်စီ၏ သင်ကြားသင်ယူမှုရည်ရွယ်ချက်များကို နားလည်သဘောပေါက်ရန် လိုအပ်ပြီး သင့်လျော်သောအဆင့်များကို အဓိကအလေးပေးသင့်သည်။ သတိပြုရမည်မှာ လိုအပ်သော အဆင့်များအားလုံးသည် သင်ခန်းစာတစ်ခုတည်းနှင့် မပြီးမြောက်နိုင်ပေ။ သို့သော် အခန်းတစ်ခုပြီးဆုံးပါက ထိုအဆင့်များ ပြီးမြောက်မည်ဖြစ်သည်။ သီချင်းတစ်ပုဒ်စီ၏ သင်ကြားသင်ယူမှုရည်ရွယ်ချက်များနှင့် သင်ခန်းစာတစ်ခုစီတွင် အသုံးပြုထားသော အဆင့်များကို နားလည်သဘောပေါက်စေရန် မူလတန်းဆရာလမ်းညွှန်ကို ကိုးကားနိုင်ပါသည်။

ဆရာများသည် ကျောင်းသားများ၏ စွမ်းရည်အပေါ်တွင်မူတည်ပြီး အဆင့်များကို ညှိယူရန် လိုအပ်သည်။ ဥပမာအားဖြင့် ကျောင်းသားများသည် စည်းချက်ကို လွယ်ကူစွာ နားလည်ပါက ဆရာက ထပ်လောင်းစည်းချက်များ တီးခတ်ခြင်းကဲ့သို့သော လုပ်ငန်းတစ်ခုကို ထပ်မံဖြည့်စွက်နိုင်သည်။

### ၁။ တေးစာသားဖြင့် ရွတ်ဆိုခြင်းနှင့် အဓိပ္ပါယ်ကို နားလည်စေခြင်း

ပထမဦးစွာ သီချင်း၏အခြေအနေကို ကျောင်းသားများ တွေးတောနိုင်ရန်အတွက် ဆရာက တေးစာသားကို ရွတ်ဖတ်ပြသင့်သည်။ ကျောင်းသားများသည် တေးစာသားကို ကျယ်လောင်သော အသံဖြင့် လိုက်ဆိုမှုများ မပြုလုပ်ရန်နှင့် သီချင်းနှင့် တေးစာသား၏ အဓိပ္ပါယ်ကို ခံစားစေရန် အရေးကြီးပါသည်။ ကျောင်းသားများသည် မိမိ၏ကိုယ်ခန္ဓာလှုပ်ရှားမှုများ၊ အပြုအမူများ သို့မဟုတ် စာသားနှင့်အတူ တူရိယာများ တီးခတ်ခြင်းဖြင့် စာသား၏ အဓိပ္ပါယ်ကို နားလည်လာပြီး ရွတ်ဆို လာနိုင်မည်ဖြစ်သည်။

### ၂။ ရိုက်ချက်ကို နားလည်ခြင်း

ကျောင်းသားများသည် လက်ခုပ်တီးခြင်းကဲ့သို့သော မိမိကိုယ်ခန္ဓာကို လှုပ်ရှားခြင်းဖြင့် သီချင်း၏ ရိုက်ချက်ကို ခံစားနားလည်နိုင်သည်။

### ၃။ စည်းချက်ကို နားလည်ခြင်း

ကျောင်းသားများသည် စည်းချက်နှင့်အညီ လက်ခုပ်များ တီးခတ်ခြင်း (ဥပမာ ဖြောင်း ဖြောင်း ဖြောင်း ဟိုး) ဖြင့် ခန္ဓာကိုယ်များကို လှုပ်ရှားရင်း တေးသွားရိုက်ချက်များကို ခံစားနားလည်နိုင်သည်။ စည်းချက်များ၏ သင်္ကေတများ သို့မဟုတ် စည်းချက် ရုပ်ပုံကားချပ်များကို ပြသခြင်းသည်လည်း ကျောင်းသားများ စည်းချက်ကို နားလည်သဘောပေါက်ရန် ကူညီပေးနိုင်သော ထိရောက်သည့် နည်းဗျူဟာတစ်ခုပင်ဖြစ်သည်။

## ၄။ တေးသွားသံစဉ်များကို နားလည်ခြင်း

ဆရာ၏ သရုပ်ပြသင်ကြားခြင်းကို နားထောင်ခြင်းဖြင့် သီချင်း၏ သံစဉ်များကို ကျောင်းသားများ နားလည်သဘောပေါက်နိုင်သည်။ ဆရာများသည် သရုပ်ပြသင်ကြားသောအခါ မှန်ကန်သော အသံအနိမ့်အမြင့်ကို စစ်ဆေးရန် ဂီတတူရိယာပစ္စည်းများ မရှိပါက သံစဉ်များနှင့် လိုက်လျော ညီထွေစွာ အနိမ့်အမြင့် ပုံဖော်ပြီး သီဆိုနိုင်သည်။ ထို့နောက် ကျောင်းသားများသည် သံစဉ်ကို သရုပ်ဖော်ရန် ဆို - ဖာ (ဒို- ရေ- မီ- ဖာ- ဆို- လာ- တီ- ဒို ကိုအသုံးပြုပြီး သီဆိုခြင်း) ကို အသုံးပြုနိုင်သည်။ ကျောင်းသားများသည် သံစဉ်အမှတ်များကို ဖတ်ရှုပြီးလည်း သံစဉ်ကို နားလည်နိုင်သည်။ သီချင်း၏ သံစဉ်များကို နားလည်စေရန် အုပ်စုလိုက်နှင့် နှစ်ယောက်တစ်တွဲစီ သီဆိုမှုသည်လည်း အထောက်အကူပြုနိုင်သည်။ ကျောင်းသားများသည် အမြင့်သံနှင့် ရင်ခေါင်းသံများအကြား အသံများအသုံးပြုမှုကို သံစဉ်နှင့် တစ်ပြေးညီ ပြောင်းလဲနိုင်သည်။




**အနိမ့်သံနှင့် အမြင့်သံများကို ကိုယ်စားပြုရန် လက်အမူအရာများကို အသုံးပြုခြင်း**

## ၅။ စကားစုများကို နားလည်ခြင်း (အသံအစုအဖွဲ့များ၊ ဥပမာ ဘား၊ စည်းချက် လေးခုပါ အုပ်စုတစ်ခု)

ကျောင်းသားများသည် သီချင်း၏ စကားစုများကို ဂီတသင်္ကေတများ၊ ရုပ်ပုံကားချပ်များနှင့် သရုပ်ဖော်ပုံများအား ကြည့်ရှုပြီး သင်ယူနိုင်သည်။ ကျောင်းသားများသည် သံစဉ်အနိမ့်အမြင့်အလိုက် ဂရုတစိုက် သီဆိုရန် လိုအပ်ပါသည်။

### ၆။ ခံစားချက်ဖြင့်သီဆိုခြင်း

ကျောင်းသားများသည် တေးစာသားပါ စကားလုံးတစ်ခုစီကို အာရုံစူးစိုက်ခြင်း၊ သင့်လျော်သော ပါးစပ်နှင့် အသံအနေအထားဖြင့် သီဆိုခြင်းနှင့် နှစ်ယောက်တစ်တွဲ၊ အုပ်စုလိုက် သို့မဟုတ် တန်းလုံးကျွတ် စသည်ဖြင့် အခြားသူများနှင့်အတူ ခံစားသက်ဝင်၍ သီဆိုနိုင်သည်။

### ၇။ တစ်ဦးကိုတစ်ဦး နားထောင်စေခြင်း

ကျောင်းသားများသည် သူငယ်ချင်းများနှင့် ပူးပေါင်းဆောင်ရွက်ပြီး သီဆိုခြင်း၊ အတူတကွ ပျော်ရွှင်စွာ သီဆိုခြင်း၊ အချင်းချင်းနားထောင်ခြင်းနှင့် အချင်းချင်းချီးကျူးခြင်း စသည်တို့ကို ပြုလုပ်ရန် အရေးကြီးပါသည်။

### အဆိုပညာသင်ကြားရာတွင် လိုက်နာရမည့် အရေးကြီးသော အချက်များ

### ကျောင်းသားများသီဆိုချင်စိတ် ဖြစ်ပေါ်လာစေရန် စေ့ဆော်ခြင်း

ရုတ်တရက် ဆရာမှ ကျောင်းသားများအား သီချင်းသီဆိုစေမည်ဆိုပါက ကျောင်းသားအချို့သည် သီဆိုရန် တွန့်ဆုတ်နေနိုင်သည်။ သီဆိုခြင်းဆိုသည်မှာ သီဆိုရန်စိတ်ဆန္ဒရှိပြီး၊ တက်ကြွရန် လိုအပ်သည့် အလုပ်တစ်ခုဖြစ်သည်။ သို့ဖြစ်သောကြောင့် ကျောင်းသားများအား လူသားတို့ အဘယ်ကြောင့် သီချင်းသီဆိုကြောင်းကို ရှင်းပြရန် လိုအပ်သည်။ ဆရာကိုယ်တိုင်ကလည်း ကျောင်းသားများနှင့်အတူတကွ တက်ကြွစွာသီဆိုရန် လိုအပ်သည်။

### သာယာလှပစွာ သီဆိုစေရန်၊ မလိုအပ်ဘဲ အသံကျယ်ကျယ်ဖြင့် သီဆိုခြင်းမပြုစေရန်။

မြန်မာနိုင်ငံမှ ဆရာများသည် ရံဖန်ရံခါ အသံကျယ်ကျယ်ဖြင့် သီဆိုရန် ပြောဆိုလေ့ရှိသည်။ ဤသို့ ပြောဆိုခြင်းဖြင့် ကျောင်းသားများအနေဖြင့် သီချင်းနှင့် ဆီလျော်စွာ ညီညီညာညာသီဆိုခြင်း၊ ခံစားချက်ဖြင့်သီဆိုခြင်း စသည်တို့ထက် အသံကျယ်ကျယ်ဖြင့် သီဆိုရန် အလေးပေးမိတတ်ကြသဖြင့် ဆိုးရွားသော အကျိုးသက်ရောက်မှု ရှိသည်။ ထိုအစား သီချင်းတစ်ပုဒ်ချင်းစီနှင့်

ဆီလျော်သော အသံဖြင့်သီဆိုရန် ကျောင်းသားများကို တိုက်တွန်းသင့်သည်။ ကျောင်းသားများအား သာယာသော အသံဖြင့်သီဆိုရန် အားပေးတိုက်တွန်းရာတွင် အသက်ရှူမှုနှင့် ခန္ဓာကိုယ်အနေအထား ကောင်းစွာ ထားရှိရန် အရေးကြီးပါသည်။ သာယာသောအသံတွင် သီချင်း၏ ပြောင်းလဲနေသော သံစဉ်များကို ခံစားခြင်း (အသံပြင်း နှင့် အသံပျော့များအကြား မတူညီချက်များ) တို့ပါဝင်ပါသည်။

## ကျောင်းသားများ သီဆိုခြင်းမပြုမီ ဆရာမှ သီဆိုပြရန်

ကျောင်းသားများအနေဖြင့် အစပိုင်းတွင် ကိုယ်တိုင်သီဆိုရန် အခက်အခဲရှိနိုင်ပြီး ဆရာမှ ပထမဆုံး သီဆိုခြင်းဖြင့် ကူညီပေးသင့်သည်။ ဥပမာအားဖြင့် သီချင်း၏အသံကို ဆိုပြခြင်းနှင့် သီချင်း၏အရှိန်ကို လက်ခုပ်တီးခြင်းဖြင့် ပြသသင့်သည်။

## ကျောင်းသားများသီဆိုခြင်းအပေါ် အပြုသဘောဆောင်သည့် အကြံဉာဏ်များပေးရန်

အပြုသဘောမဆောင်သည့် အကြံပြုချက်များကြောင့် ကျောင်းသားများ၏ စိတ်အားထက်သန်မှုကို လျော့ကျစေပါသည်။ သို့သော်လည်း ကောင်းသည်၊ တော်သည် စသည့်စကားများဖြင့် အလွယ်တကူ ချီးမွမ်းခြင်းကိုလည်း ရှောင်ကြဉ်သင့်သည်။ ယင်းစကားလုံးများကို ထပ်ခါထပ်ခါအသုံးပြုခြင်း သည်လည်း ကျောင်းသားများ၏ စိတ်အားထက်သန်မှုကို လျော့နည်းစေသည်။ ခိုင်မာတိကျသော အပြုသဘောဆောင်သည့် အကြံပြုချက်များကိုပေးခြင်းသည် ကျောင်းသားများကို ပိုမိုအဓိပ္ပါယ်ရှိ စေပြီး ပိုမို၍စိတ်အားထက်သန်မှုများ ရှိလာစေနိုင်သည်။ တေးသီချင်းကို သီဆိုနေစဉ်နှင့် သီဆိုပြီးချိန်တွင် အကြံပြုချက်များကိုပေးပါက ပိုမိုထိရောက်နိုင်ပါသည်။

## ကိုယ်ခန္ဓာလှုပ်ရှားမှုများ

ကျောင်းသားများ သီဆိုသည့်အခါ စာသားအဓိပ္ပါယ်အတိုင်း ခန္ဓာကိုယ်အားလှုပ်ရှား၍ သီဆိုစေခြင်း သို့မဟုတ် ဒို-ရေ-မီ လက်ဟန်ဖြင့် သီဆိုစေခြင်း စသည်တို့ပြုလုပ်၍ သီဆိုစေလျှင် အကျိုး သက်ရောက်မှု ပိုမိုရရှိစေပါသည်။ ကျောင်းသားများအနေဖြင့် တေးသီချင်း၏ အဓိပ္ပါယ်နှင့် တေးသွားသံစဉ်ကို ပိုမိုလွယ်ကူစွာ နားလည်ပါက သီချင်းအား သင်ယူရန် စိတ်အားထက်သန်မှုများ ပိုမိုရရှိနိုင်မည်။

## ပြဿနာများကို ဖြေရှင်းခြင်း

အချို့သော ကျောင်းသားများသည် အစပိုင်းတွင် အဆိုပညာသင်ယူရာ၌ အခက်အခဲများ တွေ့ရှိနိုင်ပြီး ထိုသို့အခက်အခဲများကို မျှော်လင့်ထားသင့်သည်။ သို့သော် ထိုအခက်အခဲများကို ကျော်လွှားနိုင်ရန် ကျောင်းသားများကို စေ့ဆော်ပေးခြင်းနှင့် ကူညီပေးခြင်းများပြုလုပ်နိုင်သည်။ ဥပမာအားဖြင့် အချို့ကျောင်းသားများသည် အလွန်မြင့်သော၊ အလွန်နိမ့်သော အသံများကို အသုံးပြုနိုင်ပြီး မှန်ကန်သော အသံအနိမ့်အမြင့် ထားရှိရန် အခက်အခဲများတွေ့နိုင်သည်။ ထိုအခြေအနေတွင် ဆရာက မိမိကိုယ်တိုင်သီဆိုပြီး မှန်ကန်သောအသံအနိမ့်အမြင့်ကို သရုပ်ပြသင်ကြားကာ ကျောင်းသားများကို ကြည့်ရှုလေ့လာပြီး မိမိနှင့်အတူသီဆိုရန် အားပေးတိုက်တွန်းခြင်းနှင့် တစ်ဦးချင်းစီ သီဆိုစေခြင်းများအား ပြုလုပ်နိုင်သည်။ လေ့ကျင့်ပါက ပြီးပြည့်စုံစွာ ကောင်းမွန်လာနိုင်သဖြင့် ကျောင်းသားများအား ပြဿနာများ ဖြေရှင်းနိုင်ရန်အတွက် အတတ်နိုင်ဆုံး လေ့ကျင့်မှုများကို ပြုလုပ်ရန် အားပေးတိုက်တွန်းသင့်သည်။

ကောင်းမွန်ထိရောက်သော အဆိုသင်ဆရာတစ်ဦးဖြစ်ရန်အတွက် မိမိကိုယ်တိုင် မတူညီသော သံစဉ်များကို ကျွမ်းကျင်ပိုင်နိုင်ရန် ဦးစွာလိုအပ်ပါသည်။ ဆရာတစ်ဦးအနေဖြင့် စာသင်ခန်းသို့ မဝင်ရောက်မီ မိမိ၏ သင်ကြားရေးကျွမ်းကျင်မှုများကို တိုးတက်စေရန် ရည်ရွယ်ပါသည်။ ဖော်ပြပါ အချက်အလက်များသည် မိမိကိုယ်တိုင် တိုးတက်ရန် လိုအပ်သော ကျွမ်းကျင်မှုများနှင့် အသိပညာများအတွက် ကောင်းမွန်သော ရည်ညွှန်းချက်ပင် ဖြစ်သည်။

# လက်ကမ်းစာစောင် (၉)
# အဆိုပညာသင်ကြားခြင်းအတွက် ကိုးကားချက်
# (သင်ခန်းစာ ၂.၁.၂။)

## ဂီတသင်္ကေတနှင့် အဆိုပညာအား သရုပ်ပြသင်ကြားနိုင်သည့် စွမ်းရည်ကို နားလည်သဘောပေါက်ခြင်း

မိမိအနေဖြင့် ကျောင်းသားများရှေ့တွင် အဆိုအား သရုပ်ပြသင်ကြားရန်မှာ မိမိကိုယ်တိုင် ဂီတသင်္ကေတကို နားလည်ခြင်းနှင့် ဂီတသင်္ကေတဖြင့် သီဆိုနိုင်ရန် လိုအပ်ပါသည်။ သီချင်းများကို သရုပ်ပြသင်ကြားသောအခါ သီချင်းစာသားနှင့် သံစဉ်များ၏ အခြေအနေဖြင့် လိုက်လျောညီထွေစွာ သီဆိုသင့်သည်။

## သီချင်းစာသားကို နားလည်ခြင်းနှင့် သရုပ်ဖော်မှုများကို ခံစားနိုင်ခြင်း

မိမိအနေဖြင့် သီချင်းစာသား၏ အဓိပ္ပါယ်ကို နားလည်ရုံသာမက သီချင်း၏ သံစဉ်နှင့် အခြေအနေကို နားလည်စေရန်အတွက် ကျောင်းသားများအား ကူညီပေးရန် လိုအပ်ပါသည်။ မိမိအနေဖြင့် သီဆိုမည့် သီချင်းစာသားအားလုံးကို နားလည်သဘောပေါက်ရန် အလွန်လိုအပ်ပါသည်။

## မှန်ကန်သောအသံများဖြင့် မည်သို့သီဆိုရမည်ကို သင်ကြားနိုင်သည့် စွမ်းရည်

ကျောင်းသားများသည် အသံထွက်ပေါ်အောင် ပြုလုပ်ရန် လိုအပ်ပါသည်။ မိမိသည် သဘာဝကျသောအသံများ ထွက်ပေါ်လာရန် မည်သို့အသက်ရှူရမည်နှင့် အသံတုန်ခါစေရန် မည်သို့ပြုလုပ်ရမည်ကို သိရှိရန် လိုအပ်ပါသည်။



အတန်းတွင်း သီဆိုမှုကို သင်ကြားခြင်း

## ကျောင်းသားများကို မှန်ကန်သော အသံအနိမ့်အမြင့်နှင့် စည်းချက်များဖြင့် အုပ်စုလိုက်သီဆိုနိုင်ရန် ကူညီနိုင်သည့် စွမ်းရည်

ကျောင်းသားများသည် ကောင်းမွန်စွာ မသီဆိုတတ်သေးသော အခြားသူများ၏ အသံကို နားထောင်ပြီး အတူတကွ သီဆိုခြင်း၊ အလယ်အလတ် သီဆိုတတ်သော အခြားသူများ၏ အသံနှင့် သံစဉ်များကို နားထောင်ပြီး အတူတကွ သီဆိုခြင်းနှင့် ကောင်းစွာ သီဆိုတတ်သူများ၏ သီချင်း တစ်ပုဒ်လုံးကို တုန့်ခါမှုများ၊ အသံအစိတ်အပိုင်းတစ်ခုစီကို နားထောင်မှုများ ပြုလုပ်ရန် လိုအပ်ပါ သည်။ ထိုအရာများကို သင်ကြားနိုင်ရန် သီချင်းကို နားထောင်ခြင်းနှင့် အခက်အခဲရှိသော ကျောင်းသားများကို ကူညီပေးခြင်းအားဖြင့် မိမိကိုယ်တိုင်လည်း အသံနေအသံထားမှန်မှန်ဖြင့် စည်းချက်ညီညီ သီဆိုနိုင်ရန် လိုအပ်ပါသည်။

## အခြေခံဂီတဆိုင်ရာ အသိပညာဖြင့် သီချင်းများကို ခွဲခြမ်းစိတ်ဖြာနိုင်ပြီး ရှင်းပြနိုင်သည့် စွမ်းရည်

ဆရာများသည် သီချင်းသီဆိုရာတွင် အခြေခံဂီတဆိုင်ရာ အသိပညာများ လိုအပ်ပါသည်။ ဥပမာ အားဖြင့် ဂီတ၏အချက်များဖြစ်သော အသံအနိမ့်အမြင့်၊ စည်းချက်၊ မြန်နှုန်း၊ သံစဉ်၊ သီဆိုအား၊ ရိုက်ချက်နှင့် စာသားများ စသည်တို့ကို သိရှိရန် လိုအပ်သည်။ ဂီတ၏ ဖွဲ့စည်းပုံကိုလည်း သတိပြုရန် လိုအပ်သည်။ ထိုအရာများတွင် ပြန်လည်သီဆိုခြင်း၊ ကောင်းမွန်စွာ မသီဆိုတတ်သေးသူများနှင့် အမေး၊ အဖြေများ ပြုလုပ်ခြင်း၊ အသံများ ဖွဲ့စည်းခြင်း၊ အလယ်အလတ်သီဆိုတတ်သူများတွင် ဂီတသင်္ကေတနှင့် ဂီတသံစဉ်များ သင်ကြားခြင်းနှင့် ကောင်းမွန်စွာ သီဆိုတတ်သူများတွင် ဂီတ၏ ဆီလျော်မှု၊ စီစဉ်ထားရှိမှုနှင့် အသေးစိတ်ဖွဲ့စည်းပုံများ ပါဝင်ပါသည်။

**ရိုးရှင်းသော တူရိယာများဖြင့် (စည်း၊ ဝါး၊ ဗုံနှင့် ပလွေ) သီချင်းများကို ပေါင်းစပ်နိုင်သည့်စွမ်းရည်**

အချို့သောသင်ခန်းစာများတွင် ဆရာများသည် သီချင်းများ သီဆိုရန်အတွက် စည်း၊ ဝါး၊ ဗုံနှင့် ပလွေများကို အသုံးပြုပြီး တီးခတ်ရန် လိုအပ်ပါသည်။ ထို့ကြောင့် ထိုရိုးရှင်းသော တူရိယာ ပစ္စည်းများကို တီးခတ်နိုင်ရန် လေ့ကျင့်ရမည်။

# လက်ကမ်းစာစောင် (၁၈.၁)
# သီချင်းသင်္ကေတများ - တေးဆိုငှက်

အခန်း(၁) တေးဆိုငှက်

**သင်ယူလေ့ကျင့်ကြ ရိုက်ချက်သင်္ကေတ**


 လက်ခုပ် တစ်ချက်တီး (ဖြောင်း)

 လက်ခုပ် နှစ်ချက်တီး (ဖြောင်း၊ ဖြောင်း)

 ရပ်နား (ဟိုး)





2/4 **စည်းချိန်နဲ့ ကစားရအောင်**



4/4 **စည်းချိန်နဲ့ ကစားရအောင်**




**တေးဆိုငှက်**




၃

**ရိုက်ချက်သင်္ကေတ**

# လက်ကမ်းစာစောင် (၁၀.၂)
# သီချင်းသင်္ကေတများ - အလေးပြုခြင်း




အလေးပြုခြင်းသီချင်း၏ ရိုက်ချက်များသင်ကြားပုံ

# လက်ကမ်းစာစောင် (၁၁)
# စစ်ဆေးအကဲဖြတ်ခြင်း မှတ်တမ်းစာရွက်
# (သင်ခန်းစာ ၂.၁.၂။)

## ညွှန်ကြားချက်

သင်ခန်းစာ ၂.၁.၂။ တွင် အဆိုပညာ၏ အတွေ့အကြုံများကို အခြေခံပြီး အောက်ဖော်ပြပါဇယားကို ဖြည့်စွက်ပါ။

### အကဲဖြတ်ခြင်းမှတ်တမ်းစာရွက်

| အဆင့် (၇) ဆင့် | | အဆင့်တစ်ခုစီကို မည်သို့သင်ကြားမည်နည်း။ |
|---|---|---|
| ၁ | စာသားများကို ရွတ်ဆိုခြင်းနှင့် အဓိပ္ပာယ်ကို နားလည်ခြင်း | |
| ၂ | ရိုက်ချက်ကို လက်ခုပ်တီးခြင်း | |
| ၃ | စည်းချက်ညီညီ သီဆိုခြင်း | |
| ၄ | သံစဉ်များကို သီဆိုခြင်း (ဒို-ရေ-မီ) | |
| ၅ | စာကြောင်းကို အလေးပေးခြင်း | |

| အဆင့် (၇) ဆင့် | | အဆင့်တစ်ခုစီကို မည်သို့သင်ကြားမည်နည်း။ |
|---|---|---|
| ၆ | စာကြောင်းကို အလေးပေးခြင်း | |
| ၇ | သူငယ်ချင်းများနှင့် အတူတကွ သီဆိုခြင်းနှင့် အချင်းချင်း နားထောင်ခြင်း | |

# လက်ကမ်းစာစောင် (၁၂)
# ဆရာများအတွက် ပို့ချခြင်းမှတ်စု -
# မြန်မာအကသမိုင်းကြောင်း (အပိုင်း ၁)

## မြန်မာ့ဂီတအနုပညာ၏ သမိုင်းကြောင်း (အကပညာ)

မြန်မာ့ရိုးရာအကများသည် ပျူခေတ်မှ စတင်ခဲ့သည်ဟု သမိုင်းအထောက်အထားများအရ တွေ့ရှိရသည်။ ရှေးဟောင်း ပျူမြို့(၃) မြို့ဖြစ်သော ဗိဿနိုး၊ ဟန်လင်းနှင့် သရေခေတ္တရာတို့သည် အေဒီ တစ်ရာစုနှင့် ကိုးရာစုအကြားတွင် တိုးတက်ထွန်းကားခဲ့သည်ဟု ပြောဆိုနိုင်ပါသည်။ ပထမဆုံး ပျူမြို့ဖြစ်သော ဗိဿနိုးမြို့ကို အေဒီတစ်ရာစုနှင့် ငါးရာစုကြားတွင် တည်ထောင်ခဲ့သည်။ ဟန်လင်းမြို့သည် အေဒီလေးရာစုနှင့် ကိုးရာစုအကြားတွင် တိုးတက်ထွန်းကားလာခဲ့သည်။

သရေခေတ္တရာမြို့ကို အေဒီသုံးရာစုတွင် တည်ထောင်ခဲ့သော်လည်း ငါးရာစုမှသာ ကောင်းစွာ ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။ ရှေးဟောင်းသုတေသနဆိုင်ရာ ရှာဖွေတွေ့ရှိချက်များအရ အေဒီငါးရာစုနှင့် ကိုးရာစုအကြားတွင် ထိုမြို့သည် စည်ပင်ဝပြောမှုအရှိဆုံး ဖြစ်ခဲ့သည်။

ပျူလူမျိုးများသည် ကျွမ်းကျင်သော ကျောက်ထွင်းသမားများ၊ သတ္တုသွန်းလုပ်သူများ၊ တူရိယာ ပစ္စည်းပြုလုပ်သူများ၊ စာဆိုတော်များ၊ ကချေသည်များ၊ ကကွက်စီစဉ်ဖန်တီးသူများ ဖြစ်သည်သာ မက ကဗျာရေးဖွဲ့သီကုံးခြင်း၊ လည်ဆွဲပုတီး ပြုလုပ်ခြင်း၊ ရက်ကန်းရက်ခြင်းနှင့် သံသတ္တုပြုလုပ်ခြင်း တွင်လည်း ကျွမ်းကျင်သူများ ဖြစ်ကြသည်။

အေဒီ (၈၀၂) တွင် သရေခေတ္တရာပြည်မှ သံတမန်ရေးရာအဖွဲ့တစ်ဖွဲ့ကို တရုတ်အင်ပါယာ ထန်မင်းဆက် (အေဒီ ၆၁၈-၉၀၇) များ စိုးစံရာမြို့တော်ဖြစ်သော ချန်အန်းမြို့ (ယနေ့ခေတ် ရှီအန်းမြို့) သို့ စေလွှတ်ခဲ့သည်။ ထိုအဖွဲ့ကို အိမ်ရှေ့စံသုနန္ဒက ဦးဆောင်ပြီး ဝန်ကြီးနာကျကုဋ္ဌနှင့် စစ်သူကြီးမဟာသေနတို့နှင့်အတူ ပျူခေတ် ဂီတပညာရှင်၊ အဆိုပညာရှင်၊ အကပညာရှင်များ ပါဝင်သော ယဉ်ကျေးမှုအဖွဲ့ဖြင့် သွားရောက်ခဲ့သည်။ ထိုအဖွဲ့သည် ထိုပြည့်စုံစေ့စပ်လှသော ကုန်းလမ်းခရီးရှည်ကြီး ပြီးဆုံးရန်အတွက် ရက်ပေါင်း ၂၁၄ရက် ကြာမြင့်ခဲ့သည်။

ပျူဂီတပညာရှင်များနှင့် အကပညာရှင်များ၏ တရုတ်နန်းတော်အတွင်း သွားရောက်ဖျော်ဖြေတင်ဆက်မှုကို တရုတ်သမိုင်းကြောင်းတွင် မှတ်တမ်းတင်ထားသည်။ ၎င်းတို့နှင့် အတူ ၂၂ မျိုးသော တူရိယာပစ္စည်းများကို ယူဆောင်လာခဲ့ကြပြီး ထိုတူရိယာပစ္စည်းများကို သတ္တု၊ ခရုသင်း၊ ကြိုး၊ ဂါး၊ ဘူးတောင်း၊ သားရေ၊ ဆင်စွယ်နှင့် ဦးချိုခရာ အစရှိသော အရာဝတ္ထုရှစ်မျိုးနှင့် ပြုလုပ်ထားသည်။

ထိုရှေးဟောင်းမှတ်တမ်းများနှင့် တူးဖော်ရရှိသော ရှေးဟောင်းပစ္စည်းများတွင် ရှေးခေတ် မြန်မာ့ရိုးရာအကများ၏ အထောက်အထားများကို တွေ့ရှိနိုင်သည်။ မြန်မာ့အကသည် ပျူခေတ်တွင် အခိုင်အမာ ထွန်းကားခဲ့သည်ဟူ၍လည်း ထိုအထောက်အထားများမှ ဖော်ပြလျက်ရှိသည်။ ပျူခေတ်တွင် ယဉ်ကျေးမှုအဆင့် မြင့်မားစွာ တိုးတက်ထွန်းကားခဲ့သည့် တူရိယာသံစဉ်များ၊ အဆိုသံစဉ်၊ အကနှင့် ကကွက်ပုံဖော်မှုများသည် ယနေ့ခေတ် မြန်မာ့အနုပညာအတွက်လည်း ရှေ့ဆောင်လမ်းပြနိုင်ခဲ့သည်။



**ပျူခေတ်ဒိုးပတ်ဝိုင်း၏ ကပြဖျော်ဖြေဟန်**

ဤကြေးရုပ် (၅) ရုပ်သည် ပလွေမှုတ်သူ၊ ခွက်ခွင်းတီးသူနှင့် ဗုံတီးသူဟု ယူဆရသော ကချေသည်အဖွဲ့တစ်ဖွဲ့၏ ကြေးသွန်းရုပ်ငယ်လေးများ ဖြစ်ကြပါသည်။

မော်ဇာကျေးရွာရှိ မြင်ဘာဟုစေတီတွင် တွေ့ရှိရသော အခြားရုပ်ပုံတစ်စုံမှာ နှစ်ပါးသွား ကနေဟန် ဖြစ်၍ အမျိုးသားသည် သူ၏ လက်နှင့် အမျိုးသမီး၏ လည်တိုင်ကို ဖက်ထားကာ ခြေထောက်ကို အမျိုးသမီးရှေ့သို့ တိုးနေဟန် ပုံသဏ္ဍာန်ပင် ဖြစ်သည်။ အမျိုးသမီးသည် ကနေဟန် အမူအရာဖြင့် လက်ကို မြှောက်ထားပြီး ခြေထောက်နှစ်ဘက်ကို ယှက်ထားသည်။ ရုပ်ပုံ၏ ဘယ်ဘက်အခြမ်းတွင် ရှိသော အခြားအမျိုးသားတစ်ယောက်မှာမူ ကနေဟန်ရှိ၍ ထိုစုံတွဲ၏ပျော်ရွှင်မှုကို မျှဝေခံစား ဟန်ရှိသည်။

ထိုရုပ်ပုံ၏ ရှည်လျားလှသော ခြေလက်အင်္ဂါအစိတ်အပိုင်းများသည် အိန္ဒိယနိုင်ငံတောင်ပိုင်း ခရစ်သျှနား မြစ်ဝကျွန်းပေါ် ဒေသရှိ အမရဝတီဒေသတွင် ထုဆစ်ထားသော ရုပ်ထုများ၏ ခြေလက် အင်္ဂါများနှင့် သဏ္ဍာန်တူကြသည်ဟု ရှေးဟောင်းသုတေသန ပညာရှင်များမှ ကောက်ချက်ချ ကြသည်။ အုတ်ခွက်ဘုရား ထွင်းထားသော ပထမဦးဆုံး ရွှံ့ပြားမှာ နှစ်ခြမ်းကျိုးပဲ့နေသည်။ ဒုတိယပုံမှာမူ စတုရန်းပုံသဏ္ဍာန် ရှိသည်။ နှစ်ပါးသွားအက သို့မဟုတ် ယန္တေ့ခေတ် သစ္စာထား နှစ်ပါးသွားအကများသည် ထိုဒေသမှတစ်ဆင့် ဆင်းသက်လာသည်ဟု ယူဆကြသည်။

မြန်မာနိုင်ငံအလယ်ပိုင်း ပူပြင်းခြောက်သွေ့ရာဒေသရှိ ဧရာဝတီမြစ် ဘယ်ဘက်အခြမ်းတွင် တည်ရှိ သော ပုဂံမြို့သည် အလွန်အရေးပါသော သမိုင်းဝင်နယ်မြေဖြစ်သည်။ အေဒီ (၁၁) ရာစုတွင် အနော်ရထာဘုရင်မင်းမြတ်သည် ပုဂံပြည်ကြီးကို စတင်တည်ထောင်ခဲ့သည်။ မြန်မာနိုင်ငံအတွင်း ထေရဝါဒဗုဒ္ဓသာသနာကိုလည်း ထိုအနော်ရထာမင်းကပင် စတင်ကိုးကွယ်ခဲ့သည်။ ပုဂံပြည်သည် အိမ်နီးချင်းနိုင်ငံများမှ ယဉ်ကျေးမှုအမွေအနှစ်များကို လက်ခံသော်လည်း ကိုယ်ပိုင်ယဉ်ကျေးမှု လည်း မဆုံးရှုံးဘဲထိန်းသိမ်းထားနိုင်သည်။ ထို့ကြောင့်ပင် မြန်မာနိုင်ငံသည် မိမိ၏ ကိုယ်ပိုင် ယဉ်ကျေးမှု အမွေအနှစ်ထွန်းကားသော နိုင်ငံအဖြစ် ဆက်လက်တည်ရှိနေခြင်း ဖြစ်သည်။

မြန်မာ့ဂီတအနုပညာ တင်ဆက်ပြသမှုများကို ထေရဝါဒဗုဒ္ဓဘာသာ၏ အရေးပါသော အခန်းကဏ္ဍ များတွင် တွေ့ရှိရသည်။ အချို့သော နံရံဆေးရေးပန်းချီများ၌ ဘုရားဝတ်ပြုဟန် ကပြတင်ဆက်မှုနှင့် ဘာသာရေးဆိုင်ရာ ဂီတတူရိယာတီးမှုတ်မှုများကဲ့သို့သော ဘာသာရေးအခမ်းအနားများအား ရေးဆွဲထားသည်ကို တွေ့ရှိရသည်။ ထိုအချိန်ကာလတွင် ပုဂံနှင့် သီရိလင်္ကာနှစ်နိုင်ငံအကြား ဆက်ဆံရေးများရှိခဲ့သဖြင့် ထိုသို့သော ဘာသာရေးဆိုင်ရာ ဂီတဖျော်ဖြေမှု အလေ့အထများတွင် သီရိလင်္ကာနိုင်ငံ၏ ရိုးရာဓလေ့များ လွှမ်းမိုးမှုရှိသည်ဟု ယူဆကြသည်။

ကျန်စစ်သားမင်းသည် နဂါးရုံ ဘုရားကျောင်းကို ဆောက်လုပ်လှူဒါန်းခဲ့သည်။ ရှေးဒဏ္ဍာရီများအရ စောလူးမင်း၏ ကွပ်မျက်ခံရမည့်ဘေးမှ နဂါးမင်း၏ အကူအညီဖြင့် လွတ်မြောက်ရာနေရာတွင် ကျန်စစ်သားမင်းသည် ဘုရားကျောင်းကို ဆောက်လုပ်လှူဒါန်းခဲ့ခြင်း ဖြစ်သည်ဟု သိရှိရသည်။ အလယ်ကျောက်တိုင်၏ အောက်ခြေတွင် ပုဂံခေတ် တေးဂီတနှင့် ကပြဖျော်ဖြေမှုများကို နံရံဆေးရေးပန်းချီ သုံးမျိုးဖြင့် ဖော်ပြထားသည်။ ထိုပန်းချီများသည် ပုဂံခေတ်ကာလအတွင်း ပုဂံလူမျိုးများက နဂါးရုံဘုရားကို ဘာသာရေးဆိုင်ရာ ပူဇော်သည့် အဆို၊ အကများဖြစ်သည်ဟု ယူဆကြသည်။

ပထမပန်းချီတွင် ဗုံတီးသူနှစ်ဦးနှင့် ကချေသည်တစ်ဦးကို ဖော်ပြထားသည်။ ထိုဗုံသည် ယနေ့ခေတ် *ဒိုးပတ်* (ဗုံတို)မျိုး ဖြစ်သည်။ ထိုနံရံရေးပန်းချီသုံးခု၏ အလယ်ပန်းချီတွင် အမျိုးသမီးတစ်ဦး ဗုံတီးနေပုံကို ရေးဆွဲထားသည်။ အခြားတစ်ဘက်ရှိ ဗုံသမားမှာမူ အမျိုးသား ဖြစ်သည်။ ထိုသူတို့သည် ဗုံတီးနေသည့်အပြင် ဒိုးပတ်အကများကို ကခုန်ကြသည်။ အခြားပုံမှာမူ ကချေသည်တစ်ဦး ဖြစ်သည်။

ဒုတိယပန်းချီတွင် ကပြဖျော်ဖြေသူ (၄) ဦးပါဝင်သည်။ တီးမှုတ်သူတစ်ဦးက လင်းကွင်းတီးပြီး အခြားတစ်ဦးမှာ ဗုံတိုကို တီးခတ်နေသည်။ သူသည် ပုံသဏ္ဍာန်သိသာထင်ရှားသည့် တူ သို့မဟုတ် သေးငယ်သော တုတ်တံဖြင့် ထိုဗုံကို တီးခတ်နေသည်။ လှပသော အမျိုးသမီး ကချေသည် တစ်ဦးသည် ဘယ်ဘက်လက်ဖြင့် ပဝါကို မြှောက်ထားပြီး သူမ၏ ညာဘက်အစွန်တွင် အမျိုးသားတစ်ဦးက ဟာသမြောက်စွာ ကပြဟန် သို့မဟုတ် အခြားလူများကို အံ့သြစွာ ကြည့်နေဟန်ဖြင့် ညာဘက်လက်ကို မြှောက်ထားသည်။

တတိယပန်းချီတွင်လည်း ကပြဖျော်ဖြေသူ (၄) ဦးကို သရုပ်ဖော်ရေးဆွဲထားပြီး နှစ်ဦးသည် တီးမှုတ်သူများ ဖြစ်၍ ကျန်နှစ်ဦးမှာ ကချေသည်များ ဖြစ်သည်။ တီးမှုတ်နေသော ဂီတတူရိယာများမှာ ခရုသင်း ဖြစ်သည်။ ဘယ်ဘက်ရှိ ခရုသင်းမှုတ်သူသည် သူ့ အလှည့် ပြီးသည့်အခါတွင် သူ၏ ခရုသင်းကို ပြောင်းပြန်အနေအထားဖြင့် မြှောက်ထားပြီး ခန့်ညားထည်ဝါစွာ ခေါင်းမော့ထား၍ စောင့်ဆိုင်းအနားယူနေပုံ ဖြစ်သည်။ အခြားသော ကချေသည်နှစ်ဦးမှာမူ ဟန်ချက်ညီစွာဖြင့် ကပြနေကြသည်။

ထိုနံရံဆေးရေးပန်းချီသုံးခုတွင် ဂီတပညာရှင်များနှင့် ကချေသည်များ၏ လှုပ်ရှားမှုမှာ အသက်ဝင်လှသည်။ အချို့သော ဂီတပညာရှင်များပင်လျှင် ကပြနေသယောင် ရှိသည်ဟု ထင်မှတ်ရသည်။ အချို့နံရံဆေးရေး ပန်းချီများသည် ဟာသရသကို ခံစားမိစေသည်။ သူတို့၏ မျက်နှာအမူအရာများသည် ပျော်ရွှင်မှုကို ဖော်ဆောင်လျက် ရှိသည်။

အချုပ်အားဖြင့် ရိုးရာအကအဖွဲ့ အများစုသည် ပွဲလမ်းသဘင်ကို အခြေခံကာ စုပေါင်းကပြကြပြီး ပါဝင်သူများသည် ရိုးရာဂီတတူရိယာများ ဖြစ်သော ခရုသင်းနှင့် ပုံများကို တီးမှုတ်ပြီး ပျော်ရွှင်စွာ ပါဝင်ကြသည်။

*စည်* (ပုံ)၊ *ခွက်ခွင်း* (လင်းကွင်း)၊ *ခရုသင်း* စသည့် စကားလုံးများကိုလည်း ပုဂံခေတ် ကျောက်စာများတွင် ရေးထိုးထားခဲ့ကြသည်။ ပုဂံရှိ နဂါးရုံဘုရား၏ တောင်ဘက်တွင် ဂူဘုရားတစ်ဆူ တည်ရှိသည်။ ထိုဂူဘုရားကျောင်း၏ အရှေ့ဘက်မုခ်ဦး မြောက်ဘက်နံရံတွင် ကချေသည်တစ်ဦး၏ ပုံကို ရေးဆွဲထားသည်။ ထိုကချေသည်မှ ညာလက်ဖြင့် ပဝါစကိုကိုင်ထားကာ ကပြနေပုံဖြစ်သည်။ သူမ၏ ဆံပင်အနေအထား၊ ခေါင်းတွင်ဆင်မြန်းထားသည့် အဆင်တန်ဆာ၊ ပဝါနှင့် အောက်ခံအဝတ်အစား စသည်တို့သည် သမိုင်းဝင် စိတ်ဝင်စားစရာများ ဖြစ်ကြသည်။

*မြန်မာအကများ* (ဦးရဲထွဋ်၊ ၁၉၉၆) မှ ကိုးကားထားသည်။

# လက်ကမ်းစာစောင် (၁၃)
# ဆရာများအတွက် ပို့ချခြင်းမှတ်စု - မြန်မာအက သမိုင်းကြောင်း (အပိုင်း ၂)

ပုဂံခေတ် အဆိုပညာရှင်များ၊ အကပညာရှင်များ၊ ဂီတပညာရှင်များအားလုံးကို ပုဂံခေတ် ကျောက်စာများတွင် ရေးထိုးထားခဲ့သည်။

အေဒီ(၁၂၀၇) တွင် ဘုရင် နားတောင်းများမင်းကျောက်စာ၌ ကချေသဘင် စကားလုံးကို ဖော်ပြထားသည်။ သဘင်၏ အဓိပ္ပါယ်မှာ ကခုန်ခြင်းဖြစ်ပြီး ပုဂံခေတ်တွင် အသုံးများသော စကားလုံး ဖြစ်သည်။

ကျန်စစ်သားမင်းသည် နန်းတော်တည်ဆောက်ရေးအတွက် နန်းတော်ပန္နက်ချခြင်း အခမ်းအနားပွဲများ ကျင်းပသောအခါ မြန်မာသီချင်းများ၊ မွန်သီချင်းများ၊ ပျူသီချင်းများနှင့် မင်းသီချင်းများကို သီဆိုခဲ့ကြသည်။ ပုဂံခေတ်ဂီတများနှင့် ပတ်သက်ပြီး မြောက်မြားစွာသော ခေတ်ပြိုင်ဂီတ တူရိယာများကို ပုဂံခေတ် ကျောက်စာများတွင် တွေ့ရှိရသည်။ ထိုတူရိယာများမှာ အောက်ပါ အတိုင်းဖြစ်သည်။

- *ခရာ*
- *ခရုသင်း*
- *ခေါင်းလောင်း*
- *ချူ*
- *ခွက်ခွင်း (လင်းကွင်း)*
- *ငြင်း*
- *စောင်း*
- *စည် (ဗုံ)*
- *စည်ကြီး (ဗုံကြီး)*
- *စည်းစုပ်*

- *စန္ဒရား*
- *ဆည်းလည်း*
- *တယော*
- *နဂါးကြီး (နဂါးဦးခေါင်း ပုံသဏ္ဍာန်ရှိသော ဗင်ဂျို)*
- *နရည်းစရာ (ကြေးတူရိယာ တစ်မျိုး)*
- *နှောင်နင်း (ကြေးမောင်း)*
- *ပတ်သာ (တီးဝိုင်း တူရိယာတစ်မျိုး)*
- *ပဟိုရ်*
- *ပလွေ*

အချုပ်အားဖြင့်ဆိုရသော် ယနေ့ခေတ် မြန်မာ့ဂီတ၏ ရိုးရာသီအိုရီသည် အောက်ပါ တူရိယာ ၅မျိုးအပေါ် အခြေခံထားပါသည်။ ၎င်းတို့မှာ *ကြေး၊ ကြိုး၊ သားရေ၊ လေနှင့် လက်ခုပ်*တို့ ဖြစ်ကြသည်။

ပုဂံခေတ်တွင် မင်းညီမင်းသားများနှင့် တိုင်းသူပြည်သားများသည် ဂီတပညာရှင်များနှင့် ကချေသည်များကို ဘုရားပွဲများတွင် အခကြေးငွေများပေးပြီး ဖျော်ဖြေစေခဲ့သည်။ ဗုဒ္ဓရုပ်ပွါးတော်ပုံစံ မပေါ်ထွန်းမီကပင် ကချေသည်များနှင့် ဂီတပညာရှင်များ၏ အနုပညာဖျော်ဖြေမှုများကို ထောက်ရှုခြင်းဖြင့် အိန္ဒိယနိုင်ငံတွင် ကျင့်သုံးခဲ့သော ဘာသာရေးဆိုင်ရာ ကပြဖျော်ဖြေမှုများသည် မြန်မာနိုင်ငံ၏ အကပုံစံများအပေါ် များစွာ လွှမ်းမိုးမှုရှိခဲ့သည်ဟု သုံးသပ်နိုင်ပေသည်။

အေဒီ (၁၂၈၇) တွင် ပုဂံပြည်သည် တာတာလူမျိုးများ၏ ကျူးကျော်တိုက်ခိုက်ခြင်းကို ခံခဲ့ရသည်။ ပုဂံခေတ်ပြီးနောက်တွင် မြင်စိုင်းနှင့် ပင်းယမင်းဆက်များ ပေါ်ပေါက်လာခဲ့သည်။ ထိုခေတ်ကာလတွင် ဒိုင်းကာကို အခြေခံသော အဆို၊ အကများ ပေါ်ပေါက်လာခဲ့သည်။ ဒိုင်းကာ သီချင်းကို *ကာချင်း*ဟု ခေါ်ပြီး ဒိုင်းအကကို *ကာအက*ဟု ခေါ်ဆိုသည်။ ကာချင်းသည် သက်ဝင်မြူးတူးပြီး တေးသီချင်း သီဆိုသူများမှာ စစ်သည်များ ဖြစ်ကြ၍ အားမာန်တက်ကြွပြီး မျိုးချစ်စိတ်များ တက်ကြွလာစေရန်နှင့် ရဲစွမ်းသတ္တိ ထက်သန်လာစေရန် သီဆိုကြသည်။ ကာချင်းသည် ကောင်းစွာ သီကုံးရေးစပ်ထားသည့် စစ်ချီတေးဖြစ်ပြီး ပင်းယခေတ်တွင် ဘုရင်ငါးစီးရှင်ကျော်စွာက စစ်ရေးပြပွဲ အကအဖြစ် ကပြခဲ့သည်။ ဘုရင်ငါးစီးရှင်ကျော်စွာသည် တေးသီချင်း ရေးစပ်ခြင်းသာမက ကာအကကိုလည်း ကပြဖျော်ဖြေခဲ့သည်။ အင်းဝခေတ် (အေဒီ- ၁၃၆၄) တွင်မူ မြန်မာနိုင်ငံအတွင်း အကနှင့်

တေးသီချင်းအမျိုးမျိုး သီဆိုဖျော်ဖြေမှု အစဉ်အလာကို သဘင်စုံ (*သဘင်* ဆိုသည်မှာ ကပြဖျော်ဖြေခြင်းဖြစ်ပြီး *စုံ* ဆိုသည်မှာ အမျိုးမျိုးဖြစ်သည်) ဟု လူသိများထင်ရှားသည်။ ထိုအကမျိုးကို မင်းခမ်းမင်းနားများတွင် ကပြခဲ့ကြသည်။ ထိုခေတ်တွင် ရုပ်သေးပြဇာတ်ရုံများလည်း ပေါ်ပေါက်လာသည်။ အကဖျော်ဖြေသူများသည် ရုပ်သေးအကကို အတုယူပြီး ကပြလာကြရာမှ *အရုပ်က* ဖြစ်ပေါ်လာသည်။

ကုန်းဘောင်ခေတ် နှောင်းပိုင်းတွင် ရှေးခေတ် ဂီတတူရိယာများ ဖြစ်သည့် *ဗုံရှည်၊ ဒိုးပတ်* (နှစ်ဘက်တီးပုံ)၊ *အိုးစည်* စသည့် ရိုးရာတူရိယာပေါင်း (၅၀) ကျော်ကို တီးခတ်၍ မီးထွန်းပွဲတော်များတွင် မင်းမျိုးမင်းနွယ်များ၏ အားပေးမှုများနှင့်အတူ ဖျော်ဖြေခဲ့ကြသည်။

အထက်ပါ သမိုင်းမှတ်တမ်းများအရ မြန်မာ့ရိုးရာ အကများတွင် နတ်အကများ၊ နန်းတွင်းအကများ၊ ဇာတ်တော်ကြီးများ၊ ရုပ်သေးအကများနှင့် ကျေးလက်ရိုးရာအကများစသော မြန်မာ့ရိုးရာအကများ ပေါ်ပေါက်လာပြီး ခေတ်အဆက်ဆက် တိုးတက်ထွန်းကားလာခဲ့သည်။

မင်းမျိုးမင်းနွယ်များသည် တေးသီချင်းများနှင့် အကများကို အားပေးချီးမြှောက်ခဲ့ကြသည်။ ခေတ်အဆက်ဆက် ပြောင်းလဲလာသည်နှင့်အမျှ အချို့သော ကပြဖျော်ဖြေမှုများမှာ မင်းမျိုးမင်းနွယ်များကိုသာ ကပြဖျော်ဖြေခြင်းမျိုး မဟုတ်တော့ဘဲ နောက်ပိုင်းတွင် သာမန်လူတန်းစားများကိုယ်တိုင် ကပြဖျော်ဖြေလာကြသည်။ ဥပမာ အငြိမ့် (အမျိုးသမီး နန်းတွင်းအက) ကို ယနေ့ထက်တိုင် အနုပညာရှင်များ ကပြဖျော်ဖြေကြသည်။ ထို့အတူ ရုပ်သေးအကကိုလည်း အနုပညာရှင်များက ကြီးကျယ်ခမ်းနားသော သမိုင်းဝင်အကအဖြစ် ရေရှည်တည်မြဲစေရန်အတွက် ယနေ့တိုင် ထိန်းသိမ်းထားကြသည်။ ဘုရင်စနစ် ပျောက်ကွယ်သော်လည်း မြန်မာ့အနုပညာရှင်များသည် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ၏ ယဉ်ကျေးမှုနှင့် ကြီးကျယ်ခမ်းနားမှုများ ပျောက်ကွယ်မသွားစေရန်အတွက် ရှေးမူမပျက်ဘဲ ယနေ့ထက်တိုင် ဆက်လက်ထိန်းသိမ်းထားလျက် ရှိကြသည်။

ထို့ကြောင့် မြန်မာ့ရိုးရာအကများသည် အမြဲတမ်းရှင်သန်နေသော ယဉ်ကျေးမှု အမွေအနှစ်တစ်ခုပင် ဖြစ်ပေသည်။ မြန်မာ့ရိုးရာအကသည် မြန်မာ့ရိုးရာပွဲတော်များနှင့် ကပွဲများတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်နေရုံသာမက မြန်မာနိုင်ငံ၏ ကြီးကျယ်ခမ်းနားသော ယဉ်ကျေးမှုသမိုင်းကြောင်းကို သင်ယူလို သည့် ပြည်ပခရီးသွားများအကြား ထိုကပြတင်ဆက်မှုများသည် ထင်ရှားကျော်ကြားလျက် ရှိကြပေသည်။


*မြန်မာအကများ*မှ ကောက်နုတ်ချက် (ဦးရဲထွဋ်၊ ၁၉၉၆)


# လက်ကမ်းစာစောင် (၁၄)
# ဒုတိယတန်း အနုပညာ(ဂီတ) ကျောင်းသုံးစာအုပ်မှ အခန်း (၃) နှင့် (၄)










**လက်အကတွေကို စုပေါင်းကကြစို့**




**အခန်း(၄)**
**အခြေခံကဗျာလွတ်မိတ်ဆက် လက်သင်တန်း(၅)ကွက် အပိုင်း(၂)**
**လက်စုံဝိုက်ချိုးအက အပြင်ချိုးအက ကကြစို့**





**လက်စုံဝိုက်ချိုးအက အတွင်းချိုးအက ကကြစို့**





**လက်တစ်ဖက်စီဝိုက်ချိုးအက လက်အကကို ကကြမယ်**



**လက်တစ်ဖက်စီဝိုက်ချိုး အပြင်ချိုးအကကို ကကြမယ်**




**လက်တစ်ဖက်စီဝိုက်ချိုး အတွင်းချိုးအကကို ကကြမယ်**




**လက်စုံဝိုက်ချိုးအကကို ကကြမယ်**




**လက်တစ်ဖက်စီဝိုက်ချိုးအကကို ကကြမယ်**



**လက်စုံဝိုက်ချိုးအကကို စုပေါင်းကကြစို့**




**လက်တစ်ဖက်စီဝိုက်ချိုးအကကို စုပေါင်းကကြစို့**



## လက်ကမ်းစာစောင် (၁၅.၁)
## အကပညာ၏ သင်ကြားနည်းများ (သင်ခန်းစာ ၂.၂.၂။)

မူလတန်းအဆင့်တွင် အဘယ်ကြောင့် အကပညာအား သင်ကြားရပါသနည်း။

- ကျောင်းသားများသည် ကခုန်ခြင်း၏ ပျော်ရွှင်မှုကို ဘဝတစ်လျှောက်လုံး ပိုင်ဆိုင်နိုင်စေရန် နှင့် ထိုကခုန်ခြင်း၏ ပျော်ရွှင်မှုမှတစ်ဆင့် ပိုမိုသာယာသော ဘဝများကို ပိုင်ဆိုင်နိုင်စေရန် အတွက် ဂီတအနုပညာ၏ အခြေခံစွမ်းရည်များကို မြှင့်တင်ပေးရန်။
- အကပညာအမျိုးမျိုးကို ကပြခြင်းမှတစ်ဆင့် ကျောင်းသားများအား မိမိကိုယ်ကို ဖော်ထုတ်နိုင်သည့် စွမ်းရည်ကို မြှင့်တင်ပေးရန်။
- နှစ်ယောက်တစ်တွဲ၊ အုပ်စုလိုက်နှင့် တန်းလုံးကျွတ် အကပညာကို ကပြခြင်းမှတဆင့် အခြားသူများနှင့် စိတ်လှုပ်ရှားဖွယ် အတွေ့အကြုံများကို မျှဝေနိုင်သည့် အခွင့်အလမ်းများ ရရှိစေရန်။
- အကပညာကို လေ့ကျင့်သင်ကြားခြင်းဖြင့် ကိုယ်ခန္ဓာအစိတ်အပိုင်းများ၏ စနစ်တကျ လှုပ်ရှားမှုကို သိရှိနားလည်စေရန်။
- မြန်မာ့ရိုးရာအက၏ တန်ဖိုးနှင့် ယဉ်ကျေးမှုအမွေအနှစ်များအား ထိန်းသိမ်းစောင့်ရှောက် တတ်ရန်။



စည်း နှင့် ဝါး ဖြင့် ကခုန်ခြင်း

**မူလတန်းအဆင့်တွင် မည်သည့်အကပညာ ကျွမ်းကျင်မှုများအား ပြုစုပျိုးထောင်ရန် လိုအပ်ပါသနည်း။**

- ကျောင်းသားများသည် မြန်မာ့ရိုးရာအက၏ အခြေခံကိုယ်ဟန်အနေအထားအတိုင်း ကပြနိုင်ရမည်။
- ကျောင်းသားများသည် မြန်မာ့ရိုးရာအက၏ အရေးပါသော အချက်(၅)ချက်ကို ကပြနိုင်ရမည်။


  (က) ခေါင်းလှုပ်ရှားမှု

  (ခ) ခါးလှုပ်ရှားမှု

  (ဂ) ခြေလှုပ်ရှားမှု

  (ဃ) လက်လှုပ်ရှားမှု

  (င) မျက်နှာလှုပ်ရှားမှု (မျက်နှာ အနေအထား)
- ကျောင်းသားများသည် စနစ်တကျနှင့် စည်းဝါးကျစွာ ကပြနိုင်ရမည်။



**မူလအနေအထား**

## အကပညာ သင်ကြားနည်းဗျူဟာများ

အကပညာအား သင်ကြားရာတွင် ဆရာသည် အကလှုပ်ရှားမှုကို ပထမဦးစွာ သရုပ်ပြရမည် (ဥပမာ-လက်အနေအထား)။ ဒုတိယအနေဖြင့် ဆရာသည် ကျောင်းသားများနှင့် အတူတကွ ကပြရမည်။ တတိယအနေဖြင့် ကျောင်းသားများသာ ကရန်ဖြစ်သည်။ နောက်ဆုံးအနေဖြင့် ကျောင်းသားများကို နှစ်ယောက်တစ်တွဲသော်လည်းကောင်း၊ အုပ်စုလိုက်သော်လည်းကောင်း အတူတကွသော်လည်းကောင်း ကပြစေရမည်။




မြန်မာအက၊ ခြေ၊ လက်၊ ခေါင်း၊ ခါး၊ မျက်နှာထား ငါးချက်ဟန်ညီ က ရသည်။

### ၁။ ဆရာမှ သရုပ်ပြသင်ကြားခြင်း

ဆရာသည် အဓိကအားဖြင့် အကလှုပ်ရှားမှု၏ အရေးကြီးသော အချက်များကို ရှင်းပြပြီး စည်းဝါးရှစ်စုံကို သရုပ်ပြသင်ကြားရမည်။ သရုပ်ပြသင်ကြား ခြင်းအား ညာဘက်မှစတင်၍ ပြသပြီး စည်းမတီးမီ ဝါးတွင် ရပ်နားထားရမည်။ ဆရာသည် သရုပ်ပြရာတွင် ပြုံးရွှင်စွာဖြင့် ပျော်ရွှင်သော သင်ယူမှုဝန်းကျင်ကို ဖန်တီးပေးရမည်။ သရုပ်ပြရာတွင် ဆရာသည် လှုပ်ရှားမှုအား ရှင်းပြနိုင်ရန် ကျောင်းသားများဆီသို့ မျက်နှာမူထားပြီး ကျောင်းသားများနှင့် အတူတကွ လေ့ကျင့်ရာတွင် ဘယ်ဘက်နှင့် ညာဘက် ရှုပ်ထွေးမှုမဖြစ်စေရန်နှင့် ကျောင်းသားများသည် ဆရာမှ ကပြသည့်အတိုင်း လိုက်လုပ်နိုင်ရန် ကျောင်းသားများကို ကျောပေးထားရမည်။

## ၂။ ဆရာနှင့် ကျောင်းသားများ အတူတကွ ကခြင်း

ဆရာသည် ကျောင်းသားများအား အက၏ အရေးကြီးသော လှုပ်ရှားမှုများကို သတိပေးနိုင်ရန် ကျောင်းသားများနှင့် အတူတကွ ဖြည်းညှင်းစွာ စတင်၍ ကကြရမည်။ ကျောင်းသားများသည် အကလှုပ်ရှားမှုအား ရင်းနှီးကျွမ်းဝင်လာပါက အရှိန်ကို မြှင့်တင်နိုင်သည်။ ဆရာသည် ကျောင်းသားများအား အကလှုပ်ရှားမှုကို မှတ်မိသည်အထိ အတူတကွ ကပြရမည်။ ဆရာသည် ကျောင်းသားများကို ကျောပေးထားရမည်။

## ၃။ ကျောင်းသားများ ကခြင်း

စည်းဝါးကို အသုံးပြု၍ အက၏ စည်းဝါးကိုက်မှုနှင့် စည်းချက်ကို ထိန်းချုပ်ပါ။ ဖြည်းညှင်းစွာ စတင်ပြီး အရှိန်ကို ဖြည်းဖြည်းချင်း မြှင့်တင်ပါ။ ဆရာသည် ကျောင်းသားများ မှန်ကန်စွာ ကနိုင်ခြင်း ရှိမရှိကို အသေးစိတ် ကြည့်ရှုစစ်ဆေးရမည်။ အချို့ကျောင်းသားများသည် မှားယွင်းစွာ ကနေပါက ထိုကျောင်းသားများ၏ လှုပ်ရှားမှုသင်ယူရာတွင် ကူညီထောက်ပံ့ပေးရန် အစောပိုင်းအဆင့်ကို ပြန်လည်သင်ကြားပါ။

## ၄။ နှစ်ယောက်တစ်တွဲ (သို့မဟုတ်) အုပ်စုလိုက် ကခြင်း

ကျောင်းသားများသည် နှစ်ယောက်တစ်တွဲ ကပြနေစဉ် ကျောင်းသားအချင်းချင်း လှုပ်ရှားမှုများကို ကြည့်ရှုစစ်ဆေးရန် ညွှန်ကြားပါ။ ကျောင်းသားများသည် နှစ်ယောက်တစ်တွဲ လေ့ကျင့်နိုင်ပြီး အချင်းချင်း၏ လှုပ်ရှားမှုကို တည့်မတ်ပေးနိုင်ပါသည်။ အတူတကွ ကရန် နှစ်ယောက်တစ်တွဲ အဖွဲ့ဖွဲ့သောအခါ တော်သောကျောင်းသားနှင့် အကူအညီလိုအပ်သော ကျောင်းသားအား တွဲပေး နိုင်ပါသည်။

ကျောင်းသားများသည် နှစ်ယောက်တစ်တွဲ လေ့ကျင့်ပြီးစီး၍ လှုပ်ရှားမှုများကို ကျွမ်းကျင်ပါက အုပ်စုဖွဲ့ပြီး ညီညီညာညာ အတူတကွ သရုပ်ပြနိုင်ရန် ပြင်ဆင်စေပါ။ ကျောင်းသားများ ညီညီညာညာ ဟန်ချက်ညီစွာ ကပြနိုင်ရန် စည်းဝါးကို အသုံးပြုရမည်။ အကယ်၍ အကဆိုင်ရာ လှုပ်ရှားမှုများကို ပေါင်းစပ်ရန် သို့မဟုတ် မိမိ၏ကိုယ်ပိုင် ကကွက်များကို ဖန်တီးရန် လိုအပ်လာပါက ကျောင်းသားများ အချင်းချင်း ကိုယ်ပိုင် ကကွက်အသစ်များကို ဆွေးနွေးပြီး ဖန်တီးပါစေ။ မိမိ၏ အဖွဲ့လိုက် ကကွက်များကို အခြားအဖွဲ့များသို့ တင်ပြနိုင်သည်။

ကျောင်းသားများသည် အခြားအဖွဲ့အား ကြည့်ရှုလေ့လာနေစဉ် စည်းဝါးအလိုက် သီဆိုခြင်းဖြင့် သော်လည်းကောင်း၊ လက်ခုပ်တီးခြင်းဖြင့်သော်လည်းကောင်း ပါဝင်နိုင်သည်။ ကြည့်ရှုလေ့လာပြီးပါက ကျောင်းသားများအား တင်ဆက်မှုအပေါ်တွင် မိမိ၏ ထင်မြင်ချက်များကို ပြောကြားစေပြီး အပြုသဘောဆောင်သော အားပေးတုံ့ပြန်မှုများပေးရန် လိုအပ်ပါသည်။



အုပ်စုလိုက်ကခုန်ခြင်း

## ကျောင်းသားများအား အကပညာသင်ကြားရာတွင် ထည့်သွင်းစဉ်းစားရမည့် အရေးကြီးသော အချက်များ

### ကျောင်းသားများအား ပျော်ရွှင်စွာ ကနိုင်ရန် အားပေးတိုက်တွန်းခြင်း

ကျောင်းသားများသည် သီချင်းသံကြားရသောအခါ ခန္ဓာကိုယ်ကို လှုပ်ရှားခြင်းများ၊ ကခြင်းများ စတင်၍ ဖြစ်ပေါ်လာကြပါသည်။ ထို့ကြောင့် ကျောင်းသားများနှင့် ရင်းနှီးကျွမ်းဝင်သည့် သီချင်းများကို သီဆိုခြင်းဖြင့် သင်ခန်းစာအား စတင်နိုင်ပြီး ဤသည်ဖြင့် ကျောင်းသားများသည် ဆက်လက်၍ ကလိုစိတ်များ ဖြစ်ပေါ်လာနိုင်မည် ဖြစ်သည်။ မိမိကိုယ်တိုင် လှပစွာနှင့် ပျော်ရွှင်စွာ ကပြသောအခါ ကျောင်းသားများသည် စိတ်ပေါ့ပါးစွာ ခံစားနေရမည်။ ထို့ကြောင့် အကပညာ သင်ကြားရာတွင် ဆရာမှ စတင်သရုပ်ပြခြင်းအား လုပ်ဆောင်သင့်သည်။


ကျောင်းသားများသည် အကပညာအား စိတ်ဝင်တစားရှိပြီး ပျော်ရွှင်လာပါက ကျောင်းသားများ ပြုံးရွှင်နေမည်ဖြစ်သည်။ ကျောင်းသားများကို ပြုံးရန် အတင်းခိုင်းစေပါက ထိုအပြုံးများသည် သဘာဝကျမည် မဟုတ်ပေ။ ပြုံးနေသော ကလေးများသည် ပျော်ရွှင်နေမည်ဖြစ်ပြီး ထိုသို့ ပျော်ရွှင်နေသော ကလေးများသည် အကပညာအား ဆက်လက်၍ ပျော်ရွှင်စွာ သင်ယူရန် စိတ်ခွန်အားပြည့် တက်ကြွနေမည်ဖြစ်ပါသည်။



ကလေးများ လက်တွေ့ကပြခြင်း

## စည်းဝါး၏ အရေးကြီးမှု

မြန်မာ့ရိုးရာဂီတတွင် စည်းဝါးသည် အလွန်အရေးပါသည့် အရာဖြစ်သည်။ မြန်မာအကများဖြစ်သော အခြေခံအကနှင့် အဆင့်မြင့်အက အားလုံးသည် စည်းဝါးကို အခြေခံ၍ စနစ်တကျ ကကြရခြင်း ဖြစ်သည်။ ကျောင်းသားများ ကနေစဉ်တွင်လည်း စည်းချက်ဝါးချက်များကို လိုက်နာ၍ ကပြရမည် ဖြစ်သည်။ အုပ်စုလိုက် ကပြရာတွင် တညီတညွတ်တည်း ကပြနိုင်စေရန်နှင့် အုပ်စုတွင်းရှိ ကပြသူ အားလုံး စည်းချက်မှန်စေရန်အတွက် ထိုစည်းဝါးကို အသုံးပြုထားခြင်းဖြစ်သည်။ ဆရာသည် စည်းဝါးကို မှန်ကန်သော ရိုက်ချက်ဖြင့် တီးမှသာ ကျောင်းသားများသည် ပုံမှန်လှုပ်ရှားမည် ဖြစ်သည်။ စည်းဝါး၏ ပထမအသံကို ဝါး အသံဖြင့် စတင်ရမည်ဖြစ်ပြီး ပထမ စည်းအသံအား မတီးခတ်ရပေ။ ဤအချက်သည် ချန်လှပ်ထားသော အသံ၏ နမူနာ (ပထမစည်းချက်အား အလေးမပေးမီ သံစဉ်အား ချန်လှပ်ထားပြီး) စတင်ခြင်း ဖြစ်သည်။




စည်း နှင့် ဝါး

## *ခွင်*၏ အရေးကြီးမှု (စောင့်ဆိုင်း အနေအထား)

မြန်မာ့ရိုးရာအကတွင် *ခွင်*သည်လည်း အရေးကြီးသည်။ *ခွင်*သည် ပျော့ပျောင်းညင်သာသော၊ ညီညာသော ကိုယ်ခန္ဓာလှုပ်ရှားမှုများ ဖြစ်ပေါ်စေရန် ကူညီထောက်ပံ့ပေးသည်။ မြန်မာအက၏ အရေးပါသော လှုပ်ရှားမှုငါးရပ်ဖြစ်သော ခေါင်း၊ ခါး၊ ခြေ လက်၊ မျက်နှာ စသည့် ကကွက်များအတွက် ရပ်နားစောင့်ဆိုင်းသည့် အနေအထားဖြစ်သည်။ ကကွက် လှုပ်ရှားမှုတစ်ခု ပြောင်းလဲသည်နှင့် ကျန်ကကွက်တစ်ခုအား မစတင်မီ *ခွင်* အနေအထားသို့ ပြန်လည်ထားရှိရမည်။ ဆရာကိုယ်တိုင်

ကလည်း ခွင်ကို ကျွမ်းကျင်ပိုင်နိုင်ရမည်။ ကျောင်းသားများအား ခွင်ကို သင်ကြားပြသရာတွင် ဆရာမှ အဖွင့်သီချင်းအား သီဆိုပြီး ကျောင်းသားများအား ခွင်အနေအထားအတိုင်း အချိန် အနည်းငယ်ခန့် ထားရှိစေရမည်။ သင်ခန်းစာအစတွင် ခွင်ကို အချိန်အကြာကြီး ဆက်လက်သင်ကြားနေပါက ကျောင်းသားများသည် ပင်ပန်းလာနိုင်သည်။ ထို့ကြောင့် ကျောင်းသားများကို အုပ်စုတစ်စုပြီး တစ်စု လေ့ကျင့်စေပြီး ကျန်အုပ်စုများကိုလည်း အခြားသောလုပ်ငန်းများဖြစ်သည့် သီချင်းဆိုခြင်းများကို ပြုလုပ်စေနိုင်သည်။






ခွင် (စောင့်ဆိုင်း အနေအထား)

**အကဆိုင်ရာလှုပ်ရှားမှုများကို ပေါင်းစပ်ဖန်တီးခြင်း၏ အရေးကြီးမှု**

မြန်မာ့အက လှုပ်ရှားမှုတွင် ပုံသေပေါင်းစပ်ရမည့် စည်းမျဉ်းများ မရှိပေ။ ကျောင်းသား ကျောင်းသူများအား မိမိ၏ အတွေးအမြင်များနှင့် တီထွင်ဖန်တီးမှုများအပေါ် အခြေခံပြီး လှုပ်ရှား

မှုများကို ပေါင်းစပ်ဖန်တီးနိုင်မည့် အခွင့်အလမ်းများ ပေးသင့်သည်။ ထိုသို့ အခွင့်အလမ်းများ ပေးခြင်းသည် ကျောင်းသား ကျောင်းသူများ၏ တီထွင်ဖန်တီးမှုစွမ်းရည်ကို တိုးတက်စေနိုင်ပါသည်။ ဥပမာ ကျောင်းသားကျောင်းသူများသည် ခြေအကကို လက်အက ဖြင့်ရောစပ်ပြီး ခြေအကသို့ ပြန်လည်ကပြခြင်းများ ပြုလုပ်လာနိုင်သည်။ ကျောင်းသားကျောင်းသူများ တစ်ပြိုင်နက်တည်း ခေါင်း၊ လက်၊ ခြေ အက များကို ရောစပ်ပြီး သရုပ်ဖော် ကပြနိုင်သည်။ မြန်မာ့အကသည် များသောအားဖြင့် ညာဘက်မှ စတင်လေ့ရှိသည်။ သို့သော် အချို့အခြေအနေများ၌ ကကွက်များကို ရောစပ်ပြီးကပြရာတွင် ခြေအကအား ညာဘက်မှစတင်ပြီး လက်အက ကို ဘယ်ဘက်မှ စတင်သည့် အခြေအနေများလည်း ရှိနိုင်ပါသည်။

ကျောင်းသားကျောင်းသူများသည် သီချင်းများ၊ စာသားများ နှင့် ကိုက်ညီသော ကကွက်များကို တီထွင်ဖန်တီးနိုင်သည်။ ကျောင်းသားကျောင်းသူများသည် အုပ်စုလိုက်သော်လည်းကောင်း တစ်ဦးချင်းသော်လည်းကောင်း ကကွက်များကို တီထွင်ဖန်တီးနိုင်သည်။

## ပြဿနာများကို ဖြေရှင်းခြင်း

အချို့သောကျောင်းသားများသည် အစပိုင်းတွင် အကပညာသင်ယူရာ၌ အခက်အခဲများ တွေ့ရှိနိုင်ပြီး ထိုသို့အခက်အခဲများကို မျှော်လင့်ထားသင့်သည်။ သို့သော် ထိုအခက်အခဲများကို ကျော်လွှားနိုင်ရန် ကျောင်းသားများကို စေ့ဆော်ပေးခြင်း ကူညီပေးခြင်းများ ပြုလုပ်နိုင်သည်။ ဥပမာ အချို့ကျောင်းသားများသည် စောင့်ဆိုင်းအနေအထားကို ထားရှိရန် အခက်ခဲများတွေ့နိုင်သည်။ ထိုအခြေအနေတွင် ဆရာက အနေအထားကို သရုပ်ပြသင်ကြားခြင်းနှင့် ထိုအနေအထားသည် အကကို ညီအောင်၊ လိုက်လျောညီထွေဖြစ်အောင် ထိန်းသိမ်းထားနိုင်ကြောင်းကို ရှင်းပြခြင်းများ ပြုလုပ်ပြီး ကူညီနိုင်သည်။ လေ့ကျင့်ပါက ပြီးပြည့်စုံစွာ ကောင်းမွန်လာနိုင်သဖြင့် ကျောင်းသားများကို စာသင်ခန်း ပြင်ပတွင်လည်း လေ့ကျင့်မှုများကို ပြုလုပ်ရန် အားပေးတိုက်တွန်းပြီး ပင်ပန်းပါက အနားယူစေပါ။ ပိုမိုအရေးကြီးသည်မှာ ကျောင်းသားများ ကခြင်းဖြင့် ပျော်ရွှင်မှုများ လှုပ်ရှားမှုမှ စိတ်ကျေနပ်မှုများ ရရှိအောင် အားပေးရမည် ဖြစ်သည်။

# လက်ကမ်းစာစောင် (၁၅.၂)
# ရိုးရှင်းသော အခြေခံအကများကို လေ့ကျင့်ခြင်း

အချို့သော အခြေခံအကများကို အောက်တွင် ဖော်ပြထားပါသည်။

**ကိန္နရီအက ပုံစံ**

၁။ ပထမစည်းချက်တွင် ဒူးကို ကွေးထားပါ။ ထို့နောက် ကိုယ်ခန္ဓာကို ရှေ့သို့ကိုင်းညွတ်ပါ။
၂။ အဝတ်တန်ဆာ၏ ခြေနားကို ခြေနှင့်ခတ်ပြီး ညာခြေထောက်ကို မ ပါ။
၃။ ပထမဝါးချက်တွင် အခြားခြေထောက်ကို အစားထိုးပါ။



**ရိုးရာကိန္နရီအက ပုံစံ**

၄။ ဒုတိယစည်းချက်တွင် ဒူးကို ကွေးထားပါ။ ကိုယ်ခန္ဓာကိုလည်း ရှေ့သို့ကိုင်းညွတ်ပါ။
၅။ ဘယ်ခြေထောက်ကို မ ပါ။
၆။ ဒုတိယဝါးချက်တွင် ခြေပြောင်းပါ။
၇။ တတိယစည်းချက်တွင် ဘယ်ခြေထောက်မှ ညာခြေထောက်သို့ မပြောင်းလဲဘဲ ဆက်တိုက် ကပြပါ။
၈။ စတုတ္ထစည်းချက်တွင် ညာခြေထောက်သို့ ပြောင်းပါ။
၉။ ပဉ္စမစည်းချက်တွင် ညာခြေထောက်ဖြင့် ဆက်ကပါ။
၁၀။ ဆဋ္ဌမစည်းချက်တွင် ဘယ်ခြေထောက်သို့ ပြောင်းပါ။
၁၁။ သတ္တမစည်းချက်တွင် ဘယ်ခြေထောက်ဖြင့် ဆက်ကပြပါ။
၁၂။ အဋ္ဌမစည်းချက်တွင် ညာခြေထောက်သို့ ပြောင်းပါ။
၁၃။ ညာခြေထောက်ကို မ ပါ။ အဋ္ဌမဝါးချက်တွင် ညာဘက်ဒူးကို ကွေးပါ။ ကိုယ်ခန္ဓာသည် ဘယ်ဘက်သို့ လှည့်ရမည် ဖြစ်သည်။

## ဒူးကွေးသည့် အနေအထားတွင် ခါးကို လှည့်ခြင်း

၁။ ကိန္နရီအက၏ နောက်ဆုံးဒူးကွေးသည့် အနေထားမှစတင်ပြီး ပထမစည်းချက်တွင် ညာဘက်ခြေဖနောင့်ကို ထောက်ပြီး ဝါးချက်တွင် ညာဘက်ခြေဖနောင့်ကို နဂိုအနေအထား အတိုင်း ထားရှိပါ။
၂။ ညာခြေကို ထောင်လျက်အနေအထားဖြင့် လေးကွက်ဆက်တိုက် ကပြရမည်။ (စည်း ၄ ချက် နှင့် ဝါးချက် ၄ ချက်)
၃။ ထိုနည်းတူစွာပင် ဘယ်ခြေထောက်ကိုလည်း စည်း ၄ ချက် နှင့် ဝါးချက် ၄ ချက်စာအတွက် ထိုခွင်အတိုင်း ကပြရန် လိုအပ်သည်။
၄။ ဤကကွက်ပုံစံ၏ ထူးခြားသော အချက်မှာ ကချေသည်များသည် မိမိ၏ ကိုယ်ခန္ဓာ တစ်ခုလုံးကို ညာ (သို့မဟုတ် ဘယ်ခြေဖနောင့် ထောက်ရာအတိုင်း တဖြည်းဖြည်း ကွေးညွတ် ကပြရမည်။
၅။ ကချေသည်များ၏ မျက်နှာသည်လည်း ကိုယ်ခန္ဓာရွေ့လျားရာအတိုင်း လှည့်ရမည်။



## ဒူးကွေးသည့် အနေအထားတွင် ခါးကို လှည့်ခြင်း

*ကိန္နရီ နှင့် ခါးလှည့်အက ညွှန်ကြားချက်များကို ဒေါ်သီဂီမြင့်၊ အကပညာဌာန၏ လက်ထောက် ကထိက (သက်န်းကျွန်း ပညာရေးကောလိပ်)က ရေးသားပြီး ဦးရဲထွဋ်က ဘာသာပြန်ထားပါသည်။*

## ဒူးထောက်ထိုင် အနေအထား - တစ်ကိုယ်တော်အကဏ်၏ လျင်မြန်စွာ ရွှေ့လျားသော ပုံစံ

၁။ ပထမဆုံးသောစည်းချက်တွင် ဒူးထောက်ထိုင်အနေအထားမှ ညာဘက်ခြေထောက်ကို ထောက်ပြီး ညာဘက်ထောင့်သို့ ရွှေ့ပါ။ ခေါင်းနှင့်ခါးကို ညာဘက်သို့ ကွေးပါ။ မျက်နှာသည် ဘယ်ဘက်ထောင့်သို့ လှည့်နေရမည်။

၂။ ပထမဝါးချက်တွင် ညာဘက်ခြေကို ပြန်သိမ်းပြီး ကိုယ်ခန္ဓာနှင့် အောက်တည့်တည့် ယခင်အနေအထားသို့ ပြန်ထားရမည်။ ခေါင်းနှင့် ပခုံးကို ပြန်လည် တည့်မတ်ပြီး မျက်နှာသည် ရှေ့သို့ ဦးတည်ရမည်။




ဒူးထောက်ထိုင် အနေအထားမှ ရွှေ့လျားခြင်း

၃။ ဒုတိယစည်းချက်တွင် ဒူးထောက်ထိုင်အနေအထားမှ ဘယ်ဘက်ခြေထောက်ကို ထောက်ပြီး ဘယ်ဘက်ထောင့်သို့ ရွှေ့ပါ။ ခေါင်းနှင့်ခါးကို ဘယ်ဘက်သို့ ကွေးပါ။ မျက်နှာသည် ညာဘက်ထောင့်သို့ လှည့်နေရမည်။

၄။ ဒုတိယဝါးချက်တွင် ဘယ်ဘက်ခြေကို ပြန်သိမ်းပြီး ယခင်အနေအထားသို့ ပြန်ထားရမည်။ ခေါင်းနှင့် ပခုံးကို ပြန်လည်တည့်မတ်ပြီး မျက်နှာသည် ရှေ့သို့ ဦးတည်ရမည်။

၅။ စည်းဝါး ရှစ်စုံ ပြီးသည်အထိ ဘယ်လက် နှင့်ညာဘက်ကို တစ်လှည့်စီ ဆက်တိုက် ထိုနည်းအတိုင်း ကပါ။





ဒူးထောက်ထိုင် အနေအထားမှ ရွှေ့လျားခြင်း

## ခြေချောင်းများကို နောက်သို့ နှင့် အထက်သို့ ရွှေ့ခြင်း

၁။ ပထမစည်းချက်တွင် ခြေချောင်းထိပ်များကို ဘယ်ဘက်ခြေ၏ နောက်သို့ ရွှေ့လျားပြီး ခြေဖျားထောက်ထားပါ။ ခေါင်း နှင့် ခါးကို ဘယ်ဘက်သို့ လှည့်ပြီး ညာခြေဖနောင့်သို့ ရှုပါ။






ခြေချောင်းများကို နောက်သို့ နှင့် အထက်သို့ ရွှေ့ခြင်း

၂။ ပထမဝါးချက်တွင် ညာဘက်ခြေချောင်းထိပ်များကို ဘယ်ခြေ၏ နောက်သို့ ရွှေ့ပြီး ယခင်အနေအထားသို့ ပြန်လည်ထားရှိပါ။ ခေါင်းနှင့် ခါးကို တည့်မတ်စွာ ထားရှိပါ။

၃။ ဒုတိယစည်းချက်တွင် ယခင်ကကွက် အနေအထားတွင်ရှိသော ဘယ်ခြေချောင်း များကို ညာခြေ၏ နောက်သို့ ထားရှိရမည်။ ခေါင်းနှင့် ခါးသည် ညာဘက်သို့ လှည့်ထားရမည်။ ဘယ်ဖနောင့်ကို အောက်သို့ ထောက်ထားရမည်။



**စောင့်ဆိုင်းအနေအထားအတွင်းမှ ခြေချောင်းများကို နောက်သို့ နှင့် အထက်သို့ ရွှေ့ခြင်း**

၄။ ဒုတိယ ဝါးချက်တွင် ဘယ်ဘက်ခြေချောင်းထိပ်များကို ညာခြေ၏ နောက် သို့ ရွှေ့ပြီး ယခင်အနေအထားသို့ ပြန်လည်ထားရှိပါ။ ခေါင်း နှင့် ခါးကို ပြန်လည် တည့်မတ်စွာ ထားရှိပါ။

၅။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ဒိုးချက် ရှစ်စုံ ပြီးသည်အထိ ဘယ်ဘက် နှင့် ညာဘက်ကို တစ်လှည့်စီ ဆက်တိုက် ထိုနည်းအတိုင်း ကပါ။

## ခြေထောက်ကို မြှောက်ခြင်း နှင့် မခြင်း

၁။ ပထမစည်းချက်တွင် ယခင်အနေအထားရှိ ညာခြေကို မြှောက်ရမည်။ ပေါင်တံနှင့် ခြေသလုံးသည် ၉၀ ဒီဂရီ အနေအထား ထားရှိရမည်။ ခေါင်းနှင့် ခါးကို ညာဘက်သို့ ကွေးပြီး မျက်နှာသည် ဘယ်ဘက်ထောင့်သို့ လှည့်ထားရမည်။

၂။ ပထမဝါးချက်တွင် မြှောက်ထားသော ညာခြေကို ပြန်ချပြီး ယခင် ကကွက် အနေအထားအတိုင်း ပြန်ထားပါ။ ခေါင်းနှင့် ခါးကိုလည်း ယခင်အနေအထားအတိုင်း တည့်မတ်ထားပါ။




ခြေထောက်ကို မြှောက်ခြင်း နှင့် မခြင်း

၃။ ဒုတိယစည်းချက်တွင် ယခင်အနေအထားရှိ ဘယ်ခြေကို မြှောက်ရမည်။ ပေါင်တံနှင့် ခြေသလုံးသည် ၉၀ ဒီဂရီ အနေအထား ထားရှိရမည်။ ခေါင်းနှင့် ခါးကို ဘယ်ဘက်သို့ ကွေးပြီး မျက်နှာသည် ညာဘက်ထောင့်သို့ လှည့်ထားရမည်။

၄။ ဒုတိယဝါးချက်တွင် မြှောက်ထားသော ဘယ်ဘက်ခြေကို ပြန်ချပြီး ယခင် ကကွက် အနေအထားအတိုင်း ပြန်ထားပါ။ ခေါင်းနှင့် ခါးကိုလည်း ယခင်အနေအထားအတိုင်း တည့်မတ်ထားပါ။

၅။ စည်းဝါး ရှစ်စုံ ပြီးသည်အထိ ဘယ်ဘက်လက် နှင့် ညာဘက်ကို တစ်လှည့်စီ ဆက်တိုက် ထိုနည်းအတိုင်း ကပါ။

# လက်ကမ်းစာစောင် (၁၆)
# သရုပ်ပြ သင်ခန်းစာ ကြည့်ရှုလေ့လာရမည့် အချက်များ
# (သင်ခန်းစာ ၂.၂.၂။)

သင့်ဆရာမှ သရုပ်ပြသင်ကြားသည့် အကသင်ခန်းစာအား ကြည့်ရှုလေ့လာနေစဉ် မိမိတွေ့မြင်ရသော အရာများနှင့် ပတ်သတ်၍ အောက်ဖော်ပြပါ အချက်များကို အချက်အလက်ခိုင်လုံစွာ ရှင်းပြနိုင်ရန် မှတ်စုရေးမှတ်ထားပါ။

| စဉ် | ကြည့်ရှုလေ့လာရမည့် အချက်များ | သက်သေ သာဓက |
|---|---|---|
| ၁။ | သင်ယူမှုရလဒ်များ | |
| | သရုပ်ပြသင်ကြားစဉ်တွင် ဆရာမှ သင်ကြားမှုလုပ်ငန်းစဉ်တစ်ခုစီ၌ မည်သည့်အရာများကို လုပ်ဆောင်ခဲ့သနည်း။ | |
| ၂။ | ဆရာက သရုပ်ပြသင်ကြားခြင်း | |
| ၃။ | ကျောင်းသားများ နှင့် ဆရာ အတူတကွ ကခြင်း | |
| ၄။ | ကျောင်းသားများ ကခြင်း | |
| ၅။ | နှစ်ယောက်တစ်တွဲ၊ အုပ်စုလိုက် ကခြင်း | |
| ၆။ | အက၌ ပျော်ရွှင်နှစ်သက်စေရန် ဆရာကမည်သို့ ကူညီထောက်ပံ့ပေးသနည်း။ | |
| ၇။ | ကျောင်းသားများ စည်းဝါး မှန်မှန်ကနိုင်ရန် ဆရာက စည်း၊ ဝါးကို မည်သို့ အသုံးပြုသနည်း။ | |
| ၈။ | ကျောင်းသားများ ခွင် ကို မှန်ကန်စွာ ကနိုင်ရန် ဆရာသည် မည်ကဲ့သို့ သင်ကြားပြသခဲ့ပါသနည်း။ | |
| ၉ ။ | အခြားတွေ့ရှိချက်များ | |

# လက်ကမ်းစာစောင် (၁၇)
# သရုပ်ပြသင်ခန်းစာအား ကြည့်ရှုလေ့လာခြင်းအတွက် အဖြေများ (သင်ခန်းစာ ၂.၂.၂။)

သရုပ်ပြသင်ကြားခြင်းအား ကြည့်ရှုလေ့လာပြီးမှသာလျှင် ယခုအကြောင်းအရာကို အသုံးမပြုသင့်သည်။ သရုပ်ပြသင်ကြားခြင်းအား ကြည့်ရှုလေ့လာနေစဉ် လက်ကမ်းစာစောင်(၁၆)ကို ဖြည့်စွက်ပြီး ယခုလက်စွဲပါ အဖြေများကို ပြန်လည်ဆန်းစစ်ရန် အသုံးပြုနိုင်သည်။

| စဉ် | ကြည့်ရှုလေ့လာရမည့် အချက်များ | သက်သေအထောက်အထား |
|---|---|---|
| ၁။ | သင်ယူမှုရလဒ်များ | • ခြေထောက်ဖြင့် မကာမီ ရပ်နားစောင့်ဆိုင်းသည့် အခြေအနေဖြစ်သော ခွင် ကို မှန်ကန်စွာ နားလည်သဘောပေါက်စေရန်။ |
| | သရုပ်ပြသင်ကြားစဉ်တွင် ဆရာမှ သင်ကြားမှုလုပ်ငန်းစဉ်တစ်ခုစီ၌ မည်သည့်အရာများကို လုပ်ဆောင်ခဲ့သနည်း။ | |
| ၂။ | ဆရာက သရုပ်ပြသင်ကြားခြင်း | • ဆရာက မှန်ကန်သော ခွင် အနေအထားကို မည်ကဲ့သို့ ထားရှိရမည်ကို သရုပ်ပြသင်ကြားသည်။<br>• ခြေဖနောင့် အကွာအဝေး၊ ခြေဖျားထိပ်ကြား အကွာအဝေးနှင့် ဒူးအကွာအဝေးများကို ပြသခြင်း<br>• အရပ်၏ သုံးပုံတစ်ပုံ အနေအထား ဖြင့် ဒူးအား ကွေးထားခြင်း<br>• လက်များကို တင်ပါးဆုံတွင် ထားရှိခြင်း |
| ၃။ | ကျောင်းသားများ နှင့် ဆရာ အတူတကွ ကခြင်း | • ဆရာက ခွင် အနေအထားကို အတန်းရှေ့တွင် ပြသပြီး ကျောင်းသားများနှင့် အတူတကွ လေ့ကျင့်ကြပါသည်။ |
| ၄။ | ကျောင်းသားများ ကခြင်း | • သရုပ်ပြသင်ကြားခြင်း ပြီးဆုံးပါက ဆရာက ကျောင်းသားများအား အတန်း၏အလယ်တွင် ညီညာစွာ တန်းစီခိုင်းပါသည်။<br>• တစ်တန်းလုံးရှိ ကျောင်းသားများသည် စာသင်ခန်းအလယ်တွင်ရှိသော နေရာ၌ အတူတကွ ကကြပါသည်။ |
| ၅။ | နှစ်ယောက်တစ်တွဲ၊ အုပ်စုလိုက် ကခြင်း | • အုပ်စု တစ်ခုပြီးတစ်ခု အတန်းရှေ့တွင် ကခြင်း။<br>• မိန်းကလေးများနှင့် ယောကျ်ားလေးများ သီးခြားစီ ကခြင်း။<br>• ကနေသော ကျောင်းသားများမှအပ ကျန်ကျောင်းသားများ အားလုံးသည် *ဒိုး၊ ချပ်၊ လေး၊ ဝါး* စည်းချက်များအား သီဆိုခြင်း။ |

| စဉ် | ကြည့်ရှုလေ့လာရမည့် အချက်များ | သက်သေအထောက်အထား |
|---|---|---|
| ၆။ | အကဥ္စ ပျော်ရွှင်နှစ်သက်စေရန် ဆရာက မည်သို့ ကူညီ ထောက်ပံ့ ပေးသနည်း။ | • အက ပြီးဆုံးပါက ကျောင်းသားများအား ချီးမွမ်းခြင်း။ |
| ၇။ | ကျောင်းသားများ စည်းဝါး မှန်မှန်ကနိုင်ရန် ဆရာက စည်း၊ ဝါးကို မည်သို့ အသုံးပြုသနည်း။ | • အုပ်စုလိုက် ကနေစဉ် ဟန်ချက်ညီစေရန် ဆရာက စည်း၊ ဝါး များကို အသုံးပြုပါသည်။ |
| ၈။ | ကျောင်းသားများ ခွင် ကို မှန်ကန်စွာ ကနိုင်ရန် ဆရာသည် မည်ကဲ့သို့ သင်ကြားပြသခဲ့ပါသနည်း။ | • သရုပ်ပြသင်ကြားခြင်း ပြီးဆုံးပါက ကျောင်းသားကျောင်းသူများသည် အတန်းရှေ့တွင် ကပြီး ဆရာက ခွင် အနေအထားမှန်ကန်အောင် ကူညီထောက်ပံ့ပေးခြင်း |
| ၉ ။ | အခြားတွေ့ရှိချက်များ | • အခြားအဖွဲ့များ ကနေစဉ်တွင် ကျောင်းသားအချို့သည် ဆရာသင်ကြားမှုကို နားမထောင်ဘဲ အချင်းချင်း စနောက် နေတတ်ကြသည်။<br>• ကျောင်းသားအချို့သည် မှန်ကန်စွာ မကနိုင်ကြသဖြင့် ဆရာက မှန်ကန်စွာ ကနိုင်အောင် အကြံဉာဏ်များ ပေးရသည်။ |

# လက်ကမ်းစာစောင် (၁၈)
# တူရိယာများတီးမှုတ်ခြင်း၏ သင်ကြားရေး နည်းလမ်းများ

**မူလတန်းအဆင့်တွင် အတီးပညာအား အဘယ်ကြောင့်သင်ကြားသနည်း။**

- တီးမှုတ်နည်းကိုသင်ယူခြင်းဖြင့် ကျောင်းသားများသည် အသံအနိမ့်အမြင့်၊ မတူညီသော အသံအနေအထား၊ အသံအတက်အကျနှင့် အမျိုးမျိုးသော ဂီတဖျော်ဖြေမှုများကို တွေ့ကြုံခံစားနိုင်ရန်။
- ဂီတတူရိယာများကို ပျော်ရွှင်စွာတီးမှုတ်ခြင်းဖြင့် အုပ်စုတွင် အခြားသူများနှင့် အတူတကွ သီဆိုခြင်းဖြင့် ပျော်ရွှင်စေရန်။
- ဂီတတူရိယာတီးမှုတ်နည်းကို သင်ယူခြင်းဖြင့် ကျောင်းသားများသည် မိမိနိုင်ငံ၏ ဂီတယဉ်ကျေးမှုနှင့် အခြားနိုင်ငံများ၏ ဂီတနှင့် ယဉ်ကျေးမှုများကို နားလည် သဘောပေါက်လာရန်။

**မူလတန်းအဆင့်တွင် အတီးပညာအား တီးမှုတ်ရန် မည်သည်တို့ကို သင်ယူရန်နှင့် ပြုစုပျိုးထောင်ရန် လိုအပ်ပါသနည်း။**

- အပေါက် (၆) ပေါက်ပါ ပလွေ၏ အသံကို စိတ်ဝင်စားရန်။
- အပေါက် (၆) ပေါက်ပါ ပလွေ တီးမှုတ်ခြင်း၏ အခြေခံနည်းပျူဟာများကို ရင်းနှီးကျွမ်းဝင်စေရန်။
- သံစဉ် (၇) သွယ်ကို တီးမှုတ်နိုင်ရန် ပလွေအား မှန်ကန်စွာ ကိုင်တွယ်နိုင်ရန်။
- ဂီတသင်္ကေတများကို ဖတ်ရှုပြီး ပလွေဖြင့် တီးမှုတ်နိုင်ရန်။
- ပလွေဖြင့် အသံများပြုလုပ်ခြင်း နှင့် သီးချင်းများတီးမှုတ်ခြင်းဖြင့် မိမိ၏ အတွေးအခေါ်များ၊ ခံစားချက်များ သို့မဟုတ် အမြင်များကို ဖော်ထုတ်နိုင်ရန်။
- ဂီတတူရိယာများကို ညီညာစွာ တီးမှုတ်နိုင်ရန် အခြားသူများနှင့် ပူးပေါင်းလုပ်ဆောင်မှုကို သိမြင်ခံစားရန်။

## အတီးပညာ သင်ကြားခြင်း (ပလွေ) ၏ နည်းလမ်းများ

### ပလွေအား မည်သို့ ကိုင်တွယ်ရမည်နည်း။


- သင်ခန်းစာ၏ အစတွင် ပလွေအား မည်သို့ကိုင်တွယ်ရမည်ကို ကျောင်းသားများအား ရှင်းပြသင့်သည်။
- ကျောင်းသားများကို ညာဘက်လက်ဖြင့် ပလွေအားကိုင်တွယ်စေပြီး အောက်ဘက် အပေါက် (၃) ပေါက်ကို လက်သန်း၊ လက်ခလယ် နှင့် လက်သူကြွယ် ဖြင့် ပိတ်စေပါ။
- ဘယ်ဘက်လက်သည် ပလွေ၏ အပေါ်ဘက် အပိုင်းကို ကိုင်တွယ်ရမည် ဖြစ်ပြီး အပေါ်ဘက် အပေါက် (၃) ပေါက်ကို လက်သန်း၊ လက်ခလယ် နှင့် လက်သူကြွယ်ဖြင့် ပိတ်စေပါ။
- နှုတ်ခမ်းများကြားတွင် ပလွေဝကို ထားရှိပြီး မှုတ်ရန် အဆင်သင့် ပြင်ဆင်ပါ။



ပလွေမှုတ်ခြင်း

## ပလွေကို မည်သို့မှုတ်ပြီး ညင်သာသောအသံများကို မည်သို့ထွက်ပေါ်စေမည်နည်း။

- ပထမဦးစွာ ကျောင်းသားများကို ပလွေအား မည်သည့်အပေါက်များကို လက်ချောင်းများဖြင့် မပိတ်ဘဲ မှုတ်စေပြီး မတူညီသော လေမှုတ်နည်းများကို အသုံးပြုကာ မတူညီသော အသံများကို စမ်းသပ်လေ့လာရန် အားပေးတိုက်တွန်းပါ။
- ကျောင်းသားများအား ပူပေါင်းများကို ညင်သာစွာ မှုတ်သည်ဟု စိတ်ကူးယဉ်စေပြီး ပလွေအား နူးညံ့ညင်သာသော အသံများ ထွက်ပေါ်လာစေရန် အားပေးတိုက်တွန်းပါ။



ပူပေါင်းများကို ညင်သာစွာမှုတ်နေပုံ

## လျှာကိုအသုံးပြု၍ ပလွေကို မည်သို့ တီးမှုတ်မည်နည်း။


- တူ၊ တူ၊ တူ၊ တူ သို့မဟုတ် တူး စသည့် အသံများထွက်ပေါ်အောင် ပလွေဖြင့် မှုတ်စေခြင်းနှင့် အသံများ ပြုလုပ်ခြင်း သို့မဟုတ် အသံအားရပ်တန့်ခြင်းကို လျှာကိုသုံး၍ မှုတ်ခြင်းဟု ခေါ်သည်။
- တူ၊ တူ၊ တူ၊ တူ သို့မဟုတ် တူး စသည့် အသံများ ထွက်အောင် မှုတ်ခြင်းဖြင့် မတူညီသော ရိုက်ချက်များအကြောင်းကို ကျောင်းသားများအား ရှင်းပြပါ။
- အသံများကို အတုယူပြီးလိုက်မှုတ်ရန် ကျောင်းသားများအား ခိုင်းစေပါ။ ထိုလုပ်ငန်းသည်

ပျော်စရာ သင်ခန်းစာဖြစ်သကဲ့သို့ ဆူညံသည့် လုပ်ငန်းလည်း ဖြစ်နိုင်သည်။

- လက်ဟန်ကို အသုံးပြုပြီး ရိုက်ချက်များကို သရုပ်ဖော်ပြသကာ မိမိလက်များ၏ စည်းချက်နှင့် အညီ ကျောင်းသားများကို အသံများ ထွက်ဆိုစေပါ။
- အသံများကို အသုံးပြုသည့် လုပ်ငန်းပြီးမြောက်ပါက လက်ဟန်ကို အသုံးပြုပြီး ရိုက်ချက်များကို ပြသခဲ့သည့်အတိုင်း ကျောင်းသားများအား ရိုက်ချက်များနှင့် ကိုက်ညီစွာ ပလွေကို မှုတ်စေပါ။


## (၇) သံပါ သံစဉ်စံအမှတ်အသားကို မှုတ်ရန် ပလွေ၏ အပေါက်များကို မည်သို့ ကိုင်တွယ်ရမည်နည်း။

- (၇) သံပါ သံစဉ်အမှတ်အသား၏ သရုပ်ဖော်ပုံကို ပြသပြီး ကျောင်းသားများကို ဒို၊ ရေ၊ မီ




**သံစဉ် (၇) သံနှင့် ပလွေပေါက်များ** [၁]

[၁] ဤကဗျာအား ဦးမိုးခိုင်စိုး မိတ္ထီလာ ပညာရေးကောလိပ်မှ ရေးစပ်ထားပါသည်။




**ပလွေ ကဗျာ**



အကုန်ပိတ်ရင် ဒို လို့ခေါ် ၊ ခြောက်ပေါက်ပလွေမှာနော်



တစ်ပေါက်ပွင့်ရင် ရေ လို့မှတ်၊ ညာလက်သူကြွယ်လေး လှပ်




နှစ်ပေါက်ဖွင့်ရင် မီ လို့ခေါ်၊ လက်ခလယ်ဖယ်ပြီနော်




သုံးပေါက်ဖွင့်ရင် ဖာ၊ ဖာ၊ ဖာ ညာလက် အဆုံးသတ်


ဘယ်လက်ကလေးကို စတော့မယ်၊ မြဲအောင်ကိုင်ထားကွယ်



ဆို ဆိုလက်သူကြွယ်ဖြုတ်၊ နှစ်ပေါက်ထဲနဲ့မှတ်



လက်ခလယ်လေးကို ထပ်၍ဖယ်၊ လာ လို့အသံထွက်မယ်



အကုန်လုံးဖွင့်ရင် တီ လို့ထွက်၊ မှတ်လို့အရမ်းကောင်းကွဲ့



ဒိုရဲ့အမြင့်သံ နောက်ဆုံးအလှည့် ၊ ပြင်းပြင်း ပိတ်မှတ်ကွဲ့။

**သံစဉ် (၇) သံ နှင့် ပလွေပေါက်များ သင်ကြားရန် ပလွေကဗျာ**

စကားလုံးများဖြင့် ပြောကြားစေပါ။

- ပလွေ၏ အပေါက်များကို မည်သို့ကိုင်တွယ်ရမည်ဟု ဖော်ပြထားသော သရုပ်ဖော်ပုံကို ဆရာက အသုံးပြုပြီး ကျောင်းသားများအား မတူညီသော လက်ချောင်းအနေအထားများဖြင့် လေ့ကျင့်ရန် အားပေးတိုက်တွန်းပါ။ သရုပ်ဖော်ပုံ၏ အဖြူရောင်အပေါက်များသည်

လက်ချောင်းများလှုပ်ရမည့် ဖော်ပြချက် ဖြစ်သည်။

- အတန်းလိုက် ပြဋ္ဌာန်းစာအုပ်မှ ဂီတသင်္ကေတများကို အသုံးပြုပြီး ကျောင်းသားများကို လေ့ကျင့်မှုများ စဉ်ဆက်မပြတ် ပြုလုပ်စေပါ။
- မိတ္ထီလာ ပညာရေးကောလိပ်မှ လက်ထောက်ကထိက ဦးမိုးခိုင်စိုး ရေးစပ်ထားသော ပလွေ ကဗျာအား သင်ကြားလျှင်လည်း အသုံးဝင်နိုင်ပါသည်။

## အဆိုပညာ သင်ကြားခြင်း (ပလွေ) အတွက် အရေးကြီးသော အချက်များ

### ၁။ ပလွေ၏ အခြေခံနည်းဗျူဟာများကို ထပ်ခါထပ်ခါ လေ့ကျင့်ခြင်း

ပလွေအား မည်သို့ မှုတ်ရမည်ကို ပထမဦးဆုံး သင်ယူသည့် ကျောင်းသားများသည် ထပ်ကာ တလဲလဲ ကြိမ်ဖန်များစွာ မှုတ်သင့်သည်။ အခြားသူများ ပြုလုပ်သည့် အသံများကို နားထောင်ရန် အရေးကြီးပြီး သူတို့၏အသံများကို သံတူလိုက်ပြီး ညီညီညာညာဖြင့် ညင်သာစွာ တီးမှုတ်ရန် ကြိုးစားသင့်သည်။ အစောဆုံးအဆင့်တွင် ကျောင်းသားများ အောက်ဖော်ပြပါ အချက်များ သိရှိရန် အရေးကြီးပါသည်။ (၁) ပလွေအား မည်သို့ ထိန်းသိမ်းရမည်၊ (၂) မည်သို့ ကိုင်တွယ်ရမည်၊ (၃) ကိုယ်ခန္ဓာ အနေအထား၊ (၄) မှုတ်ခြင်း၊ (၅) လျှာ အနေအထား၊ (၆) အပေါက်များကို မည်သို့ ဖုံးအုပ်ရမည်၊ စသည်တို့ကို သိရှိရန် အရေးကြီးပါသည်။ ထိုအချက်များကို သိရှိခြင်းဖြင့် ကျောင်းသားများသည် ပလွေဖြင့် မတူညီသော အသံများကို အမျိုးမျိုး ဖော်ထုတ်နိုင်မည်ဖြစ်သည်။

### ၂။ နားထောင်ပြီး တီးမှုတ်ခြင်း

ကျောင်းသားများသည် ဆရာအား အတုခိုးလုပ်ဆောင်မည် ဖြစ်သောကြောင့် သင်ခန်းစာမတိုင်မီ မှန်ကန်သော ကိုယ်ဟန်ဖြင့် ပလွေအား မှန်ကန်စွာ လေ့ကျင့်သင့်သည်။ သို့မှသာ ကျောင်းသား များ၏ ပလွေအပေါ် စိတ်ဝင်စားမှု၊ စေ့ဆော်မှုနှင့် သိမြင်ခံစားမှုများ တိုးပွားလာမည် ဖြစ်သည်။

### ၃။ ဂီတဆိုင်ရာ ဝေါဟာရနှင့် ဂီတ ဖော်ပြချက်များ ဆက်စပ်ခြင်း

ဂီတဆိုင်ရာ ဝေါဟာရများကို လေ့လာခြင်းသည် ပလွေအားသင်ကြားခြင်းနှင့် ဆက်စပ်သင့်သည်။

ကျောင်းသားများသည် ၎င်းဂီတဆိုင်ရာ ဝေါဟာရများကို ပလေ့မှတ်ခြင်းနှင့် ဂီတအား နားထောင်ခြင်းမှ တဖြည်းဖြည်း သင်ယူနိုင်ပြီး ထိုဝေါဟာရများ၊ သင်္ကေတများနှင့် ရင်းနှီးလာမည် ဖြစ်သည်။ ထိုဝေါဟာရများ၊ သင်္ကေတများကို နားလည်သဘောပေါက်မှုအပေါ် အခြေခံပြီး ကျောင်းသားများသည် အလွန်ကောင်းမွန်သော အသံများကို သရုပ်ပြနိုင်မည်ဖြစ်သည်။ ကျောင်းသားများသည် ထိုသို့ တီးမှုတ်နေစဉ် မိမိ၏ ခံစားချက်များနှင့် အတွေးအမြင်များကိုလည်း ဖော်ပြနိုင်သည်။

## ၄။ အချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်း နှင့် အုပ်စုလိုက် ညီညာစွာ တီးမှုတ်ခြင်း

အခြားသူများနှင့်အတူ သီချင်းအား တီးမှုတ်သီဆိုခြင်းသည် ဂီတတူရိယာအား မည်သို့ တီးမှုတ်ရမည်ကိုသိရှိရန် အလွန်ကောင်းမွန်သော အခွင့်အရေး တစ်ရပ်ပင်ဖြစ်သည်။ သီချင်းတွင် သံစဉ်၊ စည်းချက်နှင့် အသံလိုက်ဖက်မှုများ ပါဝင်ပြီး အုပ်စုရှိ အဖွဲ့ဝင်တစ်ဦးစီသည် ထိုအစိတ်အပိုင်းတစ်ခုစီကို နားလည်ရမည် ဖြစ်သည်။ အုပ်စုများသည် မိမိ၏ သရုပ်ဖော်မည့်ပုံစံကို ဆွေးနွေးပြီး အတူတကွ လေ့ကျင့်ရမည်။ ဂီတတူရိယာများကို အတူတကွ တီးမှုတ်ခြင်းသည် လူမှုရေးဆိုင်ရာ စွမ်းရည်များနှင့် ကိုယ်တိုင် တာဝန်ယူတတ်သော စိတ်နေသဘောထားများ တိုးတက်မှုကို မြှင့်တင်ပေးမည် ဖြစ်သည်။ ကျောင်းသားများအတွက် သူငယ်ချင်းများနှင့် အတူတကွ ဂီတတူရိယာများ တီးမှုတ်ခြင်းသည် ပျော်စရာကောင်းသော လုပ်ငန်းတစ်ခုပင် ဖြစ်သည်။

# မှတ်စုများ

# မှတ်စုများ

# မှတ်စုများ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်
ပညာရေးဝန်ကြီးဌာန